


ဆုပြည့်စုံထွန်းစာပေ
ဆောင်းလုလင်
မြနဲ့မောင်နဲ့ ခုမှတွေ့တာ
ဂမ္ဘီရဆန်းကြယ်လုံးချင်းဝတ္ထု


လေဘာတီမမြရင် နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ်
လေဘာတီမမြရင်(မြန်မာသက္ကရာဇ် ၁၂၆၆-၁၃၀၇)အား
ဂုဏ်ပြုရေးသားအပ်ပါသည်။
ဆောင်းလုလင်

ဤစာအုပ်ကို

လေဘာတီမမြရင်

နှစ်တစ်ရာပြည့်အထိမ်းအမှတ်အဖြစ်

လေဘာတီမမြရင်

(မြန်မာသက္ကရာဇ် ၁၂၆၆– ၁၃၀၇) အား

ဂုဏ်ပြုရေးသားအပ်ပါသည်။

*ဆောင်းလုလင်*

*လေဘာတီမမြရင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်*
*ဂန္ထဝင်ဆန်းကြယ်လုံးချင်းဝတ္ထု*

# ဆောင်းလုလင်

## မြနဲ့မောင်နဲ့ ခုမှတွေ့တာ

ရွှေပြည်စိုးသီချင်း
နန်းတော်ရှေ့ဆရာတင်–ရေး
လေဘာတီမမြရင်–ဆို

စိမ်းလဲ့လဲ့ညိုပြာ
ယိမ်းနွဲ့နွဲ့လိုရာ
နေခြည်ကလည်း မထိုးရပါကလား
တို့ရွာသာမှာ မမြရင်ဟိုယခင်နေခဲ့တဲ့ရွာမှာ
စိမ်းလဲ့လဲ့ညိုပြာ
ယိမ်းနွဲ့နွဲ့လိုရာ
ရေနဒီကလည်း တိုးလို့ပါကလား
ရွှေပြည်စိုး– ရွှေပြည်စိုး– ရွှေပြည်စိုး
လွမ်းပိုဖွယ်ရာ
× × × × ×

မြနဲ့မောင်နဲ့ ခုမှတွေ့တာ
လူပါးမဝခင်တုန်းက ပြောကြတော့ရယ်စရာပါ
ထမီလေးတိုတိုဝတ်ကာ မြင်ယဉ်စဉ်မှာ
လူထဲမဝင်ခင်သေးမို့ အလှပြင်ဆင်ရှာ
ရင်ရင်ကုန်ကုန်ပြောမယ်
တောတစ်သက်မို့ ဘယက်ဒွါဒရာ
ရွှံ့တွေကပ်စိ ကပ်စိ ပုတီးလုပ်ကာသုံးတတ်ပါတယ်
အုန်းမှုတ်ခွက်ကို ရှာ–ရှာ
ဒေါ်လာပြားက ဆယ့်ငါးပြားလောက်ဆွဲတတ်တာ
ကိုကိုများကမြောက်စားပေမယ့်
ဟိုတုန်းကလောက်မပျော်ပါ
ကျွန်မတို့ဆီကိုလိုက်လို့ပို့ပါ
လိုက်လို့ပို့မယ်ပြောလို့သူညာ
မရောက်တာကြာတာနွမ်းနယ်နေရှာ
အတောဘယ်လိုတောတော
အဆန်းဘယ်လိုပြောပြော
နားဝင်ချိုအောင်ဘယ်လိုပြောပြော
သဘောအကြိုက်ကိုဖြင့် မလိုက်နိုင်ပါပြီတစ်ခါ
ရွှေပြည်စိုး– ရွှေပြည်စိုး– ရွှေပြည်စိုး
လွမ်းပိုဖွယ်ရာ
× × × × ×

ခရာသံစုံ ကျူးကျော်ညံဟုန်
တိုင်းဘုံ လက်ျာ စက္ကဝါ လက်ျာ
ပန်းညို ပန်းနီ ပန်းပြာ ပန်းဝါ
အို−− ပေါ်တဲ့နေရာ တောနဲ့ဟောမဝါ
ရွှေပြည်စိုး− ရွှေပြည်စိုး− ရွှေပြည်စိုး
လွမ်းပိုဖွယ်ရာ
× × × × ×

နန်းရှေ့တင်က မန္တလေးသဘင်ကွ
ပြောပြောပြသူ တပြည်မှု
နန်းရှေ့တင်တင့် မန္တလေးသဘင်ခေတ်
သင်းသင်းမွှေးလို့ကြူ ရွှေမဥ္စူ
လေ.. လေယူသွေး မွှေးလို့ကြူ
ရွှေပြည်စိုး− ရွှေပြည်စိုး− ရွှေပြည်စိုး
လွမ်းပိုဖွယ်ရာ
× × × × ×

# ပထမပိုင်း

*ယမုံနာ သီတာသောင်ခြေဦးမှာလ × × ×*
*ကြည်နူးဖွယ်တောင်ညိုညိုက× × စိုပြေသာယာစီးဖြာ× ×*
*လေချို လေပြေ လေညှင်း လာ လာ × ×*
*ဘာ့ကြောင့်ခွဲလို့သဲထဲမှာ× ×*
*လက်တန်းဖွဲ့လို့ရေးတဲ့စာ× × တေးဖွဲ့မြမြကဗျာ × × ×*

တောင်ခြေရွာကလေးကား မြူခိုးဝေ့ဝေ့များကြားဝယ် သစ်တောနှင့်တောင်ရိပ်များအောက်၌ ပျပ်ပျပ်ဝပ်ဝပ်တည်ရှိနေပေသည်။ ရွာကလေး၏အနောက်ဖက်အစွန်ကို ဒုတ္ထဝတီမြစ်က အနားသတ်ကာ စီးဆင်းလျှက်ရှိလေသည်။

အရှေ့ဖက်တွင်တော့ မသိမသာမို့မောက်မြင့်တက်သွားသော တောင်ကုန်းလေးတစ်ခုရှိကာ တောင်ကုန်းလေးအထက်၌ ထုံးဖွေးဖွေး စေတီလေးတစ်ဆူရှိနေပေသည်။ စေတီ၏ဘေးတွင် ဟောင်းနွမ်းသော အုတ်တိုက်အဆောက်အဦးတစ်ခုရှိပြီး ဤရွာ၏ တစ်ခုထဲသော ရွာဦးဘုန်းကြီးကျောင်းဖြစ်လေသည်။

ထိုမှလွန်လျှင် အုပ်ဆိုင်းသောသစ်တောစိမ်းစိမ်းနှင့်ပြာလွင်သောတောင်တန်းအသွယ်သွယ်သည် အဆင့်ဆင့်တည်ရှိနေလေ၏။

အကြင်သူတစ်ဦးသည် ဒုတ္ထဝတီမြစ်၏အနောက်ဖက်ကမ်းမှနေ၍ ရွာကလေးဆီသို့ မျှော်ကြည့်မည်ဆိုသော်.. မြေနိမ့်ပိုင်းမှ ပျပ်ဝပ်သောရွာကလေး၏နောက်တွင် ထုံးစေတီနှင့်ဘုန်းတော်ကြီးကျောင်းရှိသည့် တောင်ကုန်းလေးကို သာယာလှပသောရှုခင်းပန်းချီကားတစ်ချပ်အသွင်တွေ့မြင်ရမည်ဖြစ်ပေသည်။

ထိုမှလွန်၍ကြည့်လျှင် ရွာနောက်ဖက်မှ သစ်တောအုပ်ထူထူနှင့် ရိုးမတောင်တန်းများ၏ စိမ်းညို့ပြာမှိုင်းသောရှုခင်းကွက်သည် လွမ်းမောဖွယ်ကောင်းစွာ ညို့ယူဖမ်းစားပေလိမ့်ဦးမည်။

မြင်ရသောပန်းချီကားချပ်ကို ရှု၍မဝသေးပါက မြင်ကွင်းကို အထက်ဆီသို့မြှင့်၍ကြည့်နိုင်ပါသေးသည်။ ထိုအခါ တောင်တန်းအသွယ်သွယ်ကို ရစ်ပတ်ဝေ့ဝိုင်းထားသော တောင်ခိုးငွေ့ငွေ့နှင့် မြူခြေဆိုင်းဆိုင်းကိုငှင်း၊ အထက်ကောင်းကင်မှ တလွင့်လွင့်ရွေ့လျား မြောပါနေသည့် တိမ်တိုက်ဂွမ်းဆိုင်များကိုငှင်း ပြာလဲ့သောကောင်း ကင်နောက်ခံတွင်မြင်ရနိုင်ပေသေး၏။

ညောင်ပင်ဆိပ်ရွာကလေးကား မြစ်ကမ်းနှင့်တောင်တန်းကြား၌ မြို့ပြနှင့်ဝေးလံစွာသီးခြားတည်ရှိနေသော ရွာကလေးတစ်ရွာပင်ဖြစ်ပါ၏။

ရွာကလေးသို့လာရောက်နိုင်သောခရီးလမ်းမှာလဲ ဒုတ္ထဝတီမြစ်ကြောင်းလမ်းတစ်ခုသာ ရှိလေသည်။ လှေသင်္ဘောများဆိုက်ကပ်ရာဆိပ်ကမ်းအနီးတွင် ညောင်မုတ်ဆိတ်ပင်ကြီးတစ်ပင် ထီးထီးမားမားတည်ရှိနေသည့်အတွက် ဤရွာကို **ညောင်ပင်ဆိပ်**ရွာဟုကင်ပွန်း တပ်ခေါ်ဝေါ်ကြခြင်းဖြစ်လေသည်။

အချိန်ကာလကား ၁၉၅၅ခုနှစ်ဖြစ်သည့်အားလျော်စွာ မြန်မာ နိုင်ငံသည်လွတ်လပ်ရေးရပြီးကာစဖြစ်ကာ.. အရာရာကို ပြန်လည်တည်ဆောက်အစပြုနေရသည့် တိုင်းသစ်တည်ဆဲအခါသမယဖြစ်ပါ၏။

ညောင်ပင်ဆိပ်ရွာကလေးသည် အေးချမ်းငြိမ်သက်စွာရှိနေပေ၏။ ညောင်ပင်ဆိပ်ရွာကလေးသည် လွတ်လပ်ရေးရပြီးသော်လဲ တိုင်းပြည်အေးချမ်းမှုမရှိသေးသည်ကိုငှင်း၊ အုပ်ချုပ်မှုနှင့် ဝေးလံသည့် အချို့သောဒေသများတွင် သူပုန်သူကန်များထကြွလျှက် မငြိမ်မသက်ဖြစ်နေရသည်ကိုငှင်း၊ နိုင်ငံ၏အုပ်ချုပ်ရေးအာဏာကို သူရသင့်ငါရသင့်လုယက်ပြိုင်ဆိုင်နေကြသည်ကိုငှင်း.. မသိရှာချေ။ ရွာနေလူထုမှာလည်း ရိုးသားအေးဆေးသော တောင်ယာလယ်လုပ်ဓားမခုတ် ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ ကိုယ့်ရိုးရာလုပ်ငန်းမှလွဲ၍ အခြားအကြောင်းကိစ္စများကို စိတ်မဝင်စားကြပေ။

ညောင်ပင်ဆိပ်ရွာကလေးသည် ခေတ်အခြေအနေကို ဘာသိဘာသာပြုကာ အချိန်ကာလကို အေးချမ်းစွာပင်ကုန်ဆုံးလွန်မြောက်ခဲ့လေ၏။

♣ ♣ ♣

ရွာဦးကျောင်းဘုန်းတော်ကြီးသည် ကျောင်းအပေါ်ထပ်မှနေ၍ လှေကားအတိုင်းနှေးကွေးလေးလံစွာ ဆင်းလာလျှက်ရှိလေသည်။ ဆရာတော်ဘုရားကြီးသည် သက်တော်၆၅နှစ်ရှိပြီဖြစ်၍ အိုမင်းမစွမ်း ဖြစ်နေချေပြီ။

ဆရာတော်ဦးဉာဏသည် ဤရွာမှာပင်မွေး၍ ဤရွာမှာပင် ကြီးပြင်းကာ လူလားမြောက်သည့်အရွယ်မှ စ၍ သာသနာ့ဘောင်သို့ဝင်ခဲ့သူဖြစ်သည်။ ကျောင်းထိုင်ဘုန်းကြီးဘဝဖြင့် သက်တော်၆၅၊ ဝါတော်၄၅ပြည့်ပြီဖြစ်သည်။ ဆရာတော်ကြီးသည် မန္တလေးရွှေမြို့တော်ကြီးသို့စာဝါသင်ကြားရန်သွားရောက်စဉ်မှအပ ရွာမှ မခွာခဲ့ဖူးပါချေ။

ဆရာတော်ဦးဉာဏသည် ညာလက်မှာ စာရွက်တစ်ထပ်ကိုပိုက်ရင်း ကျောင်းအပေါ်ထပ်မှ ဆင်းလာလေသည်။

ဆရာတော်ကြီးက ကျောင်းဝင်းအစွန်ရှိခုံတန်းလေးတွင်ဝင်၍ ထိုင်လိုက်လေသည်။ ဘုန်းကြီးကျောင်းမှာ တောင်ကုန်းပေါ်တွင်ရှိသည်မို့ ညောင်ပင်ဆိပ်ရွာကလေးကို ဆီးမိုး၍မြင်နေရပေသည်။

ဆရာတော်ကြီးက လက်ထဲတွင်ကိုင်လာသောလျှောက်လွှာ စာရွက်များဖြင့်ရေးထားသည့်စာရွက်ထပ်ကို ခုံတန်းလျားလေးပေါ်သို့ချလိုက်လေသည်။ ဆရာတော်ဘုရားသည် ဝေသီမှုန်မှိုင်းသော မျက်လုံးများဖြင့် ရွာဖက်ဆီသို့မျှော်ကြည့်လိုက်သည်။

ညနေစောင်းအချိန်ဖြစ်သည်မို့ နေလုံးသည်တစတစနိမ့် ဆင်းဝင်ရောက်လျှက်ရှိပေသည်။ ဒုတ္တဝတီမြစ်၏အနောက်ဖက်ကမ်းအလွန်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားသည့် နေလုံးကြီးကို တောင်ကုန်းလေးဆီမှ အတိုင်းသားမြင်နေရပေသည်။

ဤမြင်ကွင်းများကား ဆရာတော်ဘုရားကြီးအဖို့ နှစ်ပေါင်းများစွာမြင်ခဲ့ရသည့်မြင်ကွင်းများ ဖြစ်ပေသည်။ မြင်နေကျဖြစ်သော်လည်း ရိုးမသွားသည့် သဘာဝရှုခင်းပင်ဖြစ်ပါ၏။

ဆည်းဆာချိန်တွင် ဒုတ္တဝတီမြစ်ရေပြင်သည် ရွှေသားသင်ဖျူးတစ်ချပ်ဖြန့်ခင်းထားသည့်အလား ထင်ယောင်မှားရပေ၏။ ဝင်လုဆဲနေလုံးဆီမှရောင်ပြန်များက ရွှေဝါရောင်သန်းကာ မြစ်ပြင်ထဲသို့ ထိုးဝင်ကျဆင်းနေပေသည်။ မြစ်ထဲ၌သွားလာနေသောလှေ၊ သမ္ဗာန်များ၊ သစ်ဖောင်များကား ရှုမျှော်ခင်းပန်းချီကားချပ်ထဲမှ အသက်ဝင်နေသောပုံရိပ်များဖြစ်ပေတော့သည်။

ချည်ခင်စွပ်၊ သောင်တင်း၊ ဟသ်ာ၊ စက္ကဝါက်၊ စင်ရော်၊ ဗျိုင်း၊ ဒင်ကျီး… စသည့် မြစ်နားချောင်းနားတွင်နေထိုင်ပျော်မြူးကြသည့်ငှက်များသည်လည်း မြစ်ကမ်းတလျှောက် ဘာသာဘာဝသွားလာလျှက်ရှိကြလေသည်။

ညနေခင်းအချိန်တွင် အိပ်တန်းသို့ပြန်လာကြသောကျေးငှက် သာရကာလေးများ၏အသံက ရှုခင်းကို ပို၍လွမ်းမောဖွယ်ကောင်း အောင်ဖန်တီးလျှက်ရှိပြန်၏။

“ ရွှေပြည်စိုး × × ရွှေပြည်စိုး ”

ရွှေပြည်စိုးငှက်ကလေးများ၏အော်မြည်သံသည် သစ်ပင်များထက်မှ သာယာစွာထွက်ပေါ်လျှက်ရှိပေ၏။

ဘုန်းကြီးအိုကြီးက စေတီနှင့်ကျောင်းဆီသို့တက်လာရာ မြေလမ်းကွေ့ကွေ့လေးဆီသို့ မျှော်ကြည့်လိုက်ပြန်သည်။ ဘုန်းကြီးသည် လုလင်ငယ်တစ်ယောက်ကို စောင့်မျှော်နေခြင်းဖြစ်ပါ၏။ နောက်တစ်နေ့တွင် ရွာမှထွက်ခွာကာ မြို့ကြီးပြကြီးတွင် ပညာသွားရောက်သင်ကြားမည့်လုလင်ငယ်တစ်ယောက်သည် ဘုန်းကြီးထံသို့ လာရောက်ဖူးမျှော်ပေလိမ့်မည်။

ဘုန်းကြီးက သူ့ထံလာရောက်ဖူးမျှော်ရင်း နှုတ်ဆက်မည့် လုလင်ပျိုကိုစောင့်မျှော်နေရာမှ ဘေးတွင်ချထားသော လျှောက်လွှာစာရွက်များဖြင့်ရေးထားသည့်စာရွက်ထပ်ကို ကြည့်လိုက်ပြန်သည်။ ဘုန်းကြီးသည် အဆိုပါစာရွက်များအား လုလင်ပျိုသို့ အပြီးအပိုင် ပေးအပ်လိုက်ရန်စိတ်ပိုင်းဖြတ်ပြီးဖြစ်ချေသည်။

စာရွက်များပေါ်တွင်ရေးသားထားသော အကြောင်းအရာဖြစ်ရပ်များကား ဘုန်းကြီးကိုယ်တိုင်ဖွဲ့နွဲ့သီကုံးရေးသားထားသောစာများ ဖြစ်ပါ၏။

ဘုန်းကြီးသည် သူ၏အတွေ့အကြုံ၊ အတွေးအမြင်များကို စိတ်တိုင်းကျရေးသားချယ်မှုန်းထားပေသည်။ မည်သူ့ကိုမှပြသရန်၊ ပေး၍ဖတ်ရှုရန်ရည်ရွယ်ရင်းမရှိပဲ ရေးသားထားသော စာများဖြစ်ပါပေသည်။ သို့သော် စာပါအကြောင်းအရာများသည် စိတ်ကူးယဉ်များမဟုတ်၊ အမှန်တကယ်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို မှတ်တမ်းတင်ချယ်မှုန်းထားခြင်းသာဖြစ်လေသည်။

စာပါအကြောင်းအရာများသည် ခေတ်တစ်ခေတ်ကိုဖော်ညွှန်းထားသောခေတ်ကြေးမုံပြင်ဟု ပြော၍လဲရသည်။ ညောင်ပင်ဆိပ်ရွာကလေး၏ သမိုင်းတစ်စွန်းတစဟုပြော၍လဲရသည်။ ထူးဆန်းအံ့ဩဖွယ် ဂမ္ဘီရဖြစ်ရပ်ဆန်းတစ်ခု၏မှတ်တမ်းဟုလဲ ပြော၍ရပေသည်။

ဘုန်းတော်ကြီးသည် ဤမှတ်တမ်းကို သက်တော်၅၅နှစ်အရွယ်ကရေးဖွဲ့ခဲ့ခြင်းဖြစ်လေသည်။

ဆရာတော်ဘုရားကြီး၏ သက်တော်၅၅နှစ်အတွင်းကြုံဆုံခဲ့ရသည့်ဖြစ်ရပ်တစ်ခုကို ပြန်လည်ရေးသားထားခြင်းပင်ဖြစ်ပါသည်။

ထိုဖြစ်ရပ်၌ ဆရာတော်ဘုရားကြီးကိုယ်တိုင် အဓိကဇာတ်ကောင်တစ်ကောင်အဖြစ် ပါဝင်လျှက်ရှိလေသည်။

ဘုန်းကြီးက စာရွက်ထပ်၏ပထမဆုံးစာမျက်နှာပေါ်မှစာသားများကို ပြန်ဖတ်ကြည့်လိုက်လေသည်။ စာလုံးများကိုဝေသီမှုန်မှိုင်းသောမျက်လုံးအစုံဖြင့် ပီသသဲကွဲစွာမမြင်ရသော်လဲ ကိုယ်တိုင်ရေးဖွဲ့ခဲ့သောစာများကိုအလွတ်ရကာ စိတ်ထဲ၌မြင်ယောင်လာလေသည်။

*“ ကျွန်ုပ်သည် ဤမှတ်တမ်းအား အမှန်တကယ်ဖြစ်ကြောင်း သစ္စာရေသောက်၍ ရေးသားစီရင်အပ်ပါသည်။ ကျွန်ုပ်သည် ရဟန်းတစ်ပါးဖြစ်သည့်အားလျော်စွာ သမိုင်းဝင်ဟုဆိုအပ်သော ဤမှတ်တမ်းအား အပိုဆာဒါးမထည့်၊ ဇာမချဲ့ပဲ အမှန်အတိုင်း ရေးသားမှတ်တမ်းတင်ပါအံ့၊ ဤမှန်ကန်သောသစ္စာစကားကြောင့် ကျွန်ုပ်ရေးသားမည့်ဖြစ်ရပ်တွင်ပါဝင်ခဲ့ပြီး ယခုအခါ ကွယ်လွန်ခဲ့ပြီးဖြစ်သည့် ပုဂ္ဂိုလ်များသည် ကောင်းရာဘုံဘဝသို့ လားရပါစေသတည်း။ ကျွန်ုပ်၏သစ္စာစကားမှန်ကန်ပါက ထိုသူတို့သည် နောင်ဖြစ်လေရာ ဘဝ..ဘဝ၌ ယခုဘဝကဲ့သို့ အဖြစ်ဆိုးမျိုးနှင့်ကြုံဆုံခြင်းကင်းပါစေသတည်း။ ”*

ဘုန်းတော်ကြီးသည် ဤသို့ပင်နိဒါန်းချီကာ သူ၏ အတွေ့အကြုံများအား မချွင်းမချန် မှတ်တမ်းပြုရေးသားထားခဲ့ပေသည်။

♣ ♣ ♣

“ ကျွန်ုပ်သည် ဤမှတ်တမ်းအား ကျွန်ုပ်၏သက်တော်၅၅နှစ်အရွယ် ရဟန်း၀၁၃၅၀ါအရတွင် ရေးသားခဲ့ပေသည်၊ ခုနှစ်သက္ကရာဇ် အရ–၁၃၀၇ခုနှစ်ဖြစ်ပေ၏။

ဖြစ်ရပ်ဇာတ်လမ်းကို အစပြုတင်ပြရမည်ဆိုသော် ကျွန်ုပ်၏ အသက်စနှစ်အရွယ်၊ မြန်မာသက္ကရာဇ်၁၂၆၀ခုနှစ်မှ အစပြုရပေအံ့။ ကျွန်ုပ်၏ ငယ်မည်သည် မောင်ညိုဖြစ်ပြီး ကျွန်ုပ်သည် ညောင်ပင်ဆိပ်ရွာ၌ အဖလယ်သမားကြီးဦးသာမြစ်၊ အမိဒေါ်ဆယ်တို့မှမွေးဖွားခဲ့သည့်တစ်ဦးတည်းသောသားဖြစ်ပေသည်။ ကျွန်ုပ်အား မြန်မာသက္ကရာဇ်၁၂၅၂ခုနှစ်၊ ခရစ်နှစ်၁၈၉၁ခုနှစ်တွင်မွေးဖွားခဲ့ပေသည်။

အချိန်ကာလကား ကျွန်ုပ်တို့၏ရှင်ဘုရင်ကို အင်္ဂလိပ်မိစ္ဆာများက ၁၂၄၇တွင် တိုင်းတပါးသို့ဖမ်းဆီးဆောင်ယူသွားသည့်အတွက်.. အင်္ဂလိပ်လက်အောက်ကျွန်သဘောက်ဘဝသို့ ရောက်ရှိနေသောအချိန်ဖြစ်ပေသည်။ ”

♣ ♣ ♣

မောင်ညိုသည် သူ့ကျွန်ဘဝရောက်မှ လူဖြစ်လာရသည့် ကလေးငယ်တစ်ဦးဖြစ်သည့်အားလျော်စွာ.. မြန်မာဘုရင်ကိုယ်တော် တိုင်ကိုယ့်မင်းကိုယ့်ချင်းအုပ်ချုပ်ခဲ့သည့် လွတ်လပ်သောတိုင်းသူ ပြည်သားဘဝနှင့် သူတစ်ပါးလက်အောက်ခံသူ့ကျွန်ဘဝတို့ခြားနားပုံ ကို နားမလည်ခဲ့ချေ။

မိဘများမှာလဲ ပညာမဲ့သော လက်လုပ်လက်စားတောင်သူ လယ်သမားများဖြစ်လေရာ မောင်ညိုကိုနိုင်ငံရေးအခြေအနေအကြောင်းရပ်များ ပြောမပြတတ်ခဲ့ချေ။ မိဘနှစ်ပါးသည် ပညာထက်မြက်၍ ခန္ဓာကိုယ်သေးကွေးပြီး အင်အားနည်းပါးရှာသည့် သားငယ်ကို သာသနာ့ဘောင်သို့ဝင်စေချင်ကြသည်။ သူတို့လိုပင်ပန်းဆင်းရဲသည့်အလုပ်မျိုးလုပ်ကိုင်မည်ကိုမလိုလားကြချေ။

မောင်ညိုသည် ထိုအချိန်က ရွာဦးကျောင်းတွင် ကျောင်းအိပ်ကျောင်းစားဖြင့် ဘုန်းကြီးကျောင်းသားအဖြစ် စာသင်ကြားနေချိန်ဖြစ်ပေသည်။

မိဘတို့မှာ လယ်ကူလီများဖြစ်ပြီး သူကြီး၏လယ်များကို ထွန်ယက်လုပ်ကိုင်ပေးရသည့် ဆင်းရဲသားများဖြစ်ပေသည်။ မိဘနှစ်ပါးက သူကြီးအိမ်နောက်ဖေးတွင်တဲကလေးထိုး၍နေထိုင်ခွင့်ရကာ လင်မယားနှစ်ယောက်သား လယ်ယာလုပ်ငန်းတွင်လဲကူရင်း၊ လက်တိုလက်တောင်းအလုပ်လေးများလဲ လုပ်ပေးရင်းဖြင့် သူကြီးအိမ်တွင်မှီခို နေထိုင်ခွင့်ရကြပေသည်။

သူကြီးမင်းဦးစက်ရောင်ကား ဆွေစဉ်မျိုးဆက်သူကြီးအဖြစ် အုပ်ချုပ်လာသောမျိုးရိုးဖြစ်ပေသည်။ အင်္ဂလိပ်လက်အောက်ရောက်ချိန်တွင်. . မျိုးချစ်စိတ်ရှိသောအချို့ရွာမှသူကြီးတို့သည် အင်္ဂလိပ်အလိုကျအုပ်ချုပ်ရခြင်းကိုမလိုလား၍တကြောင်း၊ အင်္ဂလိပ်မင်းသစ္စာတော်ကိုမခံယူလို၍တစ်ကြောင်း သူကြီးအဖြစ်မှနုတ်ထွက်ကြသူများ ရှိပေ၏။

သူကြီးမင်းဦးစက်ရောင်မှာမူ အလိုက်အလျားသင့်နေတတ်သူတစ်ဦးဖြစ်သည့်အားလျော်စွာ မိမိအာဏာကိုလည်းမစွန့်လွှတ်၊ အုပ်ချုပ်သူအင်္ဂလိပ်အစိုးရအလိုကျလည်း လိုက်နာကျင့်ကြံခဲ့ပေ၏။ ထို့ကြောင့် အင်္ဂလိပ်အစိုးရသည် ဦးစက်ရောင်အားနှစ်ချိုက် မျက်နှာသာပေးခဲ့လေသည်။ ဦးစက်ရောင်မှာ ရွှေစလွယ်ရ၊ နှစ်လုံးပြူးသေနတ်ကိုင်ခွင့်ရှိသောသူကြီးတစ်ယောက်ဖြစ်ချေသည်။ ဦးစက်ရောင်ဆိုလျှင် တစ်ရွာလုံး ဖိန့်ဖိန့်တုန်နေအောင်ကြောက်ရွံ့ရပေသည်။

ဦးစက်ရောင်သည်မည်သူ့ကိုမှထီမထင်၊ ရွာ၌ဘုရင်တစ်ဆူပမာ အုပ်ချုပ်မင်းလုပ်ခဲ့ပေသည်။ ဦးစက်ရောင်အလေးထားရသူဟူ၍ တစ်ဦးထဲသာရှိပေသည်။ ထိုသူကား ရွာဦးဘုန်းတော်ကြီးပင်ဖြစ်ပေ၏။ ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အားလျော်စွာ ဘုန်းကြီးကိုတော့ အလေးလဲထား၊ ကြောက်လဲကြောက်ရွံ့ရပေ၏၊

သူကြီးမင်းဦးစက်ရောင်နှင့် သူကြီးကတော်ကြီးဒေါ်ရွှေပုံတို့တွင် သမီးလေးတစ်ဦးထဲသာ ထွန်းကားလေသည်။ သမီး မမြစိမ်း သည် အသက်၁၈နှစ်အရွယ်ရှိပြီဖြစ်ပေ၏။

မမြစိမ်းသည် ချောမောလှပသူတစ်ဦးဖြစ်ရုံမက သူကြီးသမီးလည်းဖြစ်နေပြန်ရာ ရွာ၌ကွမ်းတောင်ကိုင်တစ်ဦးဖြစ်နေသည်မှာ မဆန်းပါချေ။ မမြစိမ်း၏အလှအပကိုရွာမှကာလသားတိုင်း နှစ်သက်သဘောကျ၍ ပိုးပန်းလိုသော်လည်း ဖခင်သူကြီးမင်းကို ကြောက်ရွံ့၍ ကာလသားများမှာ စေ့စေ့ပင်မကြည့်ရဲပေ၊

မမြစိမ်းကိုယ်တိုင်လည်း အိမ်ထဲကအိမ်ပြင်မထွက်ရပဲ ဗိုင်းကောင်းကျောက်ဖိနေထိုင်ရသော မိန်းမပျိုလေးဖြစ်ပေသည်။ မမြစိမ်း၏အလှကို ရွာ၌ပွဲလမ်းသဘင်ရှိမှသာမြင်တွေ့ခွင့်ရကြပေသည်။

သာမန်အချိန်များဝယ် မမြစိမ်းသည် အိမ်ထဲ၌ မိခင်နှင့်အတူ ဗိုင်းငင်ဝါဖတ်ရင်းဖြင့် သာအချိန်ကုန်လွန်ရပေ၏။ မိဘများက မမြစိမ်းကို အိမ်ရှေ့ခန်းသို့ပင်ထွက်ခွင့်မပေးပဲ သေသေဝပ်ဝပ်၊ ပိပိပြားပြားထားခဲ့ကြပေသည်။ ခေတ်အခြေအနေအရလဲ မိန်းကလေးဆိုသည်မှာ မိဘမျက်စိအောက်တွင်ပင် လုံခြုံသိမ်မွေ့စွာနေရမည်ဆိုသည့်အမြင်မျိုးရှိသည့်ခေတ်ဖြစ်ပေရာ ယခုလို နေထိုင်နိုင်သည်ကိုပင် ထူးခြားသောပါရမီဟုဆိုကြပေသည်။

အဘယ်ကြောင့်ဆိုသော် မမြစိမ်းနှင့်ရွယ်တူ အခြားသောမိန်းကလေးများမှာ ဝမ်းစာအလို့ငှာ လယ်ထဲကိုင်းထဲ၌ အလုပ်ထွက်၍လုပ်ရရှာသည်။ ပင်ပန်းဆင်းရဲစွာရှာဖွေစားသောက်ရရှာပေသည်။ မမြစိမ်းအဖို့ သူကြီးသမီးအနေဖြင့် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်နေနိုင်ခြင်းမှာ ရှေးကုသိုလ်ကံကောင်း၍မဟုတ်ပါလော။

မမြစိမ်းအတွက် တစ်ခုထဲသော စိတ်အပန်းပြေစရာကား ပတ္တလားတီးခတ်ခြင်းပင်ဖြစ်လေသည်။ ဝါးပတ္တလားအိုကြီးမှာ သူကြီး၏ယောက္ခမဖြစ်သူတီးခတ်ခဲ့သော ပတ္တလားကြီးပင်ဖြစ်လေ၏။ အဘိုးဖြစ်သူမသေမီက မမြစိမ်းကို ပတ္တလားတီးသင်ပေးခဲ့လေသည်။

သူကြီးသည် မိန်းကလေးတန်မဲ့ တူရိယာပစ္စည်းတီးခတ်ခြင်းကိုမနှစ်သက်သော်လည်း ယောက္ခမကြီးကိုယ်တိုင်သင်ကြားပေးခဲ့၍ မပြောသာခဲ့ချေ။ မမြစိမ်းလေးသည်လည်း ဂီတအနုပညာကို လွယ်ကူစွာပင်တတ်မြောက်ခဲ့ကာ အားလပ်ချိန်များ၌ ပတ္တလားလေးကိုတီးခတ်ရင်းအငြီးဖြေရှာလေ၏။

သို့ရာတွင် ဖခင်သူကြီးမင်းအလိုကျ အိမ်အပေါ်ထပ်တွင်သာ တီးခတ်ခွင့်ရှိပြီး၊ သီချင်းကိုလည်းတီးတိုးသာဆိုငြီးရရှာလေသည်။

သူကြီးမင်း၏ တစ်ဦးထဲသောသမီးဖြစ်သူမမြစိမ်းအတွက် အရင်းနှီးဆုံးအဖော်မှာ မောင်ညိုလေးပင်ဖြစ်တော့သည်။ မောင်ညိုသည် မမြစိမ်းထက်၁၀နှစ်တိတိငယ်ရွယ်ပေသည်။ အဖော်မဲ့သော မမြစိမ်းအတွက် မောင်ညိုသည် မောင်လေးတစ်ယောက်သဖွယ် ခင်တွယ်ရာ ဖြစ်ခဲ့လေသည်။

မောင်ညိုသည်လည်း မွေးကတည်းကအတူနေလာခဲ့သော မမြကိုပင် အစ်မရင်းတစ်ယောက်ဟုထင်မြင်ကာ ချစ်ခင်တွယ်တာခဲ့လေသည်။

ညနေခင်းများတွင် မမြစိမ်း ပတ္တလားတီးခတ်သည့်အခါ.. မောင်ညိုက ဘေးမှထိုင်၍စည်းဝါးလိုက်ပေးရလေ၏။

ဘုန်းကြီးကျောင်းသားအဖြစ် ကျောင်းအိပ်ကျောင်းစားမနေရခင်က.. ညနေခင်းဆိုလျှင် မမြသည် အိမ်အပေါ်ထပ်ပြတင်းမှခေါင်း ပြူကာ အိမ်နောက်ဖေးတဲကလေးမှမောင်ညိုကို လှမ်း၍ခေါ်တတ်ပေသည်။

'အညိုရေ.. ပတ္တလားတီးရအောင်၊ လာဟေ့ '

မောင်ညိုသည် မမြ ပတ္တလားတီးသည့်အခါ စည်းဝါး ကောင်းကောင်းလိုက်တတ်နေပေပြီ။

မမြသီဆိုသည့်သီချင်းများသည်လည်း အေးအေးငြိမ့်ငြိမ့်ဖြင့်နားထောင်ကောင်းလှပေ၏။

ယမုံနာပတ်ပျိုးသီချင်းကိုသီဆိုလျှင် မောင်ညိုသည် ဘယ်ကိုမှန်းမသိလွမ်းစိတ်ပေါ်ကာ မမြ၏မျက်နှာကိုငေးမောကြည့်နေတတ်လေသည်။

' ယမုံနာ× × သီတာသောင်ခြေဦးမှာလ× × '.. အစချီသည့်သီချင်းလေးတွင် မြစ်ကမ်းခြေ၏ရှုခင်းအလှအပများလဲပါသည်။ မြစ်ထဲတွင်သွားလာကျက်စားသည့် ဟင်္သာ၊ စက္ကဝါက်၊ သောင်တင်းငှက်ကလေးများအကြောင်းလဲပါသည်။

မမြစိမ်းတို့အိမ်သည် မြစ်ကမ်းအနီး၌ရှိသော နှစ်ထပ်အိမ် အမြင့်ကြီးဖြစ်ရာ အိမ်ပေါ်ထပ်မှကြည့်လျှင် ဒုတ္ထဝတီမြစ်ရှုခင်းကို အဆီးအတားမရှိမြင်နေရပေသည်။

မြစ်ရှုမျှော်ခင်းနှင့် မမြစိမ်းသီဆိုသောယမုံနာပတ်ပျိုးတို့မှာ လိုက်ဖက်ပနံစားကာ ကြားရသူအပေါင်းကိုလွမ်းဆွေးစိတ် ဖြစ်ပေါ်စေတော့၏။

မောင်ညိုဘုန်းကြီးကျောင်းတွင် ကျောင်းသားအဖြစ်နှင့် သွား၍နေထိုင်ရသည့်အခါတွင်လဲ ညနေတိုင်းအိမ်သို့ပြန်လာရလေသည်။

မမြပတ္တလားတီး တေးချင်းဆိုသည့်အခါတိုင်း စည်းဝါးလိုက်ပေးရသူမှာမောင်ညိုပင်ဖြစ်လေသည်။

ထိုသို့သောအခြေအနေများဖြင့်နေထိုင်လာခဲ့ရာမှ..

♣♣♣♣♣♣♣♣♣

*ခရာသံစုံ ကျူးကျော်ညံဟုန် × × × တိုင်းဘုံ စက္ကဝါ လကျာ် စကြာ× ×*
*ပန်းညို ပန်းနီ ပန်းပြာ ပန်းဝါ× ×*
*အို.. .. ပေါ်တဲ့နေရာ တောနဲ့ဟေမဝါ*
*ရွှေပြည်စိုး .. ရွှေပြည်စိုး .. ရွှေပြည်စိုး × × ×*
*လွမ်း ပို ဖွယ် ရာ × × ×*

ညောင်ပင်ဆိပ်ရွာကလေးသို့ တော်လှန်ရေးသမားလူငယ်ရန်မျိုးနိုင်ရောက်ရှိလာခဲ့ခြင်းကား မောင်ညို့ဘဝ၊ မမြစိမ်းဘဝနှင့် ရွာကလေး၏ကံကြမ္မာကို တစ်မျိုးတစ်ဖုံပြောင်းလဲစေခဲ့လေတော့သည်။

မောင်ညို့အား နိုင်ငံရေးနှင့်ပတ်သက်၍ မျိုးချစ်စိတ်၊တိုင်းချစ်ပြည်ချစ်စိတ်များထွန်းကားအောင် လုပ်ဆောင်ခဲ့သူမှာလည်း ရန်မျိုး နိုင်ပင်ဖြစ်လေသည်။

ရန်မျိုးနိုင်ရောက်ရှိလာသည့်အချိန်ကား နွေရာသီ၏ ညနေခင်းတစ်ခုတွင်ဖြစ်ပေ၏။

မောင်ညိုသည် အလှည့်ကျသန့်ရှင်းရေးတာဝန်အရ ထိုနေ့ညနေက ကျောင်းပုရဝုဏ်တစ်ခုလုံးကို ထန်းလက်တံမျက်စည်းဖြင့် လှဲကျင်းနေချိန်ဖြစ်ပေသည်။

နေလုံးသည် အနောက်ဖက်ကမ်းစွယ်သို့ဝင်စပြုပေပြီ။

ထိုအချိန်တွင် ကျောင်းနှင့်စေတီရှိရာ ကုန်းမြင့်လေးဆီသို့ ပတ်၍တက်လာသည့် လမ်းတလျှောက်ဖုန်လုံးကြီးများ ထကြွလာသည်ကိုတွေ့လိုက်ရလေသည်။

မောင်ညိုသည် တံမျက်စည်းလှဲနေခြင်းကို ခေတ္တရပ်နားကာ.. တောင်ကမူစွန်းမှနေ၍ လမ်းတလျှောက်မျှော်ကြည့်လိုက်လေ၏။

မြင်းစီးလုလင်တစ်ဦးကား အုန်းခွံရောင်မြင်းညိုကြီးကို ကဆုန်ဆိုင်းကာ တောင်ဆင်ခြေလျှောလမ်းအတိုင်း စီးနင်းလာလျှက် ရှိလေသည်။

လုလင်၏ ရောင်ထုံးထုံးထားသောဆံပင်မှ ဖြာကျနေသော ဆံနွယ်စများသည် လေထဲတွင် မြောက်၍.. မြောက်၍ လွင့်ပျံနေလေသည်။

လုလင်ကြီးသည် အတန်ကြီးမားသော လွယ်အိတ်ကြီးကို စလွယ်သိုင်း၍လွယ်ထားလေသည်။

မောင်ညိုသည် မြင်းညိုကြီးကိုစီးနင်းလာသည့်လူငယ်အား ကြည့်ကောင်းကောင်းဖြင့် ငေးကြည့်နေမိလေသည်။

မြင်းစီးလုလင်သည် ကျောင်းပေါက်ဝရောက်သည်နှင့် မြင်းကိုတုံ့ကနဲရပ်လိုက်ကာ မြင်းပေါ်မှ လွှားကနဲခုန်ဆင်းလိုက်လေ၏။

လုလင်သည် ခေါင်းမှပုဝါကိုချွတ်လိုက်ကာ ပုဝါဖြင့် ချွေးများကိုသုတ်လိုက်၏။ သူ၏တစ်ကိုယ်လုံး တွင်လည်းချွေးများရွှဲနှင့်နေပေသည်။

မောင်ညိုသည် အနီးကပ်မြင်လိုက်ရသော မြင့်မားထွားကြိုင်းလှသည့်လုလင်ကြီးကို ခေါင်းမော်ကာ လုလင်ကြီး၏ပါးရိုးတလျှောက်မှပါးမြိုင်းမွေးများကိုင်း၊ ဖုထစ်ရုန်းကြွနေသော လက်မောင်းကြွက်သားကြီး များကိုင်း ငေးကြည့်နေမိလေသည်။

' ညီလေး၊ ဆရာတော်ဘုရားကြီးရှိရဲ့လားကွ '

လုလင်ကြီးက မောင်ညိုကိုမေးလိုက်လေသည်။

' ဟုတ်-ဟုတ်၊ ရှိပါတယ်အစ်ကိုကြီး '

' ဆရာတော်ဘုရားကြီးကိုဖူးချင်လို့ပါကွယ်၊ အစ်ကိုကြီးက ခရီးဝေးကလာခဲ့တာကွဲ့ '

' ဟုတ်ကဲ့၊ ကျွန်တော်သွားလျှောက်လိုက်ပါမယ်၊ ထိုင်ခုံလေးမှာထိုင်စောင့်နေပါအစ်ကိုကြီး '

' အေး-အေး၊ သြော်.. နေဦးကွဲ့၊ ဆရာတော်ကြီးကို ဟောဒီစာလေးပြလိုက်ပါဦးကွယ် '

လုလင်ကြီးသည် လွယ်အိတ်ကြီးထဲမှစာတစ်စောင်ကိုထုတ်ယူကာ မောင်ညို့လက်ထဲသို့ထည့်လိုက် လေ၏။

မောင်ညိုကတံမျက်စည်းကိုသစ်ပင်တွင်ထောင်ခဲ့ပြီး ကျောင်း ပေါ်သို့ပြေးတက်သွားလေသည်။

ဘုန်းကြီးနှင့်တွေ့သည့်အခါ စာကိုကမ်းပေးရင်းအကျိုးအကြောင်းကိုလျှောက်ထားလိုက်လေသည်။

ဘုန်းကြီးကစာကိုဖတ်ကြည့်ရင်း..

' နေပြည်တော်ကဧည့်သည်ပဲ၊ သွားခေါ်လှဲ့မောင်ညို '

မောင်ညိုက အောက်သို့အပြေးပြန်ဆင်းသွားရင်း လုလင်ကြီးကို ဘုန်းကြီးရှေ့မှောက်သို့ခေါ်ဆောင်ခဲ့ လေ၏။

ဧည့်သည်သည် ဘုန်းကြီးအား ဦးသုံးကြိမ်ချ၍ဝတ်ဖြည့်လိုက်လေသည်။

' ငါ့ရဲ့မိတ်ဆွေဘုန်းကြီးက စာထဲမှာ အကျိုးအကြောင်း အပြည့်အစုံရေးလိုက်ပါတယ်၊ နာမည်က ရန်မျိုးနိုင်၊ ဟုတ်လား '

' တင်ပါ့ဘုရား '

' နာမည်ရင်းပဲလားကွဲ့ '

' နာမည်ရင်းရှိပါတယ်ဘုရာ့၊ ကုလားဖြူမိစ္ဆာတွေရဲ့ရန်အမျိုးမျိုးကို အောင်နိုင်ရမယ်ဆိုတဲ့ အတိတ် နိမိတ်နဲ့ ရန်မျိုးနိုင်လို့ မှဲ့ခေါ်ထားခြင်းပါ၊ အားလုံးကပဲ ရန်မျိုးနိုင်လို့ခေါ်နေကြပြီမို့ နာမည်ရင်းက ပျောက် လုလုပါဘုရား '

ဧည့်သည်လုလင်ယ်သည် ဆရာတော်ကြီးမေးသမျှကိုလက်အုပ်ချီခေါင်းငုံ့ရင်း လေးလေးစားစားပြန်လည် ဖြေကြားလျှက်ရှိပေ၏။

' ကောင်းပါလေ့ကွယ်၊ ငါတို့မလဲ လူကိစ္စဟာ သင်္ကန်းဝတ်နဲ့မဆိုင်သော်ငြား တိုင်းရေးပြည်ရေး ဖြစ်လာတော့ကာ ပါဝင်ပတ်သက်ရပေတယ် '

' တင်ပါ့ဘုရား '

' မောင်ရန်မျိုးနိုင်လုပ်စရာရှိတဲ့ကိစ္စတွေကို လိမ်လိမ်မာမာ ပါးပါးနပ်နပ်နဲ့သာ ကြည့်လုပ်ပေတော့၊ နေရေးထိုင်ရေး စားသောက်ရေးအတွက်တော့ ဘုန်းကြီးတာဝန်ထား '

' တင်ပါ့ '

' ဟဲ့-ညို '

' ဖျာ့ '

' ဧည့်သည်ကိုအောက်ထပ်ကဒေါင့်ဆုံးအခန်းမှာနေထိုင်ဖို့ ရှင်းလင်းသုတ်သင်ပေးလိုက်၊ တခြား ကျောင်းသားတွေပါခေါ်ပြီး ရှင်းပေးလိုက်ကြ '

' တင်ပါ့ဖျာ့ '

' ကပ္ပိယကြီးကိုငါ့ဆီလွှတ်လိုက်ဦး၊ ကဲ-ကဲ-မောင်ရင်၊ ညိုနဲ့လိုက်သွားပေတော့ကွဲ့ '

♣ ♣ ♣

' လာ–အစ်ကိုကြီး၊ ဟောဒီအခန်းပဲ '

မောင်ညိုက ဘုန်းကြီးမိန့်လိုက်သောအခန်းကို ရန်မျိုးနိုင်အားပြသလိုက်လေသည်။

အခန်းတခါးကိုဖွင့်လိုက်သည့်အခါ ပြတင်းပေါက်များ ပိတ်ထားသည့်အတွက် တစ်ခန်းလုံး မှောင်မဲနေပေ၏။ မောင်ညိုက ပြတင်းပေါက်များကိုလိုက်၍ဖွင့်လိုက်လေသည်။ အခန်းမှာ လူမနေတာ ကြာပြီဖြစ်၍ ဖုန်အလိမ်းလိမ်းတက်နေကာ ပင့်ကူမျှင်များလည်း နံရံ၌ယှက်သန်းနေပေသည်။

' အခန်းသန့်ရှင်းရေးလုပ်ဖို့ ကျွန်တော် တခြားကျောင်းသားတွေသွားခေါ်လိုက်ဦးမယ်အစ်ကိုကြီး '

' ကိစ္စမရှိပါဘူးကွဲ့၊ အစ်ကိုကြီးကိုယ်တိုင်လုပ်ပါ့မယ်၊ မင်းနာမည်မောင်ညို ဟုတ်လား '

' ဟုတ်ကဲ့အစ်ကိုကြီး '

' မောင်ညို့ကို ကပ္ပိယကြီးလွှတ်ပေးဖို့ ဘုန်းကြီးကမှာလိုက်တယ်မဟုတ်လား၊ အဲဒါ အရင်သွား ပြောလိုက်ချေဦးလေ '

' အဲ–ဟုတ်သားပဲ '

မောင်ညိုကပြေးထွက်သွားကာ ကပ္ပိယကြီးဦးသံခဲကိုသွားပြောလိုက်သည်။ တစ်ဆက်ထဲ ဂုံးညှင်းထိုး နေကြသည့်ကျောင်းသားများကိုပါ သန့်ရှင်းရေးလုပ်ရန်ခေါ်လာလိုက်၏။

' ဟေ့ကောင်တွေ၊ ကျောင်းမှာအာဂန္တုဧည့်သည်ရောက်နေတယ်ကွ၊ သစ်ပင်အောက်မှာချည်ထား တဲ့မြင်းကြီးကိုမြင်လား၊ အဲဒါဧည့်သည်အစ်ကိုကြီးစီးလာတာပေါ့၊ ဘဘုန်းက ဧည့်သည်နေဖို့ အောက်ထပ် အခန်းကိုဝိုင်းရှင်းပေးဖို့မှာလိုက်တယ်၊ လာကြဦး '

ကျောင်းသားလေးများသည် ဧည့်သည်ကိုစိတ်ဝင်စားသွားကာ မောင်ညို့နောက်မှလိုက်လာကြလေ သည်။

မောင်ညိုတို့ရောက်သွားချိန်တွင် ရန်မျိုးနိုင်က အင်္ကျီကိုယ်ချွတ်နှင့် ပင့်ကူမျှင်များကို တုတ်တစ် ချောင်းဖြင့်ကိုယ်တိုင်ရှင်းလင်း နေသည်ကိုတွေ့လိုက်ရသည်။

မောင်ညိုနှင့်ကျောင်းသားငယ်များက ရန်မျိုးနိုင်၏ဖုထစ်ကြွရွသော လက်မောင်းကြွက်သားကြီးများ နှင့် ရင်အုပ်ကားကားကြီးကို အားကျစွာငေးမောကြည့်မိကြသည်။

' အစ်ကိုကြီး၊ ကျွန်တော်တို့လုပ်မှာပေါ့၊ ဖယ်ပါ၊ အစ်ကိုကြီးအနားယူပါ '

' ရပါတယ်မောင်ညိုရယ်၊ အစ်ကိုကြီးနေမယ့်အခန်းကို အစ်ကိုကြီးလဲ ကူရှင်းမှာပေါ့၊ အမယ်– မောင်ညို့သူငယ်ချင်းတွေက အများကြီးပါလားဟေ့ '

' ဒီကျောင်းမှာ ကျောင်းသားခြောက်ယောက်ရှိပါတယ် အစ်ကိုကြီး၊ ဒါနဲ့အစ်ကိုကြီးက ဒီမှာ အကြာကြီးနေမှာလားဟင်'

' အေး– ကြာမယ်ဆိုပါတော့ကွယ်၊ တော်လှန်ရေးအတွက် ရဲဘော်တွေကိုစုစည်းရဦးမှာကိုး၊ ဌက်နက် စုဆောင်းဖို့နဲ့ ရဲဘော်တွေကိုလေ့ကျင့်ပေးဖို့နဲ့ဆိုတော့ ကြာဦးမှာပေါ့ '

မောင်ညိုတို့ကျောင်းသားလေးများသည် ရန်မျိုးနိုင်စကားများကိုနားမလည်ကြချေ။

ထိုစဉ် ကပ္ပိယကြီးကျောင်းပေါ်မှဆင်းလာကာ သူတို့အနီး သို့ရောက်လာလေသည်။

' အဆင်ပြေပါရဲ့လားကိုယ်တော်လေး၊ လိုအပ်တာမှန်သမျှ ကျွန်တော်မျိုးကြီးကို ပြောပါခင်ဗျာ၊ ကျွန်တော်မျိုးက ဒီကျောင်းက ကပ္ပိယကြီးသံခဲပါ '

ကပ္ပိယကြီးက ရန်မျိုးနိုင်အား လေးစားရိုကျိုးစွာပြောလိုက် လေသည်။

' ဒီအချိန်မှာ ကိုယ်တော်လေးတွေဘာတွေလုပ်မနေပါနဲ့၊ ကျုပ်လဲ သာမန်အရပ်သားတစ်ယောက်ဖြစ် နေပါပြီ၊ အများခေါ်သလို ရန်မျိုးနိုင်လို့ပဲခေါ်ပါကပ္ပိယကြီး '

' ဟုတ်ကဲ့ခင်ဗျာ '

' ဒီရွာမှာ လူငယ်ကာလသားတော်တော်များများရှိကြသလား၊ တိုင်းရေးပြည်ရေးကိုရော စိတ်ဝင်စားကြ ရဲ့လားကပ္ပိယကြီး '

' အသက်၁၆နှစ်က၂၀အရွယ်လောက်ထိ ကာလသား အယောက်သုံးလေးဆယ်ထက်မနည်းရှိပါတယ် ကိုယ်တော်လေး၊ အဲလေ.. ကိုရန်မျိုးနိုင်၊ တိုင်းရေးပြည်ရေးကိုတော့ တချို့လဲ စိတ်ဝင်စားပါတယ်၊ တချို့လဲ ဘာသိဘာသာပဲနေကြပါတယ်၊ သို့သော် စိတ်ဝင်စားသူများအဖို့လဲ မြှောက်စားမယ့်သူမရှိလို့ ကိုယ်ရည်ကိုယ် သွေးထက်မြက်မှုမရှိလှပါဘူး၊ လေ့ကျင့်သင်ကြားပေးမယ်ဆိုရင်တော့ လူငယ်မှန်သမျှ စိတ်ဝင်တစားရှိလိမ့် မယ်လို့မျှော်လင့်ရပါတယ်ခင်ဗျာ '

'  အင်း.. သည်တော့ကာ လူငယ်ကာလသားများကို ကျွန်တော်တွေ့ချင်တယ်ဗျာ၊ သူတို့နဲ့ စကားပြောချင်တယ်၊ အဲဒါကို ကပ္ပိယကြီးစီစဉ်ပေးဖို့ပါပဲ '

'စိတ်ချပါခင်ဗျာ '

ရန်မျိုးနိုင်နှင့်ကပ္ပိယကြီးတို့ပြောဆိုနေကြသည်ကို မောင်ညိုနှင့်ကျောင်းသားလေးများ ငေးမောနားထောင်နေကြလေ၏။

ကပ္ပိယကြီးက ကျောင်းသားများဖက်သို့လှည့်ကာ..

' ဟဲ့-ကျောင်းသားတွေ လုပ်စရာရှိတာ လုပ်ကြလေ၊ မောင်ညိုကကော၊ ကျောင်းဝိုင်းသန့်ရှင်းရေး ပြီးစီးလို့လား၊ သွား သွား-ကိုယ်လုပ်စရာရှိတာလုပ်ချေကြ '

♣ ♣ ♣

မောင်ညိုသည် ကျောင်းဝိုင်းသန့်ရှင်းရေးအပြီးတွင် နေအိမ်သို့ခေတ္တပြန်လာခဲ့လေ၏။ နေအိမ်ဆိုသည်မှာ မိဘများမှိခိုနေထိုင်သည့် သူကြီးမင်း၏အိမ်နောက်ဖေးမှတဲကလေးဖြစ်ပါသည်။

မောင်ညိုသည် ညနေတိုင်း အိမ်သို့ခေတ္တပြန်နေကျဖြစ်ပေသည်။ ဘုန်းကြီးကလည်း ခွင့်ပြုထား၏။ ယနေ့တော့ အလှဲ့ကျ သန့်ရှင်းရေးတာဝန်ကျသဖြင့် နောက်ကျနေခြင်းဖြစ်လေသည်။

သန့်ရှင်းရေးလုပ်နေရ၍လည်း ရန်မျိုးနိုင်ရောက်လာသည်ကို ဆိုက်ဆိုက်မြိုက်မြိုက်ဆုံဆည်းရခြင်း ဖြစ်ပေသည်။

မောင်ညိုသည်အိမ်သို့လမ်းလျှောက်ပြန်လာရင်း ရန်မျိုးနိုင်အကြောင်းများကို စဉ်းစားလာလေသည်။ မောင်ညိုသည် ရန်မျိုးနိုင်ကို စိတ်ဝင်စားနေလေ၏။ ဘုန်းကြီးကိုယ်တိုင်နှင့်ကပ္ပိယကြီးတို့ အလေးယူဆက်ဆံနေသည့်ရန်မျိုးနိုင်သည် ဘယ်လိုလူစားများပေနည်း။

မောင်ညိုကတော့ ရန်မျိုးနိုင်ကိုစိတ်ဝင်စားခြင်းမှာ သူ၏ယောကျ်ားပီသခန့်ညားသောရုပ်ရည်နှင့် ဗလကြီးများကိုအားကျစွာ စိတ်ဝင်စားခြင်းဖြစ်လေသည်။

မောင်ညိုအိမ်ဝင်းထဲဝင်လာသည့်အခါ မမြစိမ်းက အိမ်မကြီးထဲမှနေ၍ ဆီးကြိုခေါ်ငင်လိုက်လေသည်။

' ဟေး-အညို၊ ဒီနေ့နောက်ကျလှချည်လား '

' ဧည့်သည်ရောက်နေလို့၊ အဲ-ကျောင်းဝိုင်းထဲမှာတံမျက်စည်းလဲလှည်းနေရလို့မမမြရ '

မောင်ညိုက မမြစိမ်းရှိရာအိမ်ထဲသို့ဝင်သွားရင်းပြောလိုက် သည်။

' အမယ်-ဧည့်သည်ရောက်လို့လေး၊ဘာလေးနဲ့ လူကြီးကျနေတာပဲ၊ ဘုန်းကြီးကျောင်းကို ဘယ်က ဧည့်သည်လာတာလဲ အညိုရဲ့ '

'ဘဘုန်းကတော့ နေပြည်တော်ကလာတာလို့ပြောသံကြားလိုက်တယ် '

' နေပြည်တော် '

' ဟုတ်တယ်၊ အဲဒီအစ်ကိုကြီးက သိပ်ဗလကောင်းတာပဲ မမမြရဲ့၊ သူလာတော့ မြင်းကြီးကို စီးလာတာသိပ်ကြည့်လို့ကောင်းတာပဲ၊ သိလားမမြ '

မောင်ညိုပြောစကားများကို အိမ်ရှေ့ခန်းတွင်ထိုင်ရင်း ရေနွေးကြမ်းသောက်နေသည့်သူကြီးမင်း ဦးစက်ရောင် ကြားနေရပေသည်။ မောင်ညိုနောက်ဆုံးပြောလိုက်သောစကားကြောင့် ဦးစက်ရောင်မျက်မှောင်ကုပ်သွားလေသည်။

' ဟဲ့-ညို၊ ဧည့်သည်က ခဏတဖြုတ် ဝင်တည်းတာလား၊ ကြာကြာနေမယ့်သဘောလား၊ ငါ့ပြောစမ်း '

' ကြာမှာတဲ့ဘဘ၊ နေပြည်တော်က ဘဘုန်းရဲ့မိတ်ဆွေ ဘုန်းကြီးတစ်ပါးက စာရေးပေးလိုက်တာ၊ အဲဒီစာကို ကျွန်တော်ယူပြီး ဘဘုန်းဆီဝင်လျှောက်ရတာဗျ '

ရွှေစလွယ်ရသူကြီးမင်းဦးစက်ရောင်သည် မျက်မှောင်ကုပ်သထက်ကုပ်သွားလေ၏။

' ခက်တာပဲကရို၊ ခေတ်ကာလကမကောင်းရတဲ့အထဲ ဘဘုန်းတို့ကလဲ လူတကာကိုလက်ခံသကိုး၊ လူဆိုးမှန်းမသိ၊ လူကောင်းမှန်းမသိ '

ဦးစက်ရောင်သည် တစ်ကိုယ်ထဲငြီးငြူသလိုဆက်ပြောနေလေ၏။

မမြစိမ်းက မောင်ညို၏ပခုံးကိုအသာဖက်ကာ အိမ်ပေါ်ထပ်သို့ခေါ်သွားလေသည်။

' လာ-အညို၊ မမြသီချင်းတစ်ပုဒ်စပ်ထားတာ အညို့ကို ဆိုပြမလို့၊ စောင့်လိုက်ရတာ ကြာလှမင့်ကော '

'မမြကြ သီချင်းစပ်တယ်၊ နားထောင်ရသေးတာပ '

' အောင်မယ်၊ လှောင်သလိုမပြောပါနဲ့နော်၊ နားထောင်ပြီးမှ ကိုယ့်အစ်မကိုယ် ထိုင်ကန်တော့ချင်စိတ်ပေါက်သွားပါဦးမယ် '

' ကောင်းရင်ဖြင့် ကန်တော့ဖို့ဝန်မလေးပါဘူးဗျာ '

နှစ်ယောက်သား အိမ်ပေါ်ထပ်အရောက်တွင် အိမ်ဦးခန်းမှ ပတ္တလားကြီးရှေ့၌ထိုင်မိကြလေ၏။

မမြစိမ်းက ပတ္တလားရှေ့တွင်ကြုံ့ကြုံ့လေးထိုင်ရင်းလက်သံ စမ်းလိုက်သည်။ မောင်ညိုလည်း အနီးမှ စည်းနှင့်ဝါးကို ကောက်ကိုင်လိုက်လေ၏။

မမြစိမ်းက ပတ္တလားဘေးမှကျောက်သင်ပုန်းလေးကိုယူကာ ကွေးထားသောဒူးပေါ်သို့ တင်လိုက်လေသည်။ ကျောက်သင်ပုန်းပေါ်၌ကား မမြစိမ်း၏လက်ရေးသေးသေးလေးများကို တွေ့ရလေ၏။

' မမြကြ သီချင်းကိုကျောက်သင်ပုန်းပေါ်မှာရေးထားတာလား '

' အေး '

' စက္ကူပေါ်မှာမရေးဘူးလား '

' စက္ကူ၊ စက္ကူကိုဘယ်မှာရှာမလဲအညိုရဲ့၊ ရွာကရွာသနဲ့၊ စက္ကူဆိုတာ ပေါ်တာဖြင့်မကြာသေးဘူး၊ ဈေးကလဲကြီးပါသနဲ့၊ ရေးနေကျကျောက်သင်ပုန်းပေါ်ရေးလဲဖြစ်တာပဲဟာ၊ ကဲပါ– မမြကြ ရှေ့ကဆိုပြမယ်၊ အညိုက စည်းဝါးကို အလိုက်သင့်လိုက်ပေတော့ '

' သီချင်းနာမည်က ဘာတဲ့တုန်းမမြရဲ့၊ ပြောပါဦး '

' သြော်–သီချင်းနာမည်က ရွှေပြည်စိုးတဲ့ဟ၊ ရွှေပြည်စိုး ငှက်ကလေးအကြောင်းစပ်ထားတာပ '

' ဟင်– ငှက်အကြောင်းကိုသီချင်းစပ်တယ် '

' ဒါဘာဆန်းသတုံးအညို၊ မမြဆိုနေကျယမုံနာပတ်ပျိုးထဲမှာလဲ ငှက်တွေအကြောင်းပါတယ်မှုတ်လား၊ ကဲပါကွယ်၊ နားထောင်ကြည့်စမ်းပါ '

မမြစိမ်းက အတောပိုဒ်လေးကိုလက်သံစမ်း၍တီးလိုက်ကာ သူမစပ်ဆိုထားသည့်သီချင်းကို ကျောက်သင်ပုန်းပေါ်မှ ကြည့်၍ဆိုလေသည်။

*"မြိုင်ယံတောလုံးဖြင့် ပင်မြင့်ပင်ဆင့် အလွန်တင့်လှသရှင် × × ×*
*ဖော်မစုံ မယ့်တစ်ကိုယ်တည်း စိမ့်ကြီးမြိုင်ကြီးရိပ်ကြီးအောက်တွင် × × ×*
*သခင် .. .. .. သခင် .. .. .. သခင် .. .. ..*
*လှမ်းလာတော်မူပါလှည့် ချစ်သောမယ့်သခင် × × ×*
*ရှင်.. ရှင်.. ရှင်..*
*ခေါ်လေသလား တစ်ပါးမယ့်သခင် × × ×*
*အုံ့ဆိုင်း.. ညိုမှိုင်း.. မြူလှိုင်းကြားက အသံရှင်× × ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × ရွှေပြည်စိုးတဲ့*
*ငှက်ကလေးအသံပေး ဆိုတေးသီသံစဉ် × ×*
*ဟင်.. မောင်မဟုတ်ပါလား× ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × ရွှေပြည်စိုးတဲ့*
*ငှက်ကလေးအသံပေး ဆိုတေးသီသံစဉ် × ×*
*မယ့်ကိုလှောင်သလား× × × ပျို့ကိုလှောင်သလား× × ငှက်ဆိုးလေးလို့ ဆိုများဆိုချင်× ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × × ရွှေပြည်စိုးတဲ့ လွမ်း.. ပို.. အောင်.. ပင်.. × × "*

' ဟာ–ကောင်းလိုက်တာဗျာ၊ သိပ်နားထောင်လို့ကောင်းတာပဲ '

မောင်ညိုက တကယ်ပင် လှိုက်လှိုက်လှဲလှဲပြောလိုက်လေ၏။

' တကယ်လားအညို၊ အဟုတ်နားထောင်လို့ကောင်းတာလား၊ တမင်တကာရွဲ့ပြောတာလားကွဲ့ '

' ဘယ်ကလာ ရွဲ့ပြောရမှာတုန်းမမြရဲ့၊ ကောင်းလို့ ကောင်းတယ်ပြောတာမင့်ဟာ၊ မမြသီချင်းက ရှုခင်းလှလှလေးတွေလဲပါတယ်၊ ပန်းကလေးတွေပွင့်နေတဲ့အကြောင်းလဲပါတယ်၊ ရွှေပြည်စိုး ငှက်ကလေးအော်သံလဲပါတယ်၊ လွမ်းဖို့သိပ်ကောင်းတာပဲနော် '

မမြစိမ်းက မရို့တရို့လေးပြုံးနေပေသည်။

' သီချင်းထဲကကောင်မလေးဟာ မမြလားဟင် '

' ဘာလို့တုန်းကွဲ့ '

' သီချင်းထဲကကောင်မလေးက ရွှေပြည်စိုးငှက်ကလေးအော်သံကို သူ့ချစ်သူခေါ်သံလို့ ဘာလို့ထင်ရတာတုန်း၊ သူ့ချစ်သူနာမည်က ကိုရွှေပြည်စိုးမို့လို့လား '

မောင်ညို၏ ကလေးအတွေးဖြင့်မေးလိုက်သည့်အမေးကို မမြစိမ်းက ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။

' ဒါ တင်စားတာပေါ့အညိုရဲ့၊ ချစ်သူကိုလွမ်းနေမျှော်နေတဲ့အချိန်မှာ ရွှေပြည်စိုးငှက်ကလေးက ရွှေပြည်စိုး–ရွှေပြည်စိုးလို့ မြည်လိုက်တော့ ချစ်သူ့ခေါ်သံလို့ယောင်ရမ်းပြီးထင်လိုက်မိတာလေ၊ အပြင်မှာတော့ ငှက်အော်သံနဲ့လူခေါ်သံဘယ်တူမလဲကွယ် '

' မမြက သီချင်းထဲမှာချစ်သူအကြောင်းထည့်စပ်ထားတော့ အပြင်မှာလဲ မမြမှာချစ်သူရှိနေလို့လားဟင် '

' ဟယ်–အညို၊ ကောင်လေး၊ နင်ဘာတွေလျှောက်ပြောနေ တာလဲ '

မမြစိမ်းသည် ရှက်သွားကာ မျက်နှာပင်နီမြန်းသွားလေ၏။ ချစ်သူရည်းစားဆိုတာ မရှိဖူးသေးသည်မို့ ကြားရတာပင် ရှက်လှပါသည်လေ။

' မမြက ရည်းစားမရှိပဲနဲ့ ဘာလို့ဒီလိုသီချင်းမျိုးစပ်တတ်တာလဲဟင် '

' အညိုရယ်၊ စပ်စုလှချည်လား၊ ဒါသက်သက်စိတ်ကူးယဉ်ကြည့်တာပေါ့ကွဲ့၊ တခြားတေးချင်းတွေကိုကြည့်ပြီး သူတို့လိုစပ်ဆိုကြည့်တာပေါ့ '

' နောက်တစ်ခေါက်ဆိုပြပါဦးမမြ '

မောင်ညိုက သူပါအလွတ်ရအောင် အကြိမ်ကြိမ်ဆိုခိုင်းနေ၍ မမြစိမ်းက သုံးလေးခေါက်ဆိုပြနေရလေသည်။

*" မယ့်ကိုလှောင်သလား× × ပျို့ကိုလှောင်သလား× × ငှက်ဆိုးလေးလို့ ဆိုများဆိုချင်× × ရွှေပြည်စိုး× × ရွှေပြည်စိုး × × × ရွှေပြည်စိုးတဲ့ လွမ်း.. ပို.. အောင်.. ပင်.. × × "*

' ဟင်–ကျွန်တော်တော့နောက်ကျနေပြီမမြ၊ ဘုရားဝတ်တက်ချိန်နီးပြီ၊ ဘဘုန်းဆူတော့မှာပဲ '

မိုးချုပ်မှပင် မောင်ညိုသည် ကျောင်းကိုပြန်ရန်သတိရ တော့၏။

' ဟုတ်ပါရဲ့ဟယ်၊ မမြလဲပြန်လွတ်ဖို့မေ့နေလိုက်တာ၊ ကဲ–ကဲ–ပြန်၊ မြန်မြန်သာပြေးပေရော့အညိုရေ '

မောင်ညိုကျောင်းပြန်ရောက်တော့ ဘုရားဝတ်တက်နေကြလေပြီ။

သို့သော် ကျောင်းထိုင်ဆရာတော်ကြီးမှာ ဧည့်သည်ကိုရန်မျိုးနိုင်နှင့်စကားပြောနေ၍ မောင်ညိုမရှိသည်ကို သတိထားမိဟန်မတူပေ။

မောင်ညိုလဲ ဘုရားဝတ်တက်နေသူများနောက်မှအသာဝင်ထိုင်လိုက်လေသည်။

♣♣♣♣♣♣♣♣♣

*စိန်ခြယ်ညီး× × လင်းရောင်ဖြာသောချိန်ခါ× ×*
*လမင်းစန္ဒာ× × ရွှေနန်းတော်ဦး ကြည်နူးစရာ× × ×*
*ဝင်းထိန်ဝါ× × ငြိမ်ငြိမ်သက်သက်ရှိလေခြင်း× ×*
*ဘုရင်မင်းတရားကို စဉ်းစားမိသောအခါ× × ×*
*ကွာဝေးပေါ့ မြန်မာရွှေး ဟိုတုန်းခါ× × ×*
*ရာဇဝင်အစောင်စောင်.. တန်ခိုးပြောင်ပါရက်ကယ်နဲ့× ×*
*ဗမာ့ရင်သွေး တွေးတိုင်းဆတ်ဆတ်ခါ× × × ×*

နောက်တစ်နေ့ညနေတွင် မောင်ညိုအိမ်သို့မပြန်ဖြစ်တော့ပေ။ မောင်ညိုအိမ်ပြန်ရန်ပြင်နေဆဲမှာပင် ရွာရှိကာလသားလူကုန်နီးပါး ဘုန်းကြီးကျောင်းသို့ရောက်လာကြလေ၏။

မောင်ညိုက အကျိုးအကြောင်းမေးမြန်းကြည့်သည့်အခါ ကပ္ပိယကြီးဦးသံခဲဖိတ်ကြားထား၍ဖြစ်ကြောင်း ပြောကြလေ၏။ ကပ္ပိယကြီးက နေပြည်တော်မှဧည့်သည်ရန်မျိုးနိုင်နှင့် ရွာရှိလူငယ်များ ဆုံဆည်းရန် နေ့လည်ခင်းကတည်းက လိုက်၍ဖိတ်ကြားထားခြင်း ဖြစ်လေသည်။

မောင်ညိုတို့ကျောင်းသားတစ်သိုက်မှာ ဘုန်းကြီးကျောင်းသို့ ညနေခင်းအချိန် လူတွေ သည်လောက်များများလာလေ့လာထမရှိပါ၍အံ့သြနေကြပေ၏။

မောင်ညိုက ကပ္ပိယကြီးနှင့်ကိုရန်မျိုးနိုင်တို့စကားပြောနေရာသို့သွား၍မေးမြန်းလိုက်လေ၏။

' ကပ္ပိယကြီး၊ ရွာထဲကကာလသားတွေကို ကပ္ပိယကြီး ခေါ်ထားတာဆို၊ ဘာလုပ်ဖို့လဲ၊ ဘဘုန်းကခေါ်ခိုင်းလို့လား '

ကပ္ပိယကြီးက ရန်မျိုးနိုင်နှင့်စကားပြောနေရာမှ အလိုမကျသလိုလှည့်ကြည့်လိုက်ရင်း..

' အလို၊ တယ်လဲစပ်စုပါလားကွဲ့၊ ကလေးက ကလေးလို နေစမ်း၊ လူကြီးတွေအလုပ်လုပ်နေတာ မင်းမေးစရာလား '

ရန်မျိုးနိုင်သည် မောင်ညို့ကိုငုံ့ကြည့်လိုက်ကာ.. ကပ္ပိယကြီးကိုလှည့်ပြောလိုက်သည်။

' ဒီလိုလဲဘယ်ဟုတ်မလဲကပ္ပိယကြီးရယ်၊ ကျွန်တော်တို့ လုပ်ငန်းဆောင်တာတွေကို မောင်ညိုတို့လို အသက်အရွယ်လူကလေးတွေလဲ စိတ်ဝင်စားဖို့လိုတယ်၊ သူတို့ဟာ နောင်တစ်ချိန်မှာ ကြီးပြင်းလာကြမှာ မဟုတ်လား၊ ခုကာလမှာ လူတိုင်းလူတိုင်း တိုင်းရေးပြည်ရာကို စိတ်ဝင်စားထားပါမှ တော်ကာကျမယ် ကပ္ပိယကြီး '

ရန်မျိုးနိုင်သည် မောင်ညို့ကိုလူကြီးတစ်ယောက်သဖွယ် အရာသွင်း၍ပြောပြရှာပေ၏။

' ဒီလိုကွဲ့မောင်ညိုရဲ့၊ ရွာကကာလသားတွေကို စကားပြောစရာရှိလို့ အစ်ကိုကြီးက လူစုခိုင်းထားတာပါ၊ အစ်ကိုကြီးက သူတို့ကို တို့တိုင်းပြည်ရဲ့လက်ရှိအခြေအနေကိုပြောပြပြီး အင်္ဂလိပ်လက်အောက်က လွတ်မြောက်အောင်လုပ်ဖို့တိုက်တွန်းမလို့ကွဲ့ '

' ဟင်– အင်္ဂလိပ်လက်အောက်ကလွတ်အောင်လုပ်မယ်'

' ဟုတ်တယ်၊ တို့တိုင်းပြည်ဟာ ရှင်ဘုရင်မရှိတော့ပဲ အင်္ဂလိပ်မျက်နှာဖြူတွေအုပ်ချုပ်တာခံနေရတာကို မောင်ညိုသိတယ် မဟုတ်လား '

' သိပါတယ်အစ်ကိုကြီး '

' အစ်ကိုကြီးဟာ မျက်နှာဖြူတွေကိုတိုက်ထုတ်ဖို့ကြိုးစားနေတဲ့ တော်လှန်ရေးသမားတစ်ယောက်ပဲ၊ မောင်ညိုတို့ရွာက လူငယ်တွေကိုမျိုးချစ်စိတ်ဓာတ်ထက်သန်အောင် စည်းရုံးသိမ်းသွင်းပြီး တော်လှန်ရေးမှာပါဝင်ဖို့ အစ်ကိုကြီးကနားချမယ်ကွဲ့၊ သူတို့ကို ကိုယ်ခံပညာနဲ့စစ်ရေးစစ်ရာတွေပါ သင်ပေးမှာဖြစ်တယ် '

' ဒါဆိုကောင်းတာပေါ့အစ်ကိုကြီး '

' မောင်ညိုစိတ်ဝင်စားရဲ့လားကွဲ့ '

' စိတ်ဝင်စားတယ်အစ်ကိုကြီး၊ အင်္ဂလိပ်ကုလားဖြူတွေကို မြန်မာ့မြေပေါ်က တိုက်ထုတ်ပစ်ဖို့လိုတယ်လို့ ဘဘုန်းကလဲ ပြောဖူးပါတယ်၊ ကြာရင် သာသနာပါညှိုးသွားလိမ့်မယ်တဲ့ '

ရန်မျိုးနိုင်က မြေပေါ်တွင်ဒူးထောက်ထိုင်ချလိုက်ကာ မောင်ညို၏ပခုံးနှစ်ဖက်ကို အားရပါးရဖြစ်ညှစ်လိုက်လေသည်။

' မောင်ညိုလေးကမခေပါလားကွဲ့၊ မင်း ဒါတွေတောင် နားလည်ပြီးသားကိုး၊ တွေ့တယ်မဟုတ်လား

ကပ္ပိယကြီး၊ ကလေးဆိုပြီးအထင်သေးလို့မရဘူးဗျ၊ ကျွန်တော်တို့ဟာ သူတို့ကို ဒီအရွယ်ကတည်းက မျိုးချစ်စိတ်ထက်သန်အောင်မွေးမြူထားရမယ်၊ ကဲ– မောင်ညို၊ မင်းစိတ်ဝင်စားရင်ဖြင့် ညပိုင်းအစည်းအဝေးမှာ အစ်ကိုကြီးပြောမယ့်စကားတွေကို ကာလသားတွေနဲ့အတူ နားထောင်ပေတော့၊ တခြားကျောင်းသားတွေကိုလဲ စိတ်ဝင်စားရင် နားထောင် နိုင်တယ်လို့ပြောလိုက်၊ ကြားလား '

'ဟုတ်ကဲ့ပါအစ်ကိုကြီး '

သို့ဖြင့် မောင်ညိုသည် ထိုနေ့ညနေက အိမ်သို့မပြန်ဖြစ်တော့ပေ။

♣ ♣ ♣

မောင်ညိုနှင့်ကျောင်းသားလေးများသည် ရွာထဲမှလူငယ်များကိုဆီးကြိုဧည့်ခံကာ ကျောင်းအောက်ထပ်မှ တရားဟောခန်းမကြီးတွင် နေရာချပေးကြလေသည်။

ဖျာများခင်းပေးသူကပေး၊ ရေနွေးကြိုသူကကြိုနှင့်တတပ်တအားလုပ်လိုက်ကြရာ အစည်းအဝေးပွဲသည် စည်စည်ကားကားဖြစ်သွားလေ၏။

ရွာရှိလူငယ်တို့မှာ သူတို့ကို မည်သည့်အတွက်ကြောင့်ခေါ်သည်ကိုမသိကြသေး။ လူစိမ်းဖြစ်သော ရန်မျိုးနိုင်ကိုကြည့်ကာ တီးတိုးတီးတိုးလုပ်နေကြလေသည်။ လူငယ်သုံးဆယ်ကျော်ခန့် ရောက်ရှိနေကြပေသည်။

ရွာဦးကျောင်းဘုန်းတော်ကြီးသည် မျိုးချစ်စိတ်ဓာတ်ရှိသူဖြစ်ကာ သူ့ကျွန်ဘဝရောက်နေရခြင်းအတွက် အောက်ကျနောက်ကျဖြစ်ရပုံများကို အခွင့်သင့်တိုင်း ဟောပြောလေ့ရှိသူဖြစ်သည်။ ကိုယ့်တိုင်းပြည်ကို ကိုယ့်ဘုရင်ကိုယ့်သခင်နှင့်အုပ်ချုပ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း ခံယူချက်ရှိသူလဲဖြစ်၏။

ထို့ကြောင့်ပင် တော်လှန်ရေးသမားလူငယ်ရန်မျိုးနိုင်လာရောက်တည်းခိုခြင်းကို လက်ခံခဲ့ခြင်းပင်ဖြစ်မည်ဟု မောင်ညိုကတွေးမိလေသည်။

သို့သော် ယခုအစည်းအဝေးပွဲ၌မူ ဆရာတော်ကြီးသည် အောက်ထပ်သို့ဆင်းမလာပဲ အပေါ်ထပ်ဘုရားဆောင်တွင်သာ တရားရှုမှတ်နေပေ၏။ တော်လှန်ရေးကိုအားပေးသော်လဲ လူ့အရေးကိစ္စများထဲ၌ ဝင်ပါလိုဟန်မတူပေ။

အနည်းငယ်မှောင်ရီပျိုးလာသည့်အခါ ကပ္ပိယကြီးက အောက်လင်းမီးအိမ်ကြီးများကို ထွန်းညှိလိုက်လေ၏။ မီးအိမ်ကြီးလေးလုံးကို ခန်းမ၏ထောင့်လေးထောင့်တွင်ထွန်းညှိလိုက်ရာ တစ်ခန်းလုံးလင်းထိန်သွားလေသည်။

ရွာမှလူငယ်တို့သည် လက်ဖက်ရည်ကြမ်းသောက်ရင်း ရန်မျိုးနိုင်ဝင်အလာကို စောင့်ဆိုင်းနေကြလေ၏။

ခဏကြာလျှင် ရန်မျိုးနိုင်သည် ခန်းမထဲသို့ ဝင့်ကြွားသော ခြေလှမ်းများဖြင့် ခန့်ညားစွာဝင်ရောက်လာခဲ့လေသည်။ သူသည် ပင်နီတိုက်ပုံအင်္ကျီကိုဝတ်ဆင်ထားသော်လည်း အင်္ကျီမှာ လက်တိုဖြစ်၍ လက်မောင်းကြွက်သားကြီးများက အင်္ကျီအနားသားအောက်မှ ရှန်းကြွထွက်ပေါ်နေလေသည်။ သူသည် ရှမ်းဘောင်းဘီပွပွကိုဝတ်ဆင်ထားရာ ရုပ်ဟိုက်သောဝမ်းဗိုက်သားပြင်သည် ပေါ်လွင်နေကာ ရင်အုပ်မို့မို့ကြီးများကို ထင်ရှားအောင်ပြသထားသကဲ့သို့ရှိချေ၏။

ဆံပင်ကိုရောင်ထုံးထုံးထားပြီး အုန်းဆီသုတ်လိမ်းထားသည့်အတွက် သပ်ရပ်ပြောင်ချောလျှက်ရှိပေသည်။ ခေါင်းတွင် ပန်းရောင်ပိုးပုဝါကိုစည်းနှောင်ထားလေ၏။

ခန်းမတွင်းရှိလူများသည် ရန်မျိုးနိုင်၏ ကြက်သရေရှိခန့်ညားပြီး ယောကျာ်းပီသလှသောအသွင်အပြင်ကြောင့် အသံများ ရုတ်တရက်တိတ်ဆိတ်သွားကာ ငေးမောကြည့်ရှုနေကြလေ၏။

ရန်မျိုးနိုင်က စုရုံးထိုင်နေသောလူပရိသတ်နှင့် မျက်နှာချင်းဆိုင်ကာ ခန်းမထိပ်တွင်နေရာယူ၍ ထိုင်လိုက်လေသည်။

'ရဲဘော်တို့ .. '

ရန်မျိုးနိုင်သည် ထိုင်လိုက်ပြီးသည်နှင့် အာလုပ်သံကြီးဖြင့် အားလုံးကိုနှုတ်ခွန်းဆက်သလိုက်ပေသည်။

ရွာသားလူငယ်တို့သည် မိမိတို့အား ခန့်ညားထယ်ဝါသောအသံဖြင့် "ရဲဘော်တို့"–ဟုဝိဂြိုဟ်ပြု ကာ ခေါ်ဝေါ်နှုတ်ဆက်ခံလိုက်ရ၍ ကြက်သီးများထကာ အံ့သြမင်သက်သွားကြလေ၏၊

' ရဲဘော်တို့၊ ရဲဘော်တို့ကို ကျုပ်က တိုင်းပြည်ရန်စွယ် ကိုနှိမ်နင်းမယ့် သေဖော်သေဖက်များသဖွယ်

သဘောထားတဲ့အတွက် ရဲဘော်တို့လို့ နှုတ်ခွန်းဆက်သလိုက်ခြင်းဖြစ်ပါတယ်၊ ကျုပ် ပြောမယ့်စကားများကို သေချာဃဏနားစိုက်ထောင်ပါလို့တိုက်တွန်းလိုပါတယ် မြန်မာလူငယ်ရဲဘော်အပေါင်းတို့ '

ရန်မျိုးနိုင်၏လေသံသည် အသံပြဇာနှင့်လည်းပြည့်ဝလှလေရာ နားထောင်သူတစ်ဖက်သား၏ စိတ်နှလုံးအားသိမ်းကြုံးယူနိုင်စွမ်း ရှိလှပေ၏။

' ကျုပ်နာမည်ကတော့ ရန်မျိုးနိုင်ပဲ၊ ကျုပ်ဟာ မြန်မာမင်းနေပြည်တော်လို့ခေါ်အပ်တဲ့ ရတနာပုံနေပြည်တော်ကြီးဆီက လာခဲ့ခြင်းဖြစ်တယ်၊ ရဲဘော်အပေါင်းတို့၊ ကျုပ်အနေနဲ့ ရတနာပုံမင်းနေ ပြည်တော်လို့ သုံးနှုန်းလိုက်ရသော်လဲ ကျုပ်တို့ရဲ့ မင်းနေပြည်တော်ကြီးဟာ အုပ်ချုပ်သူဘုရင်မရှိပဲ နန်းတော်အခွံကြီး သက်သက်သာ ကျန်ရစ်တော့တာကို ရဲဘော်အားလုံးသိရှိပြီးဖြစ်တယ်.. ..

' ရဲဘော်တို့.. ကျုပ်တို့ရဲ့ဘုရင်မင်းမြတ်ကို မျက်နှာဖြူမိစ္ဆာတွေဖမ်းဆီးခေါ်ဆောင်သွားခဲ့တာ ၁၂၄၇ ခုနှစ်ကဖြစ်တဲ့အတွက် အခုဆို ကျုပ်တို့ဟာ မင်းမဲ့၊ အုပ်ချုပ်သူမဲ့ဘဝနဲ့နေလာခဲ့ရတာ နှစ်ပေါင်း၁၄-နှစ်ရှိပြီဖြစ်တယ်၊ ရဲဘော်တို့.. အင်္ဂလိပ် မျက်နှာဖြူများဟာ ကျုပ်တို့မြန်မာ့မြေပေါ်မှာကျူးကျော်နေထိုင်ခဲ့ရုံမက.. အကြောင်းအမျိုးမျိုးပြပြီး စော်ကားမော်ကားပြုခဲ့တာတွေကို ရဲဘော်တို့သိအောင် ကျုပ်ကပြောပြပါရစေ၊ ဒီအကြောင်းအရာတွေဟာ အများသိပြီးဖြစ်လို့ ရဲဘော်တို့လည်းသိပြီးဖြစ်ပေလိမ့်မယ်၊ သို့သော် မျက်နှာဖြူမိစ္ဆာများရဲ့ ယုတ်မာပက်စက်မှုကိုပေါ်လွင်စေချင်လို့ ကျုပ်က ထပ်လောင်းပြောပြရဦးမယ်'

ရန်မျိုးနိုင်က ဘုံဘေဘားမားသစ်ကုပ္ပဏီကိစ္စကို အကြောင်းပြု၍ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားပုံ၊ မြန်မာ့နန်းတွင်း အင်္ဂလိပ်လူမျိုးများဝင်ရောက်ကာခြေရှုပ်ကြပုံ၊ မင်းညီမင်းသားများအချင်းချင်း သွေးကွဲအောင် သပ်လျှိုကြပုံ၊ နောက်ဆုံး.. မင်းနှစ်ပါးကိုကြက်ငှက်ကလေးသဖွယ်ဖမ်းဆီး၍ ရတနာဂီရိသို့ ဆောင်ကျဉ်းသွားပုံများကို.. မျက်စိထဲ၌ကွက်ကွက်ကွင်းကွင်းမြင်လာအောင် ဟောပြောလိုက်လေ၏။

နားထောင်ရသူလူငယ်အပေါင်းသည် ရန်မျိုးနိုင်၏ ဒေါနှင့်မောနှင့် ဟန်ပါပါတက်ကြွစွာဟောပြောနိုင်မှုကြောင့် မခံချင်စိတ်များအုံကြွကာ.. ဖင်တကြွကြွပင်ဖြစ်လာကြလေ၏။

' ရဲဘော်တို့.. ကျုပ်တို့မြန်မာလူမျိုးတွေဟာ သာကီဝင်မင်းမျိုးတွေဖြစ်တယ်၊ ရှေးအတီတေကတည်းက ကိုယ့်မင်း ကိုယ့်ချင်း၊ ကိုယ့်ရှင်ဘုရင် ကိုယ့်ထီးနန်းနဲ့အုပ်ချုပ်လာကြတဲ့ ရာဇဝင်မှာထင်ရှားတဲ့ တိုင်းပြည်ကြီးတစ်ပြည်ဖြစ်တာကို ရဲဘော်တို့သိကြပြီးဖြစ်တယ်..

' ရဲဘော်တို့... ကျုပ်ပြောတဲ့စကားများကိုထောက်ခံပါသလား '

' ထောက်ခံတယ် '

' ထောက်ခံပါတယ် '

လူငယ်အားလုံးက ဝိုင်း၍အော်ဟစ်လိုက်ကြလေသည်။

' ကောင်းပြီ၊ ရဲဘော်တို့.. ဒီလိုဆိုရင်ဖြင့် ကျုပ်တို့ရဲ့ ဘိုးဘေးဘီဘင်လက်ထက် ကမ္ဘာဦးအစကတည်းက ကိုယ့်ထီးကိုယ့်နန်းနဲ့နေလာတဲ့ကျုပ်တို့တိုင်းပြည်ကို ကုလားဖြူမိစ္ဆာများ ကျူးကျော်စော်ကားတာကို ဒီအတိုင်းလက်ပိုက်ကြည့်နေကြတော့မှာလား '

' ကြည့်မနေနိုင်ပါဘူး '

' ပြန်ချမယ်၊ တိုက်မယ် '

' သခင်မျိုး၊ သာကီဝင်မင်းမျိုးရယ်လို့ နှစ်ပေါင်းရှည်ကြာနေလာခဲ့ပြီးမှ ကျုပ်တို့လက်ထက်ရောက်မှ သူ့ကျွန်အဖြစ်ခံကြတော့မှာလား '

' မခံဘူးဗျို့၊ မခံဘူး '

' ဘိုးဘွားများထူထောင်ခဲ့တဲ့နိုင်ငံတော်ကြီးကို ကုလားဖြူလက် ဝကွက်အပ်ပြီး ကျုပ်တို့ခေတ်ရောက်မှ ညံ့ကြတော့မှာလား '

' အညံ့မခံဘူး၊ ပြန်ချမယ်၊ တိုက်မယ် '

လူငယ်တိုင်းသည် လက်သီးလက်မောင်းတန်းကာ ကြွေးကြော်အော်ဟစ်လိုက်ကြလေ၏။

' ရဲဘော်တို့.. ရဲဘော်တို့ရဲ့ စိတ်ဓာတ်တက်ကြွမှုအတွက် အားရကြေနပ်ရှိလှပေတယ်၊ သို့သော် အင်္ဂလိပ်မိစ္ဆာဒိဋ္ဌိများဟာ လက်နက်အင်အားတောင့်တင်းလှပေတယ်၊ ကျုပ်တို့မှာ နယ်ချဲ့ကို တွန်းလှန်ဖို့ စိတ်အားထက်သန်မှုတစ်ခုထဲရှိနေလို့မဖြစ်သေးဘူး၊ ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးဖြိုမယ့်ကြံ ခါးကမသန်- ဆိုတာလို ဖြစ်မှာစိုးရတယ်၊ ဒီတော့ကာ ကျုပ်တို့ဟာ လူသူအင်အားသာမက လက်နက်အင်အားကိုပါ အင်္ဂလိပ်ကိုအံတုနိုင်အောင် စုဆောင်းထားဖို့လိုတယ်၊ ခေတ်မီလက်နက်များအတွက် ကျုပ်နဲ့ကျုပ်ရဲ့အပေါင်းအသင်းရဲဘော်ရဲဖက်များက လျှို့ဝှက်စွာဆောင်ရွက်နေပြီဖြစ်တယ်၊ သည်တော့ကာ ကျုပ်တို့မှာ တော်လှန်ရေး

မှာပါဝင်မယ့်သူ တစ်ဦးချင်းရဲ့အရည်အသွေးကိုပြည့်ဝအောင် လုပ်ဆောင်ထားဖို့က အခြေခံကျတဲ့အချက် တစ်ရပ် ဖြစ်ပေတယ် ..

' ရဲဘော်တို့.. တော်လှန်ရေးမှာပါဝင်မယ့်မျိုးချစ်ရဲဘော်တို့ကို ကိုယ်ခံပညာများ၊ ယောကျာ်းကောင်း စစ်သားကောင်းတို့ တပ်အပ်သောပညာများပို့ချပေးဖို့အတွက် ကျုပ်ရောက်ရှိလာရခြင်းဖြစ်တယ်၊ ယခုတက် ရောက်လာသည့်ရဲဘော်များ၊ သင်တို့ထဲမှာ ကိုယ်ခံပညာ၊သိုင်းပညာများကို ကျုပ်ထံမှာသင်ယူလိုသူ ရှိပါသလား '

' သင်မယ် ' ' ကျုပ်သင်မယ် '

' ကျွန်တော်လဲသင်မယ် ' ' သင်မယ်ဗျို့ '

အားလုံးသောလူငယ်တို့၏ တစ်ယောက်တစ်ပေါက်အော်ဟစ်သံများမှာ ဆူညံသွားကြပြန်လေသည်။

' ကောင်းပြီ၊ ကျုပ်သင်ကြားပေးမယ့်ကိုယ်ခံပညာရပ်များကို လက်ခံသင်ယူမယ့်သူဟာ မတ်တပ်ထ ရပ်ပြစမ်းပါ '

ရန်မျိုးနိုင်က စကားဆုံးသည်နှင့် သူကိုယ်တိုင် ကြမ်းပြင်ပေါ်တွင်ထိုင်နေရာမှထကာ မတ်တပ်ရပ် လိုက်လေ၏။

စိတ်ဓာတ်တက်ကြွနေသောလူငယ်တို့သည်လည်း ရန်မျိုးနိုင်ထံတပည့်ခံလိုကြောင်းပြသလိုသည်နှင့် ရုတ်ချည်းထရပ်ကြလေရာ လူအားလုံးတို့သည် တပြိုင်ထဲမတ်တပ်ရပ်ပြီးသားဖြစ်သွားကြလေ၏။ ကြမ်းပြင် ပေါ်၌ထိုင်နေသူတစ်ယောက်မှ မကျန်ရစ်တော့ပေ။

' အားရဖွယ်ကောင်းလိုက်ပါဘိ၊ ကောင်းပြီရဲဘော်တို့၊ မနက်ဖန်ညနေကစပြီး ညနေခင်းတိုင်းမှာ ဟောဒီဘုန်းကြီးကျောင်းဝင်းထဲမှာပဲ ကျုပ်သင်ပေးမယ်၊ လက်ဝှေ့ရေးများနဲ့ တုတ်သိုင်း၊ ဓားသိုင်း၊ဗန်တို၊ ဗန်ရှည်ပညာရပ်များကို ကျုပ်ကသင်ပေးသွားမယ်၊ ညနေခင်းဆိုရင်တော့ ရဲဘော်တို့လဲလုပ်ငန်းဆောင်တာများ ပြီးစီးလို့ အားလပ်ကြပြီမဟုတ်လား '

' ဟုတ်ပါတယ်၊ အားပါတယ် '

' ကိုင်း–ဒါဖြင့် ကျုပ်တို့ဟာ တော်လှန်ရေးကိုအတူဆင်နွှဲမယ့် သေတူရှင်ဖက်ရဲဘော်များဖြစ်သွား ကြပြီ၊ သည်တော့ လက်မောင်းသွေးဖောက်ပြီး သစ္စာရေသောက်ကြစို့ '

ကပ္ပိယကြီးဦးသံခဲက ငွေဖလားတစ်လုံးကိုယူလာကာ ခန်းမထိပ်ရှိဘုရားစင်ပေါ်သို့ တင်လိုက်လေ သည်။

ရန်မျိုးနိုင်က ဖလားကိုယူကာ လက်ဖြင့်မြှောက်၍ ဖလားကိုနဖူးတွင်ကပ်ကာ ဘုရားရှေ့၌ဦးတင်လိုက် လေသည်။

ထို့နောက် ငွေဖလားကို ကပ္ပိယကြီးအားကိုင်ထားစေကာ သူ၏အင်္ကျီလက်မောင်းကို ပင့်တင်ပြီး ဘယ်လက်မောင်းကိုကွေးလိုက်လေသည်။ ထိုအခါ ဖုထစ်နေသောလက်မောင်းကြွက်သားများက အကြောပြိုင်း ပြိုင်းထသည်ထိ ကြွတက်လာလေ၏။

ရန်မျိုးနိုင်သည် ခါးကြားတွင်ထိုးထားသောဓားမြှောင်ကို ထုတ်ယူလိုက်သည်။ ထို့နောက် ကြွက်သား အမြှောင်းလိုက်ဖြင့် တင်းမာနေသော သူ၏ဘယ်ဖက်လက်မောင်းကို ဓားမြှောင်ဖြင့်ဆွဲ–ကနဲနေအောင်ထိုး စိုက်ချလိုက်လေသည်။

လက်မောင်းမှစီးကျလာသောသွေးများက ငွေဖလားထဲသို့ တစက်ချင်း၊တစ်ပေါက်ချင်း ကျရောက် သွားလေ၏။

လက်မောင်းသွေးကို ဣန္ဒြေမပျက်ဖောက်ထုတ်လိုက်သည့် ရန်မျိုးနိုင်ကိုကြည့်ကာ.. လူငယ်တို့သည် လက်မောင်းသွေးဖောက်ရန် သူ့ထက်ငါဦးရှေ့သို့တိုးလာကြလေ၏။

ရန်မျိုးနိုင်က လူငယ်ကာလသားများအား တစ်ယောက်ပြီးတစ်ယောက် လက်မောင်းသွေးများ ဖောက် ထုတ်ပေးလိုက်လေ၏။ ဇာတိမာန်ထက်သန်သောလူငယ်တို့၏ လက်မောင်းသွေးများသည် ငွေဖလားထဲသို့ တစ်စက်ချင်းကျရောက်သွားလေရာ အားလုံးကို သွေးဖောက်အပြီး၌ ငွေဖလားတဝက်ရှိအောင် လက် မောင်းသွေးများ ပြည့်သွားလေတော့သတည်း။

ရန်မျိုးနိုင်က ဘုရားရှေ့တွင်သစ္စာဆိုကာ ငွေဖလားအတွင်းမှ သွေးအနည်းငယ်ကို ဦးစွာမော့သောက် လိုက်လေသည်။

ထို့နောက် လူငယ်ကာလသားများအား တစ်ယောက်ပြီးတစ်ယောက် လက်မောင်းသွေးများအားသောက် စေလေ၏။

မောင်ညိုသည် လူငယ်ထုကြားထဲသို့ပြေးဝင်လာကာ..

‘ အစ်ကိုကြီး၊ အစ်ကိုကြီးရန်မျိုးနိုင်၊ ကျွန်တော်လဲသစ္စာရေ သောက်ပါရစေ၊ ကျွန်တော့် လက်မောင်းသွေးကိုလဲဖောက်ပါ၊ ကိုယ်ခံပညာတွေလဲ ကျွန်တော့်ကိုသင်ပေးပါ ’

မောင်ညို၏အပြုအမူကို အချို့အံ့သြစွာငေးစိုက်ကြည့်နေသော်လည်း၊ အချို့လူငယ်တို့ကမူ ရယ်စရာ သဖွယ်ပြုက်ရယ်ပြုကြလေ၏။

‘ ဟေ့ကောင်ညို၊ မင်းက လက်တောက်လောက်ကလေး ရှိသေးတယ်၊ ကြီးကျယ်လှချေလားကွ ’

‘ မင်းတကယ် လက်မောင်းသွေးအဖောက်ခံရဲလို့လား မောင်ညို ’

ရန်မျိုးနိုင်သည် သွေးများကုန်သွားသောငွေဖလားကို ဘုရားစင်ပေါ်တင်ထားလိုက်လေ၏။

မောင်ညိုရှိရာသို့လျှောက်လာကာ ပခုံးကိုယုယညင်သာစွာ ပုတ်လိုက်လေသည်။

‘ မောင်ညိုလေးရဲ့စိတ်ဓာတ်ကိုလေးစားရမယ်ရဲဘော်တို့၊ ဒါဟာရယ်ပွဲဖွဲ့စရာမဟုတ်ပါဘူး၊ ဒီအရွယ် လေးနဲ့မျိုးချစ်စိတ်ရှိတာ၊ နိုင်ငံတော်အတွက်တိုက်ပွဲဝင်ချင်တာဟာ ချီးကျူးရမယ်မဟုတ်လား ’

ရန်မျိုးနိုင်က မောင်ညို့ကိုငုံ့ကြည့်ရင်းဆက်ပြောလေ၏။

‘ မောင်ညို၊ ညီလေး၊ ညီလေးဟာကိုယ်ခံပညာသင်ဖို့ သိပ်ငယ်သေးတယ်ကွဲ့၊ ညီလေးရဲ့ စိတ်ဓာတ်ကိုခေတ္တခဏချုပ်တီးထား လိုက်ပေဦး၊ သို့သော် အစ်ကိုကြီးတို့လုပ်ငန်းမှာ ဘေးကနေပါဝင် ကူညီ တာဟာလဲ တော်လှန်ရေးအတွက် တစ်တပ်တစ်အားကူညီရာ ရောက်ပါတယ်၊ ဒီတော့ အစ်ကိုကြီးတို့အလုပ်ကို မောင်ညိုလေးက တတ်နိုင်သ၍ကူညီပေးပေတော့၊ မောင်ညို ကြီးလာတဲ့တစ်နေ့ကျရင် စစ်သားကောင်းကြီး တစ်ယောက်ဖြစ်အောင် အစ်ကိုကြီးကပံ့ပိုးကူညီပါ့မယ်ကွယ် ’

ရန်မျိုးနိုင်က မောင်ညိုအားချော့မော့နှစ်သိမ့်လိုက်လေသည်။

♣♣♣♣♣♣♣♣♣

*မြန့်မောင်နဲ့ ခုမှတွေ့တာ × × × ×*
*လူပါးမဝခင်တုန်းက× × × ပြောကြတော့ရယ်စရာပါ× ×*
*ထမီလေးတိုတိုဝတ်ကာ× × × မြင်ယ်စဉ်မှာ × × ×*
*လူထဲမဝင်ခင်သေးမို့ အလှပြင်ဆင်ရှာ × × × ×*
*မယ်ရင်ကုန်ကုန်ပြောမယ်× × × ×*
*တောတစ်သက်မို့ ဘယက်ဒွါဒရာ× × × ×*
*ရွံ့တွေကပ်စီ ကပ်စီ ပုတီးလုပ်ကာသုံးတတ်ပါတယ်× × ×*

နောက်တစ်နေ့ညနေမှစကာ ရန်မျိုးနိုင်သည် ရွာရှိကာလသားများအား ကိုယ်ခံပညာများကို အစုသုံးစု ခွဲ၍သင်ကြားပေးလေသည်။

အလုံးအရပ်တူသူများကို အုပ်စုသုံးစုခွဲကာ တစ်စုကို လက်ဝှေ့ရေး၊ တစ်စုကို ဓားသိုင်း၊ ဗနောက်တစ်စု ကို ဗန်တိုပညာများသင်ကြားပေးလေသည်။ လူငယ်အားလုံး၃၅–ယောက်ရှိလေရာ နှစ်စုတွင် ၁၂ယောက်စီပါ၍ နောက်ဆုံးအစု၌ ၁၁–ယောက်ပါဝင်လေသည်။

ပထမအစုကို လက်ဝှေ့ရေးသင်ပေးနေချိန်တွင် ကျန်နှစ်စုမှ လူငယ်များက ဘေးမှကြည့်၍မှတ်သားရ လေသည်။

ရန်မျိုးနိုင်သည် အုပ်စုသုံးစုကိုတစ်နာရီစီခွဲကာ မတူညီသော ကိုယ်ခံပညာများကို သူကဒိုင်ခံ၍ တစ်ဦးထဲ သင်ပြလေ၏။ ရန်မျိုးနိုင်၏တစ်ကိုယ်လုံးမှာ ချွေးများရွှဲနင့်နေကာ ခန္ဓာကိုယ်အထက်ပိုင်းကို ဗလာ ကျင်းထားသည့်အတွက် ရင်အုပ်ကားကားကြီးပေါ်မှချွေးများမှာ ဆီလိမ်းထားသလို ပြောင်လက်နေပေတော့ ၏။

‘ ရဲဘော်တို့၊ မိမိတို့အလှည့်ကျတဲ့ပညာရပ်ကိုသာ တတ်မြောက်အောင် စွဲစွဲနစ်နစ်သင်ယူကြပါ၊ ကျုပ် က ပညာရပ်တစ်ခုတတ်မြောက်တာနဲ့ နောက်ထပ်ကိုယ်ခံပညာရပ်များကို အလှည့်ကျ သင်ပေးသွားမှာဖြစ် တယ်၊ မတတ်မြောက်မှာမပူကြပါနဲ့၊ သူများသင်ယူနေစဉ်မှာလည်း ကြည့်ပြီးမှတ်သားပါ၊ ပညာတစ်ရပ်ကို တစ်လကြာစီသင်ပေးသွားမယ်လို့ ကျုပ်ကကြံရွယ်ထားတယ်၊ ကြိုးစားပမ်းစားနဲ့ စိတ်ပါလက်ပါသင်ယူကြ ပေတော့ ’

ရန်မျိုးနိုင်က သူ၏အစီအစဉ်ကိုပြောပြပြီး ဩဝါဒပေးလေသည်။

မောင်ညိုသည် ဘုန်းကြီးကျောင်းထဲ၌ ညနေတိုင်း ကာလသားများစုံညီစည်ကားစွာရောက်လာကြပြီး ကိုယ်ခံပညာများ သင်ယူနေသည်ကိုကြည့်ကာပျော်နေလေသည်။ ရန်မျိုးနိုင်၏စုံလင်လှသော ပညာရပ်များကိုကြည့်ကာ အားကျနေမိလေသည်။

သုံးလေးရက်ကြာသည်ထိပင် ကြည့်မဝနိုင်သေးသော မောင်ညိုသည် အိမ်သို့ပင်မပြန်ဖြစ်တော့ပေ။ ကိုယ်ခံပညာသင်ရန် သတ်မှတ်ထားသော စေတီဘေးမှကွင်းကလေးကို အခြားကျောင်းသားများနှင့်အတူ တံပျက်စည်းလှဲ၍ ဖုံများသိပ်ရန်ရေလောင်းပေးထားခြင်း၊ သင်တန်းသားများသောက်ရန်ချပေးထားသည့်ရေအိုးများထဲ၌ ရေများဖြည့်ထည့်ပေးခြင်း…စသည်ဖြင့် ကူညီလုပ်ပေးရင်း မအားလပ်နိုင်အောင်ဖြစ်နေပေ၏။

မောင်ညိုအိမ်မပြန်တာ လေးရက်ခန့်ရှိသွားသည့်အခါ မမြစိမ်းက မေးလေသည်။

မောင်ညိုတို့ကျောင်းသားများသည် မနက်အာရုဏ်တက် တုံးမောင်းခေါက်သည်နှင့် အိပ်ရာမှထကာ အာရုဏ်ဆွမ်းခံထွက်ရပါသည်။

ရောင်နီမပျို့မီ ကျောင်းမှထွက်၍ ရှေ့မှဦးဇင်းသုံးပါး၊ ကိုရင်နှစ်ပါးရှေ့ဆောင်ကာ မောင်ညိုတို့ကျောင်းသားလေးများက ဆွမ်းထည့်သောယွန်းဒေါင်းလန်းကြီးကို ဆိုင်းတန်းတွင်ကြိုးဖြင့်လျှို၍ နောက်မှလိုက်ရလေသည်။ ရွာအားလကျာ်ရစ်ပတ်၍ ကမ်းနားတလျှောက်မှအိမ်များအရင်ဆွမ်းခံရသည်။ ရွာတောင်ပိုင်းအစွန်အရောက်တွင် ရွာထဲသို့လှည့်ဝင်ကာ ကျောင်းသို့ပြန်ရသည်။ ရောင်နီလာချိန်မှ ဘုန်းကြီးကျောင်းသို့ပြန်ရောက်လေ၏။

တစ်ရွာလုံးလိုလို အာရုဏ်ဆွမ်းထွက်၍လောင်းကြပေသည်။

သူကြီးအိမ်မှဆွမ်းထွက်လောင်းနေကျသူမှာ သူကြီးသမီး မမြစိမ်းဖြစ်လေသည်။

ယနေ့မနက်တွင် အာရုဏ်ဆွမ်းခံထွက်ခဲ့ရာ သူကြီးအိမ်ရှေ့အရောက်တွင် မမြစိမ်းက ဆွမ်းများလောင်းလှူရင်း မောင်ညို့ကို မေးလိုက်လေသည်။

'အညို၊ ညနေ ညနေ ဘာလို့အိမ်ပြန်မလာတာလဲ၊ လေးရက်တောင်ရှိပြီ '

'ကျွန်တော်မအားလို့ပါမမြ '

'အလို၊ ဘာတွေများလုပ်နေရလို့တုန်းဟဲ့ '

'တော်လှန်ရေးသမားတွေကိုကူနေရတာ '

'ဘာ '

'ဒီညနေလာခဲ့မယ်ဗျာ၊ အဲဒီကျမှပြောပြတော့မယ် '

စကားကြာကြာပြောချိန်မရ၍ မမြစိမ်းကိုညနေလာမည်ဟု ကတိပေးခဲ့ရလေသည်။

ထို့ကြောင့်မောင်ညိုသည် ယနေ့ညနေပိုင်းတွင် ကစားကွင်းကို တံပျက်လှဲ၊ရေလောင်းပြင်ဆင်ပေးပြီးသည်နှင့် အိမ်သို့ ထွက်လာခဲ့လေ၏။

♣ ♣ ♣

'ဆိုပါဦးကိုယ်တော်လေး၊ ဘာတွေများအလုပ်များနေလို့ အိမ်ကိုတောင်မပြန်နိုင်ရတာတုံး '

မောင်ညိုအိမ်ဝရောက်သည်နှင့် မမြစိမ်းကဆီးကြိုကာ ရန်တွေ့မေး မေးလိုက်လေသည်။

သူကြီးဦးစက်ရောင် အိမ်ရှေ့ခန်း၌ထိုင်၍ ရေနွေးကြမ်းသောက်နေသည်ကိုမြင်သောကြောင့် မောင်ညိုက ..

' လာလေမမြ၊ ဟိုနေ့ကသီချင်းလေးဆိုပြပါဦး၊ ကျွန်တော့်ဟာကျွန်တော်ဆိုကြည့်တော့ ဒုတိယပိုဒ်ကိုမေ့နေလို့ဗျ '

မောင်ညိုက ဦးစက်ရောင်ကြားအောင် သီချင်းအကြောင်း တမင်ပြောလိုက်ခြင်းဖြစ်သည်။

မမြစိမ်းက မောင်ညို့ပခုံးကိုဖက်ကာ အိမ်ပေါ်ခေါ်သွားလေသည်။

'မမြလဲ စည်းဝါးလိုက်ပေးမယ့်လူမရှိလို့ သီချင်းတောင်မတီးဖြစ်ဖူးကွဲ့ '

မောင်ညိုသည် ရန်မျိုးနိုင်အကြောင်း၊ ကျောင်းထဲမှာ ကာလသားများကို ကိုယ်ခံပညာသင်ပေးနေသည့်အကြောင်းများကို မမြစိမ်းအား ပြောပြချင်နေပေသည်။

အိမ်ရှေ့ခန်းမှာ သူကြီးမင်းဦးစက်ရောင်ထိုင်နေ၍ စကားလွှဲပြောလိုက်ခြင်းဖြစ်၏။ ဦးစက်ရောင်သည် အင်္ဂလိပ်ခေတ်သူကြီးဖြစ်ရာ အင်္ဂလိပ်အလိုကျ အုပ်ချုပ်နေရသူဖြစ်သည်။ အင်္ဂလိပ်လူဟု ဆိုနိုင်ပေသည်။ ဘုန်းကြီးကျောင်းထဲမှာ တော်လှန်ရေးအတွက် ပြင်ဆင်နေကြတာကိုသိလျှင် ဦးစက်ရောင်ကြိုက်မည်မဟုတ်ပေ။ မောင်ညိုက သည်မျှတော့နားလည်ပါသည်။

ထို့ကြောင့် ထုံးစံအတိုင်းပတ္တလားတီးသီချင်းဆိုမယောင်နှင့် အိမ်ပေါ်တက်လာလိုက်သည်။

မမြစိမ်းသည် ပတ္တလားရှေ့တွင်ထိုင်လိုက်ပြီး တုတ်တံလေးဖြင့် ပတ္တလားကိုအသံစမ်းလိုက်လေသည်။

'သီချင်းဆိုတာလဲ ဆိုကြတာပေါ့မမမြရဲ့၊ ကျွန်တော် ပြောပြတာလဲနားထောင်ပါဦး '

'ဘာတုန်း '

မမြစိမ်းက ပတ္တလားအတီးကိုရပ်ကာ မောင်ညိုဖက်လှဲ့၍ မေးလိုက်သည်။

' ကျောင်းမှာလေ တော်လှန်ရေးသမားကြီးတစ်ယောက် ရောက်နေတယ်ဗျ၊ အဲဒီအစ်ကိုကြီးက သိပ်တော်တာပဲ၊ သိလား၊ သိုင်းတွေလက်ဝှေ့တွေလဲတတ်တယ်၊ ရွာကအစ်ကိုကြီးတွေကို သူက ကိုယ်ခံပညာတွေ သင်ပေးနေတာ '

'ဟင်–သူကဘာဖြစ်လို့သင်ပေးရတာလဲ '

'တော်လှန်ရေးလုပ်ဖို့တဲ့၊ အင်္ဂလိပ်ကိုတော်လှန်ဖို့လေ့ကျင့်နေတာတဲ့ဗျ '

'ဟယ်–ဒါဆို အဲဒီလူကသူပုန်ပေါ့ '

'ဘာလို့သူပုန်ရမှာလဲဗျ၊ အစ်ကိုကြီးရန်မျိုးနိုင်ကချောမှချော၊ ဗလလဲသိပ်ကောင်းတာ '

' နင်ပြောသလိုဆို စိတ်ကြမ်းလူကြမ်းကြီးထင်ပါရဲ့ဟယ်၊ နင်အဲ့လိုလူမျိုးတွေနဲ့ မပေါင်းသင့်ဘူးအညို၊ အဲဒါဟာသူပုန်ဟဲ့၊ လူဆိုးဟဲ့ '

'သူပုန်ဟုတ်ပါဘူးဆိုဗျာ၊ သူပုန်ဆို ဘဘုန်းက ဘယ်လက်ခံမလဲ '

'နင်ပြောတော့ အင်္ဂလိပ်အစိုးရကိုပုန်ကန်ဖို့လုပ်နေတာဆို၊ အစိုးရကိုပုန်ကန်ခြားနားတဲ့သူဟာ သူပုန်သူကန်ပေါ့ဟဲ့၊ လူဆိုးပေါ့ဟဲ့ '

'အင်္ဂလိပ်က ကောင်းမှမကောင်းတာမမမြရဲ့ '

'ကြည့်စမ်း၊ ကြည့်စမ်း၊ ပြောရဲလိုက်တာ၊ ဒါတွေ နင့်ကို အဲဒီလူကသင်ပေးလိုက်တာပေါ့လေ၊ အညိုနင်ကြပ်ကြပ် သတိထားနော်၊ နင်တော့လူဆိုးနဲ့ပေါင်းပြီးပျက်စီးတော့မှာပဲ၊ နင့်အဖေ အမေကိုပြောထားဦးမှ '

' မပြောပါနဲ့မမမြရယ်၊ အမေတို့လဲမပြောနဲ့၊ ဘဘကိုလဲ ပြန်ပြောမပြနဲ့တော့နော်၊ ကျွန်တော် ဒီလူနဲ့ကင်းကင်းနေဆို နေပါ့မယ် '

မောင်ညိုက မမြစိမ်းစိတ်ဝင်စားမည်အထင်နှင့် ရန်မျိုးနိုင်အကြောင်းများကိုပြောပြလိုက်မိရာ မမြစိမ်း မကြိုက်မှန်းသိ၍ စကားကိုလျှော့ချလိုက်ရ၏။

'အဲ့လိုမှပေါ့၊ အသေဝနာစ ဗာလာနံ–တဲ့၊ လူမိုက်ကို ဝေးဝေးကရှောင်ရတယ်ကွဲ့ '

' ဟုတ်ကဲ့၊ မမမြ ကျွန်တော်တို့သီချင်းဆိုရအောင်လေ၊ ဟိုတစ်နေ့က ရွှေပြည်စိုးသီချင်းလေး ဆိုပြပါဦး '

မောင်ညိုက စည်းနှင့်ဝါးကိုကောက်ကိုင်ကာ သီချင်းဖက်အာရုံပြောင်းပစ်လိုက်လေတော့သည်။

မမြစိမ်းက သူမကိုယ်တိုင်ရေးစပ်ထားသောသီချင်းလေးကို ဝါးပတ္တလားလေးတီးကာ အားရပါးရသီဆိုလိုက်လေ၏။

*"မြိုင်ယံတောလုံးဖြင့် ပင်မြင့်ပင်ဆင့် အလွန်တင့်လှ သရှင် × × ×*
*ဖော်မစုံ မယ့်တစ်ကိုယ်တည်း စိမ့်ကြီးမြိုင်ကြီးရိပ်ကြီး အောက်တွင် × × ×*
*သခင် .. .. .. သခင် .. .. .. သခင် .. .. ..*
*လှမ်းလာတော်မူပါလှည့် ချစ်သောမယ့်သခင် × × ×*
*ရှင်.. ရှင်.. ရှင်..*
*ခေါ်လေသလား တစ်ပါးမယ့်သခင် × × ×*
*အို့ဆိုင်း.. ညိုမှိုင်း.. မြူလှိုင်းကြားက အသံရှင်× × ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × ရွှေပြည်စိုးတဲ့ ငှက်ကလေးအသံပေး ဆိုတေးသီသံစဉ် × ×*
*ဟင်.. မောင်မဟုတ်ပါလား× ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × ရွှေပြည်စိုးတဲ့ ငှက်ကလေးအသံပေး ဆိုတေးသီသံစဉ် × ×*
*မယ့်ကိုလှောင်သလား× × × ပျို့ကိုလှောင်သလား× × ငှက်ဆိုးလေးလို့ ဆိုများဆိုချင်× ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × × ရွှေပြည်စိုးတဲ့ လွမ်း.. ပို.. အောင်.. ပင်.. × × "*

မမြစိမ်းက သုံးလေးခေါက်ကျော့၍ဆိုလိုက်ရာ သည်တစ်ခါတော့ မောင်ညိုသည် သီချင်းကိုအလွတ်ရသွားလေတော့၏။

အိမ်မှအပြန်လမ်းတွင် ရွှေပြည်စိုးသီချင်းလေးကိုငြီးကာ ပြန်လာခဲ့လေသည်။

♣ ♣ ♣

*"ရွှေပြည်စိုး× × ရွှေပြည်စိုး × × × ရွှေပြည်စိုးတဲ့ လွမ်း.. ပို.. အောင်.. ပင်.. × × "*

'အမယ်၊ မောင်ညိုက သီချင်းတွေဘာတွေငြီးလို့ပါလားဟေ့ '

ရွှေပြည်စိုးသီချင်းလေးကို ငြီးဆိုနေသောမောင်ညိုသည် နောက်မှထွက်ပေါ်လာသော အသံကြောင့် လန့်သွားလေ၏။

လှည့်ကြည့်လိုက်တော့ လက်ကိုပိုက်ကာ မိန့်မိန့်ကြီးရပ်နေသော ကိုရန်မျိုးနိုင်ကို တွေ့လိုက်ရလေသည်။

မောင်ညိုသည် အိပ်မပျော်သေးသည်နှင့်စေတီလေးဘေးမှခုံတန်းတွင်ထိုင်ရင်း.. ညနေခင်းကသီဆိုခဲ့သောသီချင်းကို ပါးစပ်ထဲစွဲနေသည်နှင့် အသံထွက်ဆိုနေမိခြင်းဖြစ်သည်။ ကိုယ်တစ်ယောက်ထဲအထင်နှင့် ဆိုနေမိရာ ရန်မျိုးနိုင်ကြားသွားသည့်အတွက် ရှက်သွားရလေသည်။

'ဆိုပါကွဲ့၊ ဆက်ဆိုပါဦး၊ နားထောင်လို့ကောင်းသားပဲ '

ရန်မျိုးနိုင်က ခုံတန်းလေးတွင်ဝင်ထိုင်ရင်းပြောလိုက်သည်

'အစ်ကိုကြီး မအိပ်သေးဘူးလား '

'အိပ်မပျော်သေးပါဘူးကွယ်၊ လသာသာနဲ့ကြည်နူးစရာကောင်းလို့စေတီနားကိုထွက်လာခဲ့တာ '

'ဟုတ်ကဲ့၊ မနက်ဖန်လပြည့်နေ့ဆိုတော့ လကအရမ်းသာနေတာပဲနော် '

လရောင်သည် စေတီနှင့်ကျောင်းရှိရာ ကုန်းကမူတစ်ခုလုံးကိုသာမက မြင်ရနိုင်သည့်ပတ်ဝန်းကျင်အားလုံးထိ ဖျန်းကျနေပေသည်။ တောင်ကုန်းပေါ်မှကြည့်လျှင် လရောင်ဟပ်နေသောဒုတ္တဝတီမြစ်ကို ငွေပြားလေးတစ်ချပ်ချထားသည့်သဖွယ် လက်လက်ထင်းထင်းမြင်နေရပေ၏။

' မောင်ညိုတို့ရွာလေးက သိပ်သာယာတာပဲ၊ အစ်ကိုကြီးလဲ ဒီလိုညမျိုးမှာ အိပ်ရမှာနှမြောတာနဲ့ ထွက်လာခဲ့တာ '

အိပ်ရမှာနှမြောတယ်တဲ့၊ အသုံးအနှုန်းကကဗျာဆန်လှချည်လား။ ဒီလူဟာ မမြထင်သလို လူကြမ်းစိတ်ကြမ်းကြီးမဟုတ်ပါ။

' ဒီနားမှာသီချင်းဆိုသံကြားလို့လျှောက်လာကြည့်တော့ မောင်ညိုဖြစ်နေတာကိုးကွဲ့၊ မောင်ညိုဆိုတဲ့ သီချင်းလေးက ကောင်း သားပဲ၊ ဆက်ဆိုပါဦးကွယ် '

'ဟာဗျာ၊ မကောင်းပါဘူး၊ ကျွန်တော့်ဟာကျွန်တော် လျှောက်ဆိုနေတာပါအစ်ကိုကြီးရ '

မောင်ညိုက သီချင်းဆိုတာလူမိသွား၍ ရှက်ရှက်နှင့်ပြော လိုက်သည်။

' ဘယ်ဟုတ်မလဲကွဲ့၊ ဂီတအနုပညာဆိုတာ လူ့စိတ်ကို နူးညံ့သိမ်မွေ့စေတာကလား၊ စိတ်နှလုံးကောင်းရှိသူတွေသာ ဂီတကိုမြတ်နိုးတတ်တယ်မောင်ညိုရဲ့၊ အစ်ကိုကြီးဟာ တကယ်တော့ ဂီတသမားတစ်ယောက်ပဲ၊ စောင်းကိုမက်မက်မောမောတီးခတ်ခဲ့တဲ့သူတစ်ယောက်ပေါ့ကွယ်၊ အင်း.. ခုတော့လဲ ဒီလက်တွေဟာ စောင်းကောက်ကိုမကိုင်ရတာတောင်ကြာပေါ့မောင်ညိုရယ် '

မောင်ညိုသည် ရန်မျိုးနိုင်ဆွေးဆွေးမြေ့မြေ့ပြောပုံကို ငေးကြည့်နေမိလေသည်။

'ကဲကွယ်၊ မောင်ညို့ရဲ့သီချင်းလေးကို အစ်ကိုကြီးကို ဆိုပြပါဦး '

'အစ်ကိုကြီးမလှောင်နဲ့နော် '

'ဘာကြောင့်လှောင်ရမှာလဲကွယ်၊ အစ်ကိုကြီးနားထောင်ချင်လို့ပဲ ပွဲတောင်းနေပြီဟာကို '

မောင်ညိုကချောင်းဟန့်၍အာရင်းကာ ရွှေပြည်စိုးသီချင်းလေး ကို မရဲတရဲဖြင့်စဆိုလိုက်၏။

*"မြိုင်ယံတောလုံးဖြင့် ပင်မြင့်ပင်ဆင့် အလွန်တင့်လှ သရှင် × × ×*

*ဖော်မစုံ မယ့်တစ်ကိုယ်တည်း စိမ့်ကြီးမြိုင်ကြီးရိပ်ကြီး အောက်တွင် × × ×*

*သခင် .. .. .. သခင် .. .. .. သခင် .. .. ..*

*လှမ်းလာတော်မူပါလှည့် ချစ်သောမယ့်သခင် × × ×*

*ရှင်.. ရှင်.. ရှင်..*

*ခေါ်လေသလား တစ်ပါးမယ့်သခင် × × × "*

မောင်ညိုသည် ဆိုရင်းဆိုရင်းစျာန်ဝင်လာကာ မရဲတရဲ ဆိုနေရာမှ အသံကိုဖွင့်၍ဆိုလိုက်လေသည်။

*အုံ့ဆိုင်း.. ညိုမှိုင်း.. မြူလိုင်းကြားက အသံရှင်× × ×*

*ရွှေပြည်စိုး× × ရွှေပြည်စိုး × × ရွှေပြည်စိုးတဲ့ ငှက်ကလေးအသံပေး ဆိုတေးသီသံစဉ် × ×*
*ဟင်.. မောင်မဟုတ်ပါလား× ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × ရွှေပြည်စိုးတဲ့ ငှက်ကလေးအသံပေး ဆိုတေးသီသံစဉ် × ×*
*မယ့်ကိုလှောင်သလား× × × ဖို့ကိုလှောင်သလား× × ငှက်ဆိုးလေးလို့ ဆိုမှားဆိုချင်× ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × × ရွှေပြည်စိုးတဲ့ လွမ်း.. ပို.. အောင်.. ပင်.. × ×* ”

‘ ကောင်းလိုက်တာကွယ်၊ ဆိုင်းသံမပါတာတောင် နားထောင်လို့ကောင်းတယ်ဟော့၊ ဒါပေမယ့် မောင်ညို့သီချင်းက မိန်းကလေးဆိုတဲ့သီချင်းဖြစ်နေပါလားကွဲ့ ’

‘ ဟုတ်ကဲ့အစ်ကိုကြီး၊ ဒီဟာ ကျွန်တော့်အစ်မစပ်တဲ့သီချင်းပါ ’

‘ အလို၊ မောင်ညို့အစ်မက သီချင်းစပ်တတ်တယ်၊ တယ်ဟုတ်ပါလားကွဲ့၊ ဒါ့ကြောင့် ဒီသီချင်းကို တခြားနေရာတွေမှာ မကြားဖူးပါဘူးလို့ထင်မိတာကိုး ’

‘ မမမြ က ပတ္တလားကောင်းကောင်းတီးတတ်တယ်အစ်ကိုကြီး၊ သီချင်းတော့ ဒီတစ်ပုဒ်ပဲစပ်ဖူးသေး တယ် ’

‘ မောင်ညို့အစ်မနာမည်က မမမြတဲ့လား ’

‘ မမမြနာမည်က မြစိမ်းပါ ’

‘ တန်တော့၊ မောင်ညို့အစ်မမြစိမ်းက သူ့ချစ်သူကို တမ်းတပြီးရေးတဲ့ အမျှော်စိုက်သီချင်းထင်ပါ ရဲ့ကွယ် ’

‘ မဟုတ်ပါဘူးအစ်ကိုကြီး၊ မမမြမှာချစ်သူရည်းစားမရှိပါဘူး၊ ကျွန်တော်ကတောင် ရည်းစားရှိလို့ ဒီသီချင်းရေးတာလားလို့မေးတော့ မမမြကစိတ်ဆိုးသေးတယ် ’

ရန်မျိုးနိုင်က ရယ်မောလိုက်သည်။

‘ မမမြကစိတ်ကူးယဉ်ပြီးရေးတာတဲ့၊ တခြားသီချင်းတွေကိုကြည့်ပြီး သူတို့လိုစပ်ကြည့်တာလို့ ပြောတယ်အစ်ကိုကြီး ’

မောင်ညိုက အလိုအလျောက် မြစိမ်းအကြောင်းများကို ဖောက်သည်ချမိရက်သားဖြစ်နေလေသည်။

‘ မောင်ညိုတို့က မောင်နှမနှစ်ယောက်ထဲရှိတာလားကွဲ့၊ တခြားညီအစ်ကိုမောင်နှမတွေရှိသေးလား ’

‘ မဟုတ်ဖူးအစ်ကိုကြီး၊ ကျွန်တော်က မမမြကိုအစ်မရင်းတစ်ယောက်လိုချစ်လို့ ကျွန်တော့်အစ်မလို့ ပြောမိတာပါ၊ တကယ်တော့ မမမြနဲ့ကျွန်တော်နဲ့က မောင်နှမအရင်းမဟုတ်ပါဘူး၊ ဘာမှလဲမတော်ပါဘူး အစ်ကိုကြီးရယ် ’

‘ ဟင် ’

‘ မမမြက ဒီရွာကသူကြီးမင်းဦးစက်ရှောင်ရဲ့တစ်ဦးထဲသောသမီးပါအစ်ကိုကြီး၊ ကျွန်တော်တို့မိသားစု က သူကြီးအိမ်နောက်ဖေးမှာ တဲကလေးထိုးပြီးနေရတဲ့လယ်သူရင်းငှားတွေပါ၊ အဖေနဲ့အမေက မမြတို့ မိသားစုရဲ့အခိုင်းအစေတွေပါ၊ ကျွန်တော့်ကို လယ်သမား ကိုင်းသမားဖြစ်မှာစိုးလို့ စာတတ်အောင်ဆိုပြီး မိဘတွေက ဘဘုန်းဆီမှာလာအပ်ထားတာပါ၊ ကျွန်တော်တို့က ဆင်းရဲသားတွေပါ အစ်ကိုကြီးရယ် ’

မောင်ညိုသည် သူ့ဘဝကိုပြောပြရင်း ဝမ်းနည်းလာကာ အသံများပင်တုန်ခိုက်လာလေ၏။

ရန်မျိုးနိုင်က မောင်ညို့ကိုမျက်နှာချင်းဆိုင်လိုက်ပြီး ပခုံးကိုပုတ်ကာပြောလိုက်သည်။

‘ ဟော့–မောင်ညို၊ ဆင်းရဲတယ်ချမ်းသာတယ်ဆိုတာဘာလဲကွဲ့၊ ဆင်းရဲသူကော ချမ်းသာသူကောဟာ လူတွေပါပဲ၊ လူမှန်ရင် ဆင်းရဲတာ၊ချမ်းသာတာဟာအဓိကမဟုတ်ပါဘူးကွဲ့၊ လူဆိုတာ ကိုယ့်တိုင်းပြည် ကိုယ့် လူမျိုးကိုချစ်ရမယ်၊ ကိုယ်ကိုးကွယ်တဲ့ဘာသာတရားကိုတန်ဖိုးထားတတ်ရမယ်၊ အထူးသဖြင့် ယောကျာ်း လေးတို့မှာ ယောကျာ်းတို့တပ်အပ်တဲ့အဌာရသနဲ့ပြည့်စုံရင် လူပီသပြီပဲ၊ ဥစ္စာဓနဟာယောကျာ်းကောင်းတို့ နောက်ကို သူ့အလိုလို လိုက်လာပါလိမ့်မယ်၊ ဒီတော့ ဆင်းရဲလို့စိတ်ဓာတ်မညှိုးငယ်ပါနဲ့ငါ့ညီ၊ ယောကျာ်း ကောင်းပီသဖို့သာအဓိကဆိုတာ မြဲမြဲမှတ်ထားကွဲ့၊ ကြားလား ’

‘ ဟုတ်ကဲ့အစ်ကိုကြီး၊ ကျွန်တော်ယောကျာ်းကောင်းပီသအောင်ကြိုးစားပါ့မယ် ’

‘ ဒါမှပေါ့မောင်ညိုရယ် ’

တန်ဆောင်မုန်းလပြည့်နေ့မတိုင်ခင် ထိုညချမ်းအချိန်သည် မောင်ညို့အတွက် မှန်ကန်သော အသိ စိတ်ဓာတ်များကိုရလိုက်သော ညတစ်ညပင်ဖြစ်ပေတော့၏။

♣ ♣ ♣

နောက်တစ်နေ့မှာ.. တန်ဆောင်မုန်းလပြည့်နေ့ဖြစ်ပေသည်။

လပြည့်၊လကွယ်ဥပုသ်နေ့ဆိုလျှင် ဘုန်းကြီးကျောင်း၌ အခြားသောဥပုသ်နေ့များထက် ပို၍လူစည်ကား တတ်ပေသည်။ ဘုန်းကြီးကျောင်းအောက်ထပ်တစ်ခုလုံးရော၊ ဘုရားစောင်းတန်းထဲတွင်ပါ ဥပုသ်သည်များ ပြည့်ကျပ်နေပေ၏။ သစ်ပင်ရိပ်ကောင်းကောင်းများတွင်လည်း ကိုယ့်အစုနှင့်ကိုယ်ဝိုင်းဖွဲ့နားနေရင်း ဥပုသ် သီလဆောက်တည်ကြသည်။ ဥပုသ်သည်အားလုံး ညနေစောင်းမှပင် အိမ်ပြန်ကြသည်မှာ ထုံးစံဖြစ်လေ၏။

မမြစိမ်းတို့သားအမိမှာလည်း လပြည့်လကွယ်တိုင်း ဘုန်းကြီးကျောင်းထိလာရောက် ဥပုသ်ယူလေ့ ရှိပေသည်။ မမြစိမ်းနှင့် မိခင်ဒေါ်ရွှေပုံတို့နှင့်အတူ မောင်ညိုမှ အမေဒေါ်ဆယ်သည်လဲ ဆွမ်းအုပ်ကိုရွက်ကာ နောက်မှလိုက်ပါလာရလေသည်။

မောင်ညိုသည် မမြစိမ်းတို့ကျောင်းဝင်းထဲဝင်လာသည်ကိုတွေ့သည်နှင့် ပြေး၍ဆီးကြိုလိုက်လေသည်။

‘ အစ်မ၊ ဆွမ်းအုပ်ကျုပ်ပေး ’

မောင်ညိုက မိခင်ခေါင်းပေါ်မှဆွမ်းအုပ်ကိုတောင်းယူ၍ ပခုံးပေါ်ထမ်းလိုက်သည်။ မောင်ညိုသည် အညာဓလေ့အတိုင်း မိခင်ကို အစ်မ၊ ဖခင်ကို အဘဟု ခေါ်လေသည်။

ကျောင်းပေါ်ရောက်တော့ ရောက်နှင့်နေသူများက ဒေါ်ရွှေပုံကို ကျောင်းထိုင်ဆရာတော်ကြီးနှင့် အနီး ဆုံး ရှေ့နားသို့သွားနိုင်အောင် ကိုယ်ကိုယို့၍ဖယ်ပေးကြလေ၏။ ဒေါ်ရွှေပုံသည် ဤရွာ၏သူကြီးကတော် မဟုတ်ပါလော။

မောင်ညိုသည် မမြစိမ်းယူလာခဲ့သော ကောဇောလိပ်ကလေးကို ဆွဲယူကာအောက်ထပ်သို့ဆင်းခဲ့ လေသည်။

ကောဇောလေးကို စေတီဘေးမှညောင်ပင်ကြီးအောက်ရှိ သစ်သားကွပ်ပြစ်ကလေးပေါ်ဖြန့်ခင်းလိုက် ၏။ ဤသည်မှာ မမြစိမ်းနှင့်ဒေါ်ရွှေပုံ ဥပုသ်စောင့်လာသည့်နေ့တိုင်း မောင်ညိုလုပ်ပေးနေကျ တာဝန်ဖြစ် သည်။ ဥပုသ်သည်တို့သည် ဥပုသ်ယူပြီး နံနက်စာစားသောက်ပြီးသည့်အခါ ကိုယ်ဦးထားသည့် နေရာ လေးများတွင် ကိုယ့်အစုနှင့်ကိုယ် စကားပြောသူပြော၊ ပုတီးစိတ်သူစိတ်၊ အိပ်သူအိပ်နှင့်နေကြလေသည်။

ကျောင်းဝင်းအတွင်းရှိနေရာများကို ရောက်နှင့်သူကဦး၍ သင့်တော်သလိုနေကြသော်လဲ.. ညောင်ပင် အောက်မှ ကွပ်ပျစ်ကလေးကိုမူ မည်သူမှနေရာမဦးရဲကြချေ။ ထိုနေရာကို သူကြီးကတော်ကြီး ဒေါ်ရွှေပုံအတွက် နေရာဟု သတ်မှတ်ထားသကဲ့သို့ဖြစ်ကာ မည်သူကမှမနေပဲ ရှောင်ထားကြလေ၏။

ညောင်ပင်ကြီးအောက်မှာ အရိပ်လဲရကာ အေးမြ၍ လေကောင်းလေသန့်ရသော နေရာကောင်းလေး ဖြစ်ပေသည်။

မောင်ညိုက ရန်မျိုးနိုင်ကိုရှာကြည့်လိုက်သေးသည်။

ဥပုသ်သည်များသည် ကျောင်းအောက်ထပ်၌လဲအပြည့်ရှိနေရာ.. ရန်မျိုးနိုင်က သူ၏အိပ်ရာလိပ် ကလေးကိုလိပ်၍ဘေး၌ပုံ ထားသည်ကိုတွေ့ရလေ၏။ လူကိုတော့မတွေ့ရပေ။

ခဏကြာတော့ ကျောင်းအပေါ်ထပ်မှ သီလယူသံများကြားရလေ၏။ သီလယူပြီးလျှင် မမြစိမ်းတို့ အောက်ဆင်းလာကြလိမ့်မည်။ ကွပ်ပြစ်ကလေးပေါ်၌ပင်ဝိုင်းဖွဲ့၍ ထမင်းစားကြလိမ့်မည်။ မောင်ညိုက ထမင်း စားဖို့အဆင်သင့်ဖြစ်ရန် ပြင်ဆင်ထားလိုက်လေ၏။

♣ ♣ ♣

‘ အညိုရေ၊ မမမြတို့ ပန်းခူးထွက်ကြရအောင်ဟေ့ ’

မမြစိမ်းက ခပ်တိုးတိုးပြောလိုက်သည်။

သူကြီးကတော်ကြီးဒေါ်ရွှေပုံသည် ပုတီးစိတ်ရင်းကွပ်ပျစ်ပေါ်လဲလျောင်းနေရာ တခေါခေါနှင့်အိပ်ပျော် သွားပေပြီ။ ပုတီးပင် တစ်ပတ်ပြည့်ဟန်မတူပေ။

မမြစိမ်းက မိခင်မနိုးစေရန်တိုးတိုးပြောလိုက်ခြင်းဖြစ်၏။

စေတီကုန်းတော်မှဆင်း၍သွားလျှင် စမ်းချောင်းလေးတစ်ခုသို့ရောက်နိုင်၏။ ထိုစမ်းချောင်းလေးမှာ ဒုတ္ထဝတီမြစ်ထဲသို့ စီးဝင်သောစမ်းချောင်းလေးဖြစ်ပါသည်။ စမ်းချောင်းဘေး၌ အလေ့ကျပေါက်နေသော တောပန်းကလေးများရှိကာ အရောင်စုံလင်လှပေ၏။

မောင်ညိုနှင့်မမြစိမ်းသည် ဥပုသ်နေ့ရောက်တိုင်းစမ်း ချောင်းကလေးဘေးသို့သွားကာ ပန်းများခူးလေ့ ရှိလေသည်။

‘ သွားကြစို့လေမမြ ’

နှစ်ယောက်သားစမ်းချောင်းလေးရှိရာသို့ ထွက်ခဲ့ကြလေ၏။

တောပန်းကလေးများသည် အဖြူအနီအဝါအပြာ အရောင်စုံလင်စွာဖြင့် ကမ်းစပ်၌ပေါက်ရောက်လျှက်ရှိလေသည်။

မမြစိမ်းက တောပန်းကလေးများထက် ကမ်းစပ်ကျောက်တုံးဘေးတွင် ကပ်၍ပေါက်တတ်သည့် ကျောက်ပန်းကလေးများကို ပို၍နှစ်သက်လေသည်။

မောင်ညိုက တောပန်းကလေးများကိုခူး၍နွယ်ကြိုးဖြင့်သီနေစဉ်တွင် မမြစိမ်းသည် ကျောက်တုံးများကြားမှကျောက်ပန်းလေးများကို ရှာဖွေခူးယူနေလေ၏။

'ဟေ့–အညိုလာဦး '

မမြစိမ်း၏ခေါ်သံကြောင့် မောင်ညိုကမမြစိမ်းရှိရာသို့လာခဲ့လေသည်။

မမြစိမ်းက စမ်းချောင်းတစ်နေရာသို့လက်ညှိုးထိုးပြရင်း..

'ဟိုမှာလူတစ်ယောက်ပါလား၊ ဒီလူကိုရွာမှာတစ်ခါမှမမြင်ဖူးပါဘူး '

မောင်ညိုကလှမ်းကြည့်လိုက်ရာ ကမ်းစပ်တစ်နေရာတွင်ထိုင်ရင်း ငါးမျှားနေသည့်ရန်မျိုးနိုင်ကို တွေ့လိုက်ရလေ၏။ ရန်မျိုးနိုင်သည် ငါးမျှားကြိုးမှဖော့တုံးလေးကိုစိုက်ကြည့်ကာ ငြိမ်သက်နေပေသည်။ မောင်ညိုနှင့်မမြစိမ်းအနီးရောက်နေသည်ကိုသိဟန်မတူပေ။

'အဲဒါ ကျွန်တော်ပြောတဲ့ တော်လှန်ရေးသမားကြီးကို ရန်မျိုးနိုင်ဆိုတာပေါ့မမြရဲ့ '

'အို–သူလား '

မမြစိမ်းက အတန်ကြာစိုက်ကြည့်နေသေးသည်။

ကိုရန်မျိုးနိုင်ကတော့ ယခုထိ သတိထားမိဟန်မတူသေးပေ။

'သွားကြပါစို့အညို၊ လူတစ်မိမ်းယောကျာ်းလေးရှိတဲ့နေရာမှာ နေဖို့မသင့်တော်ဘူး၊ ပြန်ကြစို့ '

' နေပါဦးမမြ၊ ကိုရန်မျိုးနိုင်နဲ့မမြနဲ့မိတ်ဆက်ပေးမယ်၊ အစ်ကိုကြီးက မမြစပ်တဲ့သီချင်းကိုကြိုက်တယ်လို့ ညကပြောတယ်ဗျ၊ ဗျို့–အစ်ကိုကြီး၊ အစ်ကိုကြီးရန်မျိုးနိုင် '

'အို–ဟဲ့၊ ဘာလို့ခေါ်ရတာလဲ၊ မခေါ်ပါနဲ့၊ မမြ သူနဲ့ မသိချင်ပါဘူး '

မမြစိမ်း၏ဟန့်တားမှုကနောက်ကျသွားပေပြီ။ ရန်မျိုးနိုင်သည် မောင်ညို၏ခေါ်သံကြောင့်လှည့်ကြည့်လိုက်၏။ သူသည် ချက်ချင်းပင်ထိုင်ရာမှထလာလေသည်။

'အညိုကလဲကွယ်၊ ဘာလို့ခေါ်လိုက်ရတာလဲ '

မမြစိမ်းသည် သူစိမ်းယောကျာ်းသားများနှင့်မဆက်ဆံဖူးပေရာ.. ရိုးသားလှသောတောရွာသူလေးဖြစ်သည့်အတိုင်း ရန်မျိုးနိုင်နှင့် မျက်နှာချင်းဆိုင်ရမည်ကို ရှက်ကိုးရှက်ကန်းဖြစ်နေလေ၏။

ရန်မျိုးနိုင်ကအနားသို့ရောက်လာလေပြီ။

'မောင်ညို၊ ဧည့်သည်လဲပါတာပဲ၊ တန်တော့ ဒါ မောင်ညို့အစ်မမမြစိမ်းဆိုတာထင်ပါရဲ့ '

ရန်မျိုးနိုင်ကား နေပြည်တော်မှလာသောမြို့ကြီးသားပီသစွာ ရဲတင်းစွာပင်နှုတ်ဆက်လိုက်လေ၏။

မမြစိမ်းသည် ရှက်စိတ်ဖြင့် ခေါင်းကိုသာငုံ့ထားမိလေသည်။ သူမအမည်ကို သိနေသည့်အတွက်လဲ အံ့ဩနေမိလေ၏။

'ဟုတ်တယ်အစ်ကိုကြီး၊ ဒါကျွန်တော့်မမြပေါ့ '

' မမြစိမ်းရေးတဲ့သီချင်းလေးကို မောင်ညိုဆိုပြလို့နားထောင်ရပါတယ်ဗျာ၊ တကယ့်ပညာရှင်တစ်ယောက်ရေးသလို နားထောင်ကောင်းလှပါတယ် '

'အို.. '

မမြစိမ်းသည် ရှက်ပြီးရင်းရှက်နေလေသည်။

'အညိုကလဲလေ၊ ဘာလို့လူတကာလျှောက်ဆိုပြရသလဲ'

ရှက်ရှက်နှင့်မောင်ညို့ကိုသာ ဖိ၍အပြစ်ပြောလိုက်လေ၏။

' မောင်ညို့ကိုဆိုပြဖို့ မောင်ကြီးကပွဲတောင်းတာပါနမရယ်၊ သူသီချင်းငြီးနေသံကြားလို့ မောင်ကြီးက အပြည့်အစုံဆိုပြခိုင်းတာပါ'

'အို–သီချင်းကမကောင်းပါဘူး၊ ကျွန်မပျင်းပျင်းရှိလို့ လျှောက်စပ်ထားတာပါ၊ အလကားပါ '

မမြစိမ်းသည် ပထမဆုံးအနေဖြင့် ရန်မျိုးနိုင်ကိုမရဲတရဲ မော်ကြည့်ကာပြောလိုက်လေသည်။

' အလို၊ အပျင်းပြေစပ်တဲ့သီချင်းကလဲ ကောင်းလှချည်လားဗျာတို့၊ စိတ်ပါလက်ပါသာစပ်ဆိုရင်ဖြင့် လိုင်ထိပ်ခေါင်တင်ထက်တောင် ကျော်ကြားမယ်ထင်ပါရဲ့ '

'အို– မလှောင်ပါနဲ့ '

' လှောင်တာမဟုတ်ပါဘူးနမရယ်၊ နမစပ်တဲ့ရွှေပြည်စိုးသီချင်းလေးကောင်းကြောင်းချီးမွမ်းမိတာပါ '

' တော်ပါတော့ရှင်၊ ကျွန်မသီလယူထားပါတယ်၊ ဥပုသ်ကြီးနဲ့ သီချင်းအကြောင်းမပြောပါရစေနဲ့၊ ပြန်ကြစို့အညို '

' သီချင်းဆိုတာမှမဟုတ်ပဲ၊ သီချင်းအကြောင်းပြောရုံနဲ့တော့ဥပုသ်မကျိုးပါဘူးဗျာ '

' ဘာပဲဖြစ်ဖြစ် မပြောတာကောင်းပါတယ်၊ ဒါနဲ့ မောင်ကြီးကကော ဥပုသ်နေ့မှာဥပုသ်မစောင့်ဘူးလား၊ ရှင့်ကိုကြည့်ရတာ ငါးမျှားနေတာထင်တယ် '

' ဟုတ်ပါတယ်၊ မောင်ကြီးငါးမျှားနေတာပါ '

' ဥပုသ်နေ့မှာများ ငါးမျှားရတယ်လို့ရှင်၊ အများတကာ သီလမြဲနေတဲ့အချိန်မှာ ရှင်က သူတစ်ပါး အသက်ကိုသတ်နေတာပဲ '

' ဗျာ '

ရန်မျိုးနိုင်သည် မမြစိမ်း၏စွပ်စွဲစကားကြောင့် တဒင်္ဂမျှ ကြောင်အသွားလေ၏။

' မောင်ကြီးငါးမျှားတာက စိတ်တည်ငြိမ်မှုရအောင် သမာဓိ ဆောက်တည်နေတာပါနမ '

' ဘာရှင့် '

' ဒီလိုပါ၊ ငါးမျှားတံမှာ ငါးမိ–မမိစောင့်ကြည့်နေချိန်မှာ စိတ်ကတည်ငြိမ်နေပါတယ်၊ ငါးမျှားတံဆီမှာပဲစိတ်ကရှိနေပါတယ်၊ တခြားနေရာကို စိတ်မပျံ့လွင့်တော့ပါဘူး၊ အဲဒီနည်းနဲ့ စိတ်တည်ငြိမ်မှုရအောင်လေ့ကျင့်နေတာပါ '

' သမာဓိရအောင်ဆောက်တည်တာကလဲ သူတစ်ပါးအသက်ကိုသတ်ပြီးမှဆောက်တည်ရသလားရှင့် '

' အဲဒီလိုထင်ရင် မှားမှာပေါ့နမရယ်၊ မောင်ကြီးက ငါးကလေးတွေ ငါးမျှားချိတ်မှာမိလာရင် ချိတ်ကဖြုတ်ပြီးပြန်လွှတ်ပေးပါတယ် '

' ဟင် ! အို–ဘာပဲဖြစ်ဖြစ် ငါးလေးတွေကိုအနာတရတော့ ဖြစ်စေတာပဲ၊ ရှင်စိတ်တည်ငြိမ်မှုရချင်ရင် တရားထိုင်ဖို့ကောင်းတယ်ရှင့်၊ ခုလိုအခါကြီးရက်ကြီးမှာ ဥပုသ်စောင့်သင့်တာပေါ့ '

' မောင်ကြီးက ညနေတိုင်ရင် ကာလသားလေးတွေကို ကိုယ်ခံပညာသင်တန်းပေးရသေးတာမို့ ဥပုသ်စောင့်လို့တော့မဖြစ်ဖူး နမရေ၊ ညစာမစားပဲနေလို့မဖြစ်လို့ကွဲ့ '

မမြစိမ်းက နှုတ်ခမ်းကိုမဲ့လိုက်လေသည်။

' ရှင်ဟာလူတစ်မျိုးပဲ၊ ရှင့်လိုလူမျိုး ကျွန်မတော့မတွေ့ဘူးပေါင်၊ အညိုရေ၊ ပြန်ကြစို့ဟေ့၊ နင်မလိုက်လဲ မမြကတော့ ပြန်နှင့်ပြီဟေ့ '

မမြစိမ်းကပြောပြောဆိုဆိုပင် မောင်ညို့ကိုမစောင့်တော့ပဲ သူတို့ရှေ့ကထွက်လာခဲ့လေ၏။

မောင်ညိုက မမြစကားများကြောင့် ရန်မျိုးနိုင်ကိုအားနာနေမိလေသည်။

ရန်မျိုးနိုင်ကမူ မမြစိမ်းထွက်ခွာသွားသည်ကို နောက်မှ လှမ်းကြည့်ရင်းပြုံးနေလေသတည်း။

♣♣♣♣♣♣♣♣♣

လေချိုသွေးကာ× × × အပျော့ဆွဲဆွဲတယ် × × ×
အားနာတတ်ရင် × × အားပါလိမ့်မယ် × × ×
ကြောင်ကိုဝမ်းနှုတ်ဆေး ကျွေးမိသလို ကျွေးမိသလို × × ×
ပျော့ပျော့လေးနဲ့နံမယ့်ပုံပေါ်တယ် × × × ×
အစကရိုးရိုး× × နောက်တော့တစ်မျိုးတိုးလို့ × ×
ချစ်ပြန်ဆိုပဲ × × × အပိုချွဲ

အုန်းမောင်းခေါက်သံကြောင့် မောင်ညို လန့်နိုးလာချိန်တွင် လသာမှန်အိမ်အလင်းရောင်အောက်၌ အိပ်ရာမှနိုးနှင့်နေသော ရန်မျိုးနိုင်ကိုတွေ့လိုက်ရလေသည်။

မောင်ညိုသည် အိပ်ရာထဲမှလူးလဲထလိုက်လေ၏။ ကပ္ပိယကြီးသည် အုန်းမောင်းခေါက်ပြီးသည်ထိ အိပ်ရာမှမနိုးသေးသည့် ကျောင်းသားများကို ခြေဖြင့်ကန်၍လိုက်နိုးတတ်လေသည်၊ ကပ္ပိယကြီးမရောက်ခင် မောင်ညိုအိပ်ရာမှထကာ ရေအိုးစင်သို့ပြေး၍ မျက်နှာသစ်လိုက်လေသည်။

ရောင်နီပျို့ခါစ သည်အချိန်မျိုးသည် အာရုဏ်ဆွမ်းခံထွက်ရသည့်အချိန်ဖြစ်ပေသည်။

မောင်ညိုသည် သပိတ်တစ်လုံးကိုပိုက်၍ ကျောင်းအပြင်ပတွင် တန်းစီနေနှင့်သော ကိုရင်နှင့်ကျောင်းသားများရှိရာသို့ ထွက်ခဲ့လေ၏။

ယွန်းဇုတ်ကြီးနှစ်ခုကိုဆိုင်းထားသည့် ဆိုင်းထမ်းကြီးကိုထမ်း၍တန်းစီနေသည့် ရန်မျိုးနိုင်ကိုတွေ့လိုက်ရသည့်အခါ မောင်ညို အံ့ဩသွားလေ၏။

'ဟင်-အစ်ကိုကြီး၊ အစ်ကိုကြီးက အာရုံဆွမ်းခံလိုက်မလို့လား'

'အေးကွ'

ယခင်နေ့များကဆိုလျှင် အာရုံဆွမ်းခံထွက်ချိန်၌ ရန်မျိုးနိုင် အိပ်ရာမှမနိုးသေးချေ။ ယနေ့တော့ စောစောစီးစီးရေမိုးချိုးပြီးပင် ဖြစ်နေကာ အာရုံဆွမ်းခံလိုက်ဦးမည်တဲ့။

'ဒီနေ့ကစပြီး နေ့တိုင်း အာရုံဆွမ်းခံလိုက်တော့မယ် မောင်ညို'

'ဘာဖြစ်လို့လဲအစ်ကိုကြီး'

'အကြောင်းရှိလို့ပေါ့ကွယ်၊ ဟဲ.. ဟဲ ..'

ရန်မျိုးနိုင်က ပြောရင်းမှရယ်သွမ်းသွေးလိုက်လေ၏။

ရန်မျိုးနိုင်ဘာအကြောင်းရှိတယ်ဆိုတာကို သူကြီးအိမ်ရှေ့ ရောက်မှပင် မောင်ညိုသိလိုက်ရလေ၏။

ရန်မျိုးနိုင်သည် ဆွမ်းဆိုင်းထမ်းထမ်းရသူတို့ထုံးစံအတိုင်း နောက်ဆုံးမှလိုက်ပါရလေ၏။

သူကြီးအိမ်ရှေ့အရောက်တွင် သူကြီးသမီးမမြစိမ်းက ဆွမ်းထွက်လောင်းလေသည်။ နောက်ဆုံးမှလိုက်လာသောကိုရန်မျိုးနိုင်သည် အတော်ကြာသည်ထိ ဆွမ်းခံအုပ်စုနောက်မှပါမလာခဲ့ချေ။

မောင်ညိုကနောက်သို့ပြန်၍လှည့်ကြည့်လိုက်ရာ.. ရန်မျိုးနိုင်နှင့်မမြစိမ်းတို့စကားပြောနေသည်ကိုတွေ့လိုက်ရလေ၏။

ရန်မျိုးနိုင်အကြောင်းရှိလို့ဆိုတာ ဒါပါလား။

သူတို့အချင်းချင်းဘာတွေပြောနေကြသည်ကိုတော့ မောင်ညို မသိနိုင်ပါပေ။

ထူးခြားသည်မှာ မမြသည် ဥပုသ်နေ့တုန်းကလိုမျိုး မျက်နှာသုန်သုန်မှုန်မှုန်မဟုတ်ပဲ ရွှင်ရွှင်ပျပျ ရှိနေခြင်းပင်။ မောင်ညို လှည့်ကြည့်လိုက်ချိန်၌ ကိုရန်မျိုးနိုင်စကားကိုသဘောကျသည့်သဖွယ် ရယ်မောနေသည်ကိုပင် တွေ့လိုက်ရလေ၏။

ညနေပိုင်း မောင်ညိုအိမ်ပြန်တော့ မမြစိမ်းကပြောသည်။

'အညို့လူကအလာကြီးပဲဟေ့၊ စကားပြောရမှာလဲ တကယ်ကောင်းတဲ့လူပဲ'

'အစ်ကိုကြီးရန်မျိုးနိုင်က မမြကိုဘာတွေပြောသွားလို့လဲ'

မမြစိမ်းမျက်နှာကပြုံးနေလေသည်။

'ဟင်-မမြ၊ အစ်ကိုကြီးက ဘာပြောလို့လဲ'

'အို-တချို့စကားတွေဟာ ကလေးသူငယ်တွေသိဖို့ မသင့်ပါဘူးကွယ်၊ ထားလိုက်ပါတော့'

♣ ♣ ♣

အတိတ်အကြောင်းများကို ပြန်လည်တွေးတောနေသော ဆရာတော်ကြီးဦးဉာဏ၏ စိတ်အစဉ်သည် အတိတ်သို့အလျဉ်မပြတ်စီးဆင်းသွားရုံမက.. မျက်စိထဲ၌လည်း အတိတ်ဖြစ်ရပ်များ ထင်ထင်ရှားရှားမြင်လာရလေ၏။

ဘုန်းတော်ကြီး၏အကြည့်များသည် ကျောင်းဝင်းတစ်ခွင်လုံးဆီသို့ ဖြန့်ကျက်ရောက်ရှိသွားပြန်၏။ မြင်မြင်သမျှအရာများဆီတွင် တော်လှန်ရေးရဲဘော်ရန်မျိုးနိုင်နှင့် မမြစိမ်းတို့၏အရိပ်အငွေ့များက ထင်ဟပ်နေဆဲပါတည်း။

ကျောင်းအိုကြီးသည်လည်း မျိုးချစ်လူငယ်များကိုကိုယ်ခံပညာသင်တန်းပေးစဉ်က ကျောင်းအဆောက်အဦးကြီးပင်ဖြစ်ပေ၏။ နှစ်ရှည်ခံသစ်ပင်ကြီးများကား ရန်မျိုးနိုင်ဆိုသော မျိုးချစ်တော်လှန်ရေးသမားကြီးကို မှတ်မိကောင်းမှတ်မိပေဦးမည်။

ညောင်ညိုပင်ကြီးအောက်မှ သစ်သားကွပ်ပျစ်ကလေးကလဲ ဟိုစဉ်ကအတိုင်းရှိနေဆဲ၊ ဥပုသ်နေ့တိုင်း မမြစိမ်းတို့သားအမိ အနားယူခိုနားသည့် ကွပ်ပျစ်ကလေးပင်ဖြစ်လေသည်။

အရာရာသည် နဂိုအတိုင်းရှိနေသေးသည်ဆိုသော်လဲ အိုမင်းခြင်းနှင့်ဟောင်းနွမ်းခြင်းတို့က နေရာယူခဲ့လေပြီ။ ထိုစဉ်က အသက်ဂနှစ်အရွယ် ဘုန်းကြီးကျောင်းသားလေးမောင်ညိုသည်ပင် ယခုအခါ ကျောင်းထိုင်ဘုန်းတော်ကြီးဦးဉာဏအဖြစ် သက်တော်၆၅နှစ်ရှိနေပြီမဟုတ်လော။ ထိုကာလက ဤဘုန်းကြီးကျောင်းကြီးထဲတွင် သက်ရှင်လှုပ်ရှားခဲ့သူများထဲ၌ မိမိတစ်ဦးထဲသာကျန်ရှိပါတော့သည်။

အဖြစ်အပျက်တို့ဖြစ်ပျက်ခဲ့သည့်အချိန်များကိုလဲ လက်ရှိကာလမှပြန်လည်ရေတွက်သော် နှစ်ပေါင်း၅၀နီးပါးရှိချေပြီ။

ဘုန်းတော်ကြီး၏မျက်လုံးအိမ်အတွင်း၌ ရန်မျိုးနိုင်နှင့်မမြစိမ်းတို့၏သွင်ပြင်များကိုမြင်ယောင်နေဆဲ၊ ဘုန်းတော်ကြီး၏ နှလုံးအိမ်အတွင်း၌ ချစ်သူနှစ်ဦး၏ကြေကွဲဖွယ်အဖြစ်သနစ်များက ရိုက်ခတ်လှုပ်ရှားဆဲပါတည်း။

ဆရာတော်ကြီးဦးဉာဏသည် ခုံတန်းလေးပေါ်တွင်ချထားသောမှတ်တမ်းကြီးကို ငုံ့ကြည့်လိုက်လေသည်။ ဆရာတော်ကြီး ပြန်လည်တွေးတောနေသောအဖြစ်သနစ်များသည် ဤမှတ်တမ်းကြီးအတွင်း၌ စာသားများအဖြစ် မှတ်တမ်းတင်လျှက်ရှိနေပါသည်။

ရန်မျိုးနိုင်နှင့်မမြစိမ်းတို့ ချစ်သူများဘဝသို့ရောက်ရှိသွားသည့်အပိုင်းသည် မှတ်တမ်း၏သုံးပုံတစ်ပုံသာရှိပါသေးသည်။

မောင်ညိုတစ်ဖြစ်လဲ ဆရာတော်ဦးဉာဏသည် ရန်မျိုးနိုင်နှင့်မမြစိမ်းတို့အဖြစ်သနစ်ကို အောက်ပါအတိုင်း ဆက်လက်မှတ်တမ်းတင်ထားလေသည်။

♣ ♣ ♣

ကိုရန်မျိုးနိုင်သည် ကျွန်ုပ်တို့နှင့်အတူ နေ့စဉ်အာရုဏ်ဆွမ်းခံလိုက်ခဲ့ရာ သူ၏အကြံအစည်ကို ကျွန်ုပ်သည်ငယ်ရွယ်သူဖြစ်သည့်အားလျော်စွာ သဘောမပေါက်ခဲ့ချေ။

နောက်တစ်ကြိမ် လကွယ်ဥပုသ်နေ့ကျရောက်ချိန်၌ မမြ ဥပုသ်စောင့်ရန် ကျောင်းသို့ရောက်လာမှ သူတို့အခြေအနေမှန်ကို ကျွန်ုပ်သိရပေတော့သည်။

မမြနှင့် ကိုရန်မျိုးနိုင်တို့သည်ကား ဆယ်ရက်မျှကာလအတွင်း သမီးရည်းစားများဖြစ်ခဲ့ကြပြီတည်း။ ထိုအခါမှပင် ကိုရန်မျိုးနိုင်သည် ကျွန်ုပ်တို့နှင့်အတူဆွမ်းခံလိုက်ရင်းမှ မမြအား ရည်းစားစာပေးခဲ့သည်ကို သိရပေတော့သည်။

ကျွန်ုပ်ညနေတိုင်အိမ်ပြန်ချိန်၌ မမြအမူအရာများတစ်မျိုး ထူးခြားနေသည်ကို ထိုအခါမှကျွန်ုပ်လည်း သဘောပေါက်ပေတော့ သည်။

မမြသည် သူမနှင့်ကိုရန်မျိုးနိုင်တို့၏အဖြစ်မှန်ကိုကျွန်ုပ်အားပြောပြမထားခဲ့ပေ။ တန်ဆောင်မုန်းလကွယ်ဥပုသ်နေ့ကျခါမှပင် သိရခြင်းဖြစ်တော့၏။

နေ့လည်ခင်းတွင် မမြနှင့်ကျွန်ုပ်သည် စမ်းချောင်းလေး ဆီသို့ပန်းခူးရန်ထွက်ခဲ့လေ၏။

ထိုအခါ စမ်းချောင်းဘေး၌ရပ်စောင့်နေသော ကိုရန်မျိုးနိုင်ကိုတွေ့လိုက်ရလေသည်။ ကိုရန်မျိုးနိုင်သည် ငါးမျှားနေခြင်းမဟုတ်တော့ပဲ စမ်းချောင်းဘေး၌ရပ်နေခြင်းဖြစ်လေ၏။

အခြေအနေကိုမသိသောကျွန်ုပ်က ယခင်အပတ်ကလိုပင် မမြနှင့်ကိုရန်မျိုးနိုင်တို့အငြင်းပွားကြမည်ကို စိုးရိမ်သွားလေ၏။

'အစ်ကိုကြီးက ငါးမျှားတော့ဘူးကိုး၊ လာ–မမမြ၊ ကျွန်တော်တို့ ဟိုအောက်ဖက်မှာ ကျောက်ပန်းလေးတွေသွားရှာရအောင် '

အမှန်မှာ ကျွန်ုပ်သည် မမမြနှင့်ကိုရန်မျိုးနိုင်စကားပြော ငြင်းခုန်ရန်ဖြစ်ကြမည်ကိုစိုးရိမ်ကာ.. ခွဲထုတ်လိုက်ခြင်းဖြစ်လေသည်။

'မင်းဟာမင်း တစ်ယောက်ထဲသာ ပန်းသွားခူးနေပါတော့မောင်ညို၊ အစ်ကိုကြီးနဲ့မမြစိမ်းနဲ့ ဒီနေရာမှာစကားပြော ကျန်ခဲ့မယ်ကွဲ့ '

ကိုရန်မျိုးနိုင်ပြောစကားကြောင့် ကျွန်ုပ်အံ့သြသွားလေသည်။ မမမြကိုလှည့်ကြည့်လိုက်ရာ ခေါင်းငုံ့ရင်း ရှက်စနိုးပြုံးနေသည်ကို တွေ့လိုက်ရလေ၏။

'ဟုတ်လားမမမြ၊ မမမြနဲ့အစ်ကိုကြီးနဲ့နှစ်ယောက်ထဲ နေခဲ့မလို့လား '

'အိုကွယ်၊ အညိုကလဲ '

မမမြက ဘာမှယတိပြတ်ပြန်မပြောပဲ ရှက်နေရှာလေ၏။

'ပြောလိုက်ပါမြရယ်၊ မြနဲ့မောင်မောင် နှစ်ယောက်ထဲတွေ့ရမယ့်အခွင့်အရေးက ဒီလိုဥပုသ်နေ့မျိုးပဲရှိတာမို့ လွတ်လွတ်လပ်လပ်တွေ့ပါရစေလို့၊ ဟေ့–မောင်ညို၊ မင်းသဘောမပေါက်သေးဘူးလားကွဲ့၊ မင့်မမမြက အစ်ကိုကြီးနဲ့စကားတွေ အများကြီးပြောချင်နေရှာတယ် '

'အို–သွားပါ၊ စကားပြောချင်တွေ့ချင်လွန်းလို့ ပူဆာနေတာကဘယ်သူလဲ၊ မောင်မောင်ဟာ တတ်ပဲတတ်နိုင်တယ်၊ ဒီကဖြင့် သူ့အလိုလိုက်ပြီးအရဲစွန့်လာရတာကို '

မမမြနှင့်ကိုရန်မျိုးနိုင်တို့၏ ပြောင်းလဲနေသောစကားအသုံးအနှုန်းများကြောင့် ကျွန်ုပ်မှာအံ့သြပြီးရင်းအံ့သြရင်းဖြစ်နေရတော့သည်။

'ဒါပဲ၊ အညိုလူကြီးတွေကိုပြန်မတိုင်အောင် ကိုယ့်ဟာကိုယ် လာဘ်ထိုးထား '

'မောင်ညိုလေးက ပြန်မတိုင်ပါဘူး၊ ဟုတ်တယ်မဟုတ်လားကွဲ့မောင်ညို၊ မင်းက အစ်ကိုကြီးကို အစ်ကိုရင်းတစ်ယောက်လိုချစ်တာမဟုတ်လားကွဲ့ '

'ကြည့်ပါလား၊ စကားက တတ်လိုက်တာ၊ မြို့ကြီးသားရယ်လို့မပြောရဘူး '

ကျွန်ုပ်ကိုတိုင်တည်၍ပြောနေကြခြင်းဖြစ်သော်လဲ ၎င်းတို့အချင်းချင်း ချစ်ကြည်စယ်သည့်စကားများပါတကား။ ထိုအခါမှပင် ကျွန်ုပ်လည်းသဘောပေါက်မိပေတော့၏။

'ဟုတ်ကဲ့၊ ကျွန်တော်လူကြီးတွေကိုလဲပြန်မတိုင်ပါဘူး၊ ခုလဲ အဝေးကိုမသွားပါဘူး၊ ဟောဟိုနားကတောစပ်မှာထိုင် စောင့်နေပါ့မယ်၊ ဒါမှ ဒီဖက်ကိုလူလာရင် အချက်ပေးလို့ရမှာလေ၊ အစ်ကိုကြီးနဲ့မမမြ စကားအေးအေးဆေးဆေးပြောကြပါ '

'ကြည့်စမ်း၊ သိပ်တော်တဲ့ယောက်ဖလေးပဲ '

'အို–တော်စမ်းပါ၊ ကလေးရှေ့မှာ '

ကျွန်ုပ်သည် ချစ်သူနှစ်ဦးချစ်ကြည်စယ်နေသည့်နေရာမှ အလိုက်တသိရှောင်ထွက်ခဲ့လေတော့သည်။

♣ ♣ ♣

ကျွန်ုပ်သည် ရဟန်းတစ်ပါးဖြစ်သည့်အားလျော်စွာ ပုထုဇဉ်လူသားတို့၏ ချစ်သူရည်းစားဘဝအကြောင်းကို အသေးစိတ် မှတ်တမ်းမတင်လိုတော့ပါပေ။

ကိုရန်မျိုးနိုင်နှင့်မမမြစိမ်းတို့အချစ်ကား အချစ်ရာဇဝင်တွင် ကဗ္ဗည်းတင်ထားသော ကိန္နရီကိန္နရာအချစ်ထက်မလျော့နည်းဟူ၍သာ အတိုချုပ်၍ဆိုချင်ပါတော့သည်။

ကျွန်ုပ်သည်ကား သူတို့ချစ်သူနှစ်ဦး၏ အောင်သွယ်တော်လည်းဖြစ်ခဲ့သည်။ ဖူးစားရေးနတ်လည်းဖြစ်ခဲ့သည်။ မြားနတ်မောင်လည်းဖြစ်ခဲ့လေသည်။

ချစ်သူနှစ်ဦးတို့၏တွေ့ဆုံခွင့်ကား တစ်ပတ်ခြားမှတစ်ခါ ကျရောက်သော.. လပြည့်လကွယ်ဥပုသ်နေ့သာဖြစ်လေ၏။ ထိုအခါ အာရုဏ်ဆွမ်းခံထွက်ရင်း နံနက်တိုင်း တစ်ယောက်မျက်နှာတစ်ယောက် ခေတ္တဆုံဆည်းမြင်တွေ့ရင်းဖြင့်သာ ကြေနပ်နှစ်သိမ့်ရလေသည်။

အာရုဏ်တက်အချိန်တွင် စကားဝအောင်ပြောဆိုခွင့်မရပေရာ တစ်ယောက်နှင့်တစ်ယောက် စာအစောင်စောင်အပြန်အလှန်ပါးရာ၌လည်း ကျွန်ုပ်ပင်အကျိုးဆောင်ပေးခဲ့ရလေ၏။

ယင်းသို့ဖြင့် ကိုရန်မျိုးနိုင်ကျွန်ုပ်တို့ရွာသို့ရောက်လာခဲ့သည်မှာ ခြောက်လကြာမြင့်ချိန်သို့ရောက်လာခဲ့လေ၏။

ကိုရန်မျိုးနိုင်သည် လူငယ်များအားကိုယ်ခံပညာသင်တန်းများကို နေ့စဉ်မပျက်သင်ကြားပေးလျှက်

ရှိရာ.. ရှာခံလူငယ်တို့သည်လည်း ပညာအတန်ပင်ပြည့်စုံလျှက်ရှိပေပြီ။

ကိုရန်မျိုးနိုင်မျှော်မှန်းထားသော တော်လှန်ရေးကာလသည်လည်း တစတစနီးကပ်လာခဲ့လေပြီ။

ရံဖန်ရံခါတွင် ညကြီးသန်းကောင်၌ လူတစ်ဦး၊နှစ်ဦးစသည် ကိုရန်မျိုးနိုင်ထံသို့ လျှို့ဝှက်စွာရောက်လာတတ်လေသည်။ ထိုအခါများ၌ ကိုရန်မျိုးနိုင်နှင့်လူစိမ်းဧည့်သည်တို့သည် စေတီပရဝုဏ်အတွင်း၌ တီးတိုးတိုင်ပင်ကြသည်ကိုတွေ့ရလေ၏။ လျှို့ဝှက်စွာရောက်လာသူများကား မည်သည့်အခါမှ ညအိပ်တည်းခိုခြင်းမရှိပေ။ ကိုရန်မျိုးနိုင်နှင့်တိုင်ပင်ဆွေးနွေးပြီးသည်နှင့် လျှို့ဝှက်တိတ်ဆိတ်စွာ ပြန်လည်ထွက်ခွာသွားတတ်လေ၏။ သူတို့ဆွေးနွေးတိုင်ပင်နေစဉ်၌ ကပ္ပိယကြီးဦးသံခဲကပတ်ဝန်းကျင်ကို စောင့်ကြပ်ပေးလေသည်။

ထိုအဖြစ်များကို အခြားသောကျောင်းသားများနှင့်ကိုရင်ငယ်များမသိရှိကြချေ။ ကျွန်ုပ်သာ ကျောင်းအောက်ထပ်၌ ကိုရန်မျိုးနိုင်နှင့်အတူနေသူဖြစ်၍သိရခြင်းဖြစ်ပေသည်။

‘ အင်္ဂလိပ်မိစ္ဆာတွေကိုတော်လှန်ဖို့အချိန်ဟာ သိပ်နီးကပ်လာပြီကွဲ့၊ သို့သော် အစ်ကိုကြီးတို့ အကြံအစည်ကိုဘယ်သူမှသိလို့မဖြစ်ဖူး၊ သည်တော့ မောင်ညိုကလဲ အစ်ကိုကြီးနဲ့သူလျှိုတွေတွေ့ဆုံတဲ့အကြောင်းကို ဘယ်သူမှမသိအောင်နှုတ်လုံဖို့လိုတယ် ’

‘ စိတ်ချပါအစ်ကိုကြီး၊ ကျွန်တော်နားလည်ပါတယ် ’

‘ မင့်မမြကိုတောင်မသိစေနဲ့ကွဲ့၊ စစ်ရေးစစ်ရာဆိုတာ သိပ်ပရိယာယ်ကြွယ်တယ်၊ သတင်းပေါက်ကြားလို့မဖြစ်ဖူး၊ လျှို့ဝှက်နိုင်မှတော်ကာကျတယ် ’

‘ ဟုတ်ကဲ့ပါအစ်ကိုကြီး ’

♣♣♣♣♣♣♣♣♣

*နတ်စည်ငယ်လေ× × × ပုစွန့်လက်မရှိုးအာလမ္ဗရာ*
*ကျော်ဝှန်းသံဝါ× × ဆော်ယွမ်းညံစာစာ × × ×*
*တိမ်ယံအာကာ နီလာပြင်ဆိုင်း သင်တိုင်းခြုံရှာ× × ×*
*အုံ့မှိုင်းညိုပြာ× × မိုးထက်ဝဠာကိုးချက်နယ်မှာ*
*တိမ်ခိုးယှက် မိုးသက်ကလေးတွေလာ × × ×*
*ဝေဆာ သစ္စတ်ဖြူပင်မင်း ငွေအဆင်းပွင့်ချိန်မှာ× × ×*
*အသူရာ ဒေါသထွက်လို့ မြင်းမိုရ်ထက်ကိုတက်လို့× × စစ်ဖက်တဲ့အခါ× × ×*
*အုံ့ကာလေတဖွဲဖွဲ× × × ရွာလေတသဲသဲ × × ×*

တော်လှန်ရေးဆိုသည်မှာ မည်သို့ပင်လျှို့ဝှက်ဆောင်ရွက်ရသည်ဆိုသော်လည်း တော်လှန်ရေးတွင်ပါဝင်ဆင်နွှဲမည့် စစ်သားလောင်းများအား စစ်သင်တန်းပေးရသည့်ကိစ္စမှာမူ ဖုံးဖိလုပ်ဆောင်၍ ရအပ်သောအရာမဟုတ်ပေ။

ကိုရန်မျိုးနိုင်သည် ရွာရှိလူငယ်ကာလသားများအား ကိုယ်ခံပညာများသင်ပေးနေသည့်သတင်းသည် မြို့အထိပျံ့နှံ့ခဲ့လေသည်။

ဗြိတိသျှအစိုးရသည် ညောင်ပင်ဆိပ်ရွာ၏သတင်းကို စုံစမ်းထောက်လှမ်းခြင်းပြုခဲ့လေသည်။ ညောင်ပင်ဆိပ်ရွာ၏သူကြီးမင်း ဦးစက်ရောင်ကိုလည်း ထိုကိစ္စနှင့်ပတ်သက်၍ဖိအားပေးခဲ့လေသည်။

ကျွန်ုပ်သည် သူကြီးမင်းအိမ်သို့နေ့စဉ်ဝင်ထွက်နေသူဖြစ်ပေရာ.. သူကြီးမင်းသည် ကိုရန်မျိုးနိုင်ရောက်လာကတည်းကပင် ထိုကိစ္စနှင့်ပတ်သက်၍ ကြည်ဖြူမှုမရှိကြောင်း သိခဲ့ရပြီးဖြစ်ပေသည်။ တစ်ရွာလုံးအလေးထားကြောက်ရွံ့ရသော ဆရာတော်ဘုရားကြီးအရိပ်အောက်တွင်ဖြစ်နေ၍ မပြောသာပဲလက်ပိုက်ကြည့်နေရခြင်းဖြစ်လေသည်။

အစိုးရက စုံစမ်းတင်ပြရန် ဖိအားပေးလာချိန်နှင့်တပြိုင်ထဲ၊ လူသတင်းလူချင်းဆောင်ဆိုသကဲ့သို့ ကိုရန်မျိုးနိုင်နှင့်မမြစိမ်းတို့၏သတင်းသည်လည်း သူကြီးမင်းနားသို့ပေါက်ကြားခဲ့ပြီးဖြစ်လေ၏။ ဦးစက်ရောင်သည် မျိုးရိုးဇာတိမသိသော သူပုန်သူကန်တစ်ယောက်ကို မေတ္တာမျှရပါမည်လောဟု သမီးဖြစ်သူအပေါ် ယမ်းပုံမီးကျ ဒေါသထွက်လျှက်ရှိလေ၏။

တစ်နေ့သ၌ သူကြီးမင်းဦးစက်ရောင်သည် ရွာဦးဘုန်းကြီးကျောင်းသို့ရောက်ရှိလာလေသည်။

ဦးစက်ရောင်ရောက်ရှိလာချိန်သည် ညနေခင်းအချိန်ဖြစ်ရာ ကိုယ်ခံပညာသင်ရန် တဖွဲဖွဲရောက်လာကြ

သော ကာလသားများနှင့် ကျောင်းတွင်ဆုံမိကြလေ၏။

နှစ်လုံးပြူးသေနတ်ကြီးကိုလွယ်ထားသော ဦးစက်ရောင်က ကာလသားများကို မျက်စောင်းကြီးခဲ၍ ကြည့်ရင်း ကျောင်းလှေကားပေါ်သို့တက်သွားလေသည်။

'ဟဲ့– ညို၊ လာစမ်း'

ဦးစက်ရောင်က ကျွန်ုပ်ကိုမြင်သွားကာ လှေကားရင်းမှ ရပ်၍ခေါ်လိုက်လေ၏။ ကျွန်ုပ်လည်း ဦးစက်ရောင်ရှိရာသို့ပြေးသွားလိုက်လေသည်။

'ရန်မျိုးနိုင်ဆိုတာဘယ်ကောင်လဲကွဲ့၊ ငါ့ပြစမ်း'

ကျွန်ုပ်သည်ရင်ထိတ်သွားကာ ကိုရန်မျိုးနိုင်ရှိနေကျနေရာသို့ လှမ်းကြည့်လိုက်လေ၏။ ကိုရန်မျိုးနိုင်ကိုမသိပါဟုပြောလျှင်လည်း သဘာဝမကျချေ၊ သူကြီးမင်းကိုလည်း ဒါရန်မျိုးနိုင်ပါဟု ကျွန်ုပ်က မပြချင်ပေ။

ကံကောင်းထောက်မစွာပင် ကိုရန်မျိုးနိုင်သည် ကိုယ်ခံပညာလေ့ကျင့်သည့်ကွင်းပြင်ထဲ၌ ရှိမနေပါချေ၊ နောက်မှသိရသည်မှာ သူကြီးမင်းလာသည်ကိုသိ၍ စမ်းချောင်းလေးရှိရာ လျှိုထဲသို့ရှောင်ထွက်သွားခြင်းဖြစ်လေသည်။

'ခုနကမြင်မိပါတယ်၊ အခုမတွေ့တော့ဘူးဘာဘ'

'ဒီအကောင် ဒီမှာဘာလာလုပ်သလဲ'

'သိုင်းသင်ပေးတယ်ဆိုလားဘာလား၊ အလကားပါဘာဘရယ်၊ သူများသာသင်ပေးနေတာ၊ သူကိုယ်တိုင်တောင် ဟုတ်ဟုတ်ငြားငြားမတတ်ပါဘူး'

ကျွန်ုပ်က သူကြီးမင်းသဘောကျစေရန် မုသားသုံး၍ပြောလိုက်လေ၏။

'ဒီအကောင်နဲ့ မင်းနဲ့မရင်းနှီးဘူးလားကွဲ့'

'ဟင့်အင်းဘာဘ၊ ကျွန်တော်တော့ ဒီလူကြီးကိုကြည့်မရလို့ ခပ်ကင်းကင်းနေတာပဲ၊ သူတို့လုပ်တဲ့ကြမ်းကြမ်းတမ်းတမ်းအလုပ်တွေလဲ မကြိုက်ပါဘူး၊ ကိုယ့်စာကိုယ်ပဲကျက်နေတာပါဘာဘ'

'အေး–အေး–လိမ်လိမ်မာမာနေ၊ ဒီအကောင့်အကြောင်းတွေ မင်းကိုစုံစမ်းခိုင်းရဦးမယ်၊ ငါ ဆရာတော်ကြီးနဲ့သွားတွေ့ဦးမဟေ့'

ဦးစက်ရောင်က သေနတ်ကြီးကိုလွယ်ကာ ကျောင်းအပေါ် ထပ်သို့တက်သွားလေသည်။ ကျွန်ုပ်လည်း ဦးစက်ရောင်နောက်မှ ခပ်ရို့ရို့ဖြင့်တက်လိုက်ခဲ့လေ၏။

အပေါ်ထပ် အဝင်တခါးဝသို့ရောက်သည်နှင့်–

'ငစက်ရောင်'

ဆရာတော်ဘုရားကြီး၏ ငေါက်ဆတ်ဆတ်ဖြင့်အော်သံကြီးသည် ဟိန်းထွက်လာလေ၏။

'ဘုရာ့'

ဦးစက်ရောင်က လက်အုပ်ချီကာထူးလိုက်လေသည်။

'တယ်၊ ငါ့ကျောင်းပေါ်ကို လူသတ်လက်နက်ကြီးလွယ်ပြီး တက်လာရသလားဟဲ့ ငစက်ရောင်ရဲ့၊ မင်းသေနတ်ကြီး တခါးအပြင်မှာချထားခဲ့စမ်း'

'တင်ပါ့ဘုရာ့'

ဦးစက်ရောင်က ကြောက်ကြောက်ရွံ့ရွံ့ဖြင့် သေနတ်ကို တခါးဘေး၌ချထားလိုက်လေသည်။ တစ်ရွာလုံးကိုအုပ်ချုပ်နေသော သူကြီးဖြစ်သော်ငြား ငယ်ဆရာဖြစ်သောဘုန်းတော်ကြီးကို တုန်နေအောင်ကြောက်ရွံ့ရလေသည်။

ဦးစက်ရောင်ကလက်အုပ်ချီခေါင်းငုံ့ရင်း ဆရာတော်ကြီး အနီးသို့ချဉ်းကပ်သွားလေ၏။

ကျွန်ုပ်လည်း အခြေအနေကိုသိရရန် လှေကားထိပ်မှပင် ဆရာတော်ကြီးအားလက်အုပ်ချီရင်း ထိုင်ကြည့်နေလိုက်လေ၏။

'ဘာလာလုပ်သတုံးစက်ရောင်'

'တင်ပါ့ဘုရား၊ ဘဘုန်းရဲ့ကျောင်းမှာ ရွာကကာလသားတွေ စစ်သင်တန်းတက်နေကြသလိုလို သတင်းကြားလို့ပါဘုရား'

'အဲဒါဘာဖြစ်သတုံး'

'တပည့်တော်ကို အစိုးရကတာဝန်ပေးလို့ပါဘုရား၊ အစိုးရကို ပုန်ကန်ခြားနားတာမျိုးဖြစ်မှာစိုးလို့ စနည်းနာတာပါဘုရာ့'

'ဟဲ့–စက်ရောင်၊ စစ်သင်တန်းပေးတယ်လို့ နင့်ဘယ်သူပြောတုန်း'

' ဒီလိုပဲ၊ ကြားတာပဲဘုရား '

' ကလေးတွေ သိုင်းပညာ၊လက်ဝှေ့ပညာများလေ့ကျင့်နေကြတာပါကွယ်၊ မင်းအစိုးရကလဲ ကြောက်တတ်လှချည်လားဟဲ့၊ မင်းတို့မှာ သေနတ်လက်နက်တွေရှိတယ်မဟုတ်လား၊ မင်းကိုတောင် တစ်လက်ပေးထားသေးတာပဲ၊ ဒီကလေးတွေမှာ ဘာလက်နက်မှ မရှိဘူး၊ ဘာလို့ဒါလောက်ကြောက်နေရသလဲ '

' တစ်မြို့တစ်ရွာကလာတဲ့ ရန်မျိုးနိုင်ဆိုတဲ့အကောင်ဟာ ဒလျှိုဒလံဖြစ်နိုင်ပါတယ်ဘုရား '

' ဒလျှိုဖြစ်တော့ဘာဖြစ်သတုံး၊ မတရားအုပ်ချုပ်နေတဲ့ ဗြိတိသျှအစိုးရကိုတော်လှန်ဖို့ ဒလျှိုဖြစ်ရတာပဲ၊ ကောင်းတောင်ကောင်းသေးတယ်၊ မင်းမြန်မာလူမျိုးမဟုတ်ဖူးလား၊ မြန်မာလူငယ်တွေ သူ့ကျွန်ဘဝကလွတ်အောင်ကြံဆောင်တာကို ဝမ်းတောင်သာရဦးမယ်၊ မြန်မာဖြစ်ရက်နဲ့ မြန်မာလူမျိုးဖက်ကဂုဏ်မယူတတ်တော့ဘူးလားဟဲ့စက်ရောင် '

' ဒါတော့ဒါပေါ့ဘုရား၊ ဒါပေတဲ့ အုပ်ချုပ်သူအစိုးရကို ဂလန်ဂဆန်လုပ်ရင်တော့ မင်းပြစ်မင်းဒဏ်သင့်ရပါလိမ့်မယ် '

' တိတ်စမ်း၊ အမျိုးဖျက်ကောင်၊ မင်းက ရွှေစလွယ်လေးတစ်ခုရတာနဲ့ သခင်အားရကျွန်ပါး၀လုပ်ချင်တယ်ပေါ့လေ၊ မင့်သခင်တွေကိုပြောလိုက်စမ်း၊ သတ္တိရှိရင် ငါ့ကျောင်းထဲကိုလာဖမ်းလှည့်လို့ '

ဦးစက်ရောင်မှာ ဘုန်းကြီးကိုကြောက်ကြောက်နှင့်ဘာမှ ထပ်မလျှောက်ဝံ့အောင်ဖြစ်နေလေ၏။

' မင်းလဲသတိထား၊ တခြားနေရာမှာသာ မင်းသူကြီးအာဏာကိုပြချင်ပြ၊ ငါ့ကျောင်းထဲမှာလာမလုပ်နဲ့၊ သွား– မင်းလဲပြန်တော့ '

ဘုန်းကြီးကနှင်လွှတ်လိုက်ရာ ဦးစက်ရောင်သည်စောဒကမတက်ဝံ့တော့ပဲ ဘုန်းကြီးကိုဦးချပြီး လှည့်ထွက်ခဲ့ရလေ၏။

♣ ♣ ♣

ဦးစက်ရောင်သည် ရွာဦးဘုန်းတော်ကြီး၏ဩဇာကိုမလွန်ဆန်နိုင်၍ ခေါင်းငုံ့ပြန်လာရသော်ငြား.. သူတာဝန်ရှိသည့်အလုပ်ကိုတော့ မပျက်မကွက်လုပ်ဆောင်ခဲ့သည်ပင်။

အထက်အရာရှိများထံ ရန်မျိုးနိုင်၏သတင်းကိုပေးပို့ခဲ့သည်။

မိမိ၏ကိုယ်ရေးကိုယ်တာအနေဖြင့်လည်း ရန်မျိုးနိုင်နှင့် မေတ္တာမျှနေသည့် သမီးဖြစ်သူကို အိမ်မှမထွက်ရအောင်ချုပ်ချယ်ထားလိုက်လေသည်။ မမြစိမ်းသည် ဥပုသ်နေ့တွင် ဘုန်းကြီးကျောင်းသို့ သွားခွင့်မရတော့ပေ။ ဒါတွင်မက မနက်စောစော အာရုဏ်ဆွမ်းကိုပင် ကိုယ်တိုင်ကိုယ်ကျထွက်လောင်းခွင့် မရှိပါလေတော့။

အာရုဏ်ဆွမ်းခံထွက်သည့်အဖွဲ့နှင့်အတူ ရန်မျိုးနိုင်ပါလာတတ်ကြောင်းကိုပင် သူကြီးဦးစက်ရောင်က သတင်းရပြီးလေပြီ။

ကိုရန်မျိုးနိုင်နှင့်မမမြတို့သည် မျက်နှာချင်းဆိုင်တွေ့ခွင့် ဆုံးရှုံးသွားရလေပြီတည်း။

လူချင်းကတော့ ကျွန်ပ်မှတစ်ဆင့်စာရေးသားဆက်သွယ်ခွင့် ရှိနေ၍ အဆက်အသွယ်မပြတ်ပေ။

ကျွန်ုပ်သည် မမြစိမ်းတို့အိမ်သို့ အသွားအလာမပျက် ဆက်၍ သွားနေနိုင်ပေသည်။

ကျွန်ုပ်သည်ရန်မျိုးနိုင်နှင့်ကျွန်ုပ်ကင်းရှင်းကြောင်းကို ဥပါယ်တမျဉ်ဖြင့် သူကြီးမင်းယုံကြည်ရန်လည်း ကြံဆောင်ရလေသည်။ သူကြီးမင်းအား သတင်းမှားများပေး၍ ကိုရန်မျိုးနိုင်အား အထင်အမြင်သေးရန် လုပ်ဆောင်ခဲ့ခြင်းပင်။

တစ်နေ့သ၌ ကျွန်ုပ်သည် ညနေခင်းအချိန်တွင် မမြစိမ်းတို့အိမ်သို့လာခဲ့ရာ ဝါးပတ္တလားလေးပေါ်တွင် ခေါင်းအပ်၍ ငိုရှိုက်နေရှာသောမမမြကိုတွေ့လိုက်ရလေ၏။

' ဟင်–မမြ၊ ဘာဖြစ်လို့လဲဟင် '

မမမြက မျက်ရည်များကြားမှခေါင်းမော်ကြည့်လိုက်ကာ–

' ကိုယ်ကျိုးတွေတော့နည်းကုန်ပါပြီအညိုရယ် '

' ဘာဖြစ်တာလဲ၊ ကျွန်တော့်ကိုပြောပါဦး '

' မမြကို အိမ်ကယောကျာ်းပေးစားတော့မယ်ကွဲ့ '

' ဟင်–ဘယ်သူနဲ့လဲ '

' ကိုဘလှအုန်းနဲ့တဲ့ '

' ကိုဘလှအုန်း '

နာမည်ကိုကြားသည်နှင့် ကျွန်ုပ်မျက်စိထဲတွင် ကျောက်ပေါက်မာဗလဗျစ်နှင့် အဆီပြန်နေသောမျက်နှာကြီးတစ်ခုကို မြင်ယောင်လာလေသည်။

ဘလှအုန်းဆိုသူမှာ စပါးပွဲစားဖြစ်၍ သူ၏ကိုယ်ပိုင်မော်တော်လေးနှင့် ရွာကိုမကြာခဏရောက်လာတတ်သူဖြစ်သည်။ ရွာကိုလာတိုင်း သူကြီးအိမ်မှာပင်စတည်းချလေ့ရှိသည်။ သူငွေကြိုပေးထားသော စပါးများကိုလည်း သူကြီး၏စပါးကျီထဲ၌ခေတ္တလှောင်ထားကာ စက်လှေကြီးဖြင့်စုပေါင်းသယ်ယူလေ့ရှိပေ၏။

ဘလှအုန်းသည် အင်္ဂလိပ်စာလည်းကောင်းကောင်းတတ်သူ ဖြစ်သည်။ အင်္ဂလိပ်များထံချဉ်းကပ်ကာ အင်္ဂလိပ်စစ်တပ်အတွက် ဆန်များပေးသွင်းနေသူလည်းဖြစ်လေ၏။ အင်္ဂလိပ်အရာရှိများ၏ မျက်နှာသာပေးခြင်းခံရသူဖြစ်လေသည်။ အတော်ပင်လူရည်လည်သောမြို့ကြီးသားတစ်ယောက်ဖြစ်ပါသည်။

‘ ဟင်–အဲဒီလူကြီးနဲ့မမမြကိုပေးစားမလို့ ’

‘ ဟုတ်တယ်၊ မမမြကိုကယ်ပါဦးကွယ်၊ မောင်မောင့်ကို သိပ်တွေ့ချင်တာပဲ ’

‘ အစ်ကိုကြီးကိုကျွန်တော်ပြောပြလိုက်ပါမယ်၊ မမမြ အစ်ကိုကြီးနောက်ကို တစ်ခါထဲလိုက်သွားပါလားဟင် ’

မမမြသည် မျက်ရည်များကြားမှတွေဝေသွားလေ၏။

‘ သူ့မှာတော်လှန်ရေးအတွက် တာဝန်တွေကလဲရှိသေးတယ်ကွဲ့၊ မမမြအတွက်နဲ့ သူ့ရည်ရွယ်ချက်ကို မပျက်စေချင်ပါဘူးကွယ်၊ အေးလေ.. မဖြစ်သာတော့လဲ လိုက်သင့်လိုက်ရတော့မှာပေါ့၊ ကိုဘလှအုန်းကိုတော့ မမမြဘယ်နည်းနဲ့မှမယူနိုင်ဘူး ’

‘ ကျွန်တော်အခုပဲ အစ်ကိုကြီးကိုသွားပြောလိုက်တော့မယ်မမမြ ’

♣ ♣ ♣

ညပိုင်းတွင် ကျွန်ုပ်က မမမြအားကိုဘလှအုန်းနှင့်ပေးစားရန်စီစဉ်နေသည့်အကြောင်းကို ကိုရန်မျိုးနိုင်အားတီးတိုးပြောပြလိုက်လေ၏။

‘ အလို၊ မြကလေးတော့ တော်တော်စိတ်ဆင်းရဲနေမယ် ထင်ပါ့၊ တို့နှစ်ယောက်မတွေ့ရတာလဲကြာပြီ၊ ဘဲ့နဲ့လုပ်ရပါ့ ’

‘ မမမြကိုခိုးပြေးပါလားအစ်ကိုကြီး ’

ကိုရန်မျိုးနိုင်၏မျက်နှာသည် အတွေးဖြင့်တည်သွားလေ ၏။

‘ မြကလေးနဲ့တော့ အလွဲမခံနိုင်တာဧကန်ပဲကွယ်၊ အစ်ကိုကြီးမှာ တော်လှန်ရေးအတွက်တာဝန်တွေကရှိသေးတော့ခက်တာပဲ၊ ဘာပဲဖြစ်ဖြစ် မြကလေးနဲ့တွေ့ပြီးတိုင်ပင်မှဖြစ်တော့မယ်၊ မောင်ညို မြကလေးကသူ့အိမ်မှာ ဘယ်နေရာမှာအိပ်သလဲကွဲ့ ’

‘ အစ်ကိုကြီးဘာလုပ်မလို့လဲ ’

‘ တွေ့ချင်လို့ပေါ့ကွယ်၊ တို့နှစ်ယောက်မတွေ့ရတာကြာပြီလေ၊ သူ့ကိုအပြင်ထွက်ခွင့်မပေးတော့ သူရှိရာစွန့်စားသွားရတော့မှာပေါ့ကွဲ့ ’

‘ မမမြက အိမ်ပေါ်ထပ်မှာနေတာအစ်ကိုကြီးရဲ့၊ ဘဘနဲ့ကြီးကြီးက အောက်ထပ်မှာအိပ်ကြတာ၊ အိမ်ပေါ်ထိအောင် အစ်ကိုကြီးဘယ်လိုတက်မလဲ ’

ရန်မျိုးနိုင်က ကျွန်ုပ်၏စကားကိုပြုံးလိုက်လေ၏။

‘ လူကြီးတွေနဲ့ တခြားစီနေတယ်ဆိုတော့ ပိုပြီးတောင် လွယ်တာပေါ့ကွဲ့၊ အစ်ကိုကြီးကြည့်စီစဉ်ပါဦးမယ်ကွယ်၊ ငါ့ညီကသာ မြကလေးကို ဟိုလူနဲ့ကိစ္စအချိန်ဆွဲထားဖို့ပြောပေးပါ ’

‘ အဲဒါတော့စိတ်ချအစ်ကိုကြီး၊ မမမြက ဘလှအုန်းဆိုတဲ့လူကြီးကို တစ်စက်မှကြည့်ရတာမဟုတ်ဖူး၊ ကျွန်တော့်ကိုတောင် ပြောလိုက်သေးတယ်၊ ဘလှအုန်းနဲ့အတင်းပေးစားရင် ကိုယ့်ကိုကိုယ် သတ်သေပစ်လိုက်မှာတဲ့ ’

‘ သြော်.. မြကလေးရယ် ’

♣ ♣ ♣

ကိုရန်မျိုးနိုင်သည် ထိုညက ညတွင်းချင်းပင် မမြစိမ်းတို့အိမ်အနီးသို့သွားကာ စနည်းနာခဲ့သည်ကို ကျွန်ုပ်မသိခဲ့ချေ၊ ရန်မျိုးနိုင်က ညသန်းကောင်အချိန်တွင် သူကြီးအိမ်အနီးသို့ သွားကာ အိမ်ပတ်ပတ်လည်ရှိ အနေအထားများကို သွားရောက်မှတ်သား ကြည့်ရှုခဲ့လေ၏။

နောက်တစ်နေ့နေ့လည်၌ မမြစိမ်းနှင့်တွေ့ဆုံရန် ကျွန်ုပ်နှင့်ပြောဆိုတိုင်ပင်သည့်အခါမှပင် ကျွန်ုပ်သိရလေတော့သည်။

' ညက မြကလေးတို့အိမ်အနေအထားကို အစ်ကိုကြီး သွားကြည့်ပြီးပြီမောင်ညိုရဲ့ '

' ဟင်–အစ်ကိုကြီး ဘယ်အချိန်သွားလိုက်တာလဲ '

' ညသန်းကောင်ပေါ့ကွယ်၊ မြကလေးတို့အိမ်က တစ်အိမ်ထဲခြံကျယ်ကြီးထဲမှာရှိတာဆိုတော့ ဝင်ရတာ လွယ်ပါလိမ့်မယ် '

' ဘယ်လိုဝင်မလဲအစ်ကိုကြီးရဲ့၊ မမမြက အခုဆို အပေါ်ကနေ အောက်ကိုဆင်းရတာမဟုတ်ဖူး၊ ပြီးတော့ ဘဘမှာ သေနတ်ရှိတယ်နော် '

' အစ်ကိုကြီးယောကျာ်းပါကွယ်၊ အစ်ကိုကြီးအစီအစဉ်မှာ မောင်ညိုကသာကူညီပေးပါ၊ ဖြစ်မြောက်ရမှာပေါ့ '

' ဘယ်လိုကူညီရမှာလဲအစ်ကိုကြီး '

' ခြံထဲမှာမကျီးပင်ကြီးတစ်ပင်အစ်ကိုကြီးတွေ့ခဲ့တယ်ကွဲ့၊ အိမ်ရဲ့နောက်ဖက်မှာလေ '

' ဟုတ်တယ်လေ၊ မကျီးပင်ကြီးရှိတယ် '

' မကျီးပင်ကြီးရဲ့အကိုင်းဟာ အိမ်ပေါ်ထပ်ကပြတင်းပေါက်တစ်ပေါက်နားကို ကိုင်းကျနေတာတွေ့ခဲ့တယ်၊ အိမ်ပေါ်ထပ်မှာ မြကလေးတစ်ယောက်ထဲနေတာ သေချာရဲ့မဟုတ်လား'

' သေချာပါတယ်အစ်ကိုကြီး၊ နောက်ပြီး ကိုင်းကျနေတဲ့ သစ်ပင်ကိုင်းနားကပြတင်းပေါက်ဟာ မမမြနေတဲ့အခန်းပြတင်းပေါက်အစ်ကိုကြီးရဲ့ '

' အခန့်သင့်လိုက်လေကွယ်၊ သစ်ကိုင်းကနေအတွင်းကို ဝင်ရုံပဲ '

' ဟင်– ခြံဝင်းထဲရောက်အောင် အစ်ကိုကြီးဘယ်လိုသွားမှာလဲ '

' ယောကျာ်းပါဆိုမှကွယ်၊ မောင်ညိုကသာကူညီပေး '

' ဒါဆိုပြောပါတော့၊ ကျွန်တော်ဘာလုပ်ပေးရမလဲ '

' ဒီကနေ့ညနေ မမြစိမ်းတို့အိမ်ကိုသွားရင် မင်း့ကျောင်း ကိုပြန်မလာနဲ့ကွယ် '

' ဟင် '

' မမြစိမ်းတို့အိမ်ကနေ ပြန်ချင်ယောင်ဆောင်ပြီး မမြစိမ်း အခန်းထဲမှာမင်းပုန်းနေလိုက် '

' ပြန်ချင်ယောင်ဆောင်တာကလွယ်ပါတယ်၊ နောက်ဖေးက အစ်မတို့အိမ်သွားသလိုလိုနဲ့ လူကြီးတွေမျက်စိလှည့်ပြီးနေလိုက်ရင် ကျွန်တော်ပြန်မပြန် သူတို့မသိနိုင်တော့ပါဘူး၊ ဒါပေမယ့် အစ်ကိုကြီး၊ ညပိုင်း ဘုရားဝတ်တက်တော့ ကျွန်တော် ကျောင်းမှာမရှိတာ ဘဘုန်းနဲ့ကပ္ပိယကြီးကသိသွားမှာပေါ့ '

' ဒါအစ်ကိုကြီးတာဝန်ထားပါ၊ မင်းကိုကိစ္စတစ်ခုနဲ့တစ်နေရာလွှတ်လိုက်တယ်လို့ ကပ္ပိယကြီးကိုကြိုပြောထားပေးမယ်၊ အစ်ကိုကြီးခိုင်းတာဆိုရင် ကပ္ပိယကြီးက မောင်ညို့ကိုမဆူပါဘူး '

' ကျွန်တော်က မမမြအခန်းထဲမှာပုန်းနေပြီး ဘာလုပ်ရမှာလဲအစ်ကိုကြီး '

' အစ်ကိုကြီးလာလို့ရတဲ့အချိန်ကျရင် အချက်ပြပေါ့ကွဲ့၊ မြကလေးကိုလဲ အစ်ကိုကြီးလာမယ့်အကြောင်းကြိုပြောထား '

ကျွန်ုပ်မှာ ကိုရန်မျိုးနိုင်၏အစီအစဉ်ကြောင့် ရင်များပင် လှိုက်ဖိုလာလေ၏။

' အစ်ကိုကြီးလာလို့ရမယ့်အချိန်ဆိုရင် ညသန်းကောင် လူခြေတိတ်ချိန်ထိစောင့်ရမှာပေါ့၊ အစ်ကိုကြီးက မကျီးပင်ပေါ်ကနေခုန်ကူးလာမှာလား၊ ဖြစ်ပါ့မလားအစ်ကိုကြီး '

' ဘာလို့မဖြစ်ရမှာလဲကွယ်၊ ဒါအသေးအဖွဲပါ '

' ကျွန်တော်ကအစ်ကိုကြီးကို ဘယ်လိုအချက်ပြရမှာလဲ'

' အစ်ကိုကြီးအိမ်နောက်ဖေးခြံစပ်ကို ရောက်နေနှင့်မယ်၊ မောင်ညိုအသံပြုလိုက်တာနဲ့ ခြံစည်းရိုးကိုကျော်ဝင်ခဲ့မယ်၊ ဘယ်လိုအချက်ပြရမလဲဆိုတော့ .. '

ကိုရန်မျိုးနိုင်က ခေတ္တစဉ်းစားနေလေသည်။

' ရွှေပြည်စိုးငှက်ကလေးအော်သလိုအော်လိုက်ပေါ့ကွဲ့၊ မြကလေးရဲ့သီချင်းထဲကအတိုင်းလေ၊ ရွှေပြည်စိုးငှက်အော်သံမျိုး အော်တတ်တယ်မဟုတ်လား '

' ရွှေပြည်စိုး.. ရွှေပြည်စိုး.. ရွှေပြည်စိုး.. '

ကျွန်ုပ်ကလက်တွေ့အော်ပြလိုက်လေ၏။

' မောင်ညိုကသိပ်တော်တာပဲဟေ့၊ တကယ့်ရွှေပြည်စိုးငှက်ကလေးအော်တဲ့အတိုင်းပဲ '

♣♣♣♣♣♣♣♣♣

*အချစ်ကိုယုံစားခုန့်ကြဖွယ် × × မြင်းမိုရ်ရွှေတောင်လုံး × ×*
*တုံးလောက်ထင်တယ် × × မိုးစွန်ထက်ဖျားသိကြားထံ × ×*
*ကြယ်ပျံကိုလိုသေး မောင်ယူပေးမယ် × ×*
*ချစ်တာသူ့ကပခေနပဲတဲ့ ရာသက်တိုင်ရှယ် မခွာရက်နိုင် တယ် × ×*
*အိုဘယ့် မမုန်းနိုင် မမုန်းနိုင် × × ×*
*ကပ်လုံးဆုံးတိုင်တိုင် × × အုံးလှိုင်ကြွေသဉ္စာလယ် × ×*
*အချစ်ပင်လယ်ကြောအတူ × × နှစ်သွယ်မျှော်မူ × ×*
*ဆယ်သောသူမုန်းလိမ့်မယ် × × × ×*

ညနေပိုင်း၌ မမြတို့အိမ်သို့ကျွန်ုပ်သွားရောက်ရာ အိမ်အောက်ထပ်တွင် သူကြီးနှင့်ထိုင်စကားပြောနေသော ဘလှအုန်းကိုတွေ့လိုက်ရလေ၏။

ဘလှအုန်းသည် မြန်မာလူငယ်များထားလေ့ရှိသောဆံပင်ရှည်ရောင်ထုံးနှင့်မဟုတ်ချေ။ အင်္ဂလိပ်လူမျိုးများကိုအားကျကာ ဘိုကေတိုတိုညှပ်ထားလေသည်။ ဆံပင်ကိုလဲ အုန်းဆီမဟုတ်သော အင်္ဂလိပ်ခေါင်းလိမ်းဆီများလိမ်းထားရာ ပြောင်ချောနေလေ၏။ အင်္ဂလိပ်ခေါင်းလိမ်းဆီအနံ့စူးစူးကြီးကို အဝေးကပင်ရနေလေ၏။

သူသည် အင်္ဂလိပ်လူမျိုးကို တော်တော်အထင်ကြီးပုံရသည်။ ပုဆိုးဝတ်ထားသော်လည်း ပုဆိုးပေါ်တွင် အင်္ဂလိပ်များကဲ့သို့ ခါးပတ်ကြီးပတ်ထားလေ၏။ ခြေ၌လဲခြေညှပ်ဖိနပ်မစီးပဲ ကျွန်ုပ်တို့ အရပ်သားများက "ဘိုးဖိနပ်"–ဟုခေါ်သော ဘွတ်ဖိနပ်ကိုစီးထားလေသည်။ ခါး၌လဲသေနတ်တစ်လက်ကိုလူမြင်အောင် ချိတ်ထားလေ၏။ သူကား အင်္ဂလိပ်စစ်တပ်ကိုရိက္ခာပေးသွင်းနေသူတစ်ယောက်မို့ သေနတ်ကိုင်ဆောင်ခွင့်ရရှိနေခြင်းဖြစ်လေသည်။

ကျွန်ုပ်အိမ်ထဲဝင်သွားချိန်တွင် ဘလှအုန်းသည် ကုလားထိုင်တွင်ခြေချိတ်ထိုင်ကာ စီးကရက်ဟုခေါ်သော ဘိုများသောက်သည့်ဆေးလိပ်ဖြူဖြူသေးသေးလေးကိုခဲလျှက်ရှိလေ၏။ သူကြီးနှင့်စကားလက်ဆုံကျနေခြင်းဖြစ်လေသည်။

ကျွန်ုပ်သည် အိမ်ပေါ်သို့တန်းတက်မသွားသေးပဲ သူတို့နှင့်မလှမ်းမကမ်းတွင် ယောင်လည်လည်နှင့် ရပ်နေလိုက်လေ၏။ သူတို့အမြင်တွင် ကျွန်ုပ်မှာကလေးတစ်ယောက်မို့ ပြောလက်စစကားကို အမျှင်မပြတ်ဆက်၍ပြောနေလေသည်။

ကျွန်ုပ်နားထောင်ကြည့်သည့်အခါ မမြစိမ်းနှင့်ဘလှအုန်းတို့၏ မင်္ဂလာကိစ္စကို တိုင်ပင်နေခြင်းဖြစ်ကြောင်း သိလိုက်ရလေသည်။

‘ စပါးပေါ်ချိန်ကျရင်တော့ မင်္ဂလာဆောင်လိုက်ချင်ပါပြီ သူကြီး၊ ကျွန်တော်နဲ့မမြစိမ်းမင်္ဂလာဆောင်ကို ဒီနယ်တရိုးမှာ သူများနဲ့မတူအောင် ခြိမ့်ခြိမ့်သဲသဲကြီးလုပ်မယ်ဗျို့၊ ဆင်းရဲသား၊ လယ်ကူလီ၊တံငါသည် မကျန်ဖိတ်ပြီး ထမင်းရေချောင်းစီး ကျွေးပစ်လိုက်မယ် သူကြီးရေ ’

ဘလှအုန်းစကားကြောင့် သူကြီးမျက်နှာမှာ ပြုံးဖြီးဖြီးကြီး ဖြစ်နေလေသည်။

ကျွန်ုပ်ကား ဘလှအုန်းကိုမုန်းတီးစွာကြည့်လိုက်မိလေသည်။ ခေတ်ဆန်အောင်ဝတ်စားထားသော်လည်း သူ၏မည်းနက်ပြောင်ချောသောအသားအရည်နှင့် အဝတ်အစားများကား မလိုက်ဖက်ပါပေ။ မျက်နှာကြီးကလဲ ကျောက်ပေါက်မာထူလဗျစ်နှင့် အဆီတဝင်းဝင်းတောက်နေရာ ကျွန်ုပ်၏အစ်ကိုကြီးရန်မျိုးနိုင်၏ယောကျာ်းပီသခန့်ချောပုံနှင့်ကား တစ်ခြားစီပင်ဖြစ်လေတော့၏။

‘ ကျုပ်သမီးလေး မောင်နဲ့စုံဖက်ရမှာဖြင့် အခန့်သင့်လိုက်လေကွယ်၊ သမီးတစ်ကောင်နွားတစ်ထောင် ဆိုသလို ကျုပ်မှာ ဒီသမီးတစ်ယောက်အတွက်ပူပန်နေရတာကလား၊ ကြားထဲ သူပုန်သူကန်လိုလိုကောင်နဲ့ ဘာလိုလိုရှိလို့စိုးရိမ်လိုက်ရသေးတာကလား၊ ခုတော့ သူ့အတွက်စိတ်အေးရပါပြီလေ ’

‘ ရန်မျိုးနိုင်ဆိုတဲ့ကောင်လား၊ ကြည့်ရတာ မိုက်ကန်းကန်းဘဝင်မြင့်မြင့်ကောင်မျိုးထင်ပါရဲ့၊ မြို့မှာ နေဖူးတာနဲ့ တောက ကာလသားတွေကြားထဲလာပြီး ဟန်လုပ်နေထင်ပါရဲ့ သူကြီးရယ် ’

‘ သူက ရွာကကလေးတွေကို ကိုယ်ခံပညာတွေသင်ပေးဆိုပဲ၊ ကျုပ်လဲဘုန်းကြီးရှိနေတာနဲ့ မပြောသာလို့ကြည့်နေရတယ် ’

‘ ဒါများ ဘာခက်လို့လဲသူကြီးရယ်၊ အင်္ဂလိပ်တပ်ကို အကြောင်းကြားလိုက်ပေါ့၊ တပ်က လာဖမ်း

ပါလိမ့်မယ် ’

‘ အင်္ဂလိပ်အစိုးရကစနည်းနာခိုင်းလို့ ကျုပ်စုံစမ်းပြီးပါပြီ၊ မောင်ပြောသလို ဟန်သာများနေတာ၊ အဖြစ်ရှိတာမဟုတ်လို့ ကျုပ် လဲအေးအေးကြည့်နေလိုက်တာပါ ’

‘အစိုးရကိုတော့ ဒီကောင့်သတင်းပေးမှဖြစ်မယ်သူကြီးရဲ့ ’

‘ ပေးမှာပါ၊ ဒီလကုန် ကျုပ် မြို့ရုံးတက်တဲ့အခါ အစီရင်ခံပါ့မယ် ’

‘ ကျွန်တော်နဲ့မမြစိမ်းကိစ္စကိုများ နောက်ယှက်နေဦးမလား မသိဘူး၊ ရှုပ်ပါတယ်လေ၊ တပ်ကဗိုလ်မှူးကို ပြောပြီး ဒီကောင့်ကို ဖမ်းချုပ်ထားတာအေးပါတယ် ’

‘ ဒါဆိုလဲလုပ်လေကွယ်၊ မောင်ကအင်္ဂလိပ်ဗိုလ်တွေနဲ့ ပုလဲနံပသင့်တဲ့သူဆိုတော့ ပြောလိုက်ရုံနဲ့ဖြစ်ပါတယ် ’

ကျွန်ုပ်သည် ကိုရန်မျိုးနိုင်ကိုဖမ်းချုပ်မည်ဆို၍ စိုးရိမ်ပူပန်သွားလေသည်။ ထိုသတင်းကိုချက်ချင်းပင် ပြေးပြောလိုက်ချင်၏။

ကိုရန်မျိုးနိုင်မမမြကိုတိတ်တဆိတ်လာတွေ့မည်မှာ ယခုညပင်ဖြစ်လေသည်။ မမမြကိုတပါထဲခိုးသွားဖို့ တိုက်တွန်းဖို့လိုက တိုက်တွန်းရပေတော့မည်။

ကျွန်ုပ်သည် မယောင်မလည်နှင့် အပေါ်ထပ်သို့တက်ခဲ့လေတော့၏။

အပေါ်ထပ်တွင် မမမြအား ပြတင်းပေါက်ဘေး၌ထိုင်၍ ငေးနေသည်ကိုတွေ့ရလေသည်။ ကျွန်ုပ်အနားသို့ရောက်လာသည်ကိုပင် မမမြကမမြင်ပေ။ မမမြသည် မြစ်ထဲမှရွက်လှေများကို ပြတင်းပေါက် ဘေးထိုင်ရင်း ငေးကြည့်နေဟန်ရှိပေသည်။ သို့သော် မမမြ၏မြင်ကွင်းတွင် မြစ်ရှုခင်းသည်ပေါ်ထင်နေမည်မဟုတ်သည်ကို ကျွန်ုပ်သိနေပေ၏။ မမမြသည် စိတ်ပျက်အားငယ်စွာ ငေးမိငေးရာ ငေးမောနေခြင်းသာဖြစ်တော့၏။

‘ မမမြ ’

ကျွန်ုပ်အသံပြုလိုက်မှပင် မမမြကဆတ်ကနဲလှည့်ကြည့် လိုက်လေ၏။

‘ အညို၊ လန့်သွားတာပဲကွယ် ’

‘ မမမြဘာတွေတွေးနေတာလဲဟင် ’

‘ ဒီလိုပဲပေါ့ကွယ် ’

‘ ကျွန်တော်သိပါတယ်၊ ဘလှအုန်းကြီးရောက်နေလို့မမမြ စိတ်ညစ်နေတာမဟုတ်လား ’

‘ ပြောစရာလိုသေးသလားအညိုရယ်၊ မမမြဒီလူကြီးကို သိပ်ရွံတာပဲကွယ် ’

‘ အင်းလေ၊ ရုပ်ကြီးကရွံစရာကြီးပဲ၊ ခုလဲ မမမြနဲ့လက်ထပ်မယ့်အကြောင်းတွေ ဘဘနဲ့ပြောနေကြတယ် ’

‘ ဘာ– အညိုကြားခဲ့တယ်ပေါ့ ’

‘ ကျွန်တော်က တမင်နားထောင်နေတာ၊ ကျွန်တော် အောက်ထပ်မှာရောက်နေတာကြာလှပြီ ’

‘ ဒီမျက်နှာရှုံးကြီးနဲ့တော့ ခက်ပါတယ်ကွယ်၊ မောင်မောင်နဲ့လဲမတွေ့ရဘူး၊ ဘဲနဲ့ကြုံရပါ့မလဲ အညိုရယ် ’

ကျွန်ုပ်က မမမြအနီးသိုကပ်ထိုင်လိုက်ကာ တိုးတိုးလေး ပြောလိုက်သည်။

‘ ဘာမှစိတ်မပူနဲ့မမမြ၊ ညကျရင် မမမြဆီကို အစ်ကိုကြီး လာလိမ့်မယ် ’

‘ ဘာ ’

ကျွန်ုပ်က ကျွန်ုပ်နှင့်ကိုရန်မျိုးနိုင်တို့စီစဥ်ထားသောအစီအစဥ်ကိုပြောပြလိုက်သည်။

‘ ဖြစ်ပါ့မလားကွယ်၊ မမမြကြောက်တယ်၊ အဘများသိ သွားရင်သတ်မှာကွဲ့ ’

‘ ဘဘသတ်မှာကြောက်ရင် အစ်ကိုကြီးနောက်ကိုတစ်ခါထဲလိုက်သွားပေါ့ဗျ ’

‘ အို ’

ကျွန်ုပ်မှာ စီစဥ်ထားသောအစီအစဥ်အတွက် စိတ်ပူပန်ခြင်း မဖြစ်မိပဲ စိတ်လက်ပေါ့ပါးနေပေသည်။ အစ်ကိုကြီးရန်မျိုးနိုင် ၏အစွမ်းအစကိုယုံကြည်သည့်အတွက်လည်း ဖြစ်လေသည်။

‘ လာပါမမမြ၊ စိတ်ညစ်မနေပါနဲ့၊ ပတ္တလားလေးတီးလိုက်ပါဦး၊ မမမြက္ကန္ဒြေမပျက်နေမှ ဘဘတို့ကသံသယမဝင်မှာပေါ့၊ ကျွန်တော့်ကိုတောင် အစ်ကိုကြီးကိုအထင်မကြီးဘူးလို့ပြောထားလို့ ဘဘကယုံနေတာ ’

‘ ဆိုရတီးရမှာတောင်စိတ်မပါတော့ပါဘူးအညိုရယ် ’

‘ လာပါမမမြရယ်၊ က္ကန္ဒြေမပျက်တီးလိုက်စမ်းပါ၊ ရွှေပြည်စိုးသီချင်းလေးကိုတီးပါလား၊

ကျွန်တော်ကဆိုမယ်လေ ’

မမမြက စိတ်မပါ့တပါထလာကာ ပတ္တလားကိုလက်သံ စမ်းလိုက်သည်။

ရွှေပြည်စိုးသီချင်းလေး၏အတောပိုဒ်လေးကိုတီး၍ စတင်လိုက်သည်နှင့် ကျွန်ပ်ကသီချင်းကို စိတ်ပါစွာ သီဆိုလိုက်လေသည်။

*‘ရွှေပြည်စိုး× × ရွှေပြည်စိုး × × × ရွှေပြည်စိုးတဲ့ လွမ်း.. ပို.. အောင်.. ပင်.. × × ”*

♣ ♣ ♣

ကျွန်ပ်သည် ထိုတစ်ညနေလုံး အပေါ်တက်လိုက်အောက်ဆင်းလိုက်ဖြင့် ယောက်ယက်ခတ်အောင်နေပြလိုက်သည်။ အိမ်နောက်ဖက်မှ မိခင်ဖခင်များနေသောတဲကလေးဆီသွားလိုက်၊ အိမ်မကြီးဆီပြန်လာလိုက်၊ အပေါ်ထပ်တက်လိုက်ဖြင့် လူကြီးများ မျက်စိရှုပ်အောင်နေပြလိုက်လေသည်။

ထိုသို့နေပြခြင်းအားဖြင့် သူတို့မျက်စိရှေ့မှကျွန်ပ်ပျောက်သွားသည့်အခါ ကျောင်းသို့ပြန်သွားပြီဟု ထင်ကြပေလိမ့်မည်။

ကျောင်းသို့ပြန်ဖြစ်တော့မည်မဟုတ်၍ အမေချက်ထားသည့် ထမင်းဟင်းကိုပင် ငပိရည်လေးကြိုက်လို့ဟု အကြောင်းပြကာ အိမ်မှာစားလိုက်ရလေ၏။

ကျွန်ပ်သည်မှောင်ရီပျိုးသည်နှင့် မမမြအခန်းထဲသို့ဝင်ပုန်းနေလိုက်တော့သည်။

♣ ♣ ♣

လူကြီးများအိပ် လူခြေတိတ်ချိန်ကိုစောင့်ရသည်မှာ ပင်ပန်းလှပါဘိ၊ အသက်ကြီးရင့်သူများသည် တော်တော်နှင့်မအိပ်နိုင်ကြ ပါတကား။

သူကြီးနှင့်သူကြီးကတော်ကြီးသည် ရေနွေးချမ်းတစ်အိုးပြီးတစ်အိုးသောက်ရင်း စကားတွေပြောနေကြသေးသည်။ အတော်ကြီး ညဉ့်နက်တော့ လင်မယားနှစ်ယောက်စလုံးဘုရားရှိခိုးကြသည်မှာ တစ်အိမ်လုံးဆူညံသွားလေ၏။ ပြီးတော့ ပါးစပ်မှအသံထွက်ရွတ်ကာ ပုတီးစိတ်နေကြပြန်လေသည်။

ကျွန်ပ်မှာအသက်ပြင်းပြင်းပင်မရှူဝံ့ပဲ မမမြအခန်းထဲအောင်းနေရသည်မှာ ခြင်များကလည်းကိုက်သေးသည်မို့ စိတ်မရှည်ချင်တော့ပေ။ အပြင်ထွက်ချင်စိတ်ကိုမနည်းမြိုသိပ်ထားရလေ၏။

မြစ်ဆိပ်နှင့်နီးသောနေရာမို့ ဟထားသောပြတင်းပေါက်မှ လေများတဟူးဟူးဝင်နေရာ အအိုက်သက်သာနေလို့ တော်ပေသေးသည်။ အခန်းထဲမှာနှစ်ယောက်ထဲရှိပါရက် တစ်ယောက်နှင့်တစ်ယောက် စကားမပြောပဲမြိုသိပ်ထားရသည်မှာလဲ ဒုက္ခတစ်မျိုးပင်။

သည်လိုနှင့်.. ကမ္ဘာချဉ်းအောင်ကြာသည်ဟုထင်မှတ်ရသည်ထိစောင့်ဆိုင်းခဲ့ရာ ညသန်းကောင်ကျော်လို့ သန်းကောင်ကြက်တွန်မှပင် အောက်ထပ်မှလူကြီးများအိပ်ပျော်သွားပြီး တခေါခေါဟောက်သံကို ကြားရလေတော့သည်။

ကျွန်ပ်သည် ပုန်းနေရာမှထွက်လာကာ ပြတင်းပေါက်မှ ခေါင်းပြူကြည့်လိုက်၏။ ဒုတ္တဝတီမြစ်ရေပြင်ကိုတလက်လက် မြင်တွေ့နေရသော်လည်း အိမ်နောက်ဖက်မြင်ကွင်းကား မှောင်မဲ၍နေလေသည်။

သို့သော် အမှောင်ထုထဲကလူကမူ မီးအိမ်ထွန်းထားသော မမမြ၏အခန်းကိုမြင်ရပုံရသည်။ ခြံစည်းရိုးအပြင်ဖက်မှ ဆေးလိပ်ဖွာပြလိုက်၍ မီးရောင်လက်သွားပုံ၊ ဆေးလိပ်မီးပွားများကျသွားပုံကိုမြင်လိုက်ရလေသည်။ ထိုအချက်ပြပုံကား ကိုရန်မျိုးနိုင်ပင်ဖြစ်ပေတော့၏။

ကျွန်ပ်ကလည်း မဆိုင်းမတွပင် ရွှေပြည်စိုးငှက်တွန်သံဖြင့် အော်လိုက်လေသည်။

‘ ရွှေပြည်စိုး .. ရွှေပြည်စိုး .. ’

ကျွန်ပ်နှင့်မမမြသည် ပြတင်းဝမှမျှော်ကြည့်နေကြလေ၏၊

ကိုရန်မျိုးနိုင် မည်သည့်နေရာမှပေါ်လာမည်ကိုစောင့်ကြည့် နေကြခြင်းဖြစ်၏။

မကြာပါ၊ မကျီးပင်၏မြင့်မားသောကိုင်းပေါ်တွင်ပေါ့ပါးစွာ ကူး၍လာသော အရိပ်မည်းမည်းတစ်ခုကို တွေ့လိုက်ရလေ၏။

ကြိုး၍သာသိမထားပါက နာနာဘာဝတစ္ဆေသရဲတကောင်ဟုထင်ရလောက်ပါသည်။ အရိပ်မည်းကြီးသည် မကျီးပင်၏ကိုင်းဖျားကိုခို၍လွဲလိုက်ကာ ပြတင်းပေါက်တည့်တည့်သို့ အရှိန်ဖြင့်ခုန်ဝင်လိုက်လေ၏။ ကျွန်ပ်နှင့်မမမြက အလျင်အမြန်ဖယ်ပေးလိုက်ရာ ကိုရန်မျိုးနိုင်သည် အခန်းတွင်းကြမ်းပြင်ပေါ်သို့ ပေါ့ပါးစွာကျရောက်သွားလေသတည်း။

ကိုရန်မျိုးနိုင်သည် ခါးတောင်းကိုမြှောင်အောင်ကျိုက်ထားကာ အင်္ကျီကိုယ်ချွတ်နှင့်ဖြစ်လေသည်။ ဖုထစ်နေသောဖလကြီးနှင့် ကြွက်သားအမြှောင်းကြီးများက မီးရောင်အောက်တွင်ထင်းနေလေ၏။

'မောင်မောင်'

မမြကြ ကြမ်းပြင်ပေါ်မှကိုရန်မျိုးနိုင်ကိုထူပေးရင်း တီးတိုး နှုတ်ဆက်လိုက်သည်။

'မြကလေး'

ချစ်သူနှစ်ယောက်အလွမ်းသယ်နိုင်ရန်အတွက် ကျွန်ုပ် အလိုက်သိဖို့လိုပေသည်။

'ကျွန်တော်အခန်းအပြင်ကလူရိပ်လူခြေကြည့်ပြီး စောင့်နေမယ်နော်'

ကျွန်ုပ်သည် မမြစိမ်း၏အခန်းအပြင်ဖက်သို့ ထွက်ခဲ့လေတော့သည်။

ပတ္တလားဘေးတွင်လဲလျောင်းရင်းအနားယူလိုက်ရာ တစ်ညနေလုံးစိတ်မောလူမောဖြစ်နေသော ကျွန်ုပ်သည် အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားလေတော့သတည်း။

♣ ♣ ♣

'မောင်ညို– ထ–ထ'

ကိုရန်မျိုးနိုင်က လှုပ်နှိုးလိုက်မှပင် ကျွန်ုပ်လန့်နိုးလာတော့၏။

'ဟင်–ဘယ်အချိန်ရှိပြီလဲ'

'ရောင်နီပျို့တော့မယ်၊ ပြန်ကြစို့မောင်ညို'

ထိုအခါမှပင် ကျွန်ုပ်တို့ပြန်ရမည့်ခရီးစဉ်ကို ကျွန်ုပ်စိုးရိမ်မိပေတော့သည်။ အောက်ထပ်သို့ဆင်း၍ တခါးဖွင့်ထွက်ရန်မဖြစ်နိုင်ပါ။ ကိုရန်မျိုးနိုင်က မကျီးပင်ကိုင်းမှတစ်ဆင့်ပြန်နိုင်သော်လဲ ကျွန်ုပ် ပြန်ရန်အတွက်မူခက်ချေပြီ။

'ထလေကွဲ့မောင်ညို'

'ကျွန်တော်အောက်ဆင်းရင် လူကြီးတွေနိုးသွားလိမ့်မယ်'

'အောက်ဆင်းစရာမလိုပါဘူးကွဲ့၊ အစ်ကိုကြီးမင်းကို ခေါ်သွားမှာပေါ့'

'ဟင်– ဘယ်လို'

'စကားမများနဲ့တော့ကွယ်၊ အစ်ကိုကြီးကျောပေါ်တက်ပြီး အစ်ကိုကြီးလည်ပင်းကိုသိုင်းဖက်ထား၊ အစ်ကိုကြီး မင်းကို ကုန်းပိုး ပြီးခေါ်သွားမယ်'

ကျွန်ုပ်လည်း သူပြောသည့်အတိုင်း သူ၏နောက်ကျောဖက်မှတွယ်တက်လိုက်လေသည်။

'မြမြဖက်ထားကွဲ့နော်'

'မောင်မောင် သတိထားပါ၊ အညိုအောက်ကိုငုံ့မကြည့်နဲ့နော်၊ မြမြကိုင်ထားဦး'

မမြကြ နှစ်ယောက်စလုံးကိုစိုးရိမ်စွာသတိပေးနေလေ၏၊

ကိုရန်မျိုးနိုင်သည် ပြတင်းပေါက်ဘောင်ပေါ်တွင်တက်ရပ်လိုက်ကာ အားယူ၍မကျီးကိုင်းဆီသို့ လွှဲခုန်ကူးလိုက်လေသည်။

မမြကြ မကြည့်ပါနှင့်ဟုမှာထားသော်လဲ ကျွန်ုပ်သည် ကိုရန်မျိုးနိုင်ကျောပေါ်ရောက်သွားသည်နှင့် ယုံကြည်စိတ်ဖြင့် အကြောက်ပြေသွားကာ မျက်စိကိုမှိတ်မထားတော့ချေ။

မကျီးကိုင်းဆီသို့လွှဲခုန်အကူး လေထဲတွင် အသည်းအေးကနဲခံစားလိုက်ရလေသည်။ ကိုရန်မျိုးနိုင်သည် မကျီးကိုင်းအစွန်းကိုဖမ်းဆုပ်လိုက်မိကာ သစ်ကိုင်းသည် အိကနဲနိမ့်ကျသွားလေ၏။

မကျီးတစ်ညိုလူတစ်ခိုဆိုသည့်ဆိုရိုးစကားအတိုင်း မကျီးပင်ကိုင်းမှာမကြီးလှသော်လည်း ကျိုးမသွားခဲ့ချေ။

ကိုရန်မျိုးနိုင်သည် ကျောပေါ်၌ လူတစ်ယောက်ပါသည်လို့မှအမှတ်ထားရဲ့လားမသိ။ ပေါ့ပါးလျင်မြန်စွာပင် တစ်ကိုင်းမှတစ်ကိုင်းခုန်ကူးသွားလေသည်။

မကြာမီ ကျွန်ုပ်တို့သည် မြေပြင်ပေါ်သို့ရောက်ရှိသွားလေ၏။

မြေပြင်ပေါ်ရောက်သည်နှင့်မပြီးသေး၊ ကျွန်ုပ်တို့သည် သူကြီးအိမ်ဝင်းထဲ၌ပင်ရှိသေးသည် မဟုတ်ပါလော။

ကိုရန်မျိုးနိုင်က ကျွန်ုပ်အား သူ့ကျောပေါ်မှမဆင်းစေတော့ပဲ.. ခြံစည်းရိုးကိုခုန်၍ကူးလိုက်လေသည်။

ကျွန်ုပ်သည် ကြောင်တစ်ကောင်၏ကိုယ်ပေါ် ခွစီးလိုက်ရသည့်နှယ် လေထဲ၌ပျံဝဲသွားကာ ခြံစည်းရိုးတစ်ဖက်မြေပြင်ပေါ်သို့ ညင်သာစွာကျရောက်သွားလေသတည်း။

ကျွန်ုပ်သည် ကိုရန်မျိုးနိုင်ကိုယုံကြည်မှုကြောင့် မကြောက်ရွံ့မိပါသော်လည်း အန္တရာယ်ကင်းရာ နယ်မြေသို့ လုံးလုံးရောက်ပါမှပင် သက်ပြင်းကိုချနိုင်လေတော့သည်။

ကျွန်ုပ်သည် မြေပြင်ပေါ်သို့ခြေပစ်လက်ပစ်ထိုင်ချလိုက်လေတော့၏။

ကိုရန်မျိုးနိုင်က ပုဆိုးခါးတောင်းကျိုက်ကိုဖြေချလိုက်၏။ ခြုံပုတ်တစ်ခုထဲတွင်ဝှက်ထားခဲ့သော အင်္ကျီကို ယူဝတ်လေသည်။

ကျွန်ုပ်သည် ကိုရန်မျိုးနိုင်လှုပ်ရှားသမျှကိုမျက်တောင်မခတ် လိုက်ကြည့်နေမိလေ၏။

ကျွန်ုပ်၏ရင်တွင်း၌ကား ကိုရန်မျိုးနိုင်ကိုအထင်ကြီးလေးစားသောစိတ်များသည် ယခင်ကထက် ဆထက်တံပိုးတိုး၍နေလေတော့သည်။ ဤသူကား ကျွန်ုပ်၏သူရဲကောင်း၊ ကျွန်ုပ်အတွက် စံပြပုဂ္ဂိုလ်တစ်ယောက်ပင်ဖြစ်ပေတော့သတည်း။

♣♣♣♣♣♣♣♣♣

*အာလိန်ငါးဆင့် နဂါးနှင့်ဂဠုန်အရံ × × × ကုမ္ဘာန်ယက္ခ စတုမဟာရာဇာ× ×*
*မခံနိုင်ငြားမှသိကြားထွက်တဲ့အခါ× ×*
*တွက်ရေးသိန်းခြောက်သောင်း ရှစ်ထောင့်ယူဇနာ × × ×*
*ဝရဇိန်လွှတ်ကာ မြင်းမိုရ်ကိုပင် သူခွင်းချင်*
*ထွင်းလို့ဖောက်နိုင်တာ × × ×*
*နတ်မြင်းတစ်ထောင်ကတဲ့ ရထားဝေဇယန္တာ × × ×*
*ရန်ဘန်မာန်တင်းနာဂ ဆင်တော်သုမိတ္တာ × × ×*
*ရဲတံခွန်လွှား ၃၃ပါးသိကြားငယ်ပါ × × × နေလနတ်သား လေးပါးစစ်အင်္ဂါ× ×*
*ပင်လုံးကျွတ် သခွတ်ပွင့်ချိန်မှာ× ×*

ကျွန်ုပ်သည်နောက်တစ်နေ့မနက်၌ သူကြီးနှင့်ဘလုအုန်းတို့တိုင်ပင်နေကြသည့်စကားများကို ကိုရန်မျိုးနိုင်အားပြန်ပြောပြလိုက်လေသည်။

' သူတို့က အစ်ကိုကြီးကို ဖမ်းချုပ်ကြမယ်လို့ပြောတယ်၊ အင်္ဂလိပ်စစ်တပ်ကိုခေါ်လာပြီး အစ်ကိုကြီးကိုဝိုင်းဖမ်းမယ်တဲ့ '

ရန်မျိုးနိုင်က လှောင်ပြုံးပြုံးလိုက်လေ၏။

' စမ်းကြည့်ကြသေးတာပေါ့ကွယ် '

' ပြီးတော့ ဘလုအုန်းကြီးက မမမြနဲ့အကြီးအကျယ် မင်္ဂလာဆောင်မှာတဲ့၊ ပြောနေသေးတယ် အစ်ကိုကြီး '

' ကိုယ်က သူတို့ထက်လက်ဦးမှုရအောင်ယူရမှာပေါ့မောင်ညိုရယ် '

' လက်ဦးမှုရအောင်ယူမယ်ဆိုတာ ဘယ်လိုမျိုးလဲအစ်ကိုကြီး '

' မြကလေးကို ခိုးပြေးရမှာပေါ့ကွဲ့ '

' ဟာ–ကောင်းတယ်အစ်ကိုကြီး၊ အဲဒါမှ ဘလုအုန်းကြီး ကျန်ရစ်ဖြစ်ကျန်ခဲ့မှာ၊ အားရလိုက်တာ အစ်ကိုကြီးရယ် '

' အင်း–တိုင်းရေးပြည်ရေးထက် အခြေအနေအရ ကိုယ်ရေးကိုယ်တာကိုဦးစားပေးရတော့မှာပေါ့ကွယ်၊ အစ်ကိုကြီးက တော်လှန်ရေးမအောင်မြင်မချင်း အိမ်ထောင်မပြုသေးဘူးလို့စိတ်ကူးထားတာကွဲ့၊ ၎မ်ထောင်သံယောဇဉ်နဲ့ နိုင်ငံရေးကိုစိတ်ရှိတိုင်းမလုပ်နိုင်မှာစိုးလို့ပဲ၊ အေးလေ.. ဖြစ်လာတော့လဲ ဘာတတ်နိုင်တော့မှာလဲကွယ် '

' မမမြကရော၊ အစ်ကိုကြီးနောက်ကိုလိုက်မယ်လို့ပြောသလားဟင် '

' လိုက်မယ်တဲ့၊ အစ်ကိုကြီးကလဲ မြကလေးကိုဘလုအုန်းဆိုတဲ့လူလက်ထဲ အပါမခံနိုင်ဘူးကွယ်၊ လူကောင်းသူကောင်းဆိုရင်ဖြင့် အစ်ကိုကြီးရင်အကွဲခံပြီးစွန့်လွှတ်ရပါသေးရဲ့၊ ဘလုအုန်းအကြောင်းကို အစ်ကိုကြီးစုံစမ်းပြီးပြီ၊ စပါးပွဲစားလုပ်ပြီး ရွာတကာလှည့် ငွေနဲ့ဖျားယောင်းပြီး မိန်းကလေးတွေကို ဖျက်ဆီးနေတဲ့ လူတစ်ယောက်ကွဲ့၊ ပြီးတော့ သူဟာ အင်္ဂလိပ်အလိုတော်ရိတစ်ယောက်ပဲ '

'အလိုတော်ရှိဆိုတာဘာလဲအစ်ကိုကြီး '

'ကိုယ်ယုံကြည်အားထားတဲ့သူရဲ့အကျိုးစီးပွားကို လိုလားတဲ့သူပေါ့ကွယ်၊ ဘလှအုန်းက အင်္ဂလိပ်ကို သိပ်အထင်ကြီးပြီး ကိုးကွယ်နေတဲ့သူတစ်ယောက်ပဲကွဲ့၊ အင်္ဂလိပ်ရဲ့သစ္စာတော်ခံတစ်ယောက်ပေါ့ '

'ဟုတ်တယ်အစ်ကိုကြီး၊ အဲဒါကြောင့်သူ့မှာ အင်္ဂလိပ်တွေပေးထားတဲ့သေနတ်ရှိနေတာပေါ့နော် '

'သူက အစိုးရကိုဆန့်ကျင်တဲ့သူတွေရဲ့သတင်းကိုလဲ မျက်နှာလိုအားရလုပ်ပြီး ဗြိတိသျှအစိုးရကိုပို့ပေးတယ်လေ '

'အမေကျော်ဒွေးဒေါ်လွမ်းတယ်ဆိုတာ ဘလှအုန်းလိုလူမျိုးလားအစ်ကိုကြီး '

' သိပ်ဟုတ်တာပေါ့ကွယ်၊ အင်္ဂလိပ်စကားလေးလဲနည်းနည်းပါးပါးတတ်တော့ လူတွင်ကျယ်လုပ်နေနိုင်တာပေါ့၊ ဗြိတိသျှတပ်ကိုရိက္ခာထောက်ခွင့်ကလဲ ရနေတယ်လေ၊ ဒါ့ကြောင့် ဒီလိုလူမျိုးနောက်ကို မြကလေးကိုအပါမခံနိုင်ဘူးကွဲ့၊ မြကလေးကို အစ်ကိုကြီးနောက်အပါခေါ်ရတော့မှာပဲ၊ မြကလေးကလဲ လိုက်မယ်တဲ့ '

'မမြကိုဘယ်လိုခိုးမလဲ၊ အိမ်ကထွက်ဖို့ကတော့ မလွယ်ဘူးနော်အစ်ကိုကြီး '

'အားလုံးကို မြကလေးနဲ့ညကတိုင်ပင်ခဲ့ပြီးပါပြီကွယ်၊ သူကြီးဦးစက်ရောင်က အင်္ဂလိပ်လဆန်း၃ရက်နေ့တိုင်း မြို့ပေါ်တက်ပြီး ဗြိတိသျှအစိုးရကို ရပ်ရေးရွာရေးတွေအစီရင်ခံရတယ်ဆိုမဟုတ်လား '

' ဟုတ်တယ်အစ်ကိုကြီး၊ ဒီလကုန်အစည်းအဝေးပွဲမှာ အစ်ကိုကြီးအကြောင်းကို တင်ပြမယ်လို့ပြောနေတယ် '

' အေး– မြို့ကိုအစည်းအဝေးပွဲသွားရင် သူကြီးဟာအမြဲ ၂ညအိပ်နေရတယ်တဲ့ကွ၊ ဉူက အစ်ကိုကြီးအကြောင်း အင်္ဂလိပ်အရာရှိတွေကိုတင်ပြနေချိန်မှာ အစ်ကိုကြီးက မြကလေးကို ရအောင် ခိုးရုံပေါ့ကွ '

'ဘယ်လိုခိုးမှာလဲအစ်ကိုကြီး၊ ကျွန်တော်ကူဖို့လိုသေးလား '

' လိုတာပေါ့မောင်ညိုရယ်၊ သူကြီးအိမ်မှာမရှိရင် မြကလေးဟာ သူ့အဖေရှိသလောက်အချုပ်ချယ်မခံရဘူး၊ လွတ်လပ်တယ်၊ သူကြီးကတော်ကြီးဒေါ်ရွှေပုံက ဘိုဆန်ချင်လို့ အခုဆို ညတိုင်းညတိုင်း ကော်ဖီတစ်ခွက် သောက်သောက်ပြီးမှအိပ်တယ်တဲ့ကွ၊ ကော်ဖီကို မြကလေးကဖျော်ပေးရတယ်၊ သူကြီးမရှိတဲ့ညမှာ ကော်ဖီဖျော်ပေးရင်း ကော်ဖီထဲမှာအိပ်ဆေးထည့်ခတ်ထားမယ်လေ၊ ဒါဆို သူ့အမေအိပ်ပျော်နေချိန် မြကလေး အိမ်ထဲက ထွက်လာလို့ရတာပေါ့ '

'ပိုင်လိုက်တာအစ်ကိုကြီးရာ '

'အဲဒီတော့ မောင်ညိုက ဒီညနေမြကလေးဆီသွားရင် အစ်ကိုကြီးပေးလိုက်မယ့်အိပ်ဆေးမှုန့်ထုတ်ကို ယူသွားပြီး မြကလေးကိုပေးထားနှင့် '

'ဟုတ်ကဲ့အစ်ကိုကြီး '

'ဒါတွေကို ဘယ်သူမှသိလို့မဖြစ်ဖူး၊ မောင်ညိုနှုတ်လုံဖို့တော့လိုတယ်ကွဲ့ '

'စိတ်ချပါအစ်ကိုကြီး၊ ကျွန်တော်ဘယ်သူ့မှမပြောပါဘူး'

' လကုန်ဖို့က တစ်ပတ်လောက်လိုသေးတယ်ကွဲ့၊ ဒီရက်ထဲမှာ မပေါက်ကြားအောင်နေဖို့ အရေးကြီးတယ် '

ယင်းသို့ဖြင့် ကျွန်ုပ်သည် ကိုရန်မျိုးနိုင်ပေးလိုက်သော အိပ်ဆေးမှုန့်ထုတ်ကိုယူကာ ထိုညနေတွင်မမြကို ပေးထားလိုက်လေ၏။

ကျွန်ုပ်ကား အစ်ကိုကြီးနှင့်မမြတို့နီးစပ်ပေါင်းဖက်ရတော့မည့်အရေးကိုတွေးကာ ပီတိဖြစ်နေလေ၏။ သူတို့ကိစ္စတွင် အကျိုးဆောင်ပေးရသည့်အတွက်လည်း ဂုဏ်ယူမိလေသည်၊

ကိုရန်မျိုးနိုင်စီစဉ်ထားသည့် အစီအစဉ်သည် ချောမောစွာ အထမြောက်လိမ့်မည်ဟုပင် ကျွန်ုပ်က ယုံကြည်ထားခဲ့လေ၏။

♣ ♣ ♣

သို့ရာတွင် မျှော်လင့်မထားသော အနှောက်အယှက်များသည် မထင်မှတ်သောနေရာမှဝင်ရောက်လာလေ၏။ ဖြစ်ချင်တိုင်းမဖြစ်ရသောလောကသဘာဝကို ထိုအဖြစ်အပျက်ကြောင့် ကျွန်ုပ် သံဝေဂရမိပေတော့သည်။

ကိုရန်မျိုးနိုင်သည် အင်္ဂလိပ်လကုန်ပြီးလျှင် မမြစိမ်းကို ခိုးယူရန်စီစဉ်ထားပြီးဖြစ်လေ၏။

သို့သော် လမကုန်မီသုံးရက်အလို၌ ရန်မျိုးနိုင်အားဖမ်းဆီးရန်ဆိုကာ အင်္ဂလိပ်စစ်သားငါးဦး ရွာသို့ရောက်ရှိလာလေသည်။ ဘလှအုန်း၏စနက်ပင်တည်း။

ဘလှအုန်းအကြံအစည်ဖြစ်မှန်းသိသာလှသည်ကား ဖမ်းဆီးရန်ရောက်လာသောစစ်သားများနှင့်အတူ ဘလှအုန်းကိုယ်တိုင်လိုက်ပါလာခြင်းပင်ဖြစ်လေသည်။

ဘလှအုန်းက အင်္ဂလိပ်စစ်သားများကို လမ်းပြ၍ခေါ်ဆောင်လာခြင်းဖြစ်လေတော့၏။ စစ်သားများမှာ အင်္ဂလိပ်တပ်မှ စစ်သားများဖြစ်သော်လည်း အင်္ဂလိပ်လူမျိုးများမဟုတ်ပေ၊ အိန္ဒိယနိုင်ငံမှ လိုက်ပါလာသော ဂေါ်ရခါးလူမျိုးကြေးစားစစ်သားများဖြစ်လေသည်။

ထိုအချိန်သည် ညနေခင်းအချိန်ဖြစ်ရာ ကိုရန်မျိုးနိုင်က လူငယ်များအား ကိုယ်ခံပညာများသင်ကြား ပေးနေချိန်ဖြစ်ပေသည်။

ကျွန်ုပ်သည်လည်း ကာလသားများသိုင်းလေ့ကျင့်နေသည်ကိုကြည့်ရင်း ဘုန်းကြီးကျောင်းဝင်းထဲ၌ပင် ရှိနေလေသည်။

လူအားလုံးသည် ကိုယ်အလုပ်ထဲကိုယ်အာရုံရောက်နေ၍ အင်္ဂလိပ်တပ်မှစစ်သားများရောက်လာသည် ကို သတိမထားမိကြချေ။

ဂေါ်ရခါးစစ်သားငါးဦးသည် မြင်းငါးကောင်ကိုမော်တော်ပေါ်တွင်တင်ဆောင်ကာ ဒုတ္ထဝတီမြစ်ကို တစ်ဖက်ကမ်းမှဖြတ်ကူး လာကြခြင်းဖြစ်၏။

မြင်းငါးကောင်နှင့်အတူ ယူနီဖောင်းအပြည့်အစုံဝတ်ဆင်ထားသော အင်္ဂလိပ်တပ်မှစစ်သားများကို မမြင်ဖူးသည့်ရွာသားများသည် ဆိပ်ကမ်းတွင်ဝိုင်းအုံကြည့်ရှုနေကြလေ၏။

မြင်းငါးကောင်နှင့်စစ်သားများ ကမ်းပေါ်အရောက်ဝယ် ဘလှအုန်းက မြင်းတစ်ကောင်ကိုတက်စီး လိုက်ကာ စစ်သား၅ဦးကို တစ်ကောင်စီးစေ၍ ဘုန်းကြီးကျောင်းဆီသို့ရှေ့ရှုထွက်ခဲ့ကြလေသည်။

ရိုးအနုံချာသောရွာသူရွာသားများသည် မြင်းများနှင့်ရောက်လာသောစစ်သားများအား အထူးအဆန်း သဖွယ် ဝိုင်းအုံကြည့်ရှုကြရင်းမှ.. စစ်သားများနောက်တွင်တသီတတန်းကြီး လိုက်ပါလာကြလေ၏။

ထိုအချိန်တွင် ဘုန်းကြီးကျောင်းဝင်းထဲ၌ရှိနေသောကျွန်ုပ်တို့အားလုံးမှာ ထိုအဖြစ်အပျက်များကို မသိ ရှိကြသေးချေ။

မြင်းငါးကောင်နှင့်လူခြောက်ယောက် ဘုန်းကြီးကျောင်းကုန်းပေါ်သို့တက်လာကြသည်ကို ကပ္ပိယကြီး က ဦးစွာလှမ်းမြင်လိုက်လေသည်။

ကပ္ပိယကြီးသည် အားလုံးကြားသာအောင်အော်ဟစ်၍ သတိပေးလိုက်လေသည်။ လူအားလုံးသည် သွေးပူလေ့ကျင့်ခန်းများလုပ်နေရာမှ ရပ်နားလိုက်ကြကာ တောင်ခြေမှတက်ရောက်လာသော လူအုပ်ကြီးကို ကြည့်လိုက်ကြလေ၏။

ကပ္ပိယကြီးက ကျောင်းပေါ်သို့လျင်မြန်စွာပြေးသွားကာ ကျောင်းထိုင်ဘုန်းကြီးအားလျှောက်ထားလိုက် လေသည်။

ဘုန်းတော်ကြီးသည် အောက်သို့ကြွလာကာ ဘုန်းကြီးကျောင်းအဝင်ဝတွင် ရပ်နေတော်မူလေ၏။

ဘလှအုန်းခေါင်းဆောင်လာသော စစ်သားများနှင့်မြင်းငါးကောင်တို့သည် ဘုန်းကြီးကျောင်းရှေ့သို့ ရောက်ရှိလာလေပြီ။

ကျောင်းအဝတွင် ဘုန်းကြီးကိုယ်တိုင်ပိတ်ရပ်နေသည့်အတွက် မြင်းများကိုရပ်လိုက်ကြလေ၏။

ရှေ့ဆုံးမြင်းပေါ်မှဘလှအုန်းသည် မြင်းပေါ်မှမဆင်းပဲ ဘုန်း ကြီးကိုလှမ်း၍ပြောလိုက်လေသည်။

‘ ဘဘုန်း၊ ဒီကျောင်းမှာ သူပုန်တစ်ယောက်ခိုအောင်းနေတယ်ကြားလို့ တပည့်တော်တို့လာဖမ်းတာပါ၊ သူပုန်ရန်မျိုးနိုင်ဆိုတဲ့ကောင်ကိုထုတ်ပေးပါ ’

‘ ဟဲ့၊ မင်းကဘယ်သူတုန်း၊ ငါ့ကျောင်းမှာသူပုန်မရှိဘူးဟဲ့၊ သူပုန်ကိုငါလက်မခံဘူး၊ မင်း ပြောတဲ့ရန်မျိုးနိုင်ဆိုသူဟာ သူပုန်မဟုတ်၊ မျိုးချစ်လူငယ်တစ်ယောက်သာဖြစ်တယ် ’

‘ မျိုးချစ်သောဘာသော နားမလည်ဘူး၊ ဘုန်းကြီးက ကာကွယ်ပေးမနေပါနဲ့၊ ဒီကောင်ဟာ အစိုးရ ကိုပုန်ကန်ဖို့ကြိုးစားနေတဲ့သူပဲ၊ ကျုပ်တို့သတင်းအတိအကျရပြီးပြီ၊ ဘုန်းကြီးထုတ်မပေးရင် ကျုပ်တို့ ကိုယ်တိုင်ဝင်ဖမ်းရပါလိမ့်မယ် ’

‘ သယ်–မိုက်ရိုင်းလှချည်လားဟဲ့၊ မင်းမြန်မာလူမျိုးမဟုတ်တော့သလား၊ ဒါဟာသာသနာ့မြေဖြစ် တယ်၊ ငါ့ကျောင်းဝင်းထဲ ငါ့ကိုဖြတ်သန်းပြီးဝင်ဝံ့ဝင်စမ်းဟဲ့ ’

ဘုန်းကြီးအိုကြီးက ရဲဝံ့စွာရင်ကော့၍ပြောလိုက်လေသည်

ထိုအချိန်တွင် ရန်မျိုးနိုင်သည် တည်ငြိမ်ဣန္ဒြေရစွာဖြင့် ကျောင်းအဝသို့လျှောက်လှမ်းလာလေ၏။

ရန်မျိုးနိုင်ကိုမြင်လိုက်ရသည့်အခါ လူအားလုံးတိတ်ဆိတ်သွားကာ ငြိမ်လျှက်ကြည့်နေကြလေ၏။

‘ ဘဘုန်း၊ တပည့်တော်ကိစ္စကို တပည့်တော်ရှင်းပါ့မယ် ဘုရာ့၊ အေးအေးဆေးဆေးနေတော်မူပါ ’

ရန်မျိုးနိုင်က ဘုန်းကြီးကိုလက်အုပ်ချီကာလျှောက်ထားလိုက်လေသည်။

ထို့နောက် ဘလှအုန်းဖက်သို့လှည့်ကြည့်ကာ..

‘ ဆိုပါဦး၊ ဒီက နောင်ကြီးက ဘယ်လိုတာဝန်များရှိလို့ ကျွန်တော့်ကိုဖမ်းဆီးဖို့လာရပါသလဲ ’

‘ ဟေ့– ဗြိတိသျှစစ်တပ်က မင်းကိုဖမ်းခိုင်းလိုက်တာ ကွ၊ ငါ့ကိုတာဝန်ပေးလိုက်လို့ ငါလာဖမ်းတာ ’

ရန်မျိုးနိုင်က တည်ငြိမ်လွန်ကဲစွာ မေးမြန်းနေသော်လည်း ဘလှအုန်းက ရှူးရှူးရှားရှားဖြစ်နေလေသည်။

‘ အလို၊ ဗြိတိသျှစစ်တပ်က ခင်ဗျားကိုဘာမို့လို့ တာဝန်ပေးရပါလိမ့်၊ တန်တော့– ခင်ဗျားကိုယ်တိုင် သတင်းပေး ကုန်းချောလို့ထင်ပါရဲ့ ’

ရန်မျိုးနိုင်၏စကားသည် ဘလှအုန်းအရှိုက်ကိုထိသွားလေသည်။ ဘလှအုန်းက တောက်ခေါက်လိုက်ကာ..

‘ မင်းဟာ အစိုးရကိုပုန်ကန်ဖို့လူသူစုဆောင်းနေတာ ငါသိတယ်၊ ရွာသားတွေကိုစစ်သင်တန်းပေးနေတာလဲ အားလုံးအမြင်ပဲ၊ ဒီတော့ အေးအေးဆေးဆေးအဖမ်းခံပါ၊ ငါတို့နဲ့လိုက်ခဲ့ပေတော့ ’

‘ ဟား– ဟား– ဟား– ဟား– ’

ရန်မျိုးနိုင်က ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။

‘ ကျုပ်ဟာမြန်မာလူမျိုးတစ်ယောက်ဗျ၊ အလွယ်တကူ အညံ့ခံလိမ့်မယ်လို့ထင်သလား ’

‘ အဖမ်းခံရတော့မှာမို့ ကြောက်ပြီး သွေးရူးသွေးတန်းဖြစ်နေသလားရန်မျိုးနိုင် ’

‘ ကျုပ်ကြောက်တတ်လား မကြောက်တတ်လား၊ စမ်းကြသေးတာပေါ့၊ သို့သော် ဒီနေရာဟာ ဘုန်းကြီးကျောင်းဝင်း သာသနာ့နယ်မြေဖြစ်နေတယ်၊ ဘဘုန်းကလဲမေတ္တာရပ်ခံထားတယ်၊ သွေးထွက်သံယိုကိစ္စတွေ ကျောင်းဝင်းထဲမှာမဖြစ်ချင်ဘူး၊ ဒီတော့ မင်းတို့သတ္တိရှိရင် ကျုပ်နောက်ကိုလိုက်ခဲ့ပါ၊ ကျုပ်မှာ ဘာလက်နက်မှမရှိ ဘူး၊ ဒါပေမယ့် ကျုပ် ခင်ဗျားတို့ အားလုံးကိုယှဉ်ရဲတယ် ’

ရန်မျိုးနိုင်သည် စကားဆုံးသည်နှင့် သစ်ပင်တွင်ချည်ထားသော၄င်း၏မြင်းညိုကြီးကိုကြိုးဖြည်ကာ မြင်းပေါ်သို့လွှားကနဲ ခုန် တက်လိုက်လေသည်။

ထို့နောက် ဘုန်းကြီးကျောင်းဝင်းအပြင်သို့ထွက်ကာ ဘလှအုန်းနှင့်စစ်သားများအားပြောလိုက်လေသည်။

‘ ကျီးပါးစပ်ကွေ့ကကျုပ်စောင့်နေမယ်၊ ကျုပ်ကိုဖမ်းနိုင်ရင်လိုက်ဖမ်းပေတော့ ’

စကားဆုံးသည်နှင့် မြင်းကြီးကိုကဆုန်ဆိုင်း၍စီးချသွားလေသည်။

မြင်းပြေးရာလမ်းတလျှောက်၌ ဖုန်များတထောင်းထ၍သွားလေသည်။

‘ ဒီကောင်ပြေးပြီ၊ ဒီကောင့်နောက်ကိုကျုပ်တစ်ယောက်ထဲလိုက်ဖမ်းမယ်၊ ဒီကောင့်အလောင်းကို သူ့မြင်းပေါ်မှာတင်ပြီး ဆွဲပြန်လာခဲ့မယ်၊ တွေ့ကြသေးတာပေါ့ရန်မျိုးနိုင်ရယ် ’

ဘလှအုန်းက ဂေါ်ရခါးစစ်သားများဖက်သို့လှည့်၍ အင်္ဂလိပ်စကားတစ်ချို့တစ်ဝက်ညှပ်ကာ ပြောလိုက်လေသည်။

ထို့နောက် သေနတ်ကိုမြှောက်၍ တစ်ချက်ဖောက်လိုက်ကာ ဟန်ရေးပြရင်း ရန်မျိုးနိုင်နောက်သို့ မြင်းကို ဒုန်းဆိုင်းကာလိုက်သွားလေတော့သည်။

ကျန်ရစ်ခဲ့သူများသည် တစ်ယောက်တစ်ပေါက်ပြောရင်း ထင်မြင်ချက်အမျိုးမျိုးပေးကြလေ၏။

‘ ငါတို့ဆရာမှာလက်နက်မပါဘူး၊ ဟိုကောင်က သေနတ်ပါနေတယ်၊ ဆရာ့ထက်တပန်းသာနေတယ် ’

‘ ဟုတ်တယ်၊ ဆရာ့အတွက်စိုးရိမ်စရာပဲ ’

‘ ဒါပေမယ့်တို့ဆရာဟာ တိုက်ရေးခိုက်ရေးမှာပရိယာယ်ရှိတဲ့လူတစ်ယောက်ပဲ၊ သိပ်တော့စိုးရိမ်စရာမရှိပါဘူး ’

‘ ဘာပဲဖြစ်ဖြစ် အခြေအနေဘယ်လိုလဲသိရအောင် ကျီးပါးစပ်ကွေ့နားကနေသွားစောင့်ကြည့်ကြစို့ ’

‘ အေး–ဟုတ်တယ် ’

ကာလသားတစ်သိုက်သည် ရန်မျိုးနိုင်နှင့်ဘလှအုန်းထွက်သွားသည့်ကျီးပါးစပ်ကွေ့ဆီသို့ ပြေးလိုက်သွားကြလေသည်။

စစ်သားများနောက်မှလိုက်ပါလာသော ရွာသူရွာသားများသည်လည်း စိတ်ပါဝင်စားစွာပင် အခြေအနေကိုသိရရန်လိုက်သွားကြလေ၏။

ကျန်ရစ်ခဲ့သော ဂေါ်ရခါးစစ်သားငါးဦးသည်လဲ မြင်း၄ကောင်ကိုစီးနင်းကာ လူထုနှင့်အတူလိုက်ပါ

လာလေသည်။ သူတို့သည် လက်နက်မပါသောရန်မျိုးနိုင်ကို ဘလုအုန်းက အလွယ်တကူ အနိုင်ရလိမ့်မည်ဟုမျှော်လင့်ကာ အေးအေးဆေးဆေးပင်ရှိနေကြလေသည်။

ကျွန်ုပ်ကား ကိုရန်မျိုးနိုင်၏အစွမ်းအစကိုသိထားပြီးသူမို့ သည်ပွဲ၌ အစ်ကိုကြီးအောင်ပွဲခံလိမ့်မည်ဟု ရဲရဲယုံကြည်မိလေသည်။ ကျွန်ုပ်သည်လည်း လူအများနှင့်ရောကာ ကျီးပါးစပ်ကွေ့ဆီသို့ လိုက်ပါခဲ့လေတော့သတည်း။

♣ ♣ ♣

ဤနေရာ၌ ဒုတ္တဝတီမြစ်၏အထက်ဖက်မှ ကျီးပါးစပ်ကွေ့အကြောင်းကို ဖော်ပြဖို့လိုလေသည်။

ဥပုသ်နေ့တိုင်း ကျွန်ုပ်နှင့်မမပြန်းရှူးထွက်သည့်ချောင်းကလေးမှာ စေတီတောင်ကုန်းအောက်ခြေ၌ ရှိကြောင်းဖော်ပြခဲ့ပြီးပေပြီ။ ထိုချောင်းကလေးသည် ဒုတ္တဝတီမြစ်ထဲသို့ဦးတည်စီးဆင်းသွားခြင်း ဖြစ်ပါ၏။ ချောင်းကလေးသည် မြစ်နှင့်ဝေးသည့်နေရာတွင် ခပ်တိမ်တိမ်နှင့် ပြေပြေလျောလျောရှိသော်လဲ မြစ်နားသို့နီးလာလေ နက်ရှိုင်းကာ ရေစီးနှုန်းမြန်လာလေဖြစ်လေသည်

ရွာ၏တောင်ဖက်တွင် ချောင်းကလေးက ဒုတ္တဝတီမြစ်ထဲသို့စီးဝင်လေ၏။ ချောင်းကလေးစီးဆင်းရာဘေး၌ တောင်ကုန်းမြင့်ကြီးတစ်ခုရှိကာ ကျီးကန်းတစ်ကောင်ပါးစပ်ဟနေသည့်သဏ္ဍာန်နှင့်တူသောကြောင့် ကျီးပါးစပ်တောင်ဟုခေါ်လေသည်။ ထိုနေရာကိုလည်း ကျီးပါးစပ်ကွေ့ဟုခေါ်လေ၏။

ကျီးပါးစပ်ကွေ့ဟုခေါ်ရခြင်းမှာ ထိုနေရာ၌ ကျီးပါးစပ်တောင်သည် မြစ်ထဲသို့ထိုးထွက်နေပြီး အထက်မှရေစီးများတန့်သွားကာ တောင်ကိုကွေ့၍စီးဆင်းရသောကြောင့်ဖြစ်လေသည်။

ထိုနေရာတွင် ကျီးပါးစပ်တောင်ကြီးခံနေသောကြောင့် ကွေ့၍စီးဆင်းလာသောရေများနှင့် ချောင်းကလေးထဲမှအရှိန်အဟုန်ပြင်းစွာ စီးဝင်လာသောရေတို့ ဆုံစည်းမိကြလေသည်။

အရှိန်များသောရေအဟုန်နှစ်ခုတို့ ဆန့်ကျင်ဖက်အရပ်ဆီမှ စီးဝင်ဆုံဆည်းမိသောကြောင့် ထိုနေရာတွင် ဝဲကတော့ကြီးတစ်ခု အမြဲဖြစ်နေလေ၏။ ကျီးပါးစပ်ဝဲဟုဆိုလျှင် လှေသမ္မာန်များ အလွန် ကြောက်ရွံ့ကြပြီး ရှောင်ကွင်း၍သွားကြလေသည်။ ကျီးပါးစပ်ဝဲအနီးသို့မတော်တဆရောက်သွားသော လှေသမ္မာန်များမှာ ဝဲ၏ စုပ်ယူမှုကိုခံရပြီး ရေအောက်ရောက်သည်ထိ ဒုတ်ဒုတ်ထိနစ်မြုပ်သွားလေ့ရှိပေသည်။

ထို့ကြောင့် ရေယာဉ်များကလဲ ကျီးပါးစပ်ဝဲကိုရှောင်ကွင်းလေ့ရှိသလို ရွာသူရွာသားများကလည်း ထိုနေရာ၌ရေချိုးခြင်း၊ ရေကူးခြင်းမပြုကြပါပေ။

ကိုရန်မျိုးနိုင်ကား အင်္ဂလိပ်တပ်မှဂေါ်ရခါးစစ်သားများနှင့် ဘလုအုန်းတို့ကိုစိမ်ခေါ်ကာ ကျီးပါးစပ်ကွေ့ရှိရာသို့ ထွက်ခွာသွားပေပြီ။

မြင်းကိုဒုန်းဆိုင်းရင်း ချောင်းထဲမှဖြတ်ကူးသွားသော ကိုရန်မျိုးနိုင်သည် ချောင်းတစ်ဖက်ကမ်းတွင် ပျောက်ကွယ်သွားလေ၏။

ရန်မျိုးနိုင်၏နောက်မလှမ်းမကမ်းမှလိုက်ပါသွားသော ဘလုအုန်းသည်လည်း ကျွန်ုပ်တို့မြင်ကွင်းမှ ပျောက်ကွယ်သွားပေပြီ၊

ဂေါ်ရခါးစစ်သားများသည်လည်း ချောင်းအတွင်းမှ ဖြတ်ကျော်ကာ ကျီးပါးစပ်ကွေ့သို့သွားလျှက်ရှိလေသည်။ စစ်သားများကား မြင်းကိုဒုန်းမဆိုင်းပဲ ခပ်အေးအေးပင်စီးနင်းလိုက်ပါသွားကြလေ၏။

ကျီးပါးစပ်ကွေ့ဆီသို့ ဒုန်းဆိုင်းသွားသောမြင်းနှစ်ကောင် ကြောင့်ပေါ်ထွက်လာသောဖုန်လုံးကြီးများသည် ကောင်းကင်သို့ ဝေ့တက်လာသည်ကိုမြင်နေရပေ၏။

ခြေလျှင်လိုက်လာကြသောရွာသားများသည် ချောင်းကိုကျော်ဖြတ်၍မလိုက်တော့ပဲ ချောင်းနှင့်မြစ်ဆုံရာ ကျီးပါးစပ်ဝဲထိပ်သို့သွားကြလေသည်။ ကျီးပါးစပ်ဝဲရှိရာဆိပ်ကမ်းမှလှမ်းကြည့်လျှင် ချောင်းတဖက်မှကျီးပါးစပ်ကွေ့ကို လှမ်းမြင်ရနိုင်သောကြောင့်ဖြစ်ပေသည်။

ကျွန်ုပ်သည် လူအုပ်ထဲမှခွဲထွက်ကာ သူကြီးအိမ်ရှိရာသို့ ပြေးလာခဲ့လေ၏။ သူကြီးအိမ်မှာ ကျီးပါးစပ်ကွေ့ဖက်သို့သွားရာ လမ်းအနီး၌ပင်ရှိပေသည်။

ကျွန်ုပ်အိမ်ထဲသို့အဝင်တွင် သေနတ်ကြီးကိုထမ်း၍ ခပ်သုတ်သုတ်ထွက်လာသော သူကြီးဦးစက်ရှောင်ကို တွေ့လိုက်ရလေသည်။ သူကြီးကိုသတင်းလာပေးသူက ကျွန်ုပ်ထက်ဦးအောင်ရောက်နေပြီး သတင်းပေးလိုက်ခြင်းဖြစ်လေသည်။

သူကြီးနှင့်သတင်းလာပေးသောလူကြီးတို့သည် ကျီးပါးစပ်ဝဲထိပ်ဆီသို့ ဦးတည်ထွက်ခွာသွားကြလေသည်။

ကျွန်ုပ်သည် အကျိုးအကြောင်းကို မမမြအားပြောပြရန်လာခဲ့ခြင်းဖြစ်လေသည်။

သူကြီးအိမ်မှာမရှိတော့၍ ကျွန်ုပ်က လွတ်လပ်စွာပင် အိမ်ပေါ်သို့တက်သွားကာ မမမြနှင့်တွေ့ဆုံလိုက်လေသည်။

ကျွန်ုပ်သည် မမမြကိုအကြောင်းစုံပြောပြလိုက်လေ၏။

မမမြက ရင်ပတ်ကလေးကိုဖိကာ..

'ဒုက္ခပါပဲအညိုရယ်၊ ကိုယ်ကျိုးတွေတော့နည်းကုန်တော့မှာပဲ၊ ဘလှအုန်းမှာကသေနတ်နဲ့၊ ပြီးတော့ စစ်သားတွေလဲပါသေးတယ်ဆိုတော့.. မောင်မောင်၊ မောင်မောင့်အတွက်စိုးရိမ်လိုက်တာကွယ် '

'စိတ်မပူပါနဲ့မမမြရဲ့၊ အစ်ကိုကြီးက လူစွမ်းကောင်းပါ သူတို့လောက်ကို ကောင်းကောင်းနိုင်မှာပါဗျ '

ကျွန်ုပ်က စိတ်ချယုံကြည်စွာပြောလိုက်လေသည်။

'စိတ်မပူပဲနေနိုင်ပါ့မလားကွဲ့၊ ဘာပဲဖြစ်ဖြစ် စိုးရိမ်ရတာပဲ၊ မမမြလိုက်သွားမယ်ကွယ် '

' မမမြလိုက်ကြည့်မလို့လား၊ ရွာသားတွေရော ကာလသားတွေရော ကျီးပါးစပ်ဝဲဆိပ်ကမ်းကနေကြည့်မလို့လိုက်သွားကြပြီ၊ ဒါပေမယ့် ဘဘလဲ အခုပဲအိမ်ကထွက်သွားတာ ကျွန်တော်မြင်ခဲ့တယ်၊ မမမြလိုက်လို့ဖြစ်ပါ့မလား '

' ဘာပဲဖြစ်ဖြစ်၊ ဒါသေရေးရှင်ရေးပဲ၊ နောက်မှရောက်ရားပဲကွယ်၊ မမမြတော့ မောင်မောင့်အတွက်စိုးရိမ်တယ်၊ လိုက်သွားမှာပဲ '

'ဒါဆိုလဲသွားကြရအောင်လေမမမြ '

မိန်းမသားတို့ကား အချစ်အတွက်သတ္တိရှိကြပေသည်။ အိမ်ပေါ်မှအိမ်အောက်မဆင်းရန် ကန့်သတ်ခံထားရသည့်ကြားမှပင် ချစ်သူအတွက်စိုးရိမ်ပူပန်စိတ်များဝင်ကာ ဘယ်ကသတ္တိများ မမမြဆီ ရောက်လာသည်မသိ။ ရှန်တဘက်ကလေးကို ခေါင်းပေါ်တင်ကာ မမမြကလှေကားမှအရင်ဆင်းနှင့်လေသည်။

အိမ်အောက်ထပ်အရောက် သူကြီးကတော်ကြီးဒေါ်ရွှေပုံက လှမ်းအော်၍မေးလိုက်လေ၏။

'ဟဲ့၊ လုံမ၊ ဒါကဘယ်တုန်း '

'ဒီနားတင်ပါအစ်မ '

'အို၊ ဟဲ့၊ နင့်အဘမရှိတုန်းနင်ဘယ်ထွက်မလို့လဲ '

မမမြကဘာမှပြန်မပြောတော့။ ကျွန်ုပ်နှင့်အတူအိမ်ဝင်းထဲမှ ခပ်သုတ်သုတ်ထွက်ခဲ့ကြလေသည်။

သူကြီးကတော်ကြီးမှာ ကိုရန်မျိုးနိုင်သတင်းကိုသိထားပြီးဖြစ်ရာ.. ကျွန်ုပ်တို့ဘယ်သွားမည်ကို ရိပ်မိပေ၏။ သူကိုယ်တိုင်ပင် ကျွန်ုပ်တို့နောက်မှ အပြေးအလွှားလိုက်ပါလာလေတော့သည်။

♣ ♣ ♣

ကျီးပါးစပ်ဝဲထိပ်သို့အရောက်တွင် လူအုပ်ကြီးသည် ချောင်းတစ်ဖက်ကမ်းရှိ ကျီးပါးစပ်ကွေ့ဆီသို့ လှမ်းမျှော်ကြည့်နေသည်ကိုမြင်လိုက်ရလေ၏။

လူအုပ်ထဲတွင် ရွာသူရွာသားများ၊ ကာလသားများနှင့်အတူ သူကြီးမင်းကိုပါ မြင်လိုက်ရလေ၏။ အားလုံးသောလူများမှာ တစ်ဖက်ကမ်းမှအခြေအနေကိုလှမ်းမျှော်ကြည့်နေကြပေသည်။

ကျွန်ုပ်က ကာလသားတစ်ဦးနားသို့ချဉ်းကပ်ကာ မေးကြည့်လိုက်လေသည်။

'ဘယ်လိုလဲဗျ၊ မြင်ရလား၊ အခြေအနေဘယ်လိုရှိလဲ '

' ဆရာရန်မျိုးနိုင်နဲ့ဘလှအုန်းဆိုတဲ့လူ ရင်ဆိုင်မိကြပြီ၊ ဆရာက ဘလှအုန်းကို မြစ်ကမ်းပါးဖက်များခေါ်သွားတာတွေ့လိုက်ရတယ်၊ တောင်ကုန်းလေးကွယ်နေလို့မမြင်ရတော့ဘူး '

ကျွန်ုပ်မှာ မြင်ကွင်းကိုမြင်မနေရ၍မချင့်မရဲဖြစ်မိပေတော့သည်။ လိုက်ကြည့်ကြသောလူပရိသတ်များမှာလည်း အခြေအနေကို မသိရ၍ မှန်းဆ၍သာ ထင်ရာမြင်ရာပြောနေကြပေ၏။

'တောင်ကုန်းဟိုဖက်ကဖုန်လုံးတွေထလာတာ ရန်မျိုးနိုင် နဲ့စပါးပွဲစားနပမ်းလုံးနေကြလို့ထင်တယ်ဗျို့'

မှန်ပေသည်။ မြစ်ကမ်းဖက်ဆီမှ သဲများဖုန်များထောင်း ထောင်းထ၍လေထဲတွင်လွင့်နေပေ၏။

ထိုစဉ် နောက်မှလိုက်သွားသောစစ်သားငါးယောက်တို့ တစ်ဖက်ကမ်းသို့ရောက်လာကြသည်ကို မြင်လိုက်ရလေ၏။ စစ်သားများသည်ကား ရန်မျိုးနိုင်နှင့်ဘလှအုန်းတို့မြင်ကွင်းကို ကမ်းတစ်ဖက်ထဲဖြစ်၍ မြင်နေရပေမည်။

'ဒိုင်း '

သေနတ်သံတစ်ချက်ထွက်ပေါ်လာလေသည်။

'အို–ဒုက္ခပါပဲ '

မမြစိမ်းကလွှတ်ကနဲယောင်အော်လိုက်၏။

ကျွန်ုပ်လည်းစိုးရိမ်သွားမိလေသည်။ သေနတ်သည်ဘလုအုန်းဆီမှာပင်ရှိသည်မဟုတ်ပါလား။

မမြစိမ်း၏အသံကြောင့် သူကြီးကလှည့်ကြည့်လိုက်ရာ မမြစိမ်းကိုမြင်သွားလေ၏။ လူကြားထဲမှာမို့ ဘာမှမပြောပဲ အံကိုကြိတ်ပြလိုက်လေ၏။ နောက်မှလိုက်လာသောသူကြီးကတော်ကြီးသည်လည်း ကျွန်ုပ်တို့ အနီးသို့ရောက်လာလေသည်။

သေနတ်သံတချက်ထွက်ပေါ်အလာတွင် စစ်သားငါးယောက်တို့က တောင်ကုန်းအကွယ်ဆီသို့ပြေးသွား သည်ကို မြင်လိုက်ရလေသည်။

တောင်ကုန်းကွယ်နေသောကြောင့် တစ်ဖက်တွင် မည်သို့ဖြစ်ပျက်နေသည်ကို ကျွန်ုပ်တို့နေရာမှ မမြင် တွေ့နိုင်ပေ။

'ဒိုင်း '

နောက်ထပ် သေနတ်သံတစ်ချက်ထွက်ပေါ်လာပြန်လေသည်။

လူအားလုံးတို့မှာ ကိုရန်မျိုးနိုင်အတွက်စိုးရိမ်သွားကြလေ၏။ အားလုံးထဲတွင် သေနတ်မပါသူမှာ ကိုရန်မျိုးနိုင်တစ်ယောက်ထဲ မဟုတ်လော။

' ဟာ– ဟိုမှာ– ဟိုမှာ– '

ကာလသားတစ်ယောက်သည် စူးစူးဝါးဝါးအော်လိုက်ကာ မြစ်ထဲသို့လက်ညှိုးထိုးပြလိုက်လေ၏။ လူအားလုံးတို့အကြည့်သည် မြစ်ထဲသို့ရောက်သွားကြလေ၏။

' ဟင် '

' အို '

' ဟာ '

မြစ်ထဲ၌ကား..

အထက်ဖက်မှသစ်တုံးတစ်တုံးသည် ကျီးပါးစပ်ကွေ့ကို လွန်ကာထွက်ပေါ်လာလေ၏။ သစ်တုံး ပေါ်၌ကား လူတစ်ယောက်၏ အလောင်းသည် မှောက်ရက်အနေအထားဖြင့်ကားရားခွရက်ကြီးပါလာလေ သည်။

အလောင်းကား... ကိုရန်မျိုးနိုင်ဖြစ်နေပါလေသတည်း။

မှောက်ရက်အနေအထားဖြစ်နေ၍ မျက်နှာကိုမမြင်ရသော်လဲ အဝတ်အစားများမှာ ကိုရန်မျိုးနိုင်၏ အဝတ်အစားများဖြစ်သည်။

' အမလေး– မောင်မောင်ရယ် '

မမြစိမ်းက ဟစ်၍ငိုလိုက်လေသည်။

' မောင်မောင်၊ မောင်မောင်အဖြစ်ဆိုးလှချည်လားကွဲ့ '

' အစ်ကိုကြီး၊ အစ်ကိုကြီး '

ကိုရန်မျိုးနိုင်ကား အသက်ကင်းမဲ့နေပြီဖြစ်ရာ ကျွန်ုပ်တို့၏အသံကိုကြားနိုင်တော့မည်မဟုတ်ပေ။

' ဆရာ၊ ဆရာရယ် '

ကမ်းစပ်ပေါ်၌ ကိုရန်မျိုးနိုင်အတွက်မချိတင်ကဲအသံများ ဖုံးလွှမ်းသွားလေတော့သည်။

အလောင်းကိုတင်လွှတ်လိုက်သောသစ်တုံးသည် ကျီးပါးစပ်ဝဲ၏အဝ၌ ဝဲကတော့အတိုင်း ဝဲလှည့်၍ နေသေးသည်။

ကျွန်ုပ်တို့က သစ်တုံးရောအလောင်းပါ ဝဲထဲသို့မြုပ်သွားတော့မည်ဟုထင်ထားစဉ်တွင်.. ဒုတ္ထဝတီမြစ် ထဲတွင်ဖြတ်သွားသော စက်လှေတစ်စင်းကြောင့်လှိုင်းများထကြွလာလေ၏။ ထိုလှိုင်းလုံးများကရိုက်ပုတ်လိုက် သောကြောင့် သစ်တုံးသည် ဝဲကတော့အဝမှ လွတ်မြောက်သွားလေသည်။

သစ်တုံးသည် ဝဲမှလွတ်ထွက်သွားပြီး ရေစီးအတိုင်းရွာဖက်ဆီသို့မျောသွားလေတော့သည်။

' ဆရာ့အလောင်းကိုလိုက်ဆယ်ကြစို့ '

ကာလသားများက မြစ်အောက်ဖက်ဆီသို့ အလောင်းကို ဆယ်ရန်ပြေးလိုက်သွားကြလေသည်။

ထိုအချိန်၌ မမြစိမ်းသည် မည်သူမျှမျှော်လင့်မထားသော အပြုအမူကို ရုတ်တရက်ပြုလိုက်လေ၏။

' မောင်မောင်ရေ၊ မောင်မောင်မရှိရင် မြကလေးလဲမနေတော့ဘူး၊ မောင်မောင့်နောက်ကိုလိုက်ခဲ့တော့ မယ်ကွဲ့ '

မမြစိမ်းသည် မြစ်ကမ်းပါးဆီသို့ပြေးသွားကာ မြစ်ထဲသို့ ခုန်ချလိုက်လေတော့သတည်း။

' အလို '

‘ ဟင် ’

‘ သမီး၊ သမီး ’

‘ လုံမလေး ’

‘ မမမြရေ၊ မမမြ ’

ဟစ်အော်တားမြစ်သံများက အရာမရောက်တော့ပါပေ။

မမြစိမ်းသည် ကျီးပါးစပ်ဝဲထဲသို့တည့်တည့်ကျရောက်သွားကာ ဝဲကတော့အတွင်းလှည့်လည်နေသည်ကို ခဏတဖြုတ် မြင်လိုက်ရသေးသည်။

ဝဲသည် ဝက်အူရစ်သဖွယ် တစ်ရစ်ပြီးတစ်ရစ်ဆွဲယူရင်း မမြစိမ်း၏တစ်ကိုယ်လုံးကို ရေအောက်သို့ဆွဲခေါ်သွားပါလေတော့သတည်း။

‘ အမလေးသမီးရဲ့၊ မိုက်လှချည်လားကွဲ့ ’

သူကြီးကတော်ကြီးက အော်ဟစ်ငိုယိုလိုက်လေသည်။

ထိုစဉ် ချောင်းတစ်ဖက်ကမ်းမှ သေနတ်သံများထွက်ပေါ် လာပြန်လေသည်။

ကိုရန်မျိုးနိုင်ကျဆုံးသွားပြီဖြစ်ရာ သေနတ်သံများက အဘယ်ကြောင့် ဆက်၍ထွက်ပေါ်လာရပါသနည်း။

‘ လုပ်ကြပါဦး၊ ကယ်ကြပါဦး၊ ကျုပ်သမီးလေးကိုကယ်ကြပါဦး ’

သူကြီးမင်းသည်သွေးရူးသွေးတန်းဖြင့် ပတ်ဝန်းကျင်ကိုလှည့်၍အကူအညီတောင်းလိုက်သည်။

မမြစိမ်းကိုသနား၍ကယ်တင်ချင်ပါသော်လည်း မည်သူကမှ မလှုပ်ကြချေ။ တစ်ရွာလုံးက ကျီးပါးစပ်ဝဲအကြောင်းသိထားပြီးဖြစ်ရာ ကျီးပါးစပ်ဝဲထဲစုန်းစုန်းမြုပ်ကျရောက်သွားပြီးမှ မည်သည့်နည်းနှင့်မျှ ဆယ်ယူလို့မရနိုင်တော့ကြောင်းကို သိပြီးဖြစ်သောကြောင့်ပင်။

‘ အောင်မယ်လေး၊ ကျုပ်သမီးလေးအဖြစ်ဆိုးလှချည်လား၊ ဒါဟိုကောင့်ကြောင့်၊ ရန်မျိုးနိုင်ဆိုတဲ့ သူပုန်ကောင်ကြောင့်၊ တောက်– ဒီကောင့်ကိုငါကိုယ်တိုင်မသတ်လိုက်ရတာနာတယ်ကွာ ’

သူကြီးက သမီးအတွက်ဝမ်းနည်းကြေကွဲစွာ၊ ရန်မျိုးနိုင်ကိုနာကြည်းစွာဖြင့် မြည်တမ်းရေရွတ်နေလေသည်။

ထိုစဉ် မြင်းခွာသံများကြားလိုက်ရသည့်အတွက် လူအားလုံးက နောက်သို့လှည့်ကြည့်လိုက်ကြလေ၏။

‘ ဟင် ’

‘ ဟာ ’

‘ ရန်မျိုးနိုင် ’

‘ အစ်ကိုကြီး ’

မြင်းညိုကြီးကိုစီးနင်းရင်း လူအုပ်ရှိရာသို့ရောက်လာသူမှာ ရန်မျိုးနိုင်ပင်ဖြစ်ပါသတည်း။

‘ အစ်ကိုကြီး၊ အစ်ကိုကြီးမသေဘူးနော် ’

‘ မသေပါဘူးကွဲ့၊ အစ်ကိုကြီးမသေတဲ့အပြင် သူတို့ အားလုံးကို အစ်ကိုကြီးသတ်ပစ်ခဲ့ပြီ ’

ထိုစဉ် သစ်တုံးပေါ်ပါသွားသောအလောင်းကိုဆယ်ယူရန် လိုက်ပါသွားသည့်ကာလသားများလဲ ပြန်လည် ရောက်ရှိလာကြလေ၏။

‘ ဟာ–ဆရာ၊ သစ်တုံးပေါ်မှာပါသွားတဲ့အလောင်းကို ကျွန်တော်တို့က ဆရာမှတ်လို့ စိတ်မကောင်းဖြစ်နေကြတာဆရာရဲ့၊ လိုက်သွားကြည့်မှ ဘလုအုန်းအလောင်းဖြစ်နေတာတွေ့ရတယ် ’

‘ ဟင်–အစ်ကိုကြီး၊ ဘယ်လိုဖြစ်တာလဲ၊ ပြောပါဦးအစ်ကိုကြီး ’

‘ အစ်ကိုကြီးက ဘလုအုန်းလက်ထဲကသေနတ်ကိုလုယူလိုက်နိုင်တယ်လေ၊ သူ့သေနတ်နဲ့ပဲ သူ့ကို ပစ်သတ်လိုက်တယ်၊ စစ်သားတွေကိုမျက်စိလှည့်ချင်လို့ ဘလုအုန်းအလောင်းမှာ အစ်ကိုကြီး အဝတ်တွေလဲဝတ်ပေးလိုက်တာပဲ ’

ထိုအခါမှ ရန်မျိုးနိုင်ဝတ်ထားသောအဝတ်အစားများမှာ ဘလုအုန်းအဝတ်များဖြစ်နေသည်ကို သတိပြုမိကြပေ၏။ သူ့လက်ထဲ၌လည်း ဘလုအုန်း၏သေနတ်ရောက်ရှိနေပေသည်။

‘ စစ်သားတွေရောက်လာတော့ သူတို့အားလုံးကို အစ်ကိုကြီးကပဲ သေနတ်နဲ့ပစ်သတ်လိုက်နိုင်ပါတယ်၊ မြန်မာ့သွေးနီတယ်ဆိုတာ တိုင်းခြားသားတွေကောင်းကောင်းသိသွားပြီပေါ့ကွာ၊ ဟား.. ဟား.. ’

‘ ဖြစ်ရလေအစ်ကိုကြီးရယ်၊ အားလုံးမှားကုန်ပါပြီ၊ မမမြရယ်... မမမြရယ်လေ.. .. ’

‘ မြကလေး၊ မြကလေးဘာဖြစ်လို့လဲမောင်ညို ’

‘ မမမြဒီနေရာအထိလိုက်လာတယ်၊ သစ်တုံးပေါ်ကအလောင်းကို အစ်ကိုကြီးထင်ပြီး.. မမမြရယ်– ရေထဲခုန်ချသွား တယ်အစ်ကိုကြီးရဲ့ ’

‘ ဘာ ! ’

အလောင်းဆယ်ရန်လိုက်သွားကြသော ကာလသားများမှာလဲ ထိုအခါမှပင် မမြစိမ်းရေထဲခုန်ချကြောင်းကိုသိကြလေသည်။

‘ မောင်ညို၊ အဟုတ်လားကွယ် ’

‘ ဟုတ်ပါတယ်အစ်ကိုကြီးရဲ့၊ အစ်ကိုကြီးမရှိရင် သူလဲ မနေတော့ဘူးဆိုပြီး မြစ်ထဲခုန်ချလိုက်တာ၊ မမမြ ဝဲထဲမှာနစ်သွား ပြီဗျ– အီး ဟီးဟီး.. .. ’

ကျွန်ုပ်က ပြောရင်းဝမ်းနည်းလာကာ အော်ငိုချလိုက်လေသည်။

ကိုရန်မျိုးနိုင်သည် မြင်းပေါ်မှလွှားကနဲခုန်ဆင်းကာ မြစ်ကမ်းပါးထိပ်သို့ပြေးသွားလေသည်။

ကမ်းပါးထိပ်မှမြစ်ထဲသို့ငုံ့ကြည့်လိုက်လေ၏။

‘ မြကလေး၊ မြကလေး ’

‘ မမမြဝဲထဲနစ်သွားပါပြီအစ်ကိုကြီးရယ်၊ မရှိတော့ပါဘူး ’

ရန်မျိုးနိုင်သည် မြေပေါ်သို့ဒူးထောက်ထိုင်ချလိုက်ကာ မြစ်ကမ်းပါးကိုလက်ထောက်ရင်း ရေထဲသို့ငုံ့ကြည့်နေလေသည်၊

‘ ဖြစ်မှဖြစ်ရလေမြကလေးရယ် ’

ထိုအခိုက် သူကြီးမင်းဦးစက်ရောင်သည် သူ့လက်ထဲမှ နှစ်လုံးပြူးသေနတ်ကြီးကိုမ,ကာ မောင်းတင်လိုက်လေ၏။

‘ ငါ့သမီးကိုဒုက္ခရောက်အောင်လုပ်တဲ့အကောင်၊ သေပေတော့ကွာ ’

‘ ဒိုင်း ’

ကျယ်လောင်သောပေါက်ကွဲသံကြီးပေါ်ထွက်လာကာ ကိုရန်မျိုးနိုင်သည် တစ်ပတ်လည်ရင်း မြစ်ထဲသို့ ဝဲကျသွားလေ၏။

သို့သော် သတိကောင်းလှသောရန်မျိုးနိုင်သည် ကမ်းစပ်မှ ထိုးထွက်နေသောကျောက်တုံးတစ်တုံး၏အစွန်းကို လက်နှင့်လှမ်း၍ ဆွဲလိုက်နိုင်လေသည်။

ရန်မျိုးနိုင်သည် ကျောမှသွေးများ တပေါက်ပေါက်စီးကျနေသည့်ကြားမှ ကျောက်တုံးအစွန်းကိုကိုင်ထားလေ၏။

သူကြီးပစ်လိုက်သောကျည်ဆံသည် ကျောကိုဖောက်ဝင်သွားခြင်းဖြစ်ပေ၏။ အလစ်အငိုက်တွင် အပစ်ခံလိုက်ရခြင်းဖြစ်ရုံမက အနီးကပ်ပစ်ခတ်လိုက်ခြင်းဖြစ်ရာ ချက်ကောင်းကိုထိသွားပေသည်။

‘ အစ်ကိုကြီး၊ အစ်ကိုကြီး ’

‘ ဆရာ၊ ဆရာ ’

ကာလသားများသည် ရန်မျိုးနိုင်အားဆွဲယူရန် ပြေးသွားဖို့ ပြင်ကြလေ၏။

‘ ဟေ့ကောင်တွေ၊ တစ်ယောက်မှအနားမကပ်ကြနဲ့၊ အားလုံးကိုပစ်သတ်လိုက်မယ် ’

သူကြီးကအသံနက်ကြီးဖြင့်အော်လိုက်ရာ ရန်မျိုးနိုင်အနီးသို့ သွားမည့်သူများတုံ့သွားရလေ၏။

ရန်မျိုးနိုင်သည် ကျောက်တုံးကိုအမိအရဆွဲကိုင်ထားရင်း အံကိုကြိတ်ထားရာ မေးကြောကြီးများထောင်လာလေသည်။

‘ မလာကြပါနဲ့၊ ကယ်ဖို့မကြိုးစားပါနဲ့တော့ရဲဘော်တို့ ’

ရန်မျိုးနိုင်ကိုင်ထားသောကျောက်တုံးသည်လဲ တဖြည်းဖြည်း လှုပ်ယမ်းလာလေသည်။ လူ၏အလေးဒဏ်ကြောင့် မကြာမီမြေမှ ကျွတ်ထွက်ပေတော့မည်။

ကျောက်တုံးကိုတွဲလောင်းခိုထားသော ရန်မျိုးနိုင်၏ကျောဆီမှသွေးများသည် ဒုတ္ထဝတီမြစ်ထဲသို့ တပေါက်ပေါက်စီးကျနေလေ၏။

ရန်မျိုးနိုင်က နောက်ဆုံးအနေဖြင့် အံကိုတင်းတင်းကြိတ်လိုက်ကာ..

‘ မောင်ညို၊ ညီလေး၊ အစ်ကိုကြီးသွားတော့မယ်ကွဲ့ ’

‘ ရဲဘော်တို့၊ လွတ်လပ်ရေးရသည်ထိ အနိုင်တိုက်ယူကြပေတော့ ’

စကားဆုံးသည်နှင့် ကျောက်တုံးသည်မြေမှကျွတ်ထွက်သွားကာ ရန်မျိုးနိုင်သည် မြစ်ထဲသို့ပြုတ်ကျသွားလေသည်။

ကျီးပါးစပ်ဝဲထဲသို့တည့်မတ်စွာကျရောက်သွားကာ ဝဲကတော့အတွင်းခေတ္တမျှဝဲလည်ရင်း တစတစဖြင့် မြစ်ကြမ်းပြင်အောက်ခြေတိုင် နစ်မြုပ်သွားလေတော့သတည်း။

'အစ်ကိုကြီးရေ၊ အစ်ကိုကြီးရဲ့'

'ဆရာ၊ ဆရာ'

ကျွန်ုပ်နှင့် မျိုးချစ်လူငယ်ကာလသားများ၏တမ်းတအော်ဟစ်သံများက ဒုတ္တဝတီမြစ်ရိုးတလျှောက်ဆီသို့ ပဲ့တင်ထပ်ကာ ရိုက်ခတ်သွားလေတော့သည်။

♣♣♣♣♣♣♣♣♣

# ဒုတိယပိုင်း

*မန်းတခွင် ပန်းသဇင်ပေါ်စမို့ မျှော်ကြတယ်လေး × × ×*
*နမ်းမှာလားမောင်ရဲ့ မွှေးတယ်ရှင် ပန်းမျှားသဇင် × ×*
*မယ်ချစ်ပါတဲ့ကိုကို × × သဇင်ပန်းရွှင်လန်းစေဖို့သာယဉ်*
*ပန်းမျှားသဇင် ဘုရင်တော်ဝင်သုံးသည်မို့လေး × × ×*
*ရပ်ရှစ်ခွင်နယ်တွင် ပြည်ရွာသုံးပေမို့မွှေး × × ×*
*ပျံ့မွှေး ပျံ့မွှေး လေယူရာအေး မြသွေးသန့်စင် × × ×*
*ပန်းရနံ့ကြိုင်လှိုင်သရှင် အများတို့မေတ္တာဝင် × × × ×*

ဘုန်းတော်ကြီးဦးဉာဏ၏မျက်ဝန်း၌မျက်ရည်များရစ်ဝဲနေလေသည်။ တရားရှင်ဖြစ်သည့်တိုင် အတိတ်၏ကြေကွဲဖွယ်ဖြစ်ရပ်များကပြန်လည်ရိုက်ခတ်လိုက်သည့်အခါ အဖြစ်သနစ်များကို အသစ်အဖြစ်ပြန်လည်မြင်ယောင်လာမိသည်။

ချစ်သူနှစ်ဦး၏ ကြေကွဲဖွယ်ဇာတ်သိမ်းအတွက် ဝမ်းနည်းပက်လက်ဖြစ်ရသည်နှင့်အတူ၊ မြန်မာ့လွတ်လပ်ရေးအတွက် ဇာတိသွေးထက်သန်သော သူရဲကောင်းတစ်ယောက် လက်လွတ်ဆုံးရှုံးရခြင်းအပေါ် မချိတင်ကဲဖြစ်မိပေသည်။

ရန်မျိုးနိုင်ကျဆုံးရခြင်းသည် မြန်မာနိုင်ငံအတွက် မျိုးချစ်သူရဲကောင်းတစ်ယောက် ဆုံးရှုံးရခြင်းဖြစ်သလို၊ ညောင်ပင်ဆိပ်ရွာကလေးအဖို့လည်း တော်လှန်ရေးအတွက်ရှေ့ဆောင်လမ်းပြသောက်ရှူးကြယ်တစ်ပွင့် ကြွေလွင့်ရခြင်းပင်ဖြစ်တော့သည်။

ညောင်ပင်ဆိပ်ရွာမှ ဇာတိသွေးထက်သန်သောလူငယ်တို့သည်လည်း လေ့လှော်ရင်းတက်ကျိုးရလေပြီ။ ဦးစီးပဲ့ကိုင်ကင်းမဲ့သော လှေငယ်သဖွယ် ရည်ရွယ်ချက်တို့ဝေဝါးပျောက်ဆုံးခဲ့ရပေ၏။

ထိုအဖြစ်များကို ယခုလို အကြောင်းသင့်၍ပြန်လည်တွေးတောမိသည့်အခါ လက်ငင်းကြုံတွေ့ရသည့်သဖွယ် ကြေကွဲဝမ်းနည်း မျက်ရည်ဝဲမိရလေတော့၏။

ဘုန်းတော်ကြီးသည် ရွာလမ်းမဆီသို့မျှော်ကြည့်လိုက်ပြန်သည်။ ဆရာတော်ဘုရားကြီးမျှော်လင့်နေသောလူငယ်ကို မမြင်ရသေးချေ။

ဆရာတော်ကြီးက ခုံတန်းလျားပေါ်တင်ထားသောမှတ်တမ်း စာရွက်ထပ်ကိုငဲ့ကြည့်လိုက်ပြန်သည်။

ဆရာတော်ဦးဉာဏ ပြန်လည်တွေးတော မြင်ယောင်နေမိသောအဖြစ်များမှာ ဤမှတ်တမ်းထဲတွင် သုံးပုံနှစ်ပုံခန့်အထိသာ ရေးသားထားသောအပိုင်းဖြစ်ပေသည်။ ဆက်လက်၍ဖြစ်ပျက်သောအဖြစ်များကို နောက်ထပ်စာမျက်နှာ၄ဝမျှခန့်ဖြင့်ဆက်၍ ရေးသားထားပေသေးသည်။

ဦးဉာဏငယ်ဘဝဖြစ်သော မောင်ညိုကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်များမှာ မောင်ညိုအသက်စနှစ်အရွယ်တွင် ကြုံတွေ့ခဲ့ရခြင်းဖြစ်လေသည်။

မောင်ညိုသည် ရန်မျိုးနိုင်နှင့်မမြစိမ်းတို့၏ဘဝများ နိဂုံးချုပ် အဆုံးသတ်သွားပြီဟုပင် ထင်ခဲ့သည်။ ကွယ်လွန်ပြီးသူများ၏ဖြစ်အင်သည် ဤကမ္ဘာလောကမှ တဖြည်းဖြည်းပျောက်ကွယ်ပျက်သုန်းသွားလိမ့်မည်ဟု

ထင်ခဲ့သည်။ လူတို့သည်လည်း ကာလကြာမြင့်လာသည်နှင့်အမျှ ထိုအဖြစ်တို့ကို မေ့လျော့သွားလိမ့်မည်ဟု ထင်မှတ်ခဲ့ပေ၏။

သို့သော် ဝဲသြဃသံသရာကြီးကား ပြီးပျောက်ပျက်သုဉ်းသွားသည်ဟုမရှိပါတကား။ သတ္တဝါတို့၏ ဘဝသံသရာကား ရှည်လျားထွေပြားလှပါချေတကား။

အသက်စနစ်အရွယ်တွင်ကြုံတွေ့ခဲ့ရသော မောင်ညို၏အတွေ့အကြုံများသည် နောင်နှစ်ပေါင်း၂၀ကြာမြင့်သည်၌ ပြန်လည်ဆန်းသစ်ရှင်သန်လာလိမ့်မည်ဟု မည်သူကထင်မှတ်ပါမည်လဲ။

ထူးဆန်းပွေလီသော လောက၏အဖြစ်သနစ်များကို ဆရာတော်ဘုရားကြီးက ဤသို့ ဆက်လက်မှတ်တမ်းတင်ထားပြန်လေ၏။

♣♣♣♣♣♣♣♣♣

*သေနိုင်ပါရိုးလား× × လေဘာတီရယ် × ×*
*ပေတစ်ရာဆီလျှောက်ပါလို့ × × မြင်သလောက်ပြလိုက်ချင် ပါသည်× ×*
*အခြေလဲတိုးတယ်× × အနေလဲတိုးတယ်×*
*မသေပဲကိုးကွယ်× × မျှော်တော်မူကြသည် × × ×*
*သြော်– မမုန်းနဲ့နော်ကျွန်မအတည်× ×*
*ရုပ်တော်တော်လှပါသည်× × တုံးကျော်မလေဘာတီ× ×*

ကျွန်ုပ်ကား အသက်စနစ်အရွယ်တွင်ကြုံတွေ့ခဲ့သော အဖြစ်များကိုမမေ့နိုင်ခဲ့ပေ။ မသက်ဆိုင်သူများအဖို့ ကာလကြာလျှင် မေ့လျော့ကောင်းမေ့လျော့သွားမည်ဖြစ်သော်လည်း ကျွန်ုပ်အဖို့မူ ကျွန်ုပ်ချစ်သော မမမြနှင့် ကျွန်ုပ်၏သူရဲကောင်းကြီးကိုရန်မျိုးနိုင်တို့ကို မေ့နိုင်တော့မည်မဟုတ်တော့ပါပေ။

ကိုရန်မျိုးနိုင်ကွယ်လွန်ပြီးနောက် ၄င်းဖွဲ့စည်းထားခဲ့သော ရွာကာလသားများပါဝင်သည့် တော်လှန်ရေးတပ်ဖွဲ့သည်လည်း ခေါင်းဆောင်မရှိသည့်အတွက် ဝါးအစည်းပြေသလို ပြိုကွဲခဲ့ရလေတော့သည်။

ကျွန်ုပ်၏မိဘများကိုလည်း ရန်မျိုးနိုင်နှင့်မမြစိမ်းအချစ်ရေးတွင် ကျွန်ုပ်ပါဝင်ကူညီသည့်အတွက်ဆိုကာ သူကြီးက သူ့အိမ်ဝိုင်းထဲမှနှင်ချလိုက်လေသည်။

မိဘတို့သည် အသက်ကြီးတောင့်ကြီးမားမှ အခြားရွာသို့သွားကာ လယ်သူရင်းငှားဘဝဖြင့် အသက်ဆက်ရရှာလေ၏။ ကျွန်ုပ်ကိုကား ညောင်ပင်ဆိပ်ရွာဘုန်းကြီးကျောင်း၌ပင် အပ်နှံထားခဲ့လေသည်။

ကျွန်ုပ်အသက်ဆယ်နှစ်ပြည့်ချိန်တွင် မိဘများသည် ရှိသမျှငွေကြေးလေးများစုဆောင်းကာ ကျွန်ုပ်အားရှင်ပြုပေးရှာပေ၏။ ဆရာတော်ကြီးက ကျွန်ုပ်၏သာမဏေအမည်အား **'ဥာဏ'** ဟုမှည့်ခေါ်ပေးခဲ့လေသည်။

ကိုရင်ဝတ်ဘဝဖြင့် တစ်နှစ်မျှကြာသည်တွင် ကျွန်ုပ်၏ မိခင်ဒေါ်ဆယ်မှာ မီးယပ်ရောဂါဖြင့် ဆုံးပါးသွားလေသည်။

ဖခင်သည် ကျွန်ုပ်အား ရာသက်ပန်သင်္ကန်းဝတ်ဖြင့်နေထိုင်ရန်နားချခဲ့ပေသည်။ ကျောင်းထိုင်ဘုန်းကြီးကိုလည်းအပ်နှံလျှောက်ထားခဲ့လေ၏။ ကွယ်လွန်သူမိခင်ကလည်း ကျွန်ုပ်အား ရဟန်းဘဝဖြင့်မြင်လိုခဲ့သည်ဟု ဖခင်ကြီးကပြောပြပေသည်။

ကျွန်ုပ်သည်လည်း ကျွန်ုပ်၏လုပ်ရပ်ကြောင့် မိဘများ ကြီးတောင့်ကြီးမားမှ ဆင်းရဲပင်ပန်းရသည့်အဖြစ်ကို ထောက်ထားကာ မိဘများဆန္ဒအတိုင်း ရာသက်ပန်သင်္ကန်းဝတ်ရန် သဘောတူခဲ့လေ၏။

ပြီးဆုံးခဲ့ပြီဟုထင်သောဖြစ်ရပ်များ တစ်ဖန်ပြန်လည်အသက်ဝင်လာသည်မှာ ကျွန်ုပ်၏အသက်၃၃နှစ်၊ ရဟန်းဝါ၁၃ဝါအရတွင်ဖြစ်ပေသည်။

ထိုအချိန်၌ ကျွန်ုပ်သည် ရဟန်းတော်များအတွက်သတ်မှတ်သောစာမေးပွဲများအောင်မြင်ပြီးကာ ဦးဇင်းတစ်ပါးအဖြစ် ရွာဦးကျောင်း၌ပင် သီတင်းသုံးနေချိန်ဖြစ်ပေ၏။

အချိန်ကား မြန်မာသက္ကရာဇ်၁၂၈၆၊ ခရစ်နှစ်၁၉၂၄ဖြစ်ပေသည်။

ညောင်ပင်ဆိပ်ရွာကလေးသည် ရေးကထက်ပိုမိုစည်ကားနေချိန်ဖြစ်ပေ၏။

ရွာ၌စပါးသီးနှံအထွက်ကောင်းကာ စီးပွားရေးတိုးတက်လာခဲ့လေပြီ။ ဆိပ်ကမ်း၌လည်း စက်သင်္ဘော၊ စက်လှေများ ဥဒဟိုဝင်ထွက်ကာ ရောင်းဝယ်ဖောက်ကားလျှက်ရှိချေပြီ။ ဆန်စက်တည်ထောင်နိုင်သူများပင် ပေါ်ပေါက်လာကာ သာယာစည်ပင်လျှက်ရှိနေလေပြီ။

ကြေးရေတတ်တို့၏သားသမီးများသည်လည်း မြို့၌ပညာသွားရောက်သင်ကြားနိုင်ကြ၍ ပညာတတ်ပုဂ္ဂိုလ်များလည်းပေါ်ထွန်းလာခဲ့လေပြီ။

စည်ပင်ဝပြောလာသည်နှင့်အမျှ ပွဲလမ်းသဘင်များလည်း ကျင်းပလာကြလေသည်။

ဘုန်းကြီးကျောင်းတောင်ကုန်းပေါ်ရှိ '**အတုလမာရဇိန်**' ဘွဲ့မည်ရှိ လွမ်းစေတီလေးကိုအကြောင်းပြုကာ ရွာဘုရားပွဲအဖြစ် နှစ်စဉ်အငြိမ့်ပွဲများငှားရမ်းကျင်းပခဲ့လေသည်။

ထိုအချိန်၌ မြန်မာပြည်တွင်ရုပ်ရှင်လုပ်ငန်းပေါ်ထွန်းနေသည်မှာ သုံးလေးနှစ်မျှရှိချေပြီ။ သို့သော်ညောင်ပင်ဆိပ်ရွာသူရွာသားများမှုကား ရုပ်ရှင်ကိုမကြည့်ဖူးကြသေးချေ။ ကျွန်ုပ်ကိုယ်တိုင်ပင် မန္တလေးမြို့သို့စာဝါသင်ကြားရန်သွားရောက်နေထိုင်ဖူးသော်လည်း ရုပ်ရှင်ခေါ်ဓာတ်ရှင်ကို တစ်ကြိမ်မှ မကြည့်ခဲ့ဖူးပေ။

ရွာ၌ပွဲလမ်းကျင်းပရာတွင် အငြိမ့်ကိုသာအားထား၍ငှားရမ်းကြပေ၏။

ယခုနှစ်တွင်.. ရွာလူကြီးများ ငှားရမ်းထားသောအငြိမ့်မှာ.. ***လေဘာဝတီမမြရင်***အငြိမ့်ဖြစ်သေည်။ လေဘာဝတီမမြရင်ဆိုသည့်အမည်သည် ယခုနှစ်ပိုင်းအတွင်းသတင်းမွှေးလျှက်ရှိပေ၏။ ထိုမင်းသမီးမည်မျှတော်၍ ကျော်ကြားရသည်ကိုမူ ရဟန်းတစ်ပါးဖြစ်သော ကျွန်ုပ်အဖို့စေ့ငုရန်မလိုအပ်ပါပေ။

ဘုရားပွဲချိန်များတွင်လဲ ကျွန်ုပ်သည် ရဟန်းဂုဏ်သိက္ခာနှင့်အညီနေထိုင်သူဖြစ်၍ အငြိမ့်ပွဲဇာတ်ပွဲများကိုကြည့်ရှုခြင်းမပြုခဲ့ပါပေ။

ရွာဘုရားပွဲကို စေတီနှင့်ကျောင်းရှိရာတောင်ကုန်းအောက်ခြေနှင့် ရွာ၏အနောက်ဖက်အစပ်ဖြစ်သောကွင်းပြင်ကျယ်ကြီး၌ ကျင်းပမြဲဖြစ်လေသည်။

ထိုနှစ်ကဘုရားပွဲသည် လွန်စွာစည်ကားကာ.. ရွာနီးချုပ်စပ်ရွာများမှပင် လှေတစ်တန်၊လှည်းတစ်တန်နှင့် လာရောက်ကြည့်ရှုကြလေ၏။ ကျွန်ုပ်တို့၏ကျောင်းအောက်ထပ်၌လည်း ဘုရားပွဲလာ ရပ်ဝေးပရိသတ်များဖြင့် စည်ကားနေလေသည်။

လေဘာဝတီမမြရင်အငြိမ့်သည် ကျွန်ုပ်တို့ရွာဘုရားပွဲ၌ ၅ညတိုင်တိုင်ကပြခဲ့လေ၏။

ပွဲနောက်ဆုံးညတွင် ဘုရားဂေါပကတစ်ဦးဖြစ်သူဦးမောင်ကံက ကျွန်ုပ်အားလာရောက်လျှောက်ထားလေသည်။

' ဦးဇင်းကြီးဘုရား၊ ဦးဇင်းကြီးကို မင်းသမီးလေးကဖူးတွေ့ချင်လို့ တပည့်တော်ကို ခွင့်တောင်းခိုင်းလိုက်လို့ပါဘုရား '

' ဘယ်ကမင်းသမီးလေးလဲဒကာကြီးရဲ့ '

' တပည့်တော်တို့ရွာပွဲမှာကနေတဲ့ လေဘာဝတီမမြရင်ဆိုတဲ့အငြိမ့်မင်းသမီးလေးပါဘုရား '

' သူက ဘာလို့ကျုပ်ကိုဖူးချင်ရသတဲ့တုန်း '

' အဲဒါတော့ မသိဘူးဘုရား၊ တစ်ချိန်က သူကြီးသမီး မမြစိမ်းတို့အိမ်မှာနေသွားတဲ့ မောင်ညိုဆိုတာဒီရွာမှာရှိသေးလားလို့မေးတော့ တပည့်တော်တို့က ဦးဇင်း ဘုန်းကြီးဝတ်နဲ့ ဒီကျောင်းမှာရှိကြောင်း ပြောလိုက်တယ်၊ အဲဒါနဲ့ သူက ဦးဇင်းကိုတွေ့ချင်တယ်၊ ဖူးချင်တယ်လို့ ခွင့်တောင်းခိုင်းလိုက်လို့ပါ ဘုရား '

' အဆန်းပါလား၊ ရပ်ဝေးက ဦးဇင်းတွေကများ စကားအမှာ၊ စာအမှာ ပါးလိုက်လို့လား၊ အေးလေကွယ်.. ဘုန်းကြီးကျောင်းကို ဗုဒ္ဓဘာသာမှန်ရင် ဘယ်သူလာလာရတာပဲ၊ ဖူးချင်သပဆိုလဲ လွှတ်လိုက်ပေါ့ '

ကျွန်ုပ်မှာ မင်းသမီးက ကျွန်ုပ်ကိုဖူးတွေ့ချင်သည်ဆို၍ အနည်းငယ်တော့အံ့ဩမိပေသည်။ ကျွန်ုပ်တွေးသလို မန္တလေးသို့ စာဝါသင်ကြားရန်သွားရောက်စဉ်က ခင်မင်ရင်းနှီးခဲ့သောရဟန်းတစ်ဦးတလေက စာဖြစ်စေ၊ လက်ဆောင်ဖြစ်စေလူကြုံပေးလိုက်၍ပဲဟု ထင်မိခဲ့သည်။ သို့ရာတွင် တစ်ချိန်က မမြစိမ်းတို့အိမ်တွင်နေခဲ့ဖူးသည့်မောင်ညို–ဆိုသောစကားက ကျွန်ုပ်အား အစဉ်းစားရကြပ်စေပြန်၏။ မိဘများ၏အသိမိတ်ဆွေများလေလား။

ကျွန်ုပ်သည် မမြရင်ဆိုသောမင်းသမီးလာရောက်ဖူးတွေ့မည့်ကိစ္စအတွက် ထိုမျှလောက်သာစဉ်းစားခဲ့မိပါသည်။ သူမနှင့်အတူ ကျွန်ုပ်အတွက် ထူးဆန်းအံ့ဖွယ်ကိစ္စတစ်ရပ်ပါလာလိမ့်မည်ဟုတော့ မထင်မှတ်ခဲ့ပါချေ။

♣ ♣ ♣

ညနေပိုင်းတွင် မင်းသမီးကလေး လေဘာဝတီမမြရင်သည် ကျွန်ုပ်ထံသို့ ရောက်လာခဲ့လေ၏။ ကျွန်ုပ်ကား မမြရင်ကို ပထမဦးဆုံးအကြိမ်မြင်ဖူးခြင်းပင်ဖြစ်တော့သည်။

မမြရင်သည် သူမ၏မိခင်နှင့်အတူ ကျောင်းပေါ်သို့တက်လာရာ သူမကိုမြင်လိုက်သည့်ကျွန်ုပ်သည် ယခုမှပင်မြင်ဖူးသော်လည်း ယခင်ကသိကျွမ်းဖူးသကဲ့သို့မှတ်ထင်လိုက်မိလေသည်။

မမြရင်နှင့်သူမ၏မိခင်သည် ကျွန်ုပ်ရှေ့အရောက်တွင် ကြုံ့ကြုံ့ထိုင်လိုက်ပြီး ဦးစွာ ဘုရားကို ကန်တော့လိုက်၏။ ထို့နောက် ကျွန်ုပ်အား ဦးချလိုက်လေသည်။

မမြရင်သည် လွန်စွာချောမောလှသည်ဟုမဆိုသာသော်လည်း ယဉ်ကျေးသိမ်မွေ့၍ တည်ငြိမ်သောရုပ် လက္ခဏာရှိသည့် မိန်းကလေးတစ်ယောက်ပင်ဖြစ်တော့သည်။ မင်းသမီးဖြစ်သော်ငြား ဆန်းပြားသောအဝတ် အဆင်များဖြင့် ဆင်ပြင်မထားပေ။ လက်ရှည်အင်္ကျီအဖြူနှင့် သရက်ထည်ထမီလေးကိုသာအရပ်သူများသဖွယ် ဝတ်ဆင်ထား လေသည်။

သူမထံမှအထူးခြားဆုံးမှာ ရှည်လျားလှသောဆံပင်ထူထူကြီးပင်ဖြစ်ပါ၏။ မမြရင်က သူမ၏ဆံပင် ကိုထုံးဖွဲ့မထားပဲ စည်းနှောင်ကာနောက်သို့ချထားလေသည်။ ကြမ်းပြင်ပေါ်၌ထိုင်နေရာတွင် သူမ၏ဆံပင် ထွေးကြီးမှာ ကြမ်းပြင်ပေါ်သို့ ပုံကျလျှက်ရှိလေသည်။

' အိမ်း– ဦးဇင်းတို့ရွာမှာ လာပြီးဆိုရကရတာ အဆင်မှပြေရဲ့လားကွဲ့ '

သားအမိနှစ်ယောက်ဝတ်ဖြည့်အပြီးတွင် ကျွန်ုပ်ကစတင်၍ ပဋိသန္ထာရစကားဆိုလိုက်လေသည်။

မမြရင်ကပြန်မဖြေပဲ သူမ၏မိခင်ကသာ ပြန်၍ဖြေလေသည်။

' တင်ပါ့ဘုရား၊ အစစအဆင်ပြေပါတယ်ဘုရား၊ ရွာလူကြီးများကလဲ ဂရုစိုက်ကြပါတယ် '

ကျွန်ုပ်နှင့်သူမ၏မိခင် စကားပြောနေစဉ်တွင် မမြရင်သည် ကျွန်ုပ်အားငေးစိုက်လျှက်ကြည့်နေလေ သည်။ မင်းသမီးဖြစ်သော်လည်း စကားနည်းပုံရပေသည်။

သူငယ်မသည် အသက်နှစ်ဆယ်အရွယ်ခန့်ရှိမည်ဖြစ်ကာ ဣန္ဒြေသိက္ခာနှင့်ပြည့်စုံလှပေသည်။

' ဘယ်အရပ်က လာကရသလဲ၊ တော်တော်ခရီးလှမ်းသလား'

' တပည့်တော်မတို့က သာစည်သူတွေပါဘုရား၊ သာစည်ကလာခဲ့ရပါတယ် '

' အလို၊ ခရီးလှမ်းသကိုး '

' တင်ပါ့၊ တပည့်တော်မကလဲ အရင်က မင်းသမီးတစ်လက်ပါဘုရား၊ နာမည်က မညဏ်ယုံ လို့ခေါ်ပါတယ်၊ မမြရင် အဖေကလဲ မင်းသားပါ၊ တောဇာတ်ကလေးထောင်ပြီး လင်မယားနှစ်ယောက် ဇာတ် က, စားကြလို့ အရပ်တကာလှည့်သွားရတာ ရိုးနေပါပြီဘုရား '

' သြော.. မျိုးနဲ့ရိုးနဲ့သဘင်သည်တွေကိုး '

' မှန်ပါ့၊ သူ့ဖခင်ဆုံးတော့ မမြရင်ငယ်ငယ်ပဲရှိပါသေးတယ်၊ အဲဒီကတည်းက ဇာတ်နားလိုက်တာ မမြရင်အရွယ်ရောက်မှပဲ သူကလဲ အကအခုန်ဝါသနာပါလို့ အငြိမ့်လေးပြန်ထောင်ဖြစ်ပါတယ် '

ကျွန်ုပ်နှင့်သူမမိခင် စကားပြောနေစဉ်တွင် မမြရင်သည် ကျွန်ုပ်အားငေးစိုက်လျှက်သာကြည့်နေပေ၏။

' ဒါနဲ့ ဦးဇင်းနဲ့တွေ့ချင်တယ်ဆိုတာ တခြားကိစ္စများရှိလို့လားဒကာမကြီးတို့ '

ကျွန်ုပ်ကမေးလိုက်သည်တွင် မမြရင်သည် ခေါင်းငုံ့သွားလေသည်။ မမြရင်၏မိခင်က မမြရင်ဖက် သို့လှည့်ကြည့်လိုက်လေ၏။

' သမီး၊ လျှောက်စရာရှိတယ်ဆိုတဲ့ကိစ္စ ဦးဇင်းကို လျှောက်လေ '

သူမ၏မိခင်က မမြရင်ကိုတိုက်တွန်းလိုက်လေ၏။

ကျွန်ုပ်ရင်ထဲ၌ ဇဝေဇဝါဖြစ်သွားလေသည်။

အရပ်တစ်ပါးမှအငြိမ့်မင်းသမီးသည် ကျွန်ုပ်အား မည်သည့် ကိစ္စတင်လျှောက်ရန်ရှိသနည်း။

' ဒကာမလေးလျှောက်စရာရှိ လျှောက်ပါလေ '

မမြရင်က အတန်ကြာစကားမစသည့်အတွက် ကျွန်ုပ်က တိုက်တွန်းလိုက်လေသည်။

ထိုအခါ မမြရင်၏ငုံ့ထားသောခေါင်းသည် ကျွန်ုပ်အား မော်ကြည့်လာလေသည်။

ကျွန်ုပ်သည် မမြရင်ကိုကြည့်ရင်းအံ့သြသွားလေသည်။ သူမ ငိုရှိုက်နေပါကလား။ မော်ကြည့်လိုက် သောမမြရင်၏မျက်ဝန်းတွင် မျက်ရည်များစိုစွတ်နေကာ မျက်ရည်တို့သည်ပါးပြင်ပေါ်သို့ စီးကျနေပေသည်။

ထို့အပြင် မမြရင်မော်ကြည့်လိုက်သည့်အခိုက် ကျွန်ုပ်အသိ၌ တစ်စုံတစ်ခုကိုသတိရသွားလေသည်။ မျက်ရည်ဝေသော မျက်လုံးများဖြင့် သူမမော်ကြည့်လိုက်သောသွင်ပြင်ကို ကျွန်ုပ်သည် ရင်းရင်းနှီးနှီး သိဖူး မြင်ဖူးသလိုခံစားလိုက်ရ၏။

' အညို၊ အညို '

မမြရင်က အိပ်နေရင်းယောင်နေသည့်သဖွယ် ကျွန်ုပ်အား ကြည့်၍ရေရွတ်လိုက်လေသည်။

' အညို၊ မမြကိုမမှတ်မိတော့ဘူးလားအညိုရယ် '

' ဟင် '

မမြရင်၏စကားကြောင့် ကျွန်ုပ်မှာကြက်သီးဖြန်းဖြန်းထသွားလေတော့သည်။

' မင်း ... မင်း .. '

' မမြပါအညိုရဲ့၊ မင်းရဲ့မမြပါ၊ မမြရင်ဟာ မင်းရဲ့ မမြ၊ မမြစိမ်းလေ.. '

' အို.. သမီး၊ မြရင်၊ သတိထားပါကွယ်၊ ဦးဇင်းဟာ သမီးထက်အသက်အများကြီးကြီးတဲ့ ရဟန်းတစ်ပါးဆိုတာသတိထားပါဦး၊ ဦးဇင်းနားလည်အောင် အေးအေးဆေးဆေးရှင်းပြကြရအောင် သမီး '

မိခင်ကြီးက မမြရင်၏လက်မောင်းကိုကိုင်လှုပ်ကာသတိပေးလိုက်လေသည်။

ထိုအချိန်၌ ကျွန်ုပ်သည် အလုံးစုံကို စေ့ငုစွာသိရှိနားလည်လိုက်မိပါလေပြီ။

လေဘာတီမမြရင်ကိုမြင်စက ယခင်ကမြင်ဖူးခဲ့သယောင်ထင်ခဲ့မိသည်ကိုငှင်း၊ သူမ၏အကြည့်များကိုရင်းနှီးသယောင် ထင်ခဲ့မိသည်ကိုငှင်း ကျွန်ုပ်သဘောပေါက်လိုက်ပါလေပြီ။

' ရှင်းအောင်ပြောပါဦး '

ကျွန်ုပ်ကက္ကန္ဓြေကိုထိမ်းကာ ရှင်းလင်းအောင်မေးလိုက်သည်။ ရင်ထဲ၌မူလှုပ်ခတ်လျှက်ရှိပေ၏၊ ကျွန်ုပ်၏စိတ်သဏ္ဍာန်၌ ကိုရန်မျိုးနိုင်နှင့်မမြစိမ်းတို့၏ပုံရိပ်များ ရုတ်ချည်းထင်ဟပ်လာလေသည်။ ဩော်.. သူတို့ကွယ်လွန်ခဲ့သည်မှာပင် အနှစ်၂၀မက ကြာခဲ့ပါပြီကော။

' ဒီလိုပါဦးဇင်း၊ တပည့်တော်မသမီး မမြရင်ကလေးဟာ လူဝင်စားတစ်ယောက်ပါရှင်၊ သူစကားတတ်ခါစအရွယ်မှာပဲ သူဟာ ရေနစ်သေခဲ့တဲ့အကြောင်းပြောပြပါတယ် '

' ရေနစ်သေခဲ့တယ်တဲ့လား '

' ဟုတ်ပါတယ်၊ သူ့နာမည်ဟာ အရင်ဘဝ မမြစိမ်းလို့ ခေါ်ကြောင်းလဲသူကပြောပြပါတယ် '

' ဟင်–အင်မတန်မှ ဇာတိသရညာဏ်ကောင်းပေတာပဲ၊ ဩော်.. မမြရင်ဟာ မမြစိမ်းဝင်စားခဲ့သူကိုး၊ ဘယ်အတိုင်းအတာအထိများ အတိတ်ကိုမှတ်မိခဲ့သလဲ၊ ဦးဇင်းကို အညိုလို့ ခေါ်လိုက်ပုံထောက်တော့ အတိတ်အကြောင်းအလုံးစုံကို မှတ်မိပုံရတယ် '

' အဲဒီလိုတော့မဟုတ်ပါဘူးဘုရာ့၊ တပည့်တော်မဟာ တစ်ချိန်က ရေထဲခုန်ချခဲ့တာတွေကို မျက်စိထဲမှာမကြာခဏပြန်မြင်မိပါတယ်၊ ပြီးတော့ လူအုပ်စုကြီးရယ်၊ တပည့်တော်မရဲ့ချစ်သူအလောင်းဟာ မြစ်အထက်ဖက်ကမျောလာတာတွေရယ်ကို ပြန်ပြီး မှတ်မိပါတယ် '

မမြရင်က ကိုယ်တိုင်ဝင်ပြောလိုက်သည်။

' အဲဒီတုန်းကတော့ ကိုရန်မျိုးနိုင်ရဲ့နာမည်ကိုမမှတ်မိပါဘူး၊ ပြန်မြင်ယောင်မိတဲ့အဖြစ်အပျက်ကို ထောက်ဆပြီး တပည့်တော်မရဲ့ ခင်ပွန်းဖြစ်သူဟာ လူဆိုးသူဆိုးတွေသတ်လို့သေသွားရတယ်၊ တပည့်တော်မဟာလဲ ခင်ပွန်းသည်နောက်ကို ရေထဲခုန်ချလိုက်သေခဲ့တယ်လို့ ထင်မှတ်မိပါတယ်၊ အမေတို့ကိုလဲ အဲဒီအတိုင်းပဲ ပြောပြခဲ့ပါတယ် '

' ဒါဖြင့် မမြရင်မှတ်မိတာဟာ ဘဝကူးခါနီးခေတ္တခဏအဖြစ်ကိုသာ မှတ်မိတာပေါ့ '

' တင်ပါ့ဘုရား '

' ဒီအဖြစ်တွေဟာ ဘယ်နေရာဘယ်မြို့ဘယ်ရွာမှာဖြစ်ခဲ့တယ်ဆိုတာရော မှတ်မိရဲ့လားကွဲ့ '

' မမှတ်မိပါဘုရား '

' ဒါဖြင့် ဦးဇင်းကို အညိုလို့ခေါ်လိုက်တာကရော '

' ဒါကဒီလိုပါဘုရား၊ တပည့်တော်မကို ညောင်ပင်ဆိပ်ရွာမှာအငြိမ့်ကဖို့လာငှားတော့ တပည့်တော်မဟာ ညောင်ပင်ဆိပ်လို့ကြားလိုက်ရကတည်းက တစ်ခုခုတော့ ထူးထူးခြားခြား ကြုံရတော့မယ်လို့ အလိုလိုသိလိုက်ပါတယ်၊ အမှန်တော့ တပည့်တော်မဟာ ခရီးလမ်းပန်းကြမ်းတမ်းပြီး ဝေးလံတဲ့ရွာများကို ပွဲကဖို့လက်ခံလေ့မရှိပါဘူးဘုရား '

' သမီးက ခုနစ်ပိုင်းအတွင်း အတော်နာမည်ကျော်ကြားလာတယ်၊ လူကြိုက်များလို့ ကရတဲ့ပွဲချီက သိပ်စိတ်ပါတယ် ဘုရား၊ မင်းပွဲစိုးပွဲတွေကအစ ကရပါတယ်၊ ကြီးကြယ်တာမဟုတ်ပေမယ့် သမီးက နုတော့ ခရီးပန်းတဲ့ဒဏ်မခံနိုင်ပါဘူး၊ မြို့ပေါ်မှာပဲ ပွဲချီစိတ်စိတ်ကနေရတော့ကာ ရွာပွဲလေးတွေကို လက်မခံတဲ့သဘောပါ '

မမြရင်၏မိခင်ကြီးဒေါ်ညဏ်ယုံက ဝင်၍ရှင်းပြပေသည်။

' ညောင်ပင်ဆိပ်ရွာပွဲကိုတော့ သူကလက်ခံမယ်တဲ့၊ သူ့သဘောအတိုင်း တပည့်တော်မလည်း လိုက်လာခဲ့တာပါ၊ ဒီရောက်ပြီး နှစ်ရက်လဲကြာရော၊ သူဟာအတိတ်ဘဝက ဒီရွာမှာနေထိုင်ကြီးပြင်းခဲ့ကြောင်းနဲ့ အတိတ်ကြောင်းတွေအားလုံးကိုမှတ်မိပြီဆိုပြီး ပြောပြပါတယ် '

‘ ဘယ်နည်းဘယ်ပုံမှတ်မိလာတာလဲကွဲ့ ’

‘ ညောင်ပင်ဆိပ်ရွာဆိုတဲ့ ရွာနာမည်ကိုကြားကတည်းက ထူးထူးခြားခြားခံစားခဲ့ရတဲ့တပည့်တော်မဟာ ရွာကိုတစ်ဖက်ကမ်းကနေ လှေနဲ့ကူးလာချိန်ကစပြီး အတိတ်ကြောင်းတွေကို ပြန်ပြီး မြင်ယောင်လာပါတယ်ဘုရား၊ ပထမညပွဲကနေစဉ်မှာ ဇာတ်ခုံပေါ်ကနေ တစ်ရွာလုံးကိုဆီးမြင်နေရတဲ့မြင်ကွင်းကလဲ တပည့်တော်မရဲ့စိတ်ကို ပြန်ပြီးနှိုးဆွပေးလိုက်ပါတယ်၊ ပွဲကပြီး အိပ်ရာဝင်တာနဲ့ အတိတ်ကအကြောင်းတွေကို အိပ်မက်လိုလို ပြန်ပြီးမြင်ယောင်လာမိတာပါပဲဘုရား ’

‘ အင်းလေ.. ဘဝတစ်ခုစီခြားသွားပြီဆိုပေမယ့် အဖြစ်တွေကကြာမှမကြာသေးပဲကိုး၊ အနှစ်၂၀ကျော်ရုံလေးရှိသေးတာကလား၊ အနှစ်၂၀ဆိုတာဟာ လူ့ဘဝသက်တမ်းတစ်ခုနဲ့နှိုင်းယှဉ်ရင်တောင် တိုတောင်းတဲ့ကာလတစ်ခုပေပဲ၊ ငယ်စဉ်ကတည်းက အတိတ်ဘဝတစ်စိတ်တစ်ပိုင်းကို မှတ်မိနေတဲ့မမြရင်အတွက် နေရာဟောင်းကိုပြန်ရောက်လာတော့ အလုံးစုံပြန်မှတ်မိသွားတာ မဆန်းတော့ပါဘူးလေ ’

‘ မှန်ပါ့ဘုရား၊ တပည့်တော်မဟာ မမြစိမ်းဘဝက အဖြစ်စုံကိုမှတ်မိလိုက်တာနဲ့တပြိုင်ထဲ အမည်နာမများ၊ ယခင်ဘဝက မိဘများနဲ့ အဖြစ်အပျက်များအားလုံးကိုပြန်သတိရလိုက်ပါတယ်၊ အညိုဆိုတဲ့ သူငယ်လေးကိုလဲ မှတ်မိလိုက်ပါတယ်၊ တပည့်တော်မ ရွာထိပ်ကကျီးပါးစပ်ကွေ့နဲ့ ကျီးပါးစပ်ဝဲထိအောင် သွားကြည့်ပြီးပါပြီ၊ နေရာဟောင်းတွေကိုမြင်ရလေ အတိတ်ကိုပြန်ပြီးမှတ်မိလေပါပဲဘုရား၊ မိဘများနဲ့ ဟိုတစ်ချိန်ကလူကြီးများမရှိတော့တာကို တပည့်တော်စုံစမ်းကြည့်လို့သိပြီးပါပြီ၊ မောင်ညိုဆိုတဲ့အညိုကတော့ ဒီကျောင်းမှာသက်န်းဝတ်နဲ့ရှိနေတယ်ဆိုတာသိရလို့ လာခဲ့ရခြင်းပါ ’

‘ ဒါဖြင့် မမြရင်ဟာ မမြစိမ်းဝင်စားသူဖြစ်ကြောင်း အခြားသူများကို ပြောခဲ့ပြီပေါ့ ’

‘ ဘယ်သူ့ကိုမှမပြောပါဘုရား၊ တပည့်တော်မဖာသာ ဥပါယ်တမျည်နဲ့စုံစမ်းခြင်းဖြစ်ပါတယ် ’

‘ ကောင်းပေတယ်၊ ကိုယ်တိုင်ကြုံတွေ့ရလို့သာ အဆန်းတကြယ်ကိစ္စကြီးထင်မှတ်ရပေမယ့် တကယ်တော့ ဘဝတစ်ခုက ပြောင်းရွှေ့ပြီး နောက်ဘဝတစ်ခုမှာဝင်စားတယ်ဆိုတာဟာ ဆန်းပြားတဲ့ကိစ္စမဟုတ်ပေဘူး ’

‘ တင်ပါ့ဘုရား ’

‘ ဒီတော့ကာ မမြရင်ဟာ တစ်ချိန်က ဒီရွာသူမမြစိမ်းဖြစ်တဲ့အကြောင်း ဘယ်သူ့ကိုမှပြောမနေပါနဲ့တော့လေ၊ တကယ်တော့ ဦးဇင်းတို့လောကီသားများဟာ သံသရာက မလွတ်မြောက်သမျှကာလပတ်လုံး ဘဝတွေ တစ်ခုပြီးတစ်ခုပြောင်းရွှေ့ရောက်ရှိကြရတာမို့ မဆန်းကြယ်လှပါဘူး၊ လူ့ဘဝသာမက ရုံဖန်ရံခါမှာ တိရစ္ဆာန်အဖြစ် သံသရာမှာကျင်လည်ရတာကိုလဲ တို့ရဲ့ဘုရားရှင်က ဟောကြားခဲ့ပြီးဖြစ်တယ်၊ ဘုရားရှင်ကိုယ်တော်တိုင်ပင် တိရစ္ဆာန်ဘဝ၊ ကျေးငှက်သာရကာဘဝများမှာကျင်လည်ခဲ့ရသေးမဟုတ်လား ’

‘ မှန်ပါ့ဘုရား ’

‘ အေး–ဘဝတစ်ခုပြီးဆုံးလို့ နောက်ဘဝတစ်ခုမှာပြောင်းရွှေ့ဝင်စားရတာဟာ မမြရင်တစ်ယောက်ထဲမဟုတ်ပေဘူး၊ လူတိုင်းဟာ သံသရာကမလွတ်မြောက်သမျှ ဘဝအမျိုးမျိုးမှာကျင်လည်ရမြဲပဲ၊ ငှက်ပြန်ဖြစ်ရင်ဖြစ်မယ်၊ တိရစ္ဆာန်ဖြစ်ရင်ဖြစ်မယ်၊ လူပြန်ဖြစ်သော်လဲ လူမျိုးကွဲ၊ဘာသာကွဲဘဝနဲ့ ရေခြားမြေခြားမှာ ဝင်စားရင်လဲ ဝင်စားလိမ့်မယ်၊ မမြရင်ကတော့ ဇာတိဿရဉာဏ်ကောင်းမွန်သူမို့ အတိတ်ဘဝကိုပြန်ပြီး သိရခြင်းပေပဲ ’

‘ တင်ပါ့ဘုရား ’

‘ သို့သော် ဒီလိုအတိတ်ဘဝကိုပြန်သိရလို့ အကျိုးထူးရယ်လို့တော့ မရှိပေဘူး ’

‘ ရှင်းအောင်မိန့်တော်မူပါဦးဇင်း ’

‘ သိရခြင်းသည် သိရခြင်းသာဖြစ်တယ်ဒကာမလေး၊ အတိတ်ဘဝကိုသိရလို့ ဒကာမလေးမြရင်မှာ ဘာမှအကျိုးထူးခံစားရစရာမရှိဘူး၊ အတိတ်ဖြစ်ရပ်အတွက် စိတ်နှလုံးညှိုးနွမ်းရုံ ရှိပေလိမ့်မယ်၊ လူဝင်စားဆိုသူများဟာလဲ ရုတ်တရက်အစိမ်းသေ အသေဆိုးနဲ့သေသူများမှာသာ အထူးသဖြင့်ပြန်မှတ်မိတတ်ကြတာမျိုး ဖြစ်တယ်ကွဲ့ ’

‘ တင်ပါ့ဘုရား ’

‘ သည်တော့ကာ အတိတ်ဘဝကိုလွမ်းမောပြီးမနေပါနဲ့၊ လက်ရှိဘဝမှာသာ လူအဖြစ်ရတုန်း ကုသိုလ်ကောင်းမှုနဲ့တကွ လောကီဘဝတက်လမ်းကိုကြံဆောင်ပေတော့ဒကာမလေး ’

ကျွန်ုပ်သည် မမြရင်အား အတိတ်ကြောင်းများအတွက် ပူဆွေးသောကဖြင့် အချိန်မကုန်လွန်စေရန် တတ်စွမ်းသမျှတရားပြဟောကြားခဲ့လေသည်။

သူမသည် ယခင်မမြစိမ်းဘဝက ချစ်သူရန်မျိုးနိုင်သေပြီအထင်ဖြင့် ရေထဲသို့လိုက်ပါခုန်ဆင်းသွားခဲ့ခြင်းဖြစ်ရာ.. ရန်မျိုးနိုင်သည်တကယ်မသေပဲ ဘလှအုန်း၏အလောင်းကို သူ၏အဝတ်အစားများဝတ်ပေး၍လှည့်စားခဲ့ခြင်းကိုငှင်း၊ မမြစိမ်းဖခင် သူကြီးမင်း၏ သေနတ်ဖြင့်ပစ်ခတ်ခံရမှ ရန်မျိုးနိုင် တကယ်သေဆုံးရသည်ကိုငှင်း.. မသိရှာပေ။ အဖြစ်မှန်များကိုသာ ကျွန်ုပ်ပြောပြလိုက်ပါက မမြရင်တစ်ယောက် ယခင်ဘဝကဆုံးဖြတ်ချက်မှားယွင်းခဲ့မှုအပေါ် နောင်တတရားရ၍ ဆုံးတော့မည်မဟုတ်ပါပေ။

ကျွန်ုပ်သည် အဖြစ်မှန်အား မမြရင်ကိုပြောမပြတော့ပါပေ။ မိမိအတွက်လဲအကျိုးမရှိ၊ သူတထူးအတွက်လဲအကျိုးမရှိသောစကားသည် မပြောသင့်သောစကားအမျိုးအစားထဲ၌ပါဝင်သည် မဟုတ်ပါလော။

'ဒကာမလေးမမြရင်ကို ဘယ်နှခုနှစ်မှာမွေးဖွားခဲ့တာလဲ'

'၁၂၆၆ခုနှစ်ပါဘုရား '

ဒေါ်ညဏ်ယုံကဖြေလိုက်သည်။

' အသက်နှစ်ဆယ်ရှိပြီပေါ့၊ ဩော်.. မမြစိမ်းကွယ်လွန်ပြီး ငါးနှစ်အကြာမှာ လူအဖြစ်ကိုပြန်ပြီးဝင်စားသကိုး '

ကျွန်ုပ်သည် ရန်မျိုးနိုင်နှင့်မမြစိမ်းတို့၏အဖြစ်များကို ယခုတိုင်မှတ်မိပါသေးသည်။ ကျွန်ုပ်အသက်ဧနှစ်အရွယ်၊ ၁၂၆၁ ခုနှစ်၌ ချစ်သူနှစ်ဦးကွယ်လွန်ခဲ့ကြခြင်းဖြစ်လေသည်။

မမြခေါ်မမြစိမ်းသည် ထိုစဉ်က ကျွန်ုပ်ထက်အသက်၁၀နှစ်ကြီးပေ၏။ အသက်၁ဧနှစ်အရွယ်တွင်ကွယ်လွန်ခဲ့ရခြင်းဖြစ်လေသည်။

မမြရင်အဖြစ် ၁၂၆၆တွင်ပြန်လည်မွေးဖွားခဲ့ရာ.. မမြရင်သည်ကျွန်ုပ်ထက် ၁၃နှစ်ငယ်ရွယ်နေပေ၏။ ယခင်ဘဝကအသက် ၁၀နှစ်ပိုကြီးခဲ့သူကို ကိုယ့်ထက်၁၃နှစ်ငယ်ရွယ်သူအဖြစ်ပြန်လည် ဆုံစည်းရခြင်းပါတကား။ ကျွန်ုပ်က ဘဝမပြောင်းသေးသော်လည်း မမမြကား မမြရင်အဖြစ်ဘဝပြောင်းသွားခဲ့ပေပြီ။

'ဦးဇင်းဘုရား၊ တပည့်တော်မတစ်ခုလျှောက်ထားပါရစေ '

မမြရင်က ကျွန်ုပ်အားလက်အုပ်ချီကာပြောလိုက်လေသည်

' လျှောက်ပါဒကာမလေး '

'မမြစပ်ဆိုခဲ့တဲ့ ရွှေပြည်စိုးဆိုတဲ့သီချင်းလေးကို မှတ်မိသေးရဲ့လားအညို '

မမြရင်သည် ကျွန်ုပ်အား ယခင်ဘဝကအခေါ်အဝေါ်အတိုင်းခေါ်ဝေါ်ကာ.. သူ့ကိုယ်သူ တကယ့်မမြစိမ်းသဖွယ်မေးမြန်းလိုက်လေသည်။

' ရွှေပြည်စိုး '

မမြ ဝါးပတ္တလားလေးဖြင့်စပ်ဆိုခဲ့သည့်သီချင်း။ ကျွန်ုပ်ကိုယ်တိုင် စည်းဝါးလိုက်ပေးခဲ့ရသောသီချင်း။ သီချင်းအဖြစ်သာမဟုတ်။ ကိုရန်မျိုးနိုင် မမြအခန်းသို့လာရောက်သည့်ညကလဲ ရွှေပြည်စိုးအော်သံဖြင့်ပင် အချက်ပေးခဲ့ရသည်မဟုတ်လော။

' မှတ်မိပါတယ်ဒကာမလေး '

' တပည့်တော်အငြိမ့်ကရင်း သီဆိုတဲ့သီချင်းထဲမှာ ရွှေပြည်စိုးဆိုတဲ့သီချင်းတစ်ပုဒ် ပါဝင်ပါတယ်ဦးဇင်းဘုရား၊ ဒီသီချင်းလေးဟာ တပည့်တော်မစပ်ဆိုခဲ့တဲ့သီချင်းလေးနဲ့အတော်ပဲဆင်တူပါတယ်၊ အခုတော့ဒီသီချင်းလေးကို နန်းတော်ရှေ့ဆရာတင်ဆိုတဲ့ သီချင်းရေးဆရာတစ်ဦးက စပ်ဆိုပေးထားပါတယ်၊ တပည့်တော်မဟာ ဒီသီချင်းလေးသီဆိုရတိုင်း ရင်ထဲမှာတစ်မျိုးခံစားနေရတာကို ညောင်ပင်ဆိပ်ရွာရောက်မှပဲ ရှင်းသွားပါတော့တယ်၊ အရင်ဘဝက စပ်ဆိုခဲ့တဲ့သီချင်းလေးကိုပါ သတိရလိုက်လို့ပါဘုရား '

' အင်း.. တိုက်ဆိုင်မှုပေါ့လေ '

မမြရင်ပြောသော အငြိမ့်ကရင်းသီဆိုသည့် ရွှေပြည်စိုးသီချင်းကို ကျွန်ုပ်မကြားဖူးသေးပါပေ။ ရဟန်းဝတ်နှင့် ဂီတသဘင်ကိစ္စမှာတခြားစီမို့ ကျွန်ုပ်အတွက် ကြားဖူးနားထောင်ဖူးရန်လဲ အကြောင်းမရှိပါပေ။ *(မမြရင်နှင့်တွေ့ဆုံသည့်အချိန်သည် ယခုခေတ်အခါကဲ့သို့ ခေတ်စက်များ မပေါ်ပေါက်သေးသည့်အချိန်ဖြစ်ပါသည်။ ဤစာကိုမှတ်တမ်းတင်သည့်အချိန်တွင်မူ ခေတ်စက်ခေတ်ပြားများ ပေါ်ပေါက်ပြီးချိန်ဖြစ်၍ ရွှေပြည်စိုး-သီချင်းကို ကျွန်ုပ်ကြားဖူးပြီး ဖြစ်ပါသည်။ )*

လေဘာတီမမြရင်သားအမိနှင့် ကျွန်ုပ်တို့စကားပြောကြသည်မှာ တစ်နာရီခန့်ကြာမြင့်ခဲ့ပေ၏။

မမြရင်သည် ပြန်ရန်နှုတ်ဆက်ပြီး ကျွန်ုပ်ကိုကန်တော့လေသည်။ သူမခေါင်းပြန်အမော်တွင် သူမ၏မျက်ဝန်းများ၌ မျက်ရည်များစိုစွတ်နေသည်ကိုတွေ့ရပေ၏။ အသက်ငယ်ရွယ်သေးသူဖြစ်သည့်အားလျော်စွာအတိတ်၏ဖြစ်ရပ်များက သူမရင်ကိုရိုက်ခတ်စေခဲ့ပြီထင်ပါသည်။

ကျွန်ုပ်ကား တရားဓမ္မဖြင့်ထုံမွှေ့သူဖြစ်သည့်အားလျော်စွာ အထိုက်အလျောက်ရင့်ကျက်ပြီးသူဖြစ်၍ မမြရင်၏ခံစားချက်ကို ဥပေက္ခာပြုကာ မျက်လွှာချထားလိုက်လေသည်။

‘ တစ်ချိန်က မောင်လေးအရင်းလိုချစ်ခဲ့ရတဲ့ မမြရဲ့အညိုကို သာသနာ့ဘောင်မှာ မြင်ရတဲ့အတွက်ဝမ်းမြောက်မိပါတယ် အညို၊ .. သိက္ခာတော်ရဆရာတော်ကြီးတစ်ပါးဖြစ်သည်ထိ သာသနာပြုနိုင်ပါစေလို့ တပည့်တော်မဆုတောင်းခဲ့ပါတယ် ဦးဇင်းဘုရား၊ တပည့်တော်မကိုခွင့်ပြုပါဦးဘုရား ’

ထိုအဖြစ်အပျက်ကား ကျွန်ုပ်နှင့် မမြစိမ်းတစ်ဖြစ်လဲ လေဘာတီမမြရင်တို့၏ တစ်ကြိမ်တည်းသောတွေ့ဆုံမှုပင်ဖြစ်ပါသတည်း။

♣♣♣♣♣♣♣♣♣







*မှိုင်းမှုံပြာညို× ×  ဟိုတစ်ခွင်.. ငွေမင်းလွင် × × ×*
*မင်ခိုးရောင်× ×  ခြယ်လှယ်.. သွယ်သွယ် × ×*
*ရော်ရမ်းမျှော်မှန်း.. မှန်းကာ.. အို–ဘယ်ဝယ် × × ×*
*ညှင်းပြေပြေ လေသွေးတယ် × × ရှေးကဆိုရိုးကွယ်× ×*
*မောင်ရယ်× × ×  နားထောင်ချင်ဖွယ်× × ×*

ကျွန်ုပ်နှင့် မမြစိမ်းဘဝမှပြောင်းရွှေ့လာသူ လေဘာတီမမြရင်တို့တွေ့ဆုံခဲ့သည်မှာ အထက်ပါအတိုင်း တစ်ကြိမ်တည်းသာဖြစ်ပါသည်။

ကျွန်ုပ်၏သက်တော်၃၃နှစ်၊ ရဟန်းဝါ၁၃ဝါအရတွင်.. ဘဝသစ်၌ အသက်နှစ်ဆယ်အရွယ်ရောက် နေပြီဖြစ်သော မမြစိမ်းတစ်ဖြစ်လဲ မမြရင်ကိုဆုံဆည်းခဲ့ရခြင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်သည် မမြရင်နှင့်ဆုံဆည်းခဲ့ရသည့်တစ်ညနေအချိန်ကို မေ့မရနိုင်ခဲ့ပါပေ။ မမြရင်နှင့်ဆုံတွေ့ လိုက်ရသည့်အတွက် ကျွန်ုပ်ရင်ထဲ၌ ကွယ်လွန်သူကိုရန်မျိုးနိုင်နှင့်မမြစိမ်းတို့ပုံရိပ်များက တစ်ဖန်ပြန်လည် ထင်ဟပ်လာကာ သတိရလွမ်းဆွတ်မိလေတော့ သည်။

ကျွန်ုပ်နှင့်မမြရင်တို့သည် နောက်တစ်ကြိမ်ပြန်လည်ဆုံဆည်းခြင်းမရှိတော့ချေ။ ကျွန်ုပ်ကလည်း မမြ ရင်နှင့်ဆက်သွယ်ရန် မကြိုးစားခဲ့ပါပေ။ မမြရင်သည်လည်း ကျွန်ုပ်အားထပ်မံ ဆက်သွယ်လာခြင်းမရှိတော့ ပါပေ။ လေဘာတီမမြရင်၏ အောင်မြင်ကျော်ကြားမှု သတင်းများကား မြန်မာပြည်တနံတလျား ဟိုးဟိုးကျော် လျှက်ရှိလေပြီ။

ယခင်ဘဝကမမြစိမ်းသည် ဖခင်ကြီးချုပ်ချယ်ထားသည့်ကြားမှ ပတ္တလားဖြင့်ကိုယ်တိုင်သီချင်းစပ်ဆို နိုင်သည်ထိ အနုပညာလက်ရာ မြောက်ခဲ့ပေသည်။ ယခုဘဝတွင်တော့ သူမသည် သူမ၏ အနုပညာကို ပြည်သူလူထုတစ်ရပ်လုံးထံ ပြသဖျော်ဖြေခွင့်ရခဲ့ပါလေပြီ။ ယခုဘဝကား ယခင်ဘဝထက်ပို၍ လူဖြစ်ရကျိုး နပ်သောဘဝဟု ဆိုရပေတော့မည်။

အမှန်အတိုင်းဆိုရသော် ကျွန်ုပ်သည် ဤမှတ်တမ်းအား ရေးသားရန်ရည်ရွယ်ရင်းမရှိခဲ့ပါပေ။

တစ်ချိန်က ညောင်ပင်ဆိပ်ရွာမှ သူကြီးသမီးမမြစိမ်းသည် ယခုအခါ.. လေဘာတီမမြရင်အဖြစ် ပြန် လည်ဝင်စားကာ ထင်ရှားကျော်ကြားသောအငြိမ့်မင်းသမီးတစ်လက်ဖြစ်နေသည်ကို သိရှိသူဆို၍.. ဤကမ္ဘာ လောက၌ ကျွန်ုပ်၊ မမြရင်ကိုယ်တိုင်နှင့် သူမ၏မိခင်ကြီးဒေါ်ဉာဏ်ယုံတို့ သုံးဦးသာရှိပါသည်။

မမြရင်နှင့်တွေ့ဆုံစဉ်က ကျွန်ုပ်၏အသက်မှာ ၃၃နှစ်ဖြစ်ပါ၏။ ဤမှတ်တမ်းကို ကျွန်ုပ်အသက်၅၅နှစ် အရွယ်၌ရေးသားခဲ့ပေသည်။ ဤမျှအသက်အရွယ်ထောက်မှ၊ အချိန်နှောင်းမှ ကျွန်ုပ်သည် အထက်ပါဖြစ်ရပ် များကို မည်သည့်အတွက် မှတ်တမ်းတင်နေရသနည်း၊

အကြောင်းရှိပေသည်။

ဆန်းကြယ်ပွေလီလှသော လောကဇာတ်ကြောင်းတစ်ခုကို ရင်ဖွင့်လို၍ရေးသားရခြင်းပင်ဖြစ်ပေတော့ သတည်း။

လောက၏ပရိယာယ်ကား ဆန်းကြယ်လှပေ၏။

မည်မျှဆန်းကြယ်ပွေလီရှုပ်ထွေးလှသည်ကို ဆက်လက်၍ နာယူမှတ်သားကြပါကုန်–

♣ ♣ ♣

အချိန်တို့သည် တရွေ့ရွေ့ဖြင့်ကုန်ဆုံးလာခဲ့ရာ.. အဟောင်းတို့နေရာ၌ အသစ်..အသစ်တို့ အစား ထိုးဝင်ရောက်ခဲ့ပေပြီ။

လောကနိယာမအရ လူ့လောကသို့ အရင်ရောက်နှင့်နေသူများသည် အသက်အရွယ်ကြီးရင့်ကာ ကွယ် လွန်အနိစ္စရောက်ကုန်ကြလေပြီ။ လူငယ်တို့သည် လူကြီးနေရာရောက်လာကြသည်။

ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် မူလကျောင်းထိုင်ဆရာတော်ဘုရားကြီးမပျံလွန်မီကပင် လွှဲအပ်ထားခံရသော ကြောင့်.. ဆရာတော်ဘုရားကြီးပျံလွန်တော်မူချိန်၌ လက်ရှိကျောင်း၌ပင် ကျောင်းထိုင်ဘုန်းကြီးအဖြစ် တာဝန် ယူကျောင်းထိုင်နေရပေပြီ။ ကျွန်ုပ်၏ သက်တော်၄၀ပြည့်ချိန်၌ ကျောင်းထိုင်ဆရာတော်ဖြစ်ခဲ့ခြင်း ဖြစ်ပေ သည်။

ကျွန်ုပ်တို့နိုင်ငံ၏အခြေအနေမှာမူကား ထူးခြားမှုမရှိသေးပါပေ။ သူကျွန်ဘဝဖြင့် တိုင်းတစ်ပါးသား လက်အောက်၌ရှိနေဆဲပင်တည်း။ ဤမှတ်တမ်းကိုရေးသားချိန်၌ တစ်ကမ္ဘာလုံး ဒုတိယကမ္ဘာစစ်မီးကြီးတောက်

လောင်လျှက်ရှိပေသည်။

မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်နှစ်ပေါင်းများစွာရောက်နေရာမှ ဂျပန်နှင့်ပေါင်းကာ အင်္ဂလိပ်ကို တိုက်ထုတ်နိုင်ခဲ့သောကြောင့် ဖက်ဆစ်ဂျပန်စစ်သားများ မြန်မာနိုင်ငံအနှံ့အပြား၌ ခြေရှုပ်နေချိန်ဖြစ်ပေသည်။

ညောင်ပင်ဆိပ်ရွာမှလူငယ်များသည် မျိုးချစ်စိတ်ထက်သန်သော်ငြား.. တော်လှန်ရေးခေါင်းဆောင်ရန်မျိုးနိုင်မရှိသည့်နောက် ခေါင်းဆောင်မည့်သူမရှိ၍ တစ်စုတစ်စည်းထဲမရှိကြတော့ပေ။ သို့ရာတွင် စိတ်အားထက်သန်သူများက အရပ်တစ်ပါးသို့သွား၍ တော်လှန်ရေးတပ်သားများနှင့်ပူးပေါင်းခြင်း၊ မြန်မာ့တပ်မတော်ဖွဲ့စည်းလာသည့်အခါ တပ်မတော်အတွင်းဝင်၍အမှုထမ်းခြင်းများ ပြုလုပ်ခဲ့ကြလေသည်။

လွတ်လပ်ရေးရရန်တိုက်ပွဲဝင်နေရဆဲကာလဖြစ်ပေ၏။

ယခုဖော်ပြသောအခြေအနေများမှာ ဤမှတ်တမ်းကိုရေးသားသည့် ခရစ်နှစ်၁၉၄၅ခုနှစ်၊ `မန်မာသက္ကရာဇ် ၁၃၀၇ခုနှစ်မှ ခေတ်အခြေအနေများဖြစ်ပါ၏။

ဤကာလသို့မရောက်မီ ယခုမှတ်တမ်းအတွက်အရေးပါလှသော အဖြစ်အပျက်တစ်ရပ်ဖြစ်ခဲ့ပုံကို ဖော်ပြရပေလတ္တံ့..

ကျွန်ုပ်ကျောင်းထိုင်ဘုန်းကြီးဖြစ်ပြီး ၃နှစ်ကြာချိန်၊ သက်တော်၄၃နှစ်အရွယ်၊ မြန်မာသက္ကရာဇ်၁၂၉၇ ခုနှစ်၌ ညောင်ပင်ဆိပ်ရွာတွင် ကလေးငယ်တစ်ဦးမွေးဖွားခဲ့ပေသည်။

ကလေး၏ဖခင်ကား ဦးတွတ်နီဆိုသူဖြစ်ပြီး၊ လူငယ်ဘဝက ရန်မျိုးနိုင်ထံတပည့်ခံ၍ ကိုယ်ခံပညာများ သင်ယူခဲ့ဖူးသူတစ်ဦးဖြစ်ပေ၏။ ကလေး၏မိခင်ကား ညောင်ပင်ဆိပ်ရွာသူတစ်ဦးပင်ဖြစ်ကာ.. မအေးချိန် ဆိုသူဖြစ်ပေသည်။

ကျွန်ုပ်သည် ကလေးတစ်ယောက်မွေးဖွားခြင်းအား အဘယ်ကြောင့်ဤမျှဇာချဲ့၍ဖော်ပြနေရပါသနည်း။ ကိုတွတ်နီနှင့် မအေးချိန်တို့၏ကလေးသည် အများတကာကလေးများထက် ဘာများပို၍ထူးခြားလို့ပါလဲ။

ကလေးမှာယောကျ်ားလေးဖြစ်ကာ မွေးဖွားစဉ်က အများထက် ပိုမထူးခြားခဲ့သော်လည်း.. ထိုကလေး စကားပြောတတ်သည့် အရွယ်ရောက်လာသည့်အခါတွင်မူကား ..

♣♣♣♣♣♣♣♣♣

*လူဟန်ကိုတစ်ဖုံပြောင်းလို့ × × × ခေါင်းပေါင်းနဲ့ကျွန်မထံလာ× × ×*
*ရွယ်တူလိုထင်မှားမယ်× × × ထွားလွန်းလို့မောင်ကသာ× ×*
*ချစ်တယ်ပြောတာရှက်စရာပဲ× × × ကြိုက်တယ်ပြောတာရှက်စရာပါပဲ× × ×*
*ကျွန်မအသက်သုံးဆယ်ပြောသော်လဲကိုကိုမယုံနိုင်ပါ...တဲ့*
*ကျောင်းအစ်မကြီးရဲ့ဝိသာခါ မြေးတွေရတောင်လှနေမှာ×*

ရဟန်းတော်ဘဝတွင် ကျွန်ုပ်သည် ဗေဒင်ကျမ်းဂန်များကိုလေ့လာတတ်မြောက်ခဲ့ပေ၏။ ထို့ကြောင့် ကျွန်ုပ်သည် ရွာသူရွာသားများ၏အလှူမင်္ဂလာကိစ္စများအတွက် နေ့ကောင်းရက်သာရွေးပေးခြင်း၊ ကလေးများ အတွက် နာမည်ကင်ပွန်းတပ်ပေးခြင်း၊ ဇာတာဖွဲ့ပေးခြင်းများကိုလည်း ပြုလုပ်ခဲ့ရလေသည်။

ကိုတွတ်နီနှင့်မအေးချိန်တို့၏ကလေးများကို ကျွန်ုပ်ပင် နာမည်မှည့်ခေါ်ပေးခဲ့လေသည်။ ယခုမွေးဖွားသောကလေးမှာ ကိုတွတ်နီ၊မအေးချိန်တို့လင်မယားအတွက် ငါးယောက်မြောက် သားယောကျ်ားလေးဖြစ်ပေ၏။

ကလေးမှာ တနင်္လာသားဖြစ်ပြီး ၄င်းမွေးဖွားသော၁၂၉၇ခုနှစ်၏ဂြိုလ်ခွင်အရ တနင်္ဂနွေထွန်းသောကြောင့်.. ကြံတိုင်းအောင်–ဆိုသည့်အမည်ကို ကျွန်ုပ်က ရွေးချယ်ကင်ပွန်းတပ်ပေးခဲ့လေသည်။

ကြံတိုင်းအောင်။

ကြံတိုင်းအောင်လေးစကားတတ်ခါစအရွယ်တွင် တစ်ရွာလုံးကိုတုန်လှုပ်သွားစေသော စကားတစ်ခွန်းကို ပြောကြားခဲ့လေ၏။

၂နှစ်သားအရွယ် စကားပြောခါစကြံတိုင်းအောင်သည် သူ့ကိုယ်သူ ရန်မျိုးနိုင်ဖြစ်ကြောင်းပြောကြားခဲ့ခြင်း ဖြစ်ပါသတည်း။

ဖခင်ဖြစ်သူဦးတွတ်နီကိုလည်း “မောင်တွတ်နီ”–ဟုခေါ်ဝေါ်သည်ဆို၏။ ကိုရန်မျိုးနိုင်သည်လည်း ဦးတွတ်နီအားမောင်တွတ်နီဟုပင်ခေါ်ခဲ့ပေသည်။

ကြံတိုင်းအောင်သည် ရန်မျိုးနိုင်လူဝင်စားဖြစ်ကြောင်းကို သူ့ဖခင်ဦးတွတ်နီလာရောက်မလျှောက်ထားမီကပင် သတင်းစကားများ ကျွန်ုပ်ကြားသိခဲ့ပြီးဖြစ်ပါ၏။

' ဆရာတော်ဘုရား၊ အံ့ဩစရာပါပဲဘုရာ့၊ တပည့်တော်ရဲ့သားအငယ်ဆုံး ကြံတိုင်းအောင်ဟာ တပည့်တော်တို့ရဲ့ ရဲဘော်ကြီး ဆရာရန်မျိုးနိုင်ဝင်စားသူဖြစ်နေပတယ်ဘုရား '

တစ်နေ့တွင် ဦးတွတ်နီတို့လင်မယား ကျောင်းသို့ရောက်လာကာ ကျွန်ုပ်အားလျှောက်ထားလေသည်။

' ရွာထဲကလူတွေပြောလို့ကြားပြီးပါပြီဒကာကြီး၊ ဘယ်အတိုင်းအတာထိ သူပြန်ပြောနိုင်သလဲ၊ ပြောပါဦး '

' ပြောနိုင်ပါတယ်ဘုရား၊ တပည့်တော်ကို မောင်တွတ်နီလို့ သူကခေါ်ပါတယ်၊ အဲဒါ ဆရာရန်မျိုးနိုင် တပည့်တော်ကို ခေါ်ခဲ့တဲ့အခေါ်ဆိုတာ ဆရာတော်ကြီးအသိပါပဲ '

' ဟုတ်ပါပြီ၊ ထားပါတော့၊ နောက်ကော.. '

' ငါသင်ပေးထားတဲ့ဗန်တိုဗန်ရှည်ပညာတွေ မင်းတတ်သေးသလားတဲ့၊ မေးတယ်ဘုရာ့ '

' အလို '

' ပြီးတော့ လက်ရှိနိုင်ငံရေးအခြေအနေကိုမေးပါတယ်၊ လွတ်လပ်ရေးမရသေးဘူးဆိုတာသိရတော့.. မင်းတို့တယ်ညံ့သေးသကိုး–တဲ့၊ နယ်ချဲ့ကိုမတွန်းလှန်ကြတော့ဘူးလားတဲ့၊ တပည့်တော်ကိုလည်း တော်လှန်ရေးမလုပ်လို့ လူပျော့လူညံ့တဲ့ဘုရား '

' စိတ်ဓာတ်ကတော့ အရင်ဘဝကအတိုင်းပဲပေါ့၊ သူ ဘယ်နည်းဘယ်ပုံသေတယ်ဆိုတာကော မှတ်မိနေသလား '

' မှတ်မိတာပေါ့ဘုရား၊ ငါဟာ အချစ်ကိစ္စအတွက်နဲ့ ငါ့ဘဝကိုစွန့်လွှတ်ခဲ့ရတာ သိပ်နာတယ်တဲ့၊ သူ့ကိုသူကြီးမင်း ဦးစက်ရောင်သေနတ်နဲ့ပစ်သတ်လို့သေတာကိုလဲ မှတ်မိနေပါတယ် '

' တယ်မှတ်မိသကိုး၊ ဒါဖြင့် မမြ.. မမြစိမ်းကိုလဲ သူ မှတ်မိမှာပေါ့ '

' မှတ်မိပါတယ်ဘုရာ့၊ မမြစိမ်းအကြောင်းလဲပြောပါတယ် '

' ကျုပ်အကြောင်းရော '

' တပည့်တော်တို့ကတော့ ဘယ်စကားမှလမ်းကြောင်း မပေးပါဘူးဘုရား၊ သူပြောတာပဲ နားထောင်နေပါတယ်၊ ဆရာတော်ကြီးအကြောင်းတော့ အခုထိမပြောသေးပါဘူး '

' မမှတ်မိလို့လဲဖြစ်ရင်ဖြစ်မှာပေါ့လေ၊ ဒါပေမယ့် ဒကာကြီးရေ.. ရှေးဘဝကိုမှတ်မိလို့ အခုဘဝမှာအကျိုးထူးတော့မရှိပေဘူးဗျ၊ သည်တော့ ဒကာကြီးတို့ စကားလမ်းကြောင်းမပေးတာ ကောင်းပါတယ်၊ ဘယ်သူ့မှတ်မိလား၊ ဘယ်ဝါ့မှတ်မိလားလို့လဲ မေးမနေပါနဲ့တော့လေ၊ သို့သော် ကလေးကိုကျုပ်ဆီ တစ်ခေါက်တော့ခေါ်ခဲ့ပါဦး၊ ကိုရန်မျိုးနိုင်ဝင်စားတယ်ဆိုလို့ ကျုပ် အကဲခတ် ကြည့်ချင်လို့ပါ '

' တင်ပါ့ဘုရား '

♣ ♣ ♣

နောက်တစ်နေ့၌ ကိုတွတ်နီနှင့်မအေးချိန်တို့က ကလေးကိုချီကာ ကျွန်ုပ်ကျောင်းသို့ရောက်လာလေသည်။

ကြံတိုင်းအောင်ကလေးသည် ကျွန်ုပ်အားလက်အုပ်ချီကန်တော့ပြီးနောက် ခေါင်းပြန်မော်ကာ ကျွန်ုပ်ကို စိုက်ကြည့်လျှက်ရှိပေသည်။

ကျွန်ုပ်ရော ၎င်း၏မိဘများကပါ ဘာမှမပြောပဲ ကလေးကို စောင့်ကြည့်အကဲခတ်နေကြပေ၏။

ခဏကြာချိန်တွင် ကြံတိုင်းအောင်သည် ကျွန်ုပ်အား စကားတစ်ခွန်းပြောလိုက်လေ၏။

' ဘုန်းဘုန်းကြီးက မောင်ညိုမဟုတ်လား '

' အို '

ကလေးမိခင်မအေးချိန်က ဟန်မဆောင်နိုင်စွာရေရွတ်လိုက်လေသည်။

' ဟုတ်တယ်ကလေး၊ ဘုန်းဘုန်းဟာ လူဘဝတုန်းက မောင်ညိုဆိုတဲ့နာမည်တွင်ခဲ့ပါတယ်၊ ဘာကြောင့် မေးသတုန်း'

' သားမှတ်မိလို့ပါဘုန်းဘုန်း၊ သား ဒီကျောင်းမှာနေခဲ့ဖူးတယ်၊ အဲဒီတုန်းက ဘုန်းဘုန်းက မောင်ညိုဆိုတဲ့လူကလေးပဲရှိသေးတယ်၊ သားကို မောင်ညိုကအများကြီးကူညီခဲ့ပါတယ် '

ကျွန်ုပ်သည် ကြံတိုင်းအောင်စကားကြောင့်ရင်ထဲတွင်ဆို့နင့်သွားလေ၏။ ဆက်၍မမိန့်ကြားနိုင်တော့ပဲ ကလေးကိုငေးစိုက်၍ ကြည့်နေမိသည်။ ကြံတိုင်းအောင်လေးတွင် ကိုရန်မျိုးနိုင်၏ဟန်ပန်များပါနေသည်ဟု

ထင်မိပေသည်။ ရုပ်ရည်မှာမူ တူလှသည်ဟု မဆိုနိုင်ပါ။ ငယ်သေးသောကြောင့် ရုပ်ရည်မပေါ်လွင်သေးခြင်းလည်း ဖြစ်နိုင်လေသည်။

'မောင်ညိုက ဘုန်းကြီးဖြစ်နေပြီနော် '

ကြံတိုင်းအောင်သည်ကျွန်ုပ်ကိုကြည့်ကာပြောလိုက်လေသည်

'ဟဲ့– သား၊ ဘုန်းဘုန်းကိုစကားပြောရင် ဒီလိုမပြောရဘူးကွဲ့ '

မိခင်ဖြစ်သူမအေးချိန်က လှမ်း၍ဟန့်တားလိုက်လေ၏။

' ရှိပါစေလေ၊ ကလေးပဲ၊ ကလေးက ဘုန်းဘုန်းကို မောင်ညိုဖြစ်ကြောင်းသိနေတယ်ဆိုတော့.. မင်းကကောဘယ်သူတုန်းကွဲ့၊ ဘာကြောင့် ဘုန်းဘုန်းကိုမောင်ညိုလို့သိနေရတာလဲ'

'ကျုပ်က ရန်မျိုးနိုင်လေ '

' သြော်.. ရန်မျိုးနိုင်ကိုး၊ ရန်မျိုးနိုင်ရဲ့ဘဝဟာနဂုံးချုပ်ခဲ့ပြီ၊ လက်ရှိဘဝဟာ ကြံတိုင်းအောင်ပဲ၊ သည်တော့ သားငယ် မောင်ကြံတိုင်းအောင်က အရင်ရှေးကအဖြစ်တွေကို မေ့ပစ်လိုက်ပေတော့ ဒကာလေး '

ကလေးမှာ ငယ်လွန်းသေးသောကြောင့် ကျွန်ုပ်၏စကားများ ကိုနားမလည်ရှာပေ။

' ကဲ– ကဲ– ပြန်ကြပေဦးတော့ဒကာကြီးနဲ့ဒကာမကြီး၊ ကလေးဟာကြာရင် ဘဝဟောင်းကို မေ့သွားမှာပါ၊ ကိုယ်ကသာ အဖြစ်ဟောင်းများကိုပြန်ပြောပြီး ဆွမပေးမိပါစေနဲ့၊ ကလေး ပညာသင်ချိန်အရွယ်ရောက်ရင်တော့ စာပေသင်ကြားဖို့ ကျုပ်ကျောင်းကို လွှတ်လိုက်ပေတော့ '

♣♣♣♣♣♣♣♣♣

*ကိန္နရီမောင်နှံလို × × တကယ်ချစ်ခင်တုန်းကို × ×*
*နှစ်ကိုယ်ကြားကိုဖြတ်ကာ× × ချောင်းရေကဖယ် × ×*
*တစ်ညထဲမှာ ခွဲရတာမကြာ× × အောက်မေ့ရှာ× ×*
*အနှစ်၇၀၀တိုင်အောင်ကွယ်× × ×*
*အမှန်တွေးလို့ဆွေးဖွယ်× × လွမ်းပုံပြမယ်× × ×*

မမြစိမ်းသည် သေလွန်ပြီး၅နှစ်အကြာ၌ သာစည်မြို့တွင် လူအဖြစ်ပြန်လည်မွေးဖွားဝင်စားခဲ့ပေသည်။ ခုနှစ်သက္ကရာဇ်အားဖြင့် ၁၂၆၆ခုနှစ်ဖြစ်ပေ၏။

ကိုရန်မျိုးနိုင်ကား.. သေလွန်ပြီး ၃၅နှစ်အကြာ ၁၂၉၅ခုနှစ်ကျမှပင် ကွယ်လွန်သောနေရာ၌ပင် လူပြန်ဖြစ်ကာဝင်စားခဲ့ပေသည်။

တစ်ချိန်တည်းတပြိုင်တည်းလိုလိုသေဆုံးခဲ့ကြသော ချစ်သူများ လူဘဝကိုပြန်လည်ရရှိခဲ့ခြင်းဖြစ်သော်လည်း အချိန်ကာလချင်းမူကား များစွာကွာခြားသွားပေပြီ။

ယခုအချိန်တွင် မမြစိမ်းတစ်ဖြစ်လဲမမြရင်၏အသက်သည် ၃၂နှစ်ပင်ရှိပေရော့မည်။ ရန်မျိုးနိုင် ဝင်စားသူကြံတိုင်းအောင်ကား အသက်၂နှစ်အရွယ်သာရှိပေသေး၏။ မမြရင်နှင့် ကြံတိုင်းအောင်တို့မှာ ဤဘဝတွင် အသက်ချင်း၃၀တိတိကွာခြားလျှက်ရှိလေပြီ။

လူဝင်စားများအဖြစ် တစ်ချိန်ထဲတစ်ပြိုင်ထဲ အသက်ရှင်လှုပ်ရှားလျှက်ရှိသော်ငြား.. ပြန်လည်ဆုံဆည်းပေါင်းဖော်ရန် မဖြစ်နိုင်တော့သော ဘဝများပါတကား။

ကျွန်ုပ်သည် ဤအဖြစ်များကို မည်သူ့ကိုမျှပြန်ပြောမပြခဲ့ပဲ ရင့်နှုတ်ပိတ်နေခဲ့ပေသည်။ မည်သူ့အတွက်မှအကျိုးထူးစရာမရှိသောအဖြစ်များမို့ နှုတ်ဆိတ်နေလိုက်သည်ကပင် အကောင်းဆုံး မဟုတ်ပါလော။

လောကဓာတ်ဆရာသည် ချစ်သူနှစ်ဦးကို ဘဝနှစ်ဆက်တိုင် လှည့်စားလျှက်ရှိဆဲသာတည်း။

မောင်ကြံတိုင်းအောင်လေးကား အသက်ငါးနှစ်အရွယ်ရောက်သည်နှင့် ကျွန်ုပ်ကျောင်းသို့ရောက်လာပေသည်။ လောကီကျောင်းမရှိသေးသည့်ကျွန်ုပ်တို့ရွာတွင် ကျွန်ုပ်ကိုယ်တိုင်သင်ပြသောလောကီစာများကို ကလေးတိုင်းသင်ကြားကြပေ၏။

ကြံတိုင်းအောင်ကား ငယ်စဉ်ကာလတွင် ဘဝဟောင်းအကြောင်းကို တစ်ခွန်းစနှစ်ခွန်းစ ပြောကြားခဲ့သော်လည်း အရွယ်ရလာသည်နှင့်အမျှ အတိတ်ဟောင်းကိုမေ့လျော့သွားပေသည်။ မည်သူကမှလည်း ဖော်ထုတ်လမ်းပြမပေးသောကြောင့် ဘဝဟောင်းကို တစစမေ့လျော့သွားခြင်းဖြစ်ပေလိမ့်မည်။ လူဝင်စားတို့၏သဘောသဘာဝမှာလည်း အသက်ကြီးရင့်လာသည်နှင့်အမျှ ဘဝဟောင်းကိုမေ့လျော့တတ်သောသဘော

ရှိပေသည်။

တကယ်တော့ ကိုယ့်ခရီးကိုယ်လျှောက်လှမ်းကြရသော သံသရာခရီးသည်များအဖို့ တစ်ယောက်နှင့် တစ်ယောက် ကြုံဆုံကြခြင်းမှာ လမ်းတွင်အမှတ်မထင်တွေ့ဆုံကြသည့်သဘောမျိုးသာဖြစ်ပေသည်

ယခုဆုံတွေ့နေတိုင်းလည်း နောင်အစဉ်သဖြင့်ဆုံတွေ့ရမည်ဟုမဆိုနိုင်ပေ။

တွေ့ဆုံကြုံကွဲဖြစ်မြဲဓမ္မတာမဟုတ်ပါလော။

တွေ့ကြုံပေါင်းသင်းဆက်ဆံခြင်းကား ကွေကွင်းနောက်ဆုံး ရှိချေ၏..ဟုဆိုထားသည်မဟုတ်ပါလော။

လူ့ဘဝဆိုသည်ကား.. သမုဒ္ဒရာရေထက် ခဏတက်သည့် ရေပွက်ပမာပါတကား။

♣♣♣♣♣♣♣♣♣

*တစ်ချစ်ထဲချစ်တာ ထွင်တဲ့ပြဿနာတွေ× × ×*
*ကျေးဇူးတင်စရာကောင်းသည်× × × အပြစ်တင်စရာ*
*ကောင်းသည်× × သြော်..ဆုံးဖြတ်ဖို့တတ်တဲ့သူသည်× ×*
*သူတို့ကြောင့်ပဲ ရှင်နဲ့မြ မပစ်ပဲနှစ်လသံသရာရှည်× ×*
*တစ်ချစ်ထဲချစ်ရပြန်ပါသည်× × × ×*

ဤမှတ်တမ်းအား ကျွန်ုပ်ရေးသားချိန်မှာ ခရစ်နှစ်၁၉၄၅၊ မြန်မာသက္ကရာဇ်၁၃၀၇ခုနှစ်ဖြစ်ပေ၏။

ရန်မျိုးနိုင်နှင့်မြစိမ်းအကြောင်း(သို့မဟုတ်) ကြံတိုင်းအောင်နှင့်မြရင်အကြောင်းကို မည်သူ့မှမပြောပဲ ရင်ထဲတွင် သိမ်းဆည်းထားခဲ့သည့်ကျွန်ုပ်သည် ဤမှတ်တမ်းအားအဘယ်ကြောင့်ရေးသားပါသနည်း။

၁၉၄၅ခုနှစ်ကား မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေ အဆိုးဝါးဆုံးကာလဟုဆိုနိုင်သလို.. တစ်ကမ္ဘာလုံးအနေနှင့်လဲ ဒုတိယကမ္ဘာစစ်မီးကြီးဟုန်းဟုန်းတောက်လောင်ကာ ကျီးလန့်စာစားအဖြစ်များနှင့်ကြုံနေရသော ကာလဆိုးကြီးဖြစ်ပေသည်။

မြန်မာမျိုးချစ်တို့သည် ၁၉၄၅ခုနှစ် မတ်လ၂၇ရက်နေ့တွင် ဖက်ဆစ်ဂျပန်များအား မြန်မာ့မြေမှ မောင်းထုတ်နိုင်ခဲ့၏။ မြန်မာ နိုင်ငံ၏လွတ်လပ်ရေးရောင်ခြည်ဦးကား တဖြည်းဖြည်းပေါ်ထွန်းလာခဲ့လေပြီ။

ထိုနှစ် နွေကာလလွန်မြောက်သည့်အချိန်တွင် ဝမ်းနည်းစရာ သတင်းဆိုးတစ်ခုကို ကျွန်ုပ်ကြားသိခဲ့ရပေ၏။

ခေတ်ကာလမကောင်းချိန်ဖြစ်၍ ကျွန်ုပ်တို့ရွာသို့သတင်းစာများ အရောက်နောက်ကျတတ်ပေသည်။ မြို့မှလူကြုံရှိမှပင် သတင်းစာကို တစ်ပတ်စာ၊ တစ်လစာစုပြုံ၍ဖတ်ရှုရလေ၏။

ထိုနှစ်နယုန်လကျမှပင် သကြ်န်နောက်ပိုင်းထုတ်ဝေသော သတင်းစာများကိုဖတ်ရှုရရာ.. သတင်းစာတစ်စောင်၌ စိတ်မကောင်းဖွယ်သတင်းတစ်ပုဒ်ကိုဖတ်ရှုရပေ၏။

အငြိမ့်မင်းသမီး လေဘာတီမြရင် ကွယ်လွန်သွားသည့်သတင်းပင်ဖြစ်ပေသည်။

သတင်းစာမှဖော်ပြချက်အရ.. မြရင်တို့သားအမိသည် စဉ့်ကိုင်မြို့နယ်၊ ဧည့်ပြုရွာသို့ စစ်ဘေးစစ်ဒဏ်ပုန်းရှောင်ရင်း ရောက်ရှိနေကြောင်း၊ ထိုရွာမှာပင် ၄က်ဖျားရောဂါရ၍ ၁၃၀၇ခု၊ ကဆုန်လပြည့်ကျော် ၄ရက်နေ့(၁၉၄၅၊ ဧပြီလ၂၉-ရက်နေ့)တွင် ကွယ်လွန်သွားကြောင်းသိရလေသည်။

အသက်၄၂နှစ်အရွယ်တွင် မြရင်တစ်ယောက်ကွယ်လွန်သွားရခြင်းဖြစ်ပေ၏။

ကျွန်ုပ်သည် မြရင်ကို တစ်ကြိမ်တစ်ခါသာ နာရီပိုင်းမျှ ဆုံဖူးခဲ့သော်လည်း.. သူမကိုမမေ့နိုင်ပါသေးချေ။ မြန်မာဆန်ဆန်ဖြင့် ယဉ်ကျေးသိမ်မွေ့လှသောမိန်းကလေးရုပ်သွင်ကို မြင်ယောင်လျှက်ပင်ရှိသေးသည်။

သြော်.. သံသရာခရီးသည်တစ်ဦး စောစီးစွာထွက်ခွာသွားရပြန်ပြီကော။

ယခင်မြစိမ်းဘဝတွင် အသက်၁၈နှစ်အထိသာအသက်ရှင်ခွင့်ကြုံခဲ့ရသောမိန်းကလေး၊ ဒုတိယဘဝမှာတော့ အနုပညာကို လွတ်လပ်စွာပြသနိုင်ရုံမက နိုင်ငံကျော်မင်းသမီးအဖြစ်ရောက်ရှိခဲ့၍ ယခင်ဘဝထက်စာလျှင် လူဖြစ်ကျိုးနပ်သည်ဟုဆိုနိုင်ပေသေးသည်။ သို့သော် အသက်တော့မရှည်ရှာပါတကား။

ကျွန်ုပ်သည်ကား မြစိမ်းဘဝ၊ မြရင်ဘဝများကို ကြုံတွေ့သိရှိနေရကာ ဘဝနှစ်ခုစလုံးကို ပွဲကြည့်ပရိသတ်သဖွယ် ရှုမြင်နေရသူတည်း။

ကျွန်ုပ်အဖို့သံဝေဂများစွာလည်းရမိပေသည်။

မြစိမ်းအဖို့ ဘဝနှစ်ခုကိုဖြတ်သန်းလွန်မြောက်ခဲ့ပေပြီ။

မမြစိမ်း၏ချစ်သူရန်မျိုးနိုင်ကား ဒုတိယဘဝဖြင့် အသက်၁၂နှစ်အရွယ်ကြံတိုင်းအောင်အဖြစ် လူ့လောကတွင်ကျန်ရှိနေဆဲ။

ဆန်းကြယ်၍ရှုပ်ထွေးပွေလီလှသောလောကကြီးပါတကား။

လူနှစ်ဦး၏ဘဝဆက်နှစ်ခုကို သိမြင်ထားသောကျွန်ုပ်သည် ကာယကံရှင်များဘဝသံသရာရှည်မည်ကို စိုးရိမ်ကာ ဤအဖြစ်များအား မည်သူ့ကိုမှမပြောပဲ ထိန်ချန်မြိုသိပ်ထားခဲ့ပေသည်။

ယခုမူ ကျွန်ုပ်သည် ကျွန်ုပ်တစ်ဦးထဲရင်တွင်ထိမ်းသိမ်းထားရသောအကြောင်းအရာများအတွက် ဖွင့်ဟဖောက်ခွဲလိုစိတ်များဖြစ်ပေါ်လာမိလေသည်။ သို့ရာတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ပြောကြားရင်ဖွင့်ရန် မသင့်လျော်သည့်အတွက် စာဖြင့်ရေးသားကာ ကျွန်ုပ်၏စိတ်ဆန္ဒကို ဖြေဖျောက်လိုက်ရပေတော့သည်။

ကျွန်ုပ်သည်ဤမှတ်တမ်းအား အမှန်တကယ်ဖြစ်ကြောင်း သစ္စာရေသောက်၍ ရေးသားစီရင်အပ်ပါသည်။ ကျွန်ုပ်သည် ရဟန်းတစ်ပါးဖြစ်သည့်အားလျော်စွာ သမိုင်းဝင်ဟုဆိုအပ်သော ဤမှတ်တမ်းအား အပိုဆာဒါးမထည့်၊ ဇာမချဲ့ပဲ အမှန်အတိုင်း ရေးသားမှတ်တမ်းတင်လိုက်ခြင်းဖြစ်ပါ၏။

ဤမှန်ကန်သောသစ္စာစကားကြောင့် ဤဖြစ်ရပ်တွင်ပါဝင်ခဲ့ပြီး ယခုအခါ ကွယ်လွန်ခဲ့ပြီးဖြစ်သည့် မျိုးချစ်တော်လှန်ရေးသမားကိုရန်မျိုးနိုင်၊ မမြစိမ်းနှင့် မမြစိမ်းဝင်စားသူ အငြိမ့်မင်းသမီး လေဘာတီမမြရင်တို့သည် ကောင်းရာဘုံဘဝသို့ လားရပါစေသတည်း။

ကျွန်ုပ်၏သစ္စာစကားမှန်ကန်ပါက ထိုသူတို့သည် နောင်ဖြစ်လေရာဘဝ..ဘဝ၌ ယခုဘဝကဲ့သို့ အဖြစ်ဆိုးမျိုးနှင့် ကြုံဆုံခြင်းကင်းပါစေသတည်း။ ချစ်သောသူနှင့်ပေါင်းဖက်ရသောဘဝများကိုရရှိပါ စေသတည်း။

သစ္စာတရားဖြင့်<br>
လူအမည် – မောင်ညို<br>
ရဟန်းဘွဲ့တော် – ဦးဉာဏ<br>
စာပြီးရက်–၁၃၀၇ခုနှစ်၊ ပြာသိုလဆန်း၂ရက်

♣♣♣♣♣♣♣♣♣

*ငယ်မူကိုမဖျောက်နိုင်ဘု × × × ပျော်လောက်ဖွယ်*
*မယ်ရင်ရယ် × × လွမ်းပါဘိကွယ် × × ပျို့ဇာတိနွယ် × × ×*
*ပျိုတို့ဇာတိနွယ် × × ×*
*နှစ်တိုင်းဆက်ထွန် ကြက်သွန်ခင်းရဲ့အလည် × ×*
*ညီညွတ်ရေးနဲ့အသက်ရှည်ရှည် ခင်ခင်မင်မင် × ×*
*လက်ရည်တပြင်တည်း ရှေးကထက်ပိုချစ်ကြတယ်*

ဆရာတော်ကြီးသည် သူ့ထံလာရောက်မည့် လူငယ်အား စောင့်မျှော်ရင်း အတိတ်ကြောင်းများကို ပြန်လည်တွေးတောနေမိလေရာ မှတ်တမ်းထဲတွင်ရေးသားထားသောအဖြစ်များအားလုံးပင် စိတ်အတွေးၗ ပြန်၍ထင်ဟပ်လာလေ၏။

ဘုန်းတော်ကြီးက ရွာမှလာလမ်းဆီသို့ မှုန်ဝေသော မျက်လုံးများဖြင့်မျှော်ကြည့်လိုက်လေသည်။

ထိုအခါ ဘုန်းကြီးကျောင်းကုန်းပေါ်သို့ တရွေ့ရွေ့တက်လာနေသော လူငယ်တစ်ယောက်၏ သဏ္ဍာန်ကိုတွေ့လိုက်ရလေ၏။

မျက်စိပင်မှုန်သော်လည်း ထိုလူငယ်သည် သူမျှော်လင့်နေသောလူငယ်ဖြစ်ကြောင်းကို ဆရာတော်ကြီးက အဝေးကပင် သိလိုက်လေသည်။

လူငယ်ကသွက်လက်သောခြေလှမ်းများဖြင့် ကုန်းပေါ်တက်လာခဲ့ရင်း ဖိနပ်ကို ကျောင်းဝင်းဝၗချွတ်ထားခဲ့လေသည်။

လူငယ်သည် ဝင်းအဝအနီးခုံတန်းပေါ်ၗထိုင်နေသည့် ဆရာတော်ဘုရားကြီးကိုအတွေ့တွင် ကိုယ်ကိုကိုင်းညွတ်ကာလက်အုပ်ချီရင်း ဆရာတော်ကြီးအနီးသို့လျှောက်သွားလိုက်၏။

ခုံတန်းလျားရှေ့အရောက်တွင် မြေၗကြုံ့ရုံ့စွာထိုင်ရင်း ဆရာတော်ကြီးအား ပျပ်ဝပ်စွာကန်တော့လိုက်လေသည်။

'သူငယ်ချင်းတွေကိုလိုက်နှုတ်ဆက်နေလို့ နည်းနည်းနောက်ကျသွားပါတယ်ဘုန်းဘုန်း၊ ခွင့်လွှတ်ပါ'

လူငယ်ကကန်တော့ရင်းမှလျှောက်ထားလိုက်လေသည်။

'ရန်ကုန်ကိုဘယ်တော့သွားမလဲကွဲ့ မောင်ကြံတိုင်းအောင်'

ဆရာတော်ကြီးဦးဉာဏကမေးလိုက်လေသည်။

'မနက်ဖန်မနက်စောစောထွက်ပါမယ်ဘုရား၊ မန္တလေးဘူတာကြီးကထွက်မယ့် စာပို့ရထားမီအောင်လို့ပါ'

ကြံတိုင်းအောင်က ပြန်၍ဖြေလိုက်လေသည်။ ကြံတိုင်းအောင်သည် ၁၉၃၅ခုနှစ်ၗမွေးဖွားခဲ့ခြင်းဖြစ်ရာ ယခု၁၉၅၅ခုနှစ်ၗ အသက် ၂၀အရွယ်ရှိပေပြီ။ ၇တန်းနှစ်မှစ၍ သူ၏မိဘများက မန္တလေးသို့ပို့၍ ပညာသင်စေခဲ့ရာ ယခုအခါ မက်ထရစ်စာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးပေပြီ။

'အေး–အေး– ကောင်းကောင်းသွားကွဲ့၊ ခေတ်ကာလက မအေးချမ်းသေးတော့ အစစသတိထားကွဲ့မောင်'

'တင်ပါ့ဘုရား'

'ရန်ကုန်မှာနေဖို့ထိုင်ဖို့နဲ့ပညာသင်ဖို့ကော စီစဉ်ထားပြီးပလား'

'တင်ပါ့၊ အဆောင်မှာနေခွင့်ရမယ်လို့သိရပါတယ်'

'အေးကွယ်၊ မောင်ကြံတိုင်းအောင်ဟာ တို့ရွာမှာ တက္ကသိုလ်ပညာကို ပထမဆုံးသင်ယူခွင့်ရတဲ့ ကျောင်းသားတစ်ယောက်အနေနဲ့ ဘုန်းဘုန်းကဂုဏ်ယူပါတယ်'

'တင်ပါ့'

'ပညာကိုကြိုးစားကွဲ့'

'တင်ပါ့ဘုရား'

'အေး–မင်းကိုခေါ်တွေ့ရတာ တခြားကြောင့်တော့ မဟုတ်ဖူး၊ ဟောဒီစာမူကိုပေးလိုက်ချင်လို့ပဲ'

'ခင်ဗျာ'

ဘုန်းကြီးက သူရေးထားသောစာမူတစ်ထပ်ကို မ၍ပြရင်း ပြောလိုက်ရာ ကြံတိုင်းအောင်သည် အံ့သြသွားလေ၏။

‘ ဒါနဲ့ မင်းရဲ့အရင်ဘဝဖြစ်တဲ့ ရန်မျိုးနိုင်ဘဝကအဖြစ်တွေကို အခုရောမှတ်မိသေးလား ကြံတိုင်းအောင် ’

‘ မမှတ်မိတော့ပါဘူးဘုရား၊ ပြန်စဉ်းစားလို့လဲမရတော့ပါဘူး ’

‘ အေးပေါ့လေ၊ ဘဝကူးခါစသာမှတ်မိတတ်တာပဲ၊ ဇာတိဿရဉာဏ်အလွန်ကြီးသူများသာ ကြီးသည် ထိမှတ်မိနေတတ်ကြတယ်၊ ဒါပေမယ့် မမှတ်မိတော့တာပဲကောင်းပါတယ်ကွယ်၊ အတိတ်ဆိုတာ ပြန်ပြင်လို့မရတဲ့အတူတူလွမ်းမောနေလို့လဲ အကျိုးမထူးပါဘူး ’

ကြံတိုင်းအောင်သည် ဆရာတော်ကြီးအခေါ်ရှိ၍လာခဲ့ခြင်းဖြစ်သည်။ ယခင်တစ်ပတ်ကပင် ရန်ကုန်သို့ တက္ကသိုလ်ဆက်တက်ရန်သွားမည်ဖြစ်ကြောင်း ဆရာတော်ကြီးထံ လာရောက်လျှောက်ထားရင်း နှုတ်ဆက်ကန်တော့ပြီးဖြစ်ပါသည်။

ယခုလာရောက်သည်မှာ ဆရာတော်ကြီးက လူလွှတ်၍ခေါ်ခိုင်းသောကြောင့် သီးခြားထပ်မံ၍ လာရောက်တွေ့ဆုံခြင်းပင် ဖြစ်ပါသည်။

ကြံတိုင်းအောင်သည် ဆရာတော်ကြီးပေးမည်ဆိုသော လက်ထဲမှစာရွက်ထပ်ကြီးကိုကြည့်ရင်း ထူးခြားသောစကားများကိုမိန့်မှာနေသည့်ဆရာတော်ကြီးအား ငေးကြည့်နေမိလေသည်။

‘ ဟောဒီစာမူဟာ လွန်ခဲ့တဲ့ဆယ်နှစ်က ငါကိုယ်တိုင် ရေးသားထားတဲ့စာတွေပဲ ’

‘ ဘာတွေများပါလိမ့်ဘုရား ’

‘ ဖတ်ကြည့်တော့ သိလိမ့်မပေါ့ကွယ်၊ ဒါကိုငါ့ဆီမှာ ဆက်ထားဖို့ရာက သာသနာ့ဝန်ထမ်း ဘုရားသားတော်တစ်ပါး အနေနဲ့မသင့်လျော်လို့ မင်းကိုတစ်ခါထဲစွန့်လိုက်ရတာပဲ ’

ကြံတိုင်းအောင်သည် ပို၍စိတ်ဝင်စားလာလေ၏။ မည်သည့် အကြောင်းများကိုရေးသားထားသည့် စာများပါလဲ။

‘ သို့သော် ဒီစာတွေကိုဖတ်ရုံသာဖတ်ကြည့်ဖို့ဖြစ်တယ်၊ စာထဲကအကြောင်းအရာတွေကိုဖတ်ပြီး တွေဝေခြင်း၊ မိန်းမောခြင်း မဖြစ်စေချင်ဘူး၊ ကြားလားကြံတိုင်းအောင် ’

‘ တင်ပါ့ ’

‘ စာထဲကအကြောင်းအရာတွေဟာ မင်းအတွက်ဘာမှထူးခြားလာစရာအကြောင်းလဲမရှိဘူးကွဲ့၊ မင်းကို သိစေချင်လို့သာ လက်ဆောင်အနေနဲ့ပေးလိုက်ခြင်းဖြစ်တယ် ’

‘ တင်ပါ့ဘုရား ’

ဆရာတော်ကြီးက မှာကြားသင့်သည်ကို မှာကြားပြီးနောက် စာမူထပ်ကြီးကို ကြံတိုင်းအောင်လက်သို့ကမ်းပေးလိုက်လေသည်။

‘ ကိုင်း–သွားပေတော့ ’

ကြံတိုင်းအောင်သည် ဆရာတော်ကြီးအားကန်တော့ကာ ထိုင်ရာမှထလိုက်လေသည်။

သူသည် စာပါအကြောင်းအရာများကိုစိတ်ဝင်စားလှသော်လည်း ဆရာတော်ကြီးကိုဆက်မမေးရဲပေ။ အိမ်ရောက်မှသာ ဖတ်ကြည့်ရပေတော့မည်။

♣ ♣ ♣

ဘုန်းတော်ကြီးဦးဉာဏသည် တောင်ဆင်းလမ်းအတိုင်းပြန်သွားသည့်ကြံတိုင်းအောင်၏ နောက်ကျောကိုကြည့်ရင်း သက်ပြင်းချ လိုက်လေသည်။

သူသည် ထိုအကြောင်းအရာများအားလုံးကို သိရှိနေသည့် တစ်ဦးတည်းသောလူသားဖြစ်လေသည်။ မမြရင်သည် မမြစိမ်းဘဝမှဝင်စားသူဖြစ်ကြောင်းကို သူတစ်ဦးတည်းသာသိခဲ့လေ၏။ ကာယကံရှင်ဖြစ်သော မမြရင်နှင့် မမြရင်၏မိခင်ကြီးဒေါ်ဉာဏ်ယုံတို့လည်းကွယ်လွန်သွားခဲ့ပြီ၊ *(မမြရင်မိခင်ဒေါ်ဉာဏ်ယုံသည် သမီးကွယ်လွန်ပြီး ၄ရက်အကြာတွင် သမီးစိတ်ဖြင့် မမြရင်ကွယ်လွန်သည့် ညည့်ပြရှာ၌ပင် ကွယ်လွန်ခဲ့လေ၏)*

မမြရင်သည်မမြစိမ်းဝင်စားသူဖြစ်ကြောင်းကို ဦးဉာဏက မည်သူ့မှဖွင့်မပြောခဲ့ပါချေ။

အဖြစ်အပျက်တို့၏ဆန်းပြားပုံကို ရင်ဖွင့်ချင်လွန်း၍သာ စာဖြင့်ရေးသားမှတ်တမ်းတင်ရင်း စိတ်ဖြေရာရှာခဲ့ခြင်းဖြစ်သည်။

ယခုတော့ ကြံတိုင်းအောင်သည် မက်ထရစ်စာမေးပွဲအောင်မြင်ကာ တက္ကသိုလ်သို့ဆက်တက်ပေတော့မည်။ ကြံတိုင်းအောင်ကား ခေတ်အမြင်ခေတ်အတွေးရှိသည့်လူငယ်လေးတစ်ဦးဖြစ်ကြောင်း ဆရာတော်

ကြီးအသိဆုံးဖြစ်ပါသည်။

ရန်မျိုးနိုင်ဝင်စားသောကြံတိုင်းအောင်အတွက် ဤအဖြစ်များကို သိသင့်သည်ဟုယူဆသောကြောင့် တစ်ကြောင်း၊ အဖြစ်ဆန်းများကို ဆက်လက်သိဂှက်မထားလိုတော့၍တစ်ကြောင်း၊ စာမူကိုလဲ ဘုန်းကြီးတစ်ပါးအနေနှင့်သိမ်းဆည်းထားရန် မသင့်လျော်၍တစ်ကြောင်း... ကြံတိုင်းအောင်အားပေးအပ်လိုက်ခြင်း ဖြစ်ပါသည်။

ကြံတိုင်းအောင်အတွက်မူ ဤဖြစ်ရပ်များအား မှတ်သားရုံသက်သက်ဖြစ်ပေတော့မည်။ မမြရင်မှာလည်း ကွယ်လွန်ပြီးဖြစ်၍ ယခုဘဝတွင်ဇာတ်လမ်းဆက်ရန်မဖြစ်နိုင်တော့ပေ။

နေလုံးသည် အနောက်ဖက်တောင်တန်းများအတွင်းသို့ဝင်ရောက်ကာပျောက်ကွယ်သွားလေပြီ။

ကြံတိုင်းအောင်၏ပုံရိပ်သည်လည်း တောင်ခြေမှပျောက်ကွယ်သွားလေပြီ။

ဘုန်းတော်ကြီးဦးဉာဏသည် ထိုင်ရာမှထလိုက်၏။

သက်တော်၆၅နှစ်ရှိပြီဖြစ်သော ဆရာတော်ကြီးသည် တရွေ့ရွေ့ဖြင့် ကျောင်းရှိရာသို့ လှမ်းသွားလေ၏။

ဆရာတော်သည် တရားသဘောကို သတိဖြင့်ရှုမှတ်ရင်း အတိတ်ဖြစ်ရပ်များကို စိတ်အာရုံအတွင်းမှဖယ်ထုတ်ပစ်လိုက်လေတော့သတည်း။

♣♣♣♣♣♣♣♣♣

# တတိယပိုင်း

ရန်တိုင်းအောင်သည် တီဗွီမြင်ကွင်း၌ပေါ်နေသောအငြိမ့်မင်းသမီးလေးကိုကြည့်ကာ ရင်များခုန်လျှက်ရှိ လေသည်။

မင်းသမီးလေးသည် ရွှေပြည်စိုးသီချင်းကိုသီဆိုကာ ကပြလျှက်ရှိပါ၏။

' မြမြနေတဲ့ရွာ.. ရွာ.. ရွာမှာ.. .. မမြရင်ဟိုယခင်နေခဲ့တဲ့ရွာ--- စိမ်းလဲ့လဲ့ညိုပြာ-- ရေနဒီကလည်း တိုးလို့ပါကလား-- ရွှေပြည်စိုး-- ရွှေပြည်စိုး-- ရွှေပြည်စိုး-- လွမ်းပိုဖွယ်ရာ.. .. '

တီဗွီ၏အငြိမ့်ဖျော်ဖြေမှုအစီအစဉ်တွင် ဤမင်းသမီးလေးကို ပထမဆုံးအကြိမ်မြင်တွေ့ရခြင်းဖြစ်ပါသည်။

မင်းသမီးလေး၏အမည်ကိုလည်း ကြည့်ပါဦး။

" မြရင်နှစ် " တဲ့လေ၊

အငြိမ့်နာမည်ကလည်း မြရင်နှစ်-အငြိမ့်ပါတဲ့။

မြရင်နှစ်က အချိုးအစားကျစွာ၊ တည်ငြိမ်ဣန္ဒြေရစွာ ကပြလျှက်ရှိပေ၏။ ရန်တိုင်းအောင်သည် လေဘာတီမမြရင်၏အကကို မကြည့်ဖူးသော်လည်း မှတ်တမ်းမှတ်ရာများအရ မြရင်နှစ်ကပြနေပုံမှာ မမြရင်ကပုံမျိုးပင်ဖြစ်သည်ဟုထင်နေသည်။

ကကွက်အရ ခေါင်းငုံ့လိုက်သည့်အခါ သူမ၏ ဒူးခေါက်ကွေးကျော်သည်ထိရှည်လျားသော ဆံမြိတ်ရှည်ကြီးသည် လေထဲ၌ဝဲသွားလေ၏။

ထမီကိုအနားခတ်၍ကသည့်အခါ ဆံနွယ်ရှည်များသည်လည်း ဝဲ၍..ဝဲ၍နေပေသည်။

မြရင်နှစ်၏ရုပ်ရည်သည်လည်း လေဘာတီမမြရင်နှင့်တထေရာတည်းဟု ရန်တိုင်းအောင်က ယုံကြည်မိလေသည်။

' လေ.. လေယူသွေး.. မွှေးလို့ကြူ-- ရွှေပြည်စိုး-- ရွှေပြည်စိုး-- ရွှေပြည်စိုး-- လွမ်း ပိုဖွယ် ရာ.. .. '

ရန်တိုင်းအောင်သည် သီချင်းအဆုံး တီးလုံးအချတွင် ကြော်ငြာများဝင်လာသည်ကို အခွင့်ကောင်းယူကာ.. သူ၏အိပ်ခန်း ထဲသို့ပြေးဝင်ခဲ့လေသည်။

အိပ်ခန်းထဲတွင် ကုတင်ဘေးမှစားပွဲပုလေးပေါ်၌ မှန်ဘောင်သွင်း၍ထောင်ထားသော လေဘာတီမမြရင်၏ဓာတ်ပုံကို ယူခဲ့ကာ တီဗွီရှေ့သို့အမြန်ပြန်ပြေးလာလိုက်သည်။

တီဗွီရှေ့ပြန်ရောက်သည်အထိ ကြော်ငြာများပြနေဆဲရှိသေးသည်။ မြရင်နှစ်အငြိမ့်ပြန်မလာသေး။

‘ မေမေ၊ မေမေ ’

ရန်တိုင်းအောင်က အိပ်ခန်းထဲတွင်ရှိနေမည့် မိခင်ဖြစ်သူကို လှမ်းအော်ခေါ်လိုက်လေသည်။

‘ ဘာလဲဟယ်၊ အသံကျယ်လှချည်လား ’

မိခင်ဖြစ်သူ ဒေါ်ရှုတိုင်းယဥ်က အခန်းထဲမှထွက်လာလေသည်။

‘ လာပါဦးမေမေ၊ ဒီမှာ တီဗွီကအငြိမ့်လာနေတယ်ဗျ ’

‘ အငြိမ့်၊ အငြိမ့်လာတာ ဘာဖြစ်လဲငါ့သားရယ်၊ အလန့်တကြား ’

‘ အာ– အငြိမ့်က မမြရင်အငြိမ့်ဗျ ’

‘ ဘာဟဲ့ ’

‘ လေဘာတီမမြရင်အငြိမ့် ’

‘ ဟင် ’

ဒေါ်ရှုတိုင်းယဥ် ခေတ္တခဏကြောင်စီစီဖြစ်သွားသည်။

‘ လေဘာတီမမြရင်အငြိမ့်၊ ဟုတ်လား၊ ဘယ်လိုဖြစ်နိုင်မှာလဲဟဲ့၊ မမြရင်သေတာပဲ အနှစ်ငါးဆယ်ကျော်ပြီ၊ သူ့ခေတ်က ရုပ်ရှင်ပေါ်ခါစ၊ မမြရင်ကိုရုပ်ရှင်နဲ့တောင် မှတ်တမ်းမတင်ခဲ့ရဘူးလေ၊ ရုပ်သေဓာတ်ပုံတောင်ရှားရှားပါးပါးရယ် ’

‘ အာ.. မေမေကလဲ သားပြောတာဆုံးအောင်နားထောင်ပါဦး၊ ခုလာနေတဲ့အငြိမ့်နာမည်က မြရင်နှစ်အငြိမ့်တဲ့၊ မင်းသမီး နာမည်ကလဲ မြရင်နှစ်ပဲ၊ မင်းသမီးရုပ်ကလဲ လေဘာတီမမြရင်အတိုင်း ပဲမေမေ၊ ဒီမင်းသမီးဟာ လေဘာတီမမြရင်ဝင်စားတာပဲဖြစ်ရမယ်၊ သားရှာနေတဲ့မမြရင်ကို တွေ့ပြီမေမေ ’

‘ ဟဲ့– ဟဲ့ ’

ဒေါ်ရှုတိုင်းယဥ်သည် အလန့်တကြားနှင့်စိုးရိမ်တကြီးဖြစ်သွားလေ၏။ ခုမှပင် သားလက်ထဲက မှန်ဘောင်သွင်းထားသည့် လေဘာတီမမြရင်ဓာတ်ပုံကိုသတိထားမိတော့သည်။

ထိုစဥ်မှာပဲ ကြော်ငြာကဏ္ဍပြီးသွားကာ မြရင်နှစ်အငြိမ့်ခန်း တီဗွီမြင်ကွင်း၌ပြန်ပေါ်လာသည်။

မင်းသမီးသည် စောစောက ကခဲ့သည့်ရွှေပြည်စိုးသီချင်းကိုပင် နောက်တစ်ကြော့ပြန်ဆိုကာ ကနေလေသည်။

‘ မြန်နဲ့မောင်နဲ့ခုမှတွေ့တာ၊ လူပါးမဝခင်တုန်းက ပြောကြတော့ရယ်စရာပါ.. အာ ၄ှာ ၄ှာ ၄ှာ ၄ှာ ၄ှာ ၄ှာ ၄ှာ.. .. ထမီကလေးတိုတိုဝတ်ကာ မြင်ယ်စဥ်မှာ လူထဲမဝင်ခင်သေးမို့ အလှပြင်ဆင်ရှာ မယ်ရင်ကုန်ကုန်ပြောမယ် တောတသက်မို့ဘယက်ဒွါဒရာ× × × ’

‘ တွေ့လားမေမေ၊ သူဟာမမြရင်ပဲမေမေရဲ့ ’

ဒေါ်ရှုတိုင်းယဥ်ကိုယ်တိုင်ပင် မင်းသက်မိကာ မင်းသမီးကို ငေးကြည့်နေမိသည်။ မင်းသမီးလေးသည် ဓာတ်ပုံထဲက လေဘာတီမမြရင်နှင့်တူသည်ကတော့ အမှန်ပင်တည်း။

‘ လေဘာတီမမြရင်ကို သားလဲမမြင်ဖူးဘူး၊ မေမေလဲမမြင်ဖူးဘူး၊ မေမေတို့မြင်ဖူးတာက ဓာတ်ပုံလေးသုံးလေးပုံပဲမြင်ဖူးတာပါ သားရယ်၊ သူ့ကို မမြရင်ဝင်စားတယ်လို့ ကိုယ်လိုရာတွေးပြီး မှတ်ယူလို့ ဘယ်ဖြစ်မှာလဲသား ’

‘ ဒါပေမယ့် သူ့နာမည်ကလဲ မြရင်နှစ်တဲ့မေမေ ’

မင်းသမီးလေးမြရင်နှစ်၏ အကပိုဒ်ကပြီးဆုံးသွားပေပြီ။

မြရင်နှစ်က ဒူးကိုခွေ့ကာ လက်ကိုမြှောက်ရင်း အကကို အဆုံးသတ်လိုက်သည်။ ထို့နောက် ပရိသတ်ဖက်သို့လက်အုပ်ချီ ဦးညွှတ်ပြီး နောက်ဖက်သို့ဝင်အသွားတွင် လူပျက်လေးဦးက ရှေ့ကို ထွက်လာကြလေ၏။

‘ မြရင်နှစ်ကလေးကသွားတာမလှဘူးလားဗျကိုသောကြာ ’

‘ လှပါ့ဗျာ၊ လှပါ့ ’

‘ ကျွန်တော်တို့ရဲ့အငြိမ့်ဥသျှောင်မင်းသမီးကြီးလေဘာတီမမြရင်နဲ့ရော မတူဘူးလားကိုစနေရဲ့ ’

‘ တူပါ့ကိုရာဟုရယ်၊ လေဘာတီနဲ့ အကနဲ့ရုပ်ရည်တင်မကဘူး၊ အသံပါတူတာကလား ကိုသောကြာရေ ’

‘ ဒါ့ကြောင့်လဲ သူ့ဆရာတွေက နံပါတ်၂လေဘာတီ၊ လေဘာတီမမြရင်နံပါတ်၂ဆိုတဲ့သဘောနဲ့ မြရင်နှစ်လို့ နာမည်ပေး ကင်ပွန်းတပ်ထားတာကိုးဗျ ’

‘ မှန်ပါ့၊ မှန်ပါ့ ’

‘ အကလေးကလဲယဥ်၊ အသံလေးကလဲကောင်း ကျွန်တော့်ဖြင့်မြရင်နှစ်ကလေးကိုကြည့်ပြီး လေဘာ

တီမမြရင်ကိုလွမ်းမိသေးသဗျာ '

' သြော်.. မြန်မာမှုအနုပညာတို့စုစည်းထွက်ပေါ်ရာ မန္တလေးရွှေမြို့သူကလေးကိုးဗျ၊ အဆိုအကမှာ မမြရင်နီးပါးတော်တာ ဘာဆန်းသတုံးကိုသောကြာရဲ့ '

' ဟင်–မေမေ၊ သူက မန္တလေးသူတဲ့မေမေ '

ရန်တိုင်းအောင်က မိခင်ဖက်သို့လှည့်ပြောလိုက်လေ၏။

' အဲဒါဘာဖြစ်လဲ၊ သူမန္တလေးသူဖြစ်တာနဲ့၊ သူ့နာမည် မြရင်နှစ်ဖြစ်နေတာနဲ့ပဲ သူ့ကိုမမြရင်ဝင်စား တယ်လို့ တစ်ထစ်ချ ပြောလို့မဖြစ်ပါဘူးကွယ် '

ဒေါ်ရှုတိုင်းယဉ်သည် သား၏စွဲလမ်းမှုအတွက်စိုးရိမ်စိတ်ဝင်နေမိသည်။ မြရင်နှစ်ဆိုတဲ့အငြိမ့်မင်း သမီးလေးဟာ ဘာလို့ ပေါ်လာရတာလဲ။ ဘာလို့ လေဘာတီမမြရင်နဲ့တူနေရတာလဲ၊ မြရင်နှစ်သည် လေဘာတီမမြရင်ဝင်စားသူဟုတ်ချင်မှဟုတ်မည်။ သို့သော် ရန်တိုင်းအောင်ကတော့ သူမကို မမြရင်ဝင်စား တယ်လို့ပဲ တစ်ထစ်ချ မှတ်ပေတော့မည်။ သား၏စွဲလမ်းစိတ်ကြီးပုံကို သိထားသော ဒေါ်ရှုတိုင်းယဉ်က သက်ပြင်းချလိုက်လေသည်။

တစ်ဆက်ထဲမှာ ဖခင်ကြီးကိုလည်း သတိရလိုက်မိလေသည်။ ဖခင်ကြီးဦးကြံတိုင်းအောင်သည်လဲ သူ့မသိမမီလိုက်သည့် လေဘာတီမမြရင်ကို စွဲလမ်းတမ်းတနေသူတစ်ဦးပင်ဖြစ်ပါ၏။

သားရန်တိုင်းအောင်သည် အဘိုးဖြစ်သူ၏စိတ်ဓာတ်အပြည့်အဝရှိသူဖြစ်သည်။ အဘိုးကြံတိုင်းအောင် ၏ရုပ်ရည်၊ အဘိုးကြံတိုင်းအောင်၏စိတ်ဓာတ်အတိုင်း လူဖြစ်လာရသော ရန်တိုင်းအောင်ကို အဘိုးဖြစ်သူ ဦးကြံတိုင်းအောင်ဝင်စားသူဟု ဆွေမျိုးအားလုံးကမှတ်ယူထားကြပြီးဖြစ်ပါသည်။

အဘိုးဦးကြံတိုင်းအောင်ဝင်စားသူပီပီ မြေးဖြစ်သူရန်တိုင်းအောင်သည်လဲ လေဘာတီမမြရင်ကိုစွဲလမ်း သူဖြစ်ပါ၏။ စွဲလမ်းရုံ စွဲလမ်းလျှင်ဖြင့် ဒေါ်ရှုတိုင်းယဉ်က စိတ်မပူသေးပါ။ စွဲလမ်းရုံမက တမ်းတစိတ်ပါ ဝင်နေသည့်အခါ ဒေါ်ရှုတိုင်းယဉ်အဖို့ စိတ်သောကရောက်ရလေသည်။

လူ့ပြည်လူ့လောကမှာ မရှိတော့တဲ့သူ၊ ကိုယ်မမွေးခင် နှစ်ပေါင်းများစွာက ကွယ်လွန်သွားပြီး သူတစ်ဦးကို တမ်းတနေခြင်းလောက် အဓိပ္ပါယ်မဲ့သည့်အလုပ်ရှိပါဦးမည်လား။

လေဘာတီမမြရင်သည် ဒေါ်ရှုတိုင်းယဉ်၏ဖခင် ဦးကြံတိုင်းအောင်ထက်ပင် အသက်၃၀ပိုကြီးသူ ဖြစ်ပါ၏။ ဦးကြံတိုင်းအောင်ကိုယ်တိုင်ပင် လေဘာတီမမြရင်ကို မကြည့်ဖူးလိုက်ပါ၊ မမြင်ဖူးလိုက်ပါ။ သို့သော် ဦးကြံတိုင်းအောင်က လေဘာတီမမြရင် အသည်းစွဲ။ သူအရွယ်မရောက်မီကကွယ်လွန်နှင့်သော အငြိမ့်မင်းသမီး လေဘာတီမမြရင်၏ဓာတ်ပုံများကို မရမကရှာကာ သူ့အခန်းထဲမှာ ကပ်ထားသည်။

မေမေနှင့်အိမ်ထောင်ကျသည်ထိ ထိုဓာတ်ပုံများကိုဖြုတ်မပစ်ခဲ့။ မေမေ့ကိုလည်း မြရင်နဲ့ပတ်သက် လို့တော့ သူ့ကိုခွင့်လွှတ်ရမည်ဟု တောင်းဆိုထားခဲ့သည်။ မေမေကလည်း လူ့လောကမှာမရှိတော့တဲ့ မိန်းမတစ်ယောက်ကို သဝန်တိုမနေပါ။ ဖေဖေ့ စွဲလမ်းမှုကိုခွင့်လွှတ်ခဲ့ပေသည်။

ပြီးတော့ မြရင်ဆိုတာ တစ်ခေတ်တစ်ယောက် နာမည်ကျော်ခဲ့တဲ့ မင်းသမီးတစ်လက်မဟုတ်လား။ ယောကျာ်းတိုင်းလိုလို ထင်ရှားကျော်ကြားတဲ့ မင်းသမီးတစ်ယောက်ယောက်ကို စွဲလမ်းနှစ်သက်ခဲ့ဖူးသူများ ချည်းဖြစ်သည်။ တချို့ကရုပ်ရှင်မင်းသမီးကို စွဲလမ်းတတ်ကြသည်။ တချို့ကျတော့ နိုင်ငံခြားမင်းသမီးကို မှစွဲလမ်းနေသူတွေတောင်ရှိသေး။

ဦးကြံတိုင်းအောင်၏ စွဲလမ်းမှုအတွက် မေမေကမဟန့်တားခဲ့ပါ။ မပိတ်ပင်ခဲ့ပါ။ သဝန်မတိုခဲ့ပါ။

လေဘာတီမမြရင်၏ဓာတ်ပုံများကို ပြန်လည်ပြုပြင်ထားသည့်ပုံကြီးများ၊ ပန်းချီကားအဖြစ်ပြန်လည် ရေးဆွဲထားသည့်ကားချပ်များသည် ဒေါ်ရှုတိုင်းယဉ်တို့ညီအစ်မအရွယ်ရောက်သည်ထိ အိမ်ခန်းထဲမှာနေရာယူ ခဲ့သည်။

ဖေဖေကွယ်လွန်ပြီး ရှုတိုင်းယဉ်တို့ညီအစ်မ အိမ်ထောင်အသီးသီးကျကြမှပင် အိမ်ကိုပြုပြင် မွမ်းမံလိုက်၍ မြရင်ပုံများကို ဖြုတ်သိမ်းဖြစ်ခဲ့ကြလေသည်။

သည်လိုနှင့် မေ့မေ့ပျောက်ပျောက်နေလာကြရင်းမှ ဒေါ်ရှုတိုင်းယဉ်သည် တစ်ဦးတည်းသောသားလေး ရန်တိုင်းအောင်အား မွေးဖွားခဲ့လေသည်။

ဖေဖေကွယ်လွန်ချိန်အထိ ဒေါ်ရှုတိုင်းယဉ် အိမ်ထောင်မကျသေး။ ဖေဖေဆုံးတော့ ရှုတိုင်းယဉ် အသက်က၁၃နှစ်သာရှိသေးသည်။

ရှုတိုင်းယဉ် အသက်၂၃နှစ်မှာ အိမ်ထောင်ကျသည်။ ရှုတိုင်း ယဉ်အသက်၂၅နှစ်မှာ သားကိုမွေးသည်။

♣ ♣ ♣

သားရန်တိုင်းအောင်ကို သူ့အဘိုး(ရှုတိုင်းယဉ်ဖခင်ဦးကြံတိုင်းအောင်)ကွယ်လွန်ပြီး ၁၂နှစ်ကြာမှ မွေးခြင်းဖြစ်ပါသည်။

သားသည် စကားပြောတတ်ကာစအရွယ်တွင် လေဘာတီမမြရင်ဓာတ်ပုံတွေဘယ်ရောက်သွားသလဲ–ဟုမေးသည်။ မမြရင်ပုံတွေကို အရင်ကလိုပဲ ချိတ်ထားပါဟုဆိုသည်။ ထိုစကားများအရ ရန်တိုင်းအောင်ကို အဘိုးဖြစ်သူဦးကြံတိုင်းအောင်ဝင်စားသူဟုမှတ်ယူခဲ့ကြလေတော့သည်။

ရန်တိုင်းအောင်ကလည်း ဦးကြံတိုင်းအောင်ငယ်စဉ်က အကြောင်းများ၊ ဦးကြံတိုင်းအောင်ငယ်စဉ်ဘဝကနေခဲ့သည့် ညောင်ပင်ဆိပ်ရွာအကြောင်းများကိုပြောပြခဲ့လေသည်။ တကယ်တော့ ညောင်ပင်ဆိပ်ရွာကို ဦးကြံတိုင်းအောင်၏ဇနီးဒေါ်နီနီပင် မရောက်ဖူးပါ။ ဦးကြံတိုင်းအောင်သည် အသက်၂၀အရွယ်က ရန်ကုန်သို့ ပညာသင်ရန်ထွက်လာပြီးကတည်းက ဘွဲ့ရပြီးသည်နှင့် ရန်ကုန်မှာပင်အလုပ်လုပ်ကာအခြေချနေခဲ့ခြင်း ဖြစ်ပါသည်။

စကားတတ်ခါစကလေးငယ်တစ်ယောက်က ဦးကြံတိုင်းအောင်၏ငယ်ဘဝများကို အသေးစိတ်ပြန်ပြောနိုင်သည့်အခါ သူ့ကို ဦးကြံတိုင်းအောင်ဝင်စားသူဟုယုံကြည်လက်ခံခဲ့ကြလေသည်။

ပို၍ထူးဆန်းသည်ကား ဦးကြံတိုင်းအောင်အား သူတို့ရွာမှရွာဦးဘုန်းကြီးပေးအပ်ခဲ့သည့်မှတ်တမ်းကြီးကို ရှိသေးရဲ့လားဟု မေးကာ တောင်းဆိုခြင်းပင်ဖြစ်တော့သည်။

ရှုတိုင်းယဉ်တို့တစ်မိသားစုလုံးသည် ထိုမှတ်တမ်းကြီးအကြောင်းကို ကောင်းစွာသိရှိကြပြီးဖြစ်ပါသည်။ ဖခင်ကြီးဦးကြံတိုင်းအောင်ကလည်း မကွယ်မဝှက်အသိပေးထားခဲ့သည်မဟုတ်ပါလား။

ဖေဖေဦးကြံတိုင်းအောင်ကိုယ်တိုင်ပင် နယ်ချဲ့ကိုလိုနီခေတ်က တော်လှန်ရေးသမားရန်မျိုးနိုင် ဝင်စားခဲ့သူဖြစ်ပါ၏။ ရန်မျိုးနိုင်ကွယ်လွန်ပြီး ၃၅နှစ်အကြာတွင် မွေးဖွားခဲ့ခြင်းဖြစ်လေသည်။ ဦးကြံတိုင်းအောင်သည် ရန်မျိုးနိုင်ဝင်စားသူဖြစ်ကြောင်းကို ဘုန်းတော်ကြီးဦးဉာဏ၏မှတ်တမ်း၌ အထောက်အထားများနှင့်တကွဖော်ပြထားလေသည်။

ကြံတိုင်းအောင်သည် သူကိုယ်တိုင် ရန်မျိုးနိုင်ဝင်စားသူဖြစ်ကြောင်းသိခဲ့ပါသော်လည်း.. ယခင်ဘဝက သူ့ချစ်သူမမြစိမ်းသည် တစ်နေရာ၌လူဝင်စားအဖြစ်ရှိနေကြောင်းကိုမသိခဲ့ရှာပေ။

ဘုန်းကြီးပေးသောမှတ်တမ်းကိုဖတ်ရမှပင် ယခင်ဘဝက ချစ်သူမမြစိမ်းမှာ လက်ရှိဘဝတွင် လေဘာတီမမြရင်အဖြစ်ကျော်ကြားသောအငြိမ့်မင်းသမီးတစ်လက်ဖြစ်နေသည်ကို သိခဲ့ရလေသည်။ သို့သော် ကြံတိုင်းအောင်သိရှိရမှုများက နောက်ကျသွားခဲ့လေပြီ။ ဘုန်းကြီးဦးဉာဏက မမြရင်ကွယ်လွန်ပြီးချိန်မှသာ သူ၏မှတ်တမ်းကြီးကိုပေးအပ်ပြီး အသိပေးခဲ့သောကြောင့်ပင်တည်း။

ရန်မျိုးနိုင်နှင့်မမြစိမ်းတို့ချစ်သူနှစ်ဦးသည် တစ်ချိန်တည်း ကွယ်လွန်ခဲ့ကြခြင်းဖြစ်သော်လည်း.. မမြစိမ်းက ကွယ်လွန်ပြီး ငါးနှစ်အကြာမှာပင် သာစည်မြို့နယ်၌ မမြရင်ဆိုသောမိန်းကလေးအဖြစ် ပြန်လည်မွေးဖွားခဲ့လေသည်။ ရန်မျိုးနိုင်ကတော့ ညောင်ပင်ဆိပ်ရွာမှာပင်လူပြန်ဖြစ်ခဲ့သော်လည်း ကွယ်လွန်ပြီး နှစ်ပေါင်း၃၅နှစ်ကြာမှ ကြံတိုင်းအောင်အဖြစ်ပြန်လည်ဝင်စားခဲ့ခြင်း ဖြစ်လေသည်။

အချိန်ကာလတစ်ခုတည်းမှာ လူသားများအဖြစ်ရှင်သန်ခဲ့သော်လည်း.. အသက်ချင်းက ၃၀တိတိကွာခြားသွားခဲ့လေပြီ။ ထို့ ကြောင့်ပင် ဘုန်းတော်ကြီးဦးဉာဏက ဒုတိယဘဝနှစ်ခုလုံးကိုသိခဲ့သော်လည်း ကာယကံရှင်များကိုပြောမပြပဲ မြိုသိပ်ခဲ့ခြင်းဖြစ်လေသည်။ ထိုအကြောင်းကို ဘုန်းကြီး၏မှတ်တမ်း၌ သဲကွဲစွာဖော်ပြထားပါ၏။

ကြံတိုင်းအောင်အနေနှင့်တော့ မချင့်မရဲဖြစ်ခဲ့ရလေသည်။ ယခင်ဘဝကချစ်သူမမြစိမ်းသည် လူဝင်စားအဖြစ်မမြရင်ဘဝနှင့် ရှိနေကြောင်းကို မမြရင်ကွယ်လွန်သွားပြီးမှသိခဲ့ရသည့်အဖြစ်။

အသက်၃၀ကွာခြားသောမိန်းမတစ်ယောက်နှင့် ချစ်ကျွမ်းဝင်ရန်မဖြစ်နိုင်သော်လည်း... မမြရင်သည် မမြစိမ်းဝင်စားသူဖြစ်မှန်း မမြရင်မသေခင်သိခဲ့ရပါက သွားရောက်တွေ့ဆုံနိုင်မည်မဟုတ်ပါလား။ ယခုတော့ လူ့လောကမှာ တပြိုင်တည်း အသက်ရှင်သန်နေခွင့်ရပါရက်နှင့် တွေ့ဆုံခွင့်မရလိုက်သည့်ဘဝရယ်လေ။

ထိုအကြောင်းများကို ဘုန်းကြီး၏မှတ်တမ်းကိုဖတ်ရှုပြီး သိရှိလိုက်ရပြီးကတည်းက.. ကြံတိုင်းအောင်သည် မမြရင်၏ဓာတ်ပုံများကိုရှာဖွေစုဆောင်းခဲ့သည်။ မမြရင်အသံသွင်းထားသောဓာတ်ပြားများကိုလည်း ရှာဖွေဝယ်ယူခဲ့လေသည်။

အဆောင်နေတက္ကသိုလ်ကျောင်းသားဘဝကတဲက မမြရင်ဓာတ်ပုံများကို ပုံကြီးချဲ့၍၎င်း၊ ပန်းချီကားပြန်လည်ရေးဆွဲ၍၎င်း အဆောင်နံရံမှာကပ်ထားခဲ့လေသည်။ ကြံတိုင်းအောင် မမြရင်ကို စွဲလမ်းပုံကို အတန်း

တူတက္ကသိုလ်ကျောင်းသားအားလုံး သိခဲ့လေသည်။

ကြံတိုင်းအောင်နှင့်မမြရင်တို့၏ ယခင်ဘဝကတည်းက မြစ်ဖျားခံလာခဲ့သော ရန်မျိုးနိုင်နှင့်မမြစိမ်းတို့ ဖြစ်အင်ကိုကား သိသူနည်းလှသည်။ အနီးကပ်ပေါင်းသော သူငယ်ချင်းအရင်းတချို့သာ သိခွင့်ရခဲ့ပါသည်။

ဒေါ်နီနီနှင့်အိမ်ထောင်မကျခင် ချစ်သူဘဝကတည်းကပင် ကြံတိုင်းအောင်က ချစ်သူကို သူ့ဘဝ အကြောင်းတွေအားလုံးရင်ဖွင့်ပြောပြခဲ့လေသည်။ ဒေါ်နီနီ့အဖို့တော့ သည်အကြောင်းတွေအတွက် သဝန်မတို ခဲ့ပါ။ မမြရင်အပေါ်သဝန်တိုရအောင်ကလဲ မမြရင်ဆိုသည်မှာ လူ့လောကတွင်ရှိတော့သည်မဟုတ်။ ကြံတိုင်း အောင်နှင့်လည်း နဖူးတွေ့ဒူးတွေ့ တွေ့ဆုံခဲ့ဖူးသည်မဟုတ်။

ဒေါ်နီနီက ထိုအကြောင်းများကို ထူးဆန်းသောဖြစ်ရပ်ဆန်းကြယ်အဖြစ်သာမှတ်ယူခဲ့လေသည်။ ထို့ ကြောင့်လဲ အိမ်ထောင်ကျပြီးနောက် ခင်ပွန်းသည်ဦးကြံတိုင်းအောင်က အိမ်နေရာအနှံ့ မမြရင်ဓာတ်ပုံတွေ လိုက်ကပ်ကာ အလှဆင်သည်ကို မတားမြစ်တော့ပေ။

သမီးများဖြစ်သော ရှုတိုင်းယဉ်နှင့်ဆင်တိုင်းလှတို့ညီအမ အရွယ်ရောက်သည်အထိ လေဘာတီမမြ ရင်၏ဓာတ်ပုံများနှင့် ပန်းချီကားများမှာ အိမ်နံရံများ၌ချိတ်ဆွဲထားဆဲပင်။

ညီအစ်မနှစ်ယောက်အိမ်ထောင်ကျကြမှ အိမ်တွင်မိသားစုများလာ၍ အခန်းများဖွဲ့ရင်း၊ မွမ်းမံရင်းဖြင့် မမြရင်ပုံများ စတိုခန်းထဲရောက်သွားကြခြင်းဖြစ်လေသည်။

ရှုတိုင်းယဉ်တို့ညီအစ်မနှစ်ယောက်လုံး ရန်မျိုးနိုင်နှင့်မမြစိမ်းမှအခြေခံလာသည့်... ဖခင်ကြံတိုင်း အောင်နှင့် လေဘာတီမမြရင်တို့အဖြစ်များကို ဘုန်းကြီး၏မှတ်တမ်းကြီးဖတ်၍သိရှိကြပြီးဖြစ်သည်။

ဘုန်းတော်ကြီးဦးဉာဏရေးသားခဲ့သည့် မှတ်တမ်းကြီးကား ယခုထက်တိုင်ပင် စာအုပ်ဘီရိုထဲ၌ ရှိဆဲပင်တည်း။

♣ ♣ ♣

ရှုတိုင်းယဉ်မွေးလာသောသားကလေးက စကားတတ်ခါစအရွယ်တွင် မမြရင်ဓာတ်ပုံများကိုမေးလာ သည်။ သည့်ထက် အရွယ်ရောက်လာတော့ သူသည် တစ်ချိန်ကကြံတိုင်းအောင်ဖြစ်ခဲ့ကြောင်း ပြောလာ သည်။

ရန်တိုင်းအောင်၏အပြောအဆိုများသည် အထောက်အထား ခိုင်လုံသည့်အတွက် ရန်တိုင်းအောင်ကို သူ့အဘိုးဦးကြံတိုင်းအောင် ဝင်စားသူဟုဆွေမျိုးအားလုံးကမှတ်ယူကြတော့သည်။

အဘွားဖြစ်သူဒေါ်နီနီကဆိုလျှင် သူ့ခင်ပွန်းဝင်စားသည့် ရန်တိုင်းအောင်လေးကို တုန်နေအောင်ချစ် သည်။

ရန်တိုင်းအောင်သည် ကြံတိုင်းအောင်ဝင်စားသူဖြစ်သည်။

ကြံတိုင်းအောင်ကိုယ်တိုင်ကလည်း ရန်မျိုးနိုင်ဝင်စားခဲ့သူ ဖြစ်သည်။

သည်သို့ဆိုပါလျှင် ရန်တိုင်းအောင်သည် ရန်မျိုးနိုင်ဘဝမှ အစဉ်အဆက်လူဖြစ်လာသူဟုဆိုနိုင်ပါမည် လား။ ရန်မျိုးနိုင်နှင့် ရန်တိုင်းအောင်တို့ဆက်စပ်မှုရှိပါသေးသလား။ စဉ်းစားစရာအချက်ပင် ဖြစ်ပါ၏။

ရန်တိုင်းအောင်ငယ်စဉ်က ကြံတိုင်းအောင်၏ဘဝဟောင်းကိုသာ ပြန်ပြောနိုင်ခြင်းဖြစ်သည်။ ဘဝ တစ်ခုခြားပြီးဖြစ်သော ရန်မျိုးနိုင်ဘဝကို ပြန်ပြောနိုင်ခြင်းမဟုတ်။ အရွယ်ရောက်လာမှသာ ဘုန်းကြီး၏ မှတ်တမ်းကြီးကိုဖတ်ခွင့်ရပြီး အကြောင်းစုံကို သိရခြင်းဖြစ်လေသည်။

မည်သို့ပင်ဆိုစေ.. ရန်တိုင်းအောင်သည် သူ့အဘိုးဦးကြံတိုင်းအောင်ဝင်စားသည့် ကလေးတစ်ယောက် ဖြစ်သည်ကတော့ အမှန်ပင်တည်း။

♣ ♣ ♣

ဦးကြံတိုင်းအောင်ဝင်စားခဲ့သော ရန်တိုင်းအောင်သည်လဲ သူ့အဘိုးလိုပင် မမြရင်ကိုစွဲလမ်းသူတစ်ဦး ဖြစ်လာခဲ့သည်။

အရွယ်ရောက်လာသည့်အခါ ဒေါ်ရှုတိုင်းယဉ်တို့သိမ်းဆည်းထားခဲ့သည့်မမြရင်ပုံများကို စတိုခန်းထဲ က ပြန်ထုတ်ခဲ့၏။ သူ့အိပ်ခန်းထဲမှာ မမြရင်ပုံများကိုပြန်ချိတ်ထားခဲ့သည်။ ဦးကြံတိုင်းအောင် စုဆောင်း ထားခဲ့သော မမြရင်ဓာတ်ပြားများကတော့ ဖွင့်မရတော့ပါပေ။ ဖွင့်စရာလည်း ထိုဓာတ်ပြားများကို ဖွင့်လို့ ရသည့်ဓာတ်စက်များမရှိတော့ပေ။ ဒါတောင် ရန်တိုင်းအောင်က အသံလွှင့်ရုံတွင် တာဝန်ထမ်းဆောင်သည့် သူ့သူငယ်ချင်းတစ်ယောက်၏ဖခင်ကို အကူအညီတောင်းကာ လေဘာတီမမြရင်သီချင်းတစ်ပုဒ်ကို တိတ်ခွေ ဖြင့် ရအောင်ကူးယူခဲ့သေး၏။ ထိုသီချင်းကား **"ရွှေပြည်စိုး"**သီချင်း။

သည်အထိ ဒေါ်ရှုတိုင်းယဉ်တို့လင်မယားသည် သား၏ အစွဲအလမ်းကြီးပုံကို စိုးရိမ်ကြောင့်ကျမှု

မရှိခဲ့သေးပေ။ ဘဝဟောင်းက စွဲလမ်းမှုသည် ဘဝသစ်တစ်ခုကူးပြောင်းသည်ထိပါလာသည့်အတွက်မူ အံ့သြခဲ့ကြသည်။ ဒါလဲ လူဝင်စားမို့ပဲဟု မှတ်ချက်ချခဲ့ကြ၏။

ယနေ့တော့ဖြင့် တိုက်တိုက်ဆိုင်ဆိုင်။

မြရင်နှစ်အငြိမ့်တဲ့။

မင်းသမီးလေးက လေဘာတီမမြရင်နှင့်တူနေသည်။ ရုပ်ရော အသံပါတူနေသည်။ လူပျက်တွေက နံပါတ်၂မမြရင်ဆိုပြီး မြရင်နှစ်–ရယ်လို့နာမည်မှည့်ထားကြောင်း မှန်းသွားသေးသည်။

ဘုရားရေ…

ဒါတွေဟာတိုက်ဆိုင်တာပဲဖြစ်ပါစေ…

သားသားထင်သလို မြရင်နှစ်ဆိုတဲ့မင်းသမီးလေးဟာ မမြရင်ဝင်စားတာမဟုတ်ပါစေနဲ့။

ဒေါ်ရှုတိုင်းယဉ်အနေဖြင့် မြရင်နှစ်သည် မမြရင်လူဝင်စား ဟုတ်ဟုတ်–မဟုတ်ဟုတ် ရန်မျိုးနိုင်နှင့်မမြစိမ်းမှစခဲ့သည့် ကြေကွဲဖွယ်ဇာတ်လမ်းကိုမဆက်စေချင်တော့ပေ။ သားရန်တိုင်းအောင်၏စွဲလမ်းတွယ်ငြိလွယ်သော၊ ပျံ့လွင့်တိမ်းပါးလွယ်သော နုနယ်သည့် စိတ်ဓာတ်ကိုလည်း မထိခိုက်စေလိုတော့ပါ။

တားရပေမည်။

ရန်တိုင်းအောင်၏စွဲလမ်းမှုကို တားဆီးရပေလိမ့်မည်။

♣ ♣ ♣

ဒေါ်ရှုတိုင်းယဉ်အတွေးနက်နေဆဲမှာပင် တီဗွီမှအငြိမ့်အစီအစဉ်ပြီးဆုံးသွားလေသည်။

' ဘယ်လိုသဘောရသလဲမေမေ '

' ဘာကိုလဲရန်လေး '

' မြရင်နှစ်ကိုလေ၊ မြရင်နှစ်ဟာ မမြရင်လူဝင်စားပဲ၊ တနည်းအားဖြင့် မမြစိမ်းလူဝင်စားပေါ့၊ ဘုန်းဘုန်းကြီးဆုတောင်းပေးခဲ့တဲ့ဆုတောင်းက ပြည့်တော့မယ်ထင်ပါရဲ့မေမေရယ် '

' ဘာကွဲ့၊ ဘာဘုန်းကြီးဆုတောင်းလဲ '

' ဘိုးဘိုးတို့၊ လေဘာတီမမြရင်တို့အကြောင်းကိုမှတ်တမ်းရေးခဲ့တဲ့ ဘုန်းဘုန်းကြီးရဲ့ဆုတောင်းလေ၊ ဘုန်းဘုန်းကြီးက နိဂုံးမှာ နောင်ဖြစ်လေရာဘဝတိုင်း ယခုလိုအဖြစ်မျိုးကကင်းလွတ်ပြီး ချစ်သူနှစ်ဦးပေါင်းရပါစေလို့ ဆုတောင်းပေးထားတယ်လေ '

' ရန်လေးရယ်၊ သား… အဲဒါဘာဖြစ်လဲ '

' ဒုတိယဘဝအနေနဲ့ပြန်ဆုံကြတုန်းက အသက်အရွယ်ချင်းကွာခြားလို့ ပေါင်းခွင့်ဆုံခွင့်မရခဲ့ဘူး၊ ခုတတိယဘဝမှာတော့ သားနဲ့မြရင်နှစ်ဆုံရတော့မှာပေါ့မေမေ၊ သားတို့နှစ်ယောက်ဟာ ခုဘဝမှာ သက်တူရွယ်တူတွေဖြစ်နေကြပြီ၊ ဒါဟာ ဘုန်းဘုန်း ကြီးဆုတောင်းပေးခဲ့တဲ့ဆုတောင်းပြည့်တာပဲ '

' ဒီမယ်သား၊ မြရင်နှစ်ဟာ မမြရင်တို့၊ မမြစိမ်းတို့ဝင် စားပါတယ်လို့ မင်းကိုဘယ်သူက ပြောသေးလို့လဲကွယ်၊ မင်းဟာမင်း တစ်ဖက်သတ်ထင်နေတာပါလား '

'သားကကာယကံရှင်ပဲ၊ သိတာပေါ့မေမေ၊ မြရင်နှစ်ဟာမန္တလေးကဆိုတာတော့သိရပြီ၊ သူ့အကြောင်းကိုသားစုံစမ်းပြီး သူရှိတဲ့နေရာကိုလိုက်မယ်မေမေ '

ဒေါ်ရှုတိုင်းယဉ်သည် သားဖြစ်သူကိုရီဝေစွာကြည့်လိုက်၏။ သက်ပြင်းကိုလည်းချလိုက်လေသည်။

သူ့အဖေနဲ့တိုင်ပင်ပြီး သားရဲ့မရေရာတဲ့၊ သဘာဝမကျတဲ့ စွဲလမ်းမှုတွေကိုဖျက်ရပေမည်။ ဒေါ်ရှုတိုင်းယဉ်သည် ရန်တိုင်းအောင်၏တယူသန်စိတ်ဓာတ်ကို တည့်မတ်ပေးရန်ဆုံးဖြတ်လိုက်လေ၏။

မြရင်နှစ်ဆိုတဲ့မိန်းကလေးကိုမရှာစေရပါ၊ မတွေ့စေရပါ။

♣♣♣♣♣♣♣♣♣

မန္တလေးဆေးတက္ကသိုလ်ရှေ့၌ ရန်တိုင်းအောင်ရောက်နေသည်။ အတော်ပင်ကြောင်စီစီနိုင်သောရောက်ခြင်းဖြင့် ရောက်ရှိနေခြင်းဖြစ်ပါ၏။

မန္တလေးကိုရောက်ဖူးသော်လည်း ဆေးတက္ကသိုလ်ကိုတစ်ခါမှ မရောက်ဖူးပေ၊ ဖြတ်သွားဖြတ်လာပင်ရှိဖူးကာ ဒါ–ဆေးတက္ကသိုလ်ပဲပဲဟုသိမှတ်ထားရုံရှိခဲ့သည်။

မြရင်နှစ်ကိုလာရှာတော့ ဆေးတက္ကသိုလ်နှင့်ပတ်သက်ရမယ်လို့လဲ လုံးဝမမျှော်လင့်ခဲ့ပါ။

ခုတော့ သူရှာနေတဲ့ မြရင်နှစ်ဆိုတဲ့မင်းသမီးလေးဟာ မန္တလေးဆေးတက္ကသိုလ်ကျောင်းသူတဲ့လေ။

အစ်ကိုဝမ်းကွဲပေးလိုက်သည့် ဆိုင်ကယ်ကိုစီးကာ ဆေးတက္ကသိုလ်ရှေ့ရောက်တော့ ကျောင်းထဲလည်း မဝင်ရဲ၊ ကျောင်းရှေ့ ပလက်ဖောင်းမှာပင် ဆိုင်ကယ်ကိုကပ်၍ရပ်ကာ ကျောင်းထဲကိုငေးနေမိသည်။

ဆိုင်ကယ်မြို့တော်ဖြစ်သည့်အားလျော်စွာ ကျောင်းကြီးရှေ့ကွက်လပ်ကျယ်ကြီးနှင့်အပြည့် မော်တော်ဆိုင်ကယ်တွေပြည့်နေသည်။ မြရင်နှစ်သည် ဘယ်လိုပုံစံနှင့်ကျောင်းထဲမှထွက်ပေါ်လာမည်နည်း။

ဆေးတက္ကသိုလ်ရှေ့ထိရောက်ခဲ့ရသော်လည်း မြရင်နှစ် ဘယ်အတန်းမှာတက်နေသည်ကို ရန်တိုင်းအောင် မသိသေး။ ဆေးကျောင်းမှာရှိတယ်ဆိုတဲ့သတင်းအရသာ လာခဲ့ရခြင်းဖြစ်သည်။

မြရင်နှစ်က ဒူးဆစ်ကျော်သည်ထိရှည်လျားသောဆံပင်ရှည်ကြီးကို နောက်တွင်ရိုးရိုးလေးစည်းနှောင်ကာ... စာအုပ်များကိုပိုက်၍ မျက်လွှာကိုချကာတလှမ်းချင်းညင်သာစွာလျှောက်လှမ်းရင်း ကျောင်းထဲမှထွက်ပေါ်လာမည့်ပုံကို ရန်တိုင်းအောင်မျက်စိထဲမှာ မြင်ယောင်ကြည့်နေမိသည်။

ခဏကြာတော့ အတန်းတစ်တန်း ဆင်းလိုက်ဟန်တူသည်၊ ကျောင်းသားကျောင်းသူတစ်အုပ် ကျောင်းထဲကထွက်လာကြ၏။

ရန်တိုင်းအောင်သည် ကျောင်းအဝနားအထိလျှောက်သွားကာ ကျောင်းထဲမှထွက်လာသည့်ကျောင်းသူများကို မျက်ခြေမ ပြတ်အကဲခတ်ကြည့်လိုက်သည်။

ကျောင်းသူအားလုံး ဆိုင်ကယ်များရပ်ထားရာသို့သွားကြ၏။ ထိုအထဲမှာ ဆံပင်ရှည်သူဆို၍ တစ်ယောက်မှမပါပေ။

ကျောင်းသူများသည် ဆိုင်ကယ်ကိုစက်နှိုးကာ ရန်တိုင်းအောင်ရပ်ကြည့်နေသည့် အထွက်ပေါက်မှ ဂူးကနဲ မောင်းထွက်သွားကြလေသည်။ အာလုံးက ဆိုင်ကယ်စီးဦးထုတ်ကို ဆောင်းထားကြ၍ မျက်နှာများကိုသေချာအကဲမခတ်လိုက်နိုင်ပေ။ သို့သော် ဆံပင်ရှည်သူတစ်ယောက်မှမပါ၍ ထိုအထဲမှာ မြရင်နှစ် မပါနိုင်သေးပါ။

ရန်တိုင်းအောင် ဆက်၍စောင့်သည်။

ကျောင်းသားတို့သည် တစ်သုတ်ပြီးတစ်သုတ်ကျောင်းဆင်းလာကြ၏။ ကျောင်းသူအများအပြားပါသော်လည်း ထိုအထဲတွင် မြရင်နှစ်ကိုရှာမတွေ့ပေ။ အဝေးကကြည့်ရုံနှင့်မြင်နိုင်သည့် ဆံပင်ရှည်ထားသူကိုပင်မတွေ့ရချေ။

ရန်တိုင်းအောင်သည်ဖွဲနှင့်ဆက်စောင့်နေရာ ကျောင်းရှေ့မှာရပ်ထားသည့်ဆိုင်ကယ်အားလုံး ကုန်သွားလေသတည်း။

ညနေလည်းစောင်းပြီ။

ရန်တိုင်းအောင်က သက်ပြင်းကိုချလိုက်သည်။

မြရင်နှစ်ဟာ တကယ်ရော ဆေးကျောင်းသူတစ်ယောက် ဟုတ်ပါရဲ့လား။

သူသည် စိတ်ပျက်စွာဖြင့် ဆိုင်ကယ်ကိုတက်ခွစက်နှိုးကာ တည်းခိုအိမ်ကိုပြန်ရန်ထွက်လာခဲ့သည်။

မပြန်ခင် ကျောင်းကိုတစ်ပတ်ပတ်ကြည့်ဖို့အကြံရသည်နှင့် ညာဖက်အတိုင်းကပ်မောင်းကာ ကျောင်းပရဝုဏ်အနံ့ပတ်၍ထွက်ခဲ့လေသည်။

ထိုအခါမှ သူစောင့်နေသည့် ရှေ့မျက်နှာစာအပေါက်တစ်ခုထဲမဟုတ်ပဲ ကျောင်း၏ဘယ်ဖက်ဘေးတွင် ဝင်ပေါက် ထွက်ပေါက်ကြီးတစ်ခုရှိသေးတာကိုတွေ့လိုက်ရသည်။

မြရင်နှစ်သည် ထိုဘေးပေါက်မှထွက်ချင်လည်းထွက်သွားနိုင်တာပဲ။

ထိုနေ့ကတော့ ရန်တိုင်းအောင်သည် မြရင်နှစ်ကိုရှာမတွေ့ပဲ တည်းခိုအိမ်သို့ပြန်ခဲ့ရလေသည်။

♣♣♣♣♣♣♣♣♣

ရန်တိုင်းအောင် တည်းခိုနေသည့်အိမ်မှာ ဦးလေးဝမ်းကွဲတစ်ယောက်၏အိမ်ဖြစ်သည်။ ထိုဦးလေးသည် ရန်တိုင်းအောင်၏အဘိုးဦးကြံတိုင်းအောင်၏အစ်မမှ မွေးသောသားဖြစ်သည်။ ဦးကြံတိုင်းအောင်၏အစ်မ ဒေါ်ခင်လှမြင့်က မန္တလေးသားနှင့်အိမ်ထောင်ကျကာ လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်ကပင် မန္တလေး၌ အခြေချနေခဲ့သည်မို့ မန္တလေးသူကြီးအဖြစ် ကွယ်လွန်၍ပင်သွားပါပြီ။

ဒေါ်ခင်လှမြင့်၏တစ်ဦးတည်းသောသား ဦးသန်းကျော်က မေမေဒေါ်ရှုတိုင်းယဉ်နှင့် မောင်နှမဝမ်းကွဲတော်သည်။ ရန်တိုင်းအောင်အတွက်တော့ ဦးလေးတစ်ဝမ်းကွဲပေါ့။ ဦးသန်းကျော်တွင် သားသုံးယောက်ရှိရာ အငယ်ဆုံးကိုပါလေးသည် ရန်တိုင်းအောင်နှင့်ရွယ်တူဖြစ်သည်။

ဦးသန်းကျော်သားများက မန္တလေးတွင် လည်ပတ်နဲ့စပ်သူများမို့… ရန်တိုင်းအောင်က ကိုပါလေးကို ရန်ကုန်ကတည်းက မြရင်နှစ်အကြောင်းကိုစုံစမ်းပေးရန်ဖုန်းဆက်ခဲ့သည်။

'ဟကောင် ရန်လေးရ၊ မြရင်နှစ်ကိုငါသိတာပေါ့'

ဖုန်းဆက်ကတည်းက ကိုပါလေးက မြရင်နှစ်ကိုသိနေပြီးပြီဆို၍ ရန်တိုင်းအောင်ဝမ်းသာသွားသည်။

'ကိုပါလေးနဲ့ခင်တာလားဟင်'

'ခင်တော့မခင်ပါဘူး၊ သူ့အငြိမ့်ကတာ ငါကြည့်ဖူးတယ်လေ၊ သူတို့ကျောင်းက ကထိန်ပွဲမှာ နှစ်တိုင်း သူကတယ်ကွ၊ မင်းက တီဗွီကနေလွှင့်မှသူ့ကိုသိတာမဟုတ်လား'

'ဟုတ်တယ်လေ၊ မြရင်နှစ်က ဘယ်ကျောင်းမှာတက်နေတာလဲကိုပါလေး'

'ဆေးကျောင်းမှာလေ'

'ဗျာ– ဆေးတက္ကသိုလ်လား'

'အေးပေါ့'

ရန်တိုင်းအောင်အံ့သြသွားသည်။ မြရင်နှစ်ကို အငြိမ့်ကသောမင်းသမီးတစ်လက်အဖြစ်သာ ထင်ယောင်မြင်ယောင်ထားရာ ဆေးတက္ကသိုလ်လိုအဆင့်မျိုးရှိတဲ့ကျောင်းက ကျောင်းသူတယောက်လို့ ထင်ကိုထင်မထားမိပေ။

အံ့သြခြင်းနှင့်အတူ အားငယ်စိတ်လည်းဝင်သွားမိလေသည်။ ကိုယ်ကတော့ ရိုးရိုးမေဂျာနှင့် အဝေးသင်တက်နေသူမို့ ပညာချင်း ကွာလှမ်းမှုအပေါ် အားငယ်သွားရခြင်းဖြစ်လေသည်။

'မင်းက ဘာလို့မေးတာလဲရန်လေး'

အဘိုးဦးကြံတိုင်းအောင်ကအခြေခံလာသည့် ဇာတ်လမ်းကို ကိုပါလေးတို့မိသားစုမသိပါ။ ရှင်းပြနေလည်း ရှည်ရုံသာရှိပေမည်။

'အကြောင်းရှိလို့ပါ၊ ကျွန်တော်သူ့ကိုတွေ့ချင်တယ်၊ ကျွန်တော်မန္တလေးကိုလာခဲ့မယ်ကိုပါလေး'

'ဟ–လုပ်လှချည်လား၊ ဘာလဲ မင်း ဒီကောင်မလေးကိုလိုက်မလို့လား'

'အင်း…'

ကိုပါလေးက တစ်ဖက်မှရယ်မောနေခဲ့သည်။

'ကျွန်တော်တကယ်ပြောနေတာကိုပါလေး၊ ကျွန်တော့်မှာအကြောင်းရှိတယ်၊တွေ့မှပြောပြမယ်၊ မန္တလေးလာရင် မြရင်နှစ်ရှိတဲ့နေရာကို ကျွန်တော့်ကိုပို့ပေးနိုင်မလား'

'ရပါတယ်၊ ဘာခက်လို့လဲ၊ ဆေးကျောင်းကိုသွားရှာရင်တွေ့နိုင်တာပဲ'

'သူက တကယ်ပဲဆေးကျောင်းကနော်၊ ကိုပါလေးဘယ်လိုသိတာလဲ'

'ဆေးကျောင်းမှာ ငါ့သူငယ်ချင်းတွေရှိတယ်လေ၊ ပြီးခဲ့တဲ့ကထိန်တုန်းက သူ့အငြိမ့်ကနေတာ ငါတွေ့ခဲ့တယ်၊ နေပါဦး အဲဒီတုန်းက ကြေငြာတော့တောင် သဘင်အမ်ဘီကျောင်းသူလေး မြရင်နှစ်လို့ ကြေငြာတာကွ၊ ငါ့သူငယ်ချင်းတွေမေးကြည့်ရင် အကုန်သိနိုင်ပါတယ်ကွာ'

'ကိုပါလေး၊ ဒါဆို ကျွန်တော်မန္တလေးလာခဲ့မယ်ဗျာ'

'လာလေ၊ မင်းအမေလွှတ်ရင်လာပေါ့'

'အမေကလွှတ်မှာဗျ၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး အမေက နားလည်မှုရှိပြီးသား'

တစ်ဦးထဲသောသားလေးကို မျက်စိအောက်ကအပျောက်မခံတဲ့ အဒေါ်ဖြစ်သူအကြောင်းကိုသိထား၍ ကိုပါလေးကပြောလိုက်ခြင်းဖြစ်သည်။

ကိုပါလေးက ရန်တိုင်းအောင် မန္တလေးကိုတကယ်ရောက်လာမည်ဟုမထင်ခဲ့ချေ။ ထို့ကြောင့် ရန်တိုင်းအောင်တယောက်ထဲ ဖုန်းဆက်ပြီးတစ်ပတ်အကြာမှာရောက်လာတော့ ကိုပါလေး အံ့သြနေခဲ့သည်။

' မင်းတကယ်လာတာကိုး၊ မင်းသမီးကို တီဗွီကနေမြင်ရုံနဲ့ ဒါလောက်ထိစွဲလမ်းတာတော့ မဟုတ်သေးပါဘူးကွာ '

ကိုပါလေးက တအံ့တဩနှင့်ပြောခဲ့သည်။

မန္တလေးရောက်ပြီးနောက်တစ်နေ့မှာပင် ကိုပါလေးဆိုင်ကယ်ကိုယူခဲ့ကာ ဆေးတက္ကသိုလ်ရှေ့သို့ အရောက်လာခဲ့ခြင်းဖြစ်ပါသည်။

ပထမနေ့တွင် မြရင်နှစ်ကိုမတွေ့ခဲ့သေး။

မြရင်နှစ်က ရန်တိုင်းအောင်စောင့်နေသောအပေါက်မှမထွက်ပဲ ဘေးပေါက်မှထွက်သွားခြင်းလည်း ဖြစ်နိုင်သည်။ သည်ကနေ့ သူတို့အတန်းမရှိလို့လည်းဖြစ်နိုင်သည်။ ကိုပါလေးအပြောအရ နောက်ဆုံးနှစ်အပိုင်း(က)ကျောင်းသူဆိုတော့ ဆေးရုံတွေမှာများ လက်တွေ့ဆင်းနေရသလား၊ ဆေးတက္ကသိုလ်၏အလေ့အထကို ရန်တိုင်းအောင် မသိပါပေ။

သည်လိုနဲ့ အားမလျှော့သေးပဲ နောက်တစ်ရက်မှာဆက်၍သွားစောင့်နေလိုက်ပြန်သည်။

ရန်တိုင်းအောင်သည် ရှေ့မျက်နှာစာအပေါက်တွင် တစ်လှဲ့၊ ဘေးပေါက်သို့ တစ်လှဲ့ သွားရောက်ကာ ခေါက်တုံ့ခေါက်ပြန်နှင့် မြ ရင်နှစ်ကိုရှာပုံတော်ဖွင့်ခဲ့သည်။

တစ်နေ့သာကုန်သွားသော်လည်း မြရင်နှစ်နှင့်တူသူ မတွေ့ခဲ့ပါပေ။

မတတ်နိုင်တော့၊ မြို့ခံဖြစ်တဲ့ကိုပါလေးကိုပဲ အပူကပ်ရပါတော့သည်။

' ကိုပါလေး၊ လုပ်ပါဦးဗျာ၊ မြရင်နှစ်ကိုကျွန်တော်ရှာမတွေ့ဘူး၊ ကျွန်တော့်ကိုကူရှာပေးပါဦးဗျာ '

' မင်းရောဂါကလည်း မသေးပါလားရန်လေးရယ်၊ ခက်တော့မခက်ပါဘူး၊ ငါ့သူငယ်ချင်းတွေ ငါမေးကြည့်ပါ့မယ် '

' မြန်မြန်မေးပေးပါဗျာ '

' ခုပဲ ဖုန်းဆက်မေးပေးမယ်ကွာ '

ကိုပါလေးက ဆေးကျောင်းတက်နေသည့် သူ့သူငယ်ချင်းဆိုသူထံဖုန်းဆက်မေးကြည့်ပေးလေသည်။

ဖုန်းဆက်ပြီးတော့ ပြုံးပြုံးကြီးသူ့ဖက်လှည့်လာ၏။

' မင်းက ဘယ်သူ့မှမေးမကြည့်ပဲ ဒီတိုင်း လိုက်ရှာနေတာကိုးကွ၊ တစ်ယောက်ယောက်မေးကြည့်ရင် သိတာပေါ့၊ မြရင်နှစ်ဆိုတာ နာမည်ရင်းမဟုတ်ဖူးတဲ့ကွ၊ အငြိမ့်ကဖို့သပ်သပ်မှည့်ထားတဲ့နာမည်တဲ့ '

' ဟင် '

' သူ့နာမည်ရင်းက သရဖီ..တဲ့ '

' သရဖီဆိုကျောင်းမှာလူတိုင်းသိတယ်တဲ့ '

' ဒါပေမယ့် ကျွန်တော်လဲ နှစ်ရက်စလုံးကျောင်းရှေ့မှာ သွားစောင့်တာပဲ '

' ကဲ–ငါ့ကောင်က သရဖီစီးတဲ့ ဆိုင်ကယ်နံပါတ်ပါပေးလိုက်တယ်၊ မှတ်သွား '

' ဟာ.. '

ကိုပါလေးက ၁/ယဆိုင်ကယ်နံပါတ်တစ်ခုကိုပြောပြ၏။

' ဆိုင်ကယ်နံပါတ်သိမှတော့ ကျောင်းတက်နေတုန်းမှာ ဆိုင်ကယ်စတင်းကဆိုင်ကယ်တွေလိုက်ကြည့်ပြီး ဆိုင်ကယ်ကို ရှာထားကွာ၊ အဲဒီဆိုင်ကယ်နားက ကျောင်းဆင်းတဲ့အထိထိုင်စောင့်နေပေတော့၊ မင်းမြရင်နှစ် ဘယ်ထွက်ပြေးဦးမလဲ '

' ကျေးဇူးတင်လိုက်တာကိုပါလေးရာ '

♣♣♣♣♣♣♣♣♣

နောက်တစ်နေ့တွင် ရန်တိုင်းအောင်သည် ဆေးတက္ကသိုလ်ရှေ့သို့ရောက်ရှိကာ သူ့ဆိုင်ကယ်ကို ကျောင်းထဲမှာပင် ခပ်တည်တည်ရပ်ထားလိုက်သည်။

ထို့နောက်သူသည် အတန်းလိုက်ရပ်ထားသော ဆိုင်ကယ်များကို တစ်တန်းချင်းလိုက်ကာ နံပါတ်များကိုဖတ်ကြည့်လေ၏။

တွေ့ပါပြီ။

ကိုပါလေးစုံစမ်းပေးသော ၁ယဆိုင်ကယ်နံပါတ်ကိုတွေ့လိုက်သည်။ ဆိုင်ကယ်မှာ စူပါကပ် စိမ်းပြာရောင်လေးဖြစ်ပေသည်၊

ရန်လေးသည် ကျောင်းရှေ့အုတ်ခုံတွင်သွားထိုင်ကာ ဆိုင်ကယ်ရှင်မြရင်နှစ်ခေါ်–သရဖီထွက်လာမည့် အချိန်ကို စိတ်ရှည်ရှည် ထိုင်စောင့်နေခဲ့လေသည်။

ကျောင်းများဆင်းချိန်ရောက်တော့ ကျောင်းသားများနှင့် ကျောင်းသူတချို့ ကျောင်းထဲမှထွက်လာ၏။ ကိုယ့်ဆိုင်ကယ်ရှိရာသို့ အသီးသီးလာနေသောကျောင်းသူများကိုကြည့်၍.. မြရင်နှစ်ကို ရန်လေးရှာကြည့်နေလေသည်။

မြရင်နှစ်နှင့်တူသူတစ်ယောက်မှ မတွေ့မိပေ။

ထိုကျောင်းသူများသည် သူတို့ဆိုင်ကယ်ရှိရာသို့သွားကြကာ ကျောင်းထဲမှမောင်းထွက်သွားကြလေ၏။

မြရင်နှစ်၏စိမ်းပြာရောင်ဆိုင်ကယ်လေးကတော့ ကျန်နေဆဲ။

ရန်လေးဆက်စောင့်နေလိုက်သည်။

နောက် နာရီဝက်လောက်အကြာတွင် ကျောင်းသူ၊ကျောင်းသားဆယ်ဦးခန့် ကျောင်းထဲမှထွက်လာကြပြန်၏။

ရန်လေးသည် ကျောင်းသူလေးဦးကိုသေချာကြည့်သည်။

ဆံပင်ရှည်သူတစ်ယောက်မှမပါ။

ထိုအထဲမှတစ်ယောက်သည် မြရင်နှစ်၏ဆိုင်ကယ်ကို ဇက်သော့ဖွင့်ကာ ဆိုင်ကယ်ကို ဆိုင်ကယ်အများကြားထဲမှဆွဲထုတ်နေလေသည်။

ရန်လေးသည် ထိုင်ရာမှထကာ ထိုအနားသို့အပြေးသွားလိုက်လေသည်။

သူရောက်သွားချိန်တွင် ကျောင်းသူသည် ဆိုင်ကယ်ပေါ်သို့ တက်ခွပြီးဖြစ်ကာ ဆိုင်ကယ်ဦးထုပ်ကိုလည်း ဆောင်းထားပြီးဖြစ် နေပေသည်။ နေကာမျက်မှန်ခပ်ကြီးကြီးကိုလည်း တပ်ထားပါသဖြင့် ရုပ်ရည်ကို ခန့်မှန်းရခက်သွားလေတော့၏။

သူမသည် ဆံပင်မရှည်ပါ။

မရှည်သည်မှ တိုတိုကပ်ကပ်လေးဖြစ်ပါသည်။

မြရင်နှစ် ဟုတ်ပါ့မလား။

ရန်လေးသည် ဇဝေဇဝါဖြင့်ရပ်ကြည့်နေမိ၏။

မိန်းကလေးက ရန်လေးကြည့်နေသည်ကို ဂရုစိုက်မိပုံမပေါ်ပဲ ဆိုင်ကယ်ကိုစက်နှိုး၍ထွက်လိုက်သည်။

ကိုပါလေးနံပါတ်များမှားပေးမိသလား။

ရန်လေးသည် ကြာကြာစဉ်းစားမနေအားပါ။

ဆိုင်ကယ်ဖြင့်ထွက်သွားသည့်မိန်းကလေးနောက်မှ လိုက်ကြည့်ရန်ဆုံးဖြတ်လိုက်သည်။

သူက သူ့ဆိုင်ကယ်ကိုအမြန်ဆွဲထုတ်လိုက်ပြီး စက်နှိုးလိုက်သည်။

သူ့ဆိုင်ကယ်ထွက်လာချိန်မှာ ထိုမိန်းကလေးဆိုင်ကယ်က ကျောင်းဝင်းထဲမှပင်ထွက်သွားလေပြီ။

မိန်းကလေးသည် လမ်းညာဖက်အတိုင်းကပ်ကာ လမ်း၃၀အတိုင်း အနောက်မှအရှေ့ဖက်သို့ထွက်သွားခြင်းဖြစ်သည်။

ရန်လေးနောက်မှလိုက်ခဲ့သည်။

၇၃လမ်းနှင့်လမ်း၃၀ဒေါင့်တွင် မီးပွိုင့်မိနေ၍ သူမ၏ဆိုင်ကယ်ကို ရန်လေးမီသွားသည်။

ရန်လေးသည် သူမဘေးတွင်ကပ်၍ရပ်ရင်း သူမမှာ မြရင်နှစ်ဟုတ်–မဟုတ် ဘေးတိုက်ငေးကြည့်နေမိသည်။

ဆိုင်ကယ်ဦးထုပ်က မျက်နှာသုံးပုံတစ်ပုံခန့်ကိုကွယ်ထားသည့်အပြင် နေကာမျက်မှန်ကြီးကလည်း မျက်နှာတစ်စိတ်ခန့်ထိ အုပ်ထားသေးရာ ဘေးတိုက်အမြင်ဖြင့် ခန့်မှန်း၍မရဖြစ်နေ၏။ အဆိုးဆုံးက သူမမှာ မြရင်နှစ်၏အဓိကအမှတ်အသားဖြစ်သော ဆံပင်ရှည်ကြီးရှိမနေခြင်းပင်။

ရန်လေးရပ်ကြည့်အကဲခတ်နေစဉ်မှာပင်.. မီးပွိုင့်စိမ်းသွားသည်ကိုရန်လေးမသိလိုက်။

သူမက ဆိုင်ကယ်ကို ညာဖက်–ရ၃လမ်းဖက်သို့ကွေ့ချိုးကာ ဝေါကနဲထွက်သွားလေတော့သည်။

ရန်လေး ကြောင်ရပ်နေဆဲမှာ နောက်မှကားဆိုင်ကယ်များ ဟွန်းတီးသတိပေးသံတွေထွက်လာသည်။ ရန်လေးသည် ဆိုင်ကယ်ကိုလီဘာမြှင့်ကာ ညာဖက်သို့ချိုးကွေ့ပြီးလိုက်ခဲ့လေတော့သည်။

သူမက ခပ်လှမ်းလှမ်းသို့ပင်ရောက်နေလေပြီ။

ရန်ကုန်သားရန်လေးသည် မန္တလေးက မိန်းကလေးတွေလောက် ဆိုင်ကယ်ကိုမကျွမ်းကျင်ပါ။

ဘာပဲဖြစ်ဖြစ် သူမကိုတော့မျက်ချည်ပြတ်မသွားအောင် ဆိုင်ကယ်ကိုအရှိန်မြှင့်၍လိုက်ခဲ့လေ၏။

ရန်လေး၏ဆိုင်ကယ်သည် ၃၅လမ်းသို့အရောက်တွင် သူမက ၃၅လမ်းကိုဖြတ်မောင်းပြီး လမ်း

တစ်ဖက်သို့ရောက်နေလေပြီ။

ကံဆိုးစွာပင် ၃၅လမ်းမီးပွိုင့်၌မီးနီမိပြီး ရန်လေးပြတ်ကျန်ခဲ့လေတော့၏။

မီးပွိုင့်လွတ်တော့ ခပ်ပျပျမြင်နေရသည့် သူမနောက်ကျောကိုမျှော်ကြည့်ကာ ရန်လေးဆိုင်ကယ်ကို ဒလကြမ်းမောင်းခဲ့ပါသည်၊

သို့သော် လမ်းသည် မန္တလေးတက္ကသိုလ်သို့သွားသောလမ်းဖြစ်နေကာ လူများရော၊ ယာဉ်များပါ ရှုပ်ထွေးနေလေသည်။ ရန်လေးသည် မန္တလေးသားတွေလို ဆိုင်ကယ်ကိုအမြန်မမောင်းရဲပေ။

သည်လိုနှင့် မန္တလေးတက္ကသိုလ်အဝင်ဝနားအရောက်တွင် သူမကိုမျက်ချည်ပြတ်သွားလေတော့သည်။

တက္ကသိုလ်ထဲပဲဆက်ဝင်သွားသလား၊ ဘယ်ဖက်သို့ခွဲသွားသောလမ်းနှစ်သွယ်ရှိရာ ထိုတစ်လမ်းလမ်း ထဲပဲ ချိုးဝင်သွားသလား ဘာမှမမှန်းဆတတ်တော့ပေ။

ရန်လေးသည် ရောက်သည့်အတူတူ မထူးတော့၍ တက္ကသိုလ်ထဲသို့ဝင်ခဲ့လေသည်။ ကျောင်းထဲမှာ တစ်ပတ်ပတ်ရှာသော်လည်း ထိုမိန်းကလေးကိုမတွေ့ရတော့ပါ။

ထိုမိန်းကလေးသည် မြရင်နှစ်–ခေါ်–သရဖီဟုတ်–မဟုတ် ဆန်းစစ်ခွင့်ပင်မရလိုက်တော့ပေ။

♣ ♣ ♣

အိမ်ပြန်ရောက်တော့ ကိုပါလေးကိုပင် မေးကြည့်ရသည်။

ကိုပါလေးကလည်း သရဖီကို စင်ပေါ်တွင် မြရင်နှစ်အဖြစ် ကပြသည်ကိုသာကြည့်ဖူးပြီး အပြင်တွင် သေချာမမြင်ဖူးဘူးထင်တယ်ဟုပြောလေသည်။

ဘာပဲဖြစ်ဖြစ် ရန်လေးအားမလျှော့သေးပါ။

မနက်ဖန်တော့ ပီပီပြင်ပြင်လိုက်ဖို့ဆုံးဖြတ်လိုက်လေသည်။

♣♣♣♣♣♣♣♣♣

နောက်တစ်နေ့မှာတော့ ရန်လေးသည် သူမ၏ဆိုင်ကယ် ကိုလည်းမျက်ချည်မပြတ်ကြည့်ကာ လူက ကျောင်းပေါ်တီဂိုအထဲထိဝင်ကာ စောင့်နေလိုက်သည်။

မနေ့ကမိန်းကလေးသည် မြရင်နှစ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ သူမ၏ပုံပန်းသဏ္ဌာန်ကို တော့ ရန်လေးမှတ်မိထားပါပြီ။

မနေ့ကကျောင်းဆင်းချိန်မှာပင် ထိုမိန်းကလေးသည် အဖော်မပါပဲ တစ်ယောက်တည်းအတန်းထဲမှ ထွက်လာလေ၏။

ရန်လေးက နေကာမျက်မှန်မတပ်မီ၊ ဟဲလမက်မဆောင်းမီ သူမ၏ရှင်းလင်းနေသောမျက်နှာလေးကို ကြည့်ခွင့်ရသွားလေသည်၊

အို.. မြကလေးရယ်..

ဟုတ်သည်။ သူမသည် မြရင်နှစ်ပင်ဖြစ်ပါသည်။

သို့သော် သူမပုံစံက အငြိမ့်ကစဉ်ကပြင်ဆင်မှုမျိုး လုံးဝ မဟုတ်ပါပေ။

ဆံပင်အရှည်ကြီးတွေ ဘယ်ရောက်သွားသလဲမိန်းကလေးရယ်။ ရန်လေးသည် သူမ၏ဆံပင်တိုတို ကပ်ကပ်ကလေးကိုကြည့်ကာ ရင်ထဲမှာဟာနေမိသည်။

မြန်မာဆန်သော၊ နန်းဆန်သော၊ ယဉ်ကျေးသိမ်မွေ့သော ဟန်ပန်များ တစ်စက်မှမရှိသည့် ခေတ်ဆန် လှသောဆေးကျောင်းသူတစ်ယောက်သာဖြစ်ပါသည်။

မင်းသမီးလိုဝတ်စားထားသည့်ပုံစံကိုသာ မြင်ယောင်နေမိသည့်ရန်လေးအာရုံဝယ် တမျိုးကြီးဖြစ်သွား ရသော်လည်း ... ဆေးကျောင်းသူတစ်ယောက်အဖို့ သည်လိုနေထိုင်မှုသာ အဆင်ပြေမှုရှိ မည်ထင်ပါသည်။

ရန်လေးက မြရင်နှစ်ကိုတအံ့တသြငေးကြည့်မင်သက်မိနေဆဲတွင်.. သူမက လျင်မြန်ဖြတ်လတ်စွာပင် လှေကားထစ်များပေါ်မှဆင်းကာ ဆိုင်ကယ်များထားရာဆီသို့ရောက်ရှိလုပေပြီ။

ရန်လေးသည် ဒီတစ်ခါတော့ နှုတ်ဆက်ဖြစ်အောင်နှုတ်ဆက်မည်ဆိုသောစိတ်ကူးဖြင့် သူမနောက်ကို အပြေးတစ်ပိုင်းလိုက် ခဲ့လေသည်။

မြကလေးသည် သူ့ကိုမှတ်များမှတ်မိလေမလား။

ဘဝတစ်ခုတွင် တစ်ကြိမ်ဝင်စားဖူးသည့်တိုင် ထိုဒုတိယဘဝ၌ သူတို့နှစ်ယောက်မဆုံခဲ့ရချေ။ မြက လေး မှတ်မိမည်ဆိုလျှင် သူမ၏မမြစိမ်းဘဝနှင့် ထိုဘဝကချစ်သူ ရန်မျိုးနိုင်ကိုသာဖြစ်ရမည်။ ရန်မျိုးနိုင်၏

မှတ်တမ်းတင်ဓာတ်ပုံမရှိပါ၍ သူနှင့်ရန်မျိုးနိုင် တူမတူကိုမသိနိုင်ချေ။ သူမကတော့ မမြစိမ်းနှင့်တူ-မတူ မသိနိုင်တောင် ဒုတိယဘဝက လေဘာတီမမြရင်နှင့်တူတာတော့ သေချာနေပေသည်။

ရန်လေးသည် စိတ်ထဲမှဟိုရောက်သည်ရောက်တွေးနေသော်လည်း.. သူမနောက်သို့ ခပ်မြန်မြန်လိုက်ခဲ့ရာ ဆိုင်ကယ်နားအရောက်မှာပင် မီသွားလေသည်။

'မြကလေး '

နေကာမျက်မှန်ကိုထုတ်တပ်နေသောမြရင်နှစ်ကို ရန်လေးက အလျင်စလိုခေါ်လိုက်သည်။

မြရင်နှစ်သည် မျက်မှန်ကိုမတပ်ဖြစ်ပဲ သူ့ရှေ့ရောက်လာကာ နှုတ်ဆက်လိုက်သည့်ရန်လေးကို အံ့ဩစွာမော်ကြည့်လိုက်သည်။

လူမှားနှုတ်ဆက်လေသလားဆိုသောအတွေး သူမခေါင်းထဲဝင်လာသည်။ အနားမှာတော့ လူတစ်ယောက်မှရှိမနေ။ ထိုသူသည် သူမကိုရည်ရွယ်၍နှုတ်ဆက်နေခြင်းသာဖြစ်ပေသည်။

'မြကလေး၊ မောင်မောင့်ကိုမှတ်မိရဲ့လား-ဟင် '

ရန်လေးသည် နိဒါန်းမချီ၊ မိတ်မဆက်ပဲ ကိုယ်လိုရာကိုသာ ဇောဖြင့်မေးလိုက်လေသည်။

'လူမှားပြီထင်တယ်၊ သူ- တို့ကိုသိလို့လား '

'သိတယ်လေ၊ မောင်မောင်ဟာ မြကလေးမမြစိမ်းဘဝက မြကလေးရဲ့ရန်မျိုးနိုင်ပါ '

'ဘာရှင့် '

ရန်လေးက တစ်ဖက်သတ်အမြင်ဖြင့် ထင်ရာပြောနေသမျှ သူမက ရန်လေးကို မျက်မှောင်ကြုပ်ကာ စူးစမ်းသောမျက်လုံးဖြင့် ကြည့်လေသည်။

ရန်လေးသည် ရှင်းပြဖို့လိုလာပြီအထင်ဖြင့် အမြန်ပြောပြလိုက်၏။

'ဒီလိုပါ၊ ဒီက မသရဖီနဲ့ကိုယ်နဲ့ဟာ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်းတစ်ရာကျော်ကဆုံခဲ့ဖူးပါတယ် '

'ဟင်- ရှင်.. '

သရဖီ၏နှုတ်ခမ်းအစုံမှာပွင့်ဟသွားလေသည်။

'မြကလေးမမှတ်မိဘူးလားဟင်၊ ကိုယ်ဟာ အဲဒီဘဝတုံးက မြကလေးရဲ့ချစ်သူရန်မျိုးနိုင်ပါ၊ ဒါတွေကို မြကလေးမမှတ်မိတော့ဘူးလား '

သူမသည် သတိဝင်လာသလို လက်တွင်ကိုင်ထားသော မျက်မှန်ကိုတပ်လိုက်သည်။

သရဖီသည် ရှေ့မှလူကို သက်သက်လာ၍အကြောင်ရိုက်နေသူဟုထင်လိုက်လေသည်။

သရဖီက ဘာမှလည်းပြန်မပြော၊ ပြန်မမေးတော့ပဲ၊ ဆိုင်ကယ်ဇက်သော့ကိုဖွင့်လိုက်လေသည်။

ရန်လေးက သူ့ကိုဥပေက္ခာပြုကာ ထွက်သွားဟန်ပြင်နေသောသရဖီ့ကို ဆိုင်ကယ်ရှေ့မှ ကာရပ်ရင်း ဆက်ပြောလေသည်။

' မြကလေး၊ ပြန်စဉ်းစားပါဦးမြကလေးရယ်၊ ကိုယ်တို့ဟာ ကြားထဲမှာ လူဝင်စားတွေတစ်ဘဝဖြစ်ခဲ့ကြပါသေးတယ်၊ မြကလေးက လေဘာတီမမြရင်ဖြစ်နေတဲ့အချိန်မှာ ကိုယ်မမွေးသေးပါဘူး၊ ဒုတိယဘဝမှာ လူပြန်ဝင်စားချိန်ကွာသွားလို့မဆုံခဲ့ရတာပါ၊ လေဘာတီမမြရင်ဘဝကိုတော့ မြကလေးမှတ်မိသေးတယ်မဟုတ်လားဟင် '

' ခင်ဗျားဖယ်ပါ၊ ခင်ဗျားဘာအဓိပ္ပါယ်မရှိတာတွေလာပြောနေတာလဲ၊ ကျွန်တော်သွားစရာရှိတယ်၊ ဖယ်ပါ '

' မြကလေး၊ မသရဖီ၊ မသရဖီဟာ လေဘာတီမမြရင်ဝင်စားတာမဟုတ်လားဗျာ၊ မမြစိမ်းဘဝကို မမှတ်မိရင်တောင် မမြရင်ဘဝကိုမှတ်မိတယ်ဆိုရင် မသရဖီဟာ အရင်တစ်ဘဝကမမြစိမ်းဖြစ်ခဲ့တာအမှန်ပါ၊ ကျွန်တော့်မှာအထောက်အထားရှိပါတယ် '

'ခင်ဗျားရူးနေသလားဟင်၊ ကျွန်တော်ဟာ သရဖီကသရဖီပဲ၊ ဘယ်သူမှမဝင်စားဘူး၊ လူဝင်စားတွေ ဘာတွေလဲကျွန်မမယုံဘူး၊ လူကိုလာပြီးအကြောင်ရိုက်မနေနဲ့၊ ဖယ်- ရှေ့ကဖယ် '

သရဖီသည် ရှေ့မှလူကို စိတ်လည်းပျက်၊ ဒေါသလည်းထွက်သွားကာ ဆိုင်ကယ်ပေါ်ခွ၍ စက်နှိုးလိုက်သည်။

သူမက ဂီယာချိန်း၍မောင်းထွက်ရန်ပြင်လိုက်ရာ ရှေ့မှလူသည် အလန့်တကြားဖယ်ပေးလိုက်လေ၏။

သရဖီသည် လီဗာကိုတင်ကာ ဒလကြမ်းမောင်းထွက်သွားလေသည်။

ရန်လေးတစ်ယောက်ထဲသာ ကြောင်ငေးကျန်ခဲ့လေသည်။

ရန်လေးသည် သရဖီက သူ့စကားများကိုလက်မခံသည့်အတွက် အံ့ဩကာ စိတ်ပျက်လက်ပျက်

ကျန်ရစ်ခဲ့၏။ သူမျှော်လင့်ထားသည်က သည်လိုမဟုတ်ပါ။ သူ့ကိုမြင်လိုက်သည်နှင့် မြရင်နှစ်သည် ဘဝဟောင်းကိုမှတ်မိသွားမည်။ သူပြောသည်များကိုလက်ခံလိမ့်မည်ဟုသာ ယုံကြည်ထားမိလေသည်။ မြကလေးသည် မမြစိမ်းဘဝကိုမမှတ်မိတောင် မမြရင်ဘဝကိုတော့မှတ်မိလိမ့်မည်ဟု ရန်လေးကထင်ထားပါသည်။

ရန်လေးကြာကြာငိုင်တွေမနေအားပေ။

မြရင်နှစ်နောက်ကိုလိုက်ဖို့သတိရကာ သူ့ဆိုင်ကယ်ကိုဆွဲထုတ်လိုက်သည်။

သူ့ဆိုင်ကယ်ကျောင်းထဲမှ ထွက်လာချိန်တွင် မြရင်နှစ်၏ဆိုင်ကယ်က ၇၃လမ်းထိပ်သို့ရောက်နေပေပြီ။

ရန်လေးသည် မနေ့ကလိုမဖြစ်ရအောင် ဆိုင်ကယ်ကိုအမြန်မောင်းရင်း မြရင်နှစ်နောက်မှလိုက်ခဲ့လေသည်။ မန္တလေး၏လမ်းများမှာ ကြမ်းတမ်းလှချေကလား။ အစည်ကားဆုံးဟုဆိုရမည့် မြို့လယ်ခေါင်လမ်းမများသည်ပင် တစ်ပေခန့်နက်သော အပေါက်ကြီးများဖြစ်ပေါ်လျှက်ရှိသည်။ ဆိုင်ကယ်စီး မကျွမ်းကျင်သောရန်လေးသည် ရှေ့မှမြရင်နှစ်ကိုလည်း မျက်ခြည်မပြတ်အောင်ကြည့်၊ ဆိုင်ကယ်ကိုလည်း အမြန်မောင်းလိုက်ခဲ့ရာ ချိုင့်ခွက်များထဲဆိုင်ကယ်ဘီးအကျတွင် အင့်ကနဲ၊ အင့်ကနဲ အီဆောင့်သွားရလေ၏။ ယိုင်သွားသောဆိုင်ကယ်ကို မလဲအောင်မနည်းထိမ်းထားရလေသည်။

မြရင်နှစ်က မနေ့ကသွားခဲ့သောလမ်းအတိုင်းပင် ရ၃လမ်းတလျှောက် မန္တလေးတက္ကသိုလ်ဖက်သို့ဦးတည်၍ သွားနေဆဲဖြစ်သည်။

၃၅လမ်းတွင် မီးပွိုင့်မမိ၍ သည်နေ့တော့ မျက်ချည်မပြတ် လိုက်လာနိုင်ခဲ့ပါသည်။

သို့သော် မြရင်နှစ်၏ဆိုင်ကယ်အမြန်ကိုတော့ ရန်လေး မီအောင်မမောင်းနိုင်ခဲ့ပေ။ ပြီးတော့ ၃၅လမ်းနှင့်မန်းတက္ကသိုလ်ကြားရှိ လမ်းမကြီးမှာ ဈေးဆိုင်များ၊ ကျောင်းသားကျောင်းသူများဖြင့် ပြည့်လျှံစည်ကားနေရာ မောင်းချင်သလိုမောင်းမရပဲ အရှိန်နှိမ့်၍ မောင်းနေရလေသည်။

သည်လိုနှင့်ပဲ မြရင်နှစ်နောက်သို့လိုက်ခဲ့ရာ မနေ့ကထက်တော့ ပို၍ဝေးဝေးထိလိုက်ပါနိုင်ခဲ့ပါသည်။ မြရင်နှစ်သည် တက္ကသိုလ်အဝင်လမ်းအရောက်တွင် တည့်တည့်ဆက်မသွားပဲ ဘယ်ဖက်သို့ချိုးကွေ့သွား၏။ ဘယ်ဖက်တွင်လမ်း၂သွယ်ရှိရာ ညာဖက်ကျသောလမ်းထဲသို့ဆက်မောင်းသွားသည်ကို မြင်လိုက်ရလေသည်။

သို့သော် ထိုလမ်းထဲအထိ ရန်လေးလိုက်နိုင်သော်လည်း တစ်ခါမှမရောက်ဖူးသောလမ်းလည်းဖြစ်၊ လမ်းမှာမမျှော်လင့်ပဲ ကွေ့ကြီးတစ်ခုရှိနေပြီး ဘောင်ကာမထားသောမြောင်းကြီးတစ်ခုနှင့် မမျှော်လင့်ပဲတွေ့လိုက်ရလေသည်။ ရန်လေးကဆိုင်ကယ်ကိုအရှိန် လျှော့လိုက်သည်။ တည့်တည့်သာဆက်သွားပါက မြောင်းထဲအရှိန်လွန်ကျသွားနိုင်လေသည်။

မြရင်နှစ်ကတော့ သွားနေကျလမ်းမို့ထင်သည်။ အရှိန်မပျက်ဆက်၍မောင်းသွားရာ ရန်လေးမြင်ကွင်းမှပျောက်ကွယ်သွားလေသည်။

ရန်လေးသည် ဗ၄လမ်းထိပ်အရောက် ဘယ်ကိုဆက်လိုက်ရမှန်းမသိတော့။ လမ်းသုံးသွယ်ရှိနေ၍ မြရင်နှစ်ဘယ်ဖက်ဆက် မောင်းသွားသည်လည်းမသိရတော့။ လာလမ်းအတိုင်းလှည့်ပြန်ခဲ့ရလေတော့၏။

♣♣♣♣♣♣♣♣♣

ဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း( က )ကျောင်းသူသရဖီသည် ကုတင်၃၀၀ဆေးရုံသို့ လက်တွေ့ဆင်းရန်လာရောက်ခဲ့ခြင်းဖြစ်ပါသည်။

သရဖီတို့ဆေးကျောင်းသူများသည် ဆေးရုံများ၌လက်တွေ့ဆင်း၍ပညာသင်ကြရာ၊ ဆေးရုံကြီးတွင်အလုပ်ကျလျှင် မပင်ပန်းလှ။ ကျောင်းနှင့်ဆေးရုံမှာ လမ်းတစ်ခုသာခြားသည်မို့ အေးအေးဆေးဆေး သွားနိုင်ပေသည်။

မြို့သစ်၆၂လမ်းတွင်ရှိသော ဆေးရုံသစ်ကြီးဖြစ်သည့် ကုတင်၃၀၀ဆေးရုံမှာမူ အလှမ်းဝေးသည့်အတွက် ကျောင်းမှသွားလျှင် တက်သုတ်ရိုက်၍သွားရပါသည်။

ယနေ့လည်း ကုတင်၃၀၀ဆေးရုံကိုသွားရမှာမို့ အမြန်လာခဲ့ခြင်းဖြစ်သည်။

သရဖီသည် ကျောင်းမှအထွက် သူမကိုလာစကားပြောသည့်လူကို ပြန်တွေးကြည့်ရင်း အံ့ဩနေမိသည်။ ထိုသူကို သရဖီ တစ်ခါမှမမြင်ဖူးပါ။ သူပြောတဲ့စကားတွေကလည်းဆန်းလှသည်။

သရဖီ့ကိုလူဝင်စားတစ်ယောက်ဖြစ်သယောင်ပြောခဲ့ဟန်တူပါသည်။ သူ့စကားတွေအားလုံးကို သရဖီနားမလည်မိ။ ဆန်းတော့ဆန်းပေသည်။

သရဖီက လူကြောင်တစ်ယောက်လို့ပင် ထင်လိုက်မိသေးသည်။ သူ့မျက်လုံးတွေကြည့်ရတာတော့ ရှုးကြောင်ကြောင်ဖြစ်နေပုံမပေါ်ပေ။ ဆရာဝန်ဖြစ်ကာနီးသရဖီ ခန့်မှန်းတတ်ပါသည်။

လူကြောင်မဟုတ်ရင် လူပြောင်တစ်ယောက်ပေပဲလား။

သရဖီက မြရင်နှစ်အမည်ခံ၍ အငြိမ့်ကခဲ့ဖူးတာကိုအကြောင်းပြု၍ သရဖီ့ကို လေဘာတီမမြရင် ဝင်စားပုံမျိုး လာ၍အကြောင်းရိုက်ဟန်တူသည်။ သို့သော် သူပြောတဲ့စကားတွေက လေဘာတီမမြရင်မှာတင် ရပ်မသွားပဲ ထပ်၍ဆက်ပြောသေးရာ သရဖီ နားမလည်နိုင်ပေ။

သက်သက်လာနှောက်တယ်လို့လည်းထင်ပါ၍ သရဖီက သူ့ကိုရန်တွေ့ကာထွက်လာခဲ့ခြင်းဖြစ်သည်။

ပြန်စဉ်းစားကြည့်တော့ သူ့ပုံစံက တကယ်ယုံကြည်တဲ့ အကြောင်းအရာတစ်ခုကို လာပြောနေပုံမျိုးဖြစ်နေသည်။

သရဖီထွက်လာတော့ သရဖီ့နောက်က သူလိုက်ကောင်းလိုက်လာနိုင်ပါသည်။ သရဖီကတော့ ဆေးရုံရောက်ဖို့အရေးကြီးသည်နှင့်ပြန်ကြည့်မနေနိုင်တော့ပေ။

သက်သက်မဲ့လာ၍အကြောင်းရိုက်သည်ထင်ကာ ရန်တွေ့လွှတ်လိုက်ပြီးမှ ထိုသူကိုပြန်၍စိတ်ဝင်စားနေမိပြန်သည်။

သူဘာလဲ၊ ဘယ်သူလဲ၊ သူပြောတဲ့စကားတွေဟာတကယ်လား။ သူ့မှာ ဘာရည်ရွယ်ချက်ရှိပါလိမ့်။

♣ ♣ ♣

ကုတင်၃၀၀မှာစာသင်ချိန်ပြီးဆုံး၍ အပြန်လမ်းတွင် သူငယ်ချင်းဖြစ်သူလိုင်ထိပ်ထားကို ထိုအကြောင်း ပြောပြဖြစ်သေး၏။

လိုင်ထိပ်ထားက ရယ်မောနေသည်။

'အလကားပါဟာ၊ ခေတ်က ဂမ္ဘီရတွေခေတ်စားနေတဲ့ခေတ်ဆိုတော့ နင့်ကို ဂမ္ဘီရဆန်ဆန်ချဉ်းကပ်တာဖြစ်မှာပေါ့၊ နင့် စိတ်ဝင်စားမှုအမြန်ရအောင်လို့လေ'

'ဟုတ်မှာပေါ့၊ ဒါပေမယ့်ဟယ်.. ငါဟာဆေးကျောင်းသူတစ်ယောက်ဆိုတာတော့ သူသတိထားသင့်ပါတယ်၊ ဆေးကျောင်းသူတစ်ယောက်က လူဝင်စားတွေ၊ ဂမ္ဘီရတွေယုံကြည်ပါ့မလားဟဲ့'

'အလို- မထင်နဲ့ကိုယ့်လူ၊ ဆေးကျောင်းသူမပြောနဲ့၊ ယုံချင်ရင်ယုံတဲ့ ဆရာဝန်တွေတောင်ရှိသေး၊ တချို့ဆရာဝန်တွေဆို ဂမ္ဘီရဝတ္ထုတွေတောင်ရေးနေသေးတာ'

'အေးနော်'

'နေစမ်းပါဦး၊ နင်ကရော တကယ်ပဲ မမြရင်ဝင်စားတာမဖြစ်နိုင်ဘူးလား၊ လေဘာတီမမြရင်နဲ့ ပတ်သက်လို့ နင့်စိတ်ထဲမှာ ဘယ်လိုမှမခံစားရဘူးလားဟင်'

'ပြောနေရင်းက လုပ်ပြန်ပြီထိပ်ထားရယ်၊ နင်ကပါ ဂမ္ဘီရဆန်ချင်နေပြန်ပြီလား၊ တော်စမ်းပါဟယ်၊ ဒါတွေ ငါစိတ်မဝင်စားပါဘူး၊ မြရင်နှစ်နာမည်နဲ့ ကဖြစ်တာလဲ လူပျက်ကြီးတွေက ငါ့ကို မမြရင်နဲ့တူတယ်ဆိုပြီး သူတို့ဟာသူတို့ နာမည်မှည့်ပေးကြတာ၊ နင်လဲသိသားပဲ၊ မမြရင်လူဝင်စားလဲမဖြစ်ချင်ပေါင်'

'ဘာဖြစ်လို့'

'အို- သူ့ဘဝကမလှလို့ပေါ့၊ လူထုဒေါ်အမာရေးတဲ့စာအုပ်ထဲမှာ မမြရင်အကြောင်းတွေငါဖတ်ပြီးပြီ'

ဆိုင်ကယ်ကိုယ်စီမောင်းရင်း ဖ၂လမ်းအတိုင်း စကားပြောလာကြရာမှ ၃၅လမ်းအရောက်တွင် လမ်းခွဲရတော့မည်မို့ စကားစ ပြတ်သွားကြသည်။

လိုင်ထိပ်ထားက ၃၅လမ်းအတိုင်း အနောက်ဖက်ချိုးကာ လမ်း၈၀အထိပြန်ရမည်ဖြစ်သည်။ သရဖီက တည့်တည့်ဆက်မောင်းသွားကာ နယူးစီဗယ်လိုင်းတွင်ကွေ့ချိုးရမည်ဖြစ်သည်။

လမ်းလည်းရှင်း မီးပွိုင့်လည်းစိမ်းနေ၍ နှစ်ယောက်သား ပြောလက်စစကားပြတ်ကာ ကိုယ့်လမ်းကိုယ် ဆက်မောင်းလာကြတော့သည်။

♣♣♣♣♣♣♣♣♣

ထိုနေ့သည် ရန်လေးမန္တလေးရောက်သည်မှာ လေးရက်မြောက်နေ့ဖြစ်ပေသည်။

ထိုနေ့ညပိုင်းတွင် ရန်ကုန်မှမေမေဒေါ်ရှုတိုင်းယဉ်က ရန် လေးကိုဖုန်းဆက်သည်။

‘ သားရန်လေး.. တစ်နေ့ခင်းလုံး မင်းဘယ်သွားနေတာလဲ မေမေနေ့လည်က ဖုန်းဆက်သေးတယ်၊ ဆိုင်ကယ်တစ်စီးနဲ့လျှောက်သွားနေတယ်ဆို ’

‘ သား မြရင်နှစ်ကိုရှာလို့တွေ့ပြီမေမေ ’

‘ ဘာ၊ တကယ်လား၊ မေမေကအဲဒါတွေစိုးရိမ်တာ၊ မင်းအဖေကလဲ ဒီလိုမရေရာတဲ့အလုပ်တွေ မလုပ်စေ့ချင်ဘူး၊ ရှာလို့တွေ့တော့ရောဘာဖြစ်လဲကွယ်၊ မင်း သူ့ကိုအပြင်မှာမြင်ရရင် ကြေနပ်ရောမဟုတ်လား၊ ပြန်ခဲ့ပါတော့သားရယ် ’

‘ သား သူနဲ့စကားကောင်းကောင်းမပြောရသေးဘူးမေမေ ’

‘ ရန်လေး၊ မင်းတော်တော်ခက်ပါလား၊ အငြိမ့်မင်းသမီးတစ်ယောက်ကိုစွဲလမ်းပြီး တစ်နယ်တစ်ကျေး ထိသွားတာ လူကြားလို့မှမကောင်းပါဘူးငါ့သားရယ် ’

‘ သူအငြိမ့်မင်းသမီးမဟုတ်ပါဘူးမေမေရာ၊ အငြိမ့်ကတာ အပျော်ကတာပါ၊ သူက ဆေးတက္ကသိုလ် ကျောင်းသူပါမေမေ ’

‘ ဘာ ’

တစ်ဖက်မှဒေါ်ရှုတိုင်းယဉ် အံ့သြသွားပုံရသည်။ တခဏ တိတ်ဆိတ်သွား၏။

‘ ဆေးကျောင်းသူ၊ ဆေးကျောင်းမှာ ဖိုင်နယ်ပတ်ဝမ်း ရောက်နေပြီ၊ သူ့နာမည်ရင်းက သရဖီတဲ့မေမေ၊ ဒါပေမယ့်မေမေ၊ သူက အပြင်မှာအငြိမ့်ကတုန်းကပုံစံနဲ့မတူဘူးဗျ၊ ဆံပင်ကတိုတိုနဲ့ ’

‘ တော်တော့ရန်လေး၊ ဆေးကျောင်းသူဖြစ်နေတော့ ပိုတောင်ဆိုးဦးမယ်၊ ဟိုက မင်းကိုပြန်ကြိုက် ပါ့မလား ’

‘ ဟာ–မေမေရာ ’

‘ အေး–ဘာမှပြောမနေနဲ့တော့၊ ရန်ကုန်ကိုသာမြန်မြန်ပြန်ခဲ့တော့၊ မေမေစိတ်မချဘူး၊ ဆိုင်ကယ်နဲ့ လျှောက်သွားနေတာလဲ မေမေစိတ်ပူတယ်၊ မန္တလေးကစည်းကမ်းရှိတာမဟုတ်ဖူး၊ စက်ဘီးတွေ ဆိုင်ကယ်တွေ ရှုပ်နေတာ၊ မင်းအပြန်ဆုံးသာပြန်လာခဲ့တော့ ရန်လေး ’

မေမေက ယတိပြတ်ပြောကာ ဖုန်းချသွားလေသည်။

ရန်လေးကသက်ပြင်းကိုချလိုက်သည်။ သူရန်ကုန်မပြန်နိုင်သေးပါ၊ ဒီမှာ မြရင်နှစ်နှင့် ကောင်းကောင်း ပင် စကားမပြောရသေး၊ မိတ်မဖွဲ့ရသေးပဲနဲ့ ရန်ကုန်မပြန်နိုင်။

မေမေကတော့ နေ့လည်ကတည်းက ဖုန်းသုံးလေးခါဆက်သည်ဟု လေးလေးဦးသန်းကျော်က ပြောသည်။ လေးလေးကိုလည်း သူ့ကိုပြန်လွှတ်ပေးဖို့မှာသည်ဟုဆိုသည်။

‘ မင်း အိမ်ကိုပြောပြီးလာခဲ့တာမဟုတ်ဖူးလားရန်လေး၊ မရှုက လေးလေးကိုအမြန်ဆုံးပြန်လွှတ် လိုက်ဖို့ပြောနေတယ်၊ မင်း အိမ်နဲ့ရန်ဖြစ်လာတာလား ’

‘ မဟုတ်ပါဘူးလေးလေးရာ၊ မေမေတို့ကိုသေချာပြောပြီး လာတာပါ ’

‘ ဒီမှာကိစ္စမရှိရင်လဲပြန်ဟေ့၊ မင်းအမေက သူ့သားကို စိတ်မချတာနဲ့လိုက်ချလာလိမ့်မယ် ’

ရန်လေး ဘာလာလုပ်တယ်ဆိုတာကို လေးလေးဦးသန်းကျော်မသိပါ။ မေမေလိုက်လာမှလာစေတော့ ရန်လေးကတော့ မြရင်နှစ်နှင့်ရင်းနှီးအောင်ကြိုးစားပြီးမှပြန်ပါတော့မည်။

‘ ကျွန်တော် တစ်ပတ်လောက်တော့နေဦးမယ်လေးလေး ’

♣ ♣ ♣

ရန်လေးက နောက်တစ်နေ့တွင်လည်း မြရင်နှစ်ကိုဆက်စောင့်ဖို့စိတ်ကူးထားပါသည်။ သည်တစ်ခါတော့ အေးအေးဆေးဆေးစကားပြောပါရစေလို့ သူ့ကိုအနူးအညွတ်တောင်းပန်ကာ စကားပြောခွင့်တောင်းရမည်။ လွန်ခဲ့သောနှစ်ပေါင်းတစ်ရာကျော်က စခဲ့သောဇာတ်လမ်းကိုပြောပြရမည်။ မြရင်နှစ်ယုံပါစေ။

ရန်လေးသည် နောက်တစ်နေ့တွင် မြရင်နှစ်နှင့်ဆုံလျှင် ပြောရမည့်စကားများကို စိတ်ကူးထဲတွင် စီစဉ်ကြည့်ရင်း.. ပြက္ခဒိန်ကိုအမှတ်မထင်လှမ်းကြည့်လိုက်ရာ မနက်ဖန်သည် စနေနေ့ဖြစ်နေတာကို သိလိုက်ရ၏။

ဟုတ်ပေသားပဲ။ ဒီကနေ့သောကြာဆိုတော့၊ မနက်ဖန် စနေ။ စနေ၊တနင်္ဂနွေသည်ကျောင်းပိတ်ရက်။

ကျောင်းဖွင့်ရက်ရောက်သည်ထိ စိတ်ရှည်ရှည်စောင့်ရပေတော့မည်။ မြရင်နှစ်ဘယ်မှာနေတယ်ဆိုတာမသိတော့ အိမ်လိုက်ကြည့်ဖို့လည်းအခက်သား။

မေမေရေ၊ သားကိုမန္တလေးမှာတစ်ပတ်လောက်နေဖို့ခွင့်ပြုပါဦး။

♣♣♣♣♣♣♣♣♣

တနင်္လာနေ့တွင်လည်း သရဖီသည် ကုတင်သုံးရာဆေးရုံ သို့လက်တွေ့ဆင်းရန် လာခဲ့ရပါ၏။

နှစ်ရက်ခြားသွားပြီးဖြစ်၍ သောကြာနေ့က သူမကိုစကား လာပြောခဲ့သည့် လူထူးလူဆန်းကို သရဖီမေ့နေလေပြီ။

သို့သော် ကျောင်းခန်းထဲမှအထွက် ကျောင်းဝတွင်ရပ်၍ မျှော်ကြည့်နေသောထိုသူကိုအမြင်တွင် သရဖီချက်ချင်းမှတ်မိသွားသည်။

ထိုသူက သရဖီထွက်အလာကိုမျှော်ငေးနေပုံဖြင့် သရဖီ့ကိုအမြင်တွင် သူ့မျက်နှာဝင်းလက်သွားတာကိုသတိထားမိလိုက်၏။

သို့သော် သရဖီခြေလှမ်းတုံ့သွားလေသည်။ ဘယ်လိုလူမှန်းမသိ၊ ဘာမှန်းမသိသည့်သူ့ကို သရဖီမတွေ့ချင်ပါ။ ဟိုနေ့ကလို အဓိပ္ပါယ်မရှိတဲ့စကားတွေလာပြောနေမှာစိုးသည်။

သရဖီတုံ့ကနဲရပ်သွားသည်ကို အတူပါလာသောလိုင်ထိပ်ထားက အံ့ဩဟန်ကြည့်ရင်း သူပါရော၍ရပ်လိုက်သည်။ သည်နေ့ လိုင်ထိပ်ထားမှာ ဆိုင်ကယ်ပါမလာ၍ ကုတင်၃၀၀ကို သရဖီ့ဆိုင်ကယ်နှင့်အတူသွားကြရန်ထွက်လာကြခြင်းဖြစ်သည်။

'ဘာဖြစ်လို့လဲဟဲ့'

လမ်းသွားရင်း ရုတ်တရက်ရပ်သွားသည့်သရဖီ့ကို လိုင်ထိပ်ထားက မေးလိုက်သည်။

'ဟေ့-ငါပြောပြောချင်းလှည့်မကြည့်နဲ့ဦးနော်၊ မသိမသာကြည့်၊ ဟိုနေ့က ငါ့ကိုလူဝင်စားလို့လာပြောတဲ့လူ၊ ကျောင်း ပေါက်မှာရပ်နေတယ်'

သရဖီကပြောလိုက်ရာ လိုင်ထိပ်ထားသည် ကျောင်းအဝဆီသို့ မသိမသာစောင်းငဲ့ကြည့်လိုက်၏။

'ဟဲ့၊ ဘယ်ဆိုးလို့တုန်း၊ မိုက်သားပဲ'

'အို၊ မိုက်ပေမယ့် သူပြောတာတွေက အူကြောင်ကြောင်ကို၊ ထားစမ်းပါဟယ်'

'ကြည့်ရတာတော့သနားစရာလေးဟဲ့၊ သူပြောတာတွေ တကယ်ဟုတ်ဟုတ်-မဟုတ်ဟုတ်၊ သူ နင့်ကိုစိတ်ဝင်စားနေတာတော့သေချာတယ်၊ နင်ပြန်စိတ်ဝင်စားအောင် တမင်ဇာတ်လမ်းဆင်နေတာလဲဖြစ်ချင်ဖြစ်မှာပေါ့'

လိုင်ထိပ်ထားကထင်ကြေးပေးရင်း လျှောက်လာခဲ့ကြရာ ဆိုင်ကယ်များထားရာနေရာသို့ ရောက်လာခဲ့ကြလေပြီ။

'ဟော- သူလာနေပြီ၊ ဒုက္ခပါပဲ'

သရဖီတို့ဆိုင်ကယ်ဆီအရောက်မှာပင် သူကလည်း သရဖီတို့အနားသို့ရောက်လာလေ၏။

'မြကလေး၊ အဲ.. မသရဖီ၊ ကျွန်တော်ဟိုနေ့ကပြောခဲ့တာတွေ စဉ်းစားလို့ရပြီလားဟင်၊ မသရဖီဟာမြရင်ဝင်စားတယ်ဆိုတာ မှတ်မိပြီလား'

သရဖီက လိုင်ထိပ်ထားကိုလှည့်ကြည့်ရင်း တွေ့တယ်မဟုတ်လား-ဆိုသည့်သဘောဖြင့် မေးငေါ့ပြရင်း သက်ပြင်းချလိုက်သည်။

ရန်လေးသည် ပြေပြေလည်လည်ဖြစ်အောင် မိတ်ဆက်ပြီးမှ စကားပြောခွင့်တောင်းမည်ဟု ကြိုစဉ်းစားထားရက်မှ မြရင်နှစ်ကိုအတွေ့တွင် ကိုယ်လိုရာကိုသာ ဇောဖြင့်ပြောလိုက်မိသည့်အတွက် ကိုယ့်ကိုကိုယ်ပင်အပြစ်တင်မိလေ၏။

သူ၏စကားလောကြီးမှုကြောင့် တစ်ဖက်မှတုံ့ပြန်လာပုံကလည်း မလုပတော့ပါ။

‘ ခင်ဗျားကြောင်လှချည်လား၊ ကျွန်တော်သွားစရာရှိသေးတယ်၊ မအားဘူး၊ ခင်ဗျားနဲ့လဲ စကားပြောနေဖို့ အချိန်မရှိဘူး၊ ခင်ဗျား ကျွန်တော့်ကိုမနှောက်ယှက်ပါနဲ့ ’

မန္တလေးသူသရဖီ၏ ‘ခင်ဗျား’ဆိုသည့်အသုံးအနှုန်းကြီးက ရန်လေးနားထဲကို ထောင့်ထောင့်ကြီးဝင်သွားလေသည်။

‘ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ပြောချင်ဇောကြီးသွားလို့ပါ၊ ကျွန်တော်အေးအေးဆေးဆေး စကားပြောပါရစေဗျာ၊ ကျွန်တော်မိကောင်းဖခင်သားသမီးပါ မသရဖီ၊ ကျွန်တော်ပြောမယ့်စကားတွေအတွက် ကျွန်တော့်မှာအထောက်အထားအပြည့်အစုံရှိပါတယ်ဗျာ ’

‘ ဟင့်အင်း၊ တော်ပြီ၊ ဒါမျိုးတွေ စိတ်မဝင်စားဘူး၊ ကဲ– ဖယ်ပါ၊ ကျွန်တော်တို့မှာကိစ္စရှိသေးတယ်၊ ကုတင်၃၀၀ထိသွားရမှာ၊ လာ–ထိပ်ထား၊ သွားကြစို့ ’

သရဖီက နှုတ်မှလည်းပြောရင်း ဆိုင်ကယ်ဇက်သော့ကိုဖွင့်ကာ သော့ကိုသော့ပေါက်ထဲထိုးထည့်လိုက်သည်။ တစ်ဆက်ထဲပင် ဆိုင်ကယ်ပေါ်ခွထိုင်လိုက်၏။

‘ မသရဖီ၊ မသရဖီ၊ ကျွန်တော့်နာမည် ရန်တိုင်းအောင်လို့ ခေါ်ပါတယ်၊ ကျွန်တော် မသရဖီကို စကားအေးအေးဆေးဆေးပြောပါရစေဗျာ ’

‘ တက်– ထိပ်ထား၊ တို့သွားကြစို့ ’

သရဖီက ဆိုင်ကယ်ကိုစက်နှိုးရင်းပြောလိုက်ရာ လှိုင်ထိပ်ထား နောက်ခုံပေါ်တင်ပလွှဲဝင်ထိုင်လိုက်ရ၏။

သရဖီ ဆိုင်ကယ်ကိုမောင်းထွက်လိုက်သည့်အတွက် ရန်လေးရှေ့မှဖယ်ပေးလိုက်ရသည်။

ရန်လေးသည် ဆိုင်ကယ်မောင်းထွက်သွားသောသရဖီ့တို့ကို ခဏကြောင်ကြည့်နေရင်း ဆက်ဆံရေးမပြေပြစ်သည့် မိမိကိုယ်မိမိပဲ အပြစ်တင်မိလေသည်။ သရဖီ့ကိုတော့စိတ်မဆိုးမိပါ။

သရဖီ့နောက်ကိုလိုက်ရန်သတိရမှ ကိုယ့်ဆိုင်ကယ်ရှိရာ အမြန်ပြေးသွားမိလေသည်။

သရဖီပြောသွားသည့်စကားထဲမှ ‘ကုတင်၃၀၀သွားရမယ်’ဆိုတာ ဆေးရုံကို ပြောတာထင်သည်။ ကုတင်၃၀၀ဆေးရုံဘယ်နားမှာရှိမှန်း ရန်လေးမသိ။

ဘာပဲဖြစ်ဖြစ်.. မြရင်နှစ်သွားတတ်သည့်နေရာတစ်ခုကိုတော့သဲလွန်စရပြီ။ စုံစမ်းသွားနိုင်လျှင် တွေ့ဖို့ အခွင့်အလမ်းတော့ ရှိပါသေးရဲ့။

ရန်လေးက အခုချက်ချင်းလည်း သရဖီ့နောက်လိုက်ကြည့်ရန် သူတို့ဆိုင်ကယ်ကိုအမီလိုက်ဖို့ ဆိုင်ကယ်ပေါ်တက်ခွလိုက်လေ၏။

♣ ♣ ♣

‘ နင်ကလဲဟယ်၊ အဲ့လိုပစ်ပစ်ခါခါကြီးမပြောသင့်ပါဘူး၊ သနားပါတယ် ’

ဆိုင်ကယ်ထွက်လာလာချင်း လှိုင်ထိပ်ထားကပြောလိုက် ခြင်းဖြစ်သည်။

‘ ဟဲ့၊ အဲ့လိုမပြောလို့ဘယ်လိုပြောရမှာလဲ၊ သူချဉ်းကပ်ပုံကြီးကိုက အူကြောင်ကြောင်ဟာကို၊ ကြာရင် ငါပါကြောင်သွားလိမ့် မယ်ဟဲ့ ’

‘ ဒါပေမယ့် သူပြောပုံက သူပြောတဲ့စကားကိုယုံကြည်တဲ့ပုံပဲသရဖီ၊ တမင်အကွက်ဆင်နေတာတော့ မဖြစ်နိုင်ဘူး ’

‘ အေးလေ၊ ဒါကြောင့်ကြောင်တယ်ပြောတာပေါ့၊ ဒီလိုမဖြစ်နိုင်တဲ့စကားတွေကို ယုံကြည်နေတယ်ဆိုကတည်းက နော်မယ် မဟုတ်လို့ပေါ့ဟယ် ’

လှိုင်ထိပ်ထားက သရဖီ့ကိုပြန်မပြောတော့ပဲ ထိုသူ့အကြောင်းကိုတွေးရင်း ဆိုင်ကယ်နောက်မှလိုက်လာခဲ့သည်။

‘ ဟယ်တော့၊ သူလိုက်လာတယ်သရဖီ ’

ဆိုင်ကယ်ကိုဒလကြမ်းမောင်း၍လိုက်လာသည့် ရန်လေးကိုမြင်လိုက်ရ၍ ရှေ့မှသရဖီကို လှိုင်ထိပ်ထားက သတင်းပို့လိုက်သည်။

‘ ဒုက္ခပါပဲဟယ် ’

‘ နင်က ကုတင်၃၀၀သွားမယ်လို့ပြောလိုက်တော့ ကုတင် ၃၀၀ထိလိုက်လာတော့မယ်ထင်ပါရဲ့ ’

‘ ငါကလဲ ယောင်ပြီးပြောလိုက်မိတယ် ’

ရန်လေးသည် သရဖီ့ဆိုင်ကယ်ကိုအမီမောင်း၍လိုက်လာရာ.. လမ်းရှိချိုင့်ခွက်များ၊ ကျင်းများကို ကျော်လွှားလိုက်သည့်အခါတိုင်း ဆိုင်ကယ်မြောက်မြောက်တက်သွားသည်ကို လိုင်ထိပ်ထား မြင်နေရသည်။ လိုင်ထိပ်ထားတို့လို သွားနေကျသူအဖို့တော့ သည်လမ်းတစ်ကြောတွင် ဘယ်နေရာကျင်းရှိသည်၊ ချိုင့်ရှိသည်ကို သိထားပြီးသားမို့ ကွင်းရှောင်သွားနေကျဖြစ်ပါသည်။

ကြည့်ရတာ ထိုသူသည် ၇၃လမ်းကိုလာနေကျဟုတ်ဟန်မတူ။ သူ့ပုံစံက သရဖီ့ဆိုင်ကယ်ကိုမီရန်သာ အာရုံထား၍ အတင်းမောင်းလိုက်နေပုံမျိုး။

သရဖီကလည်းဆိုင်ကယ်အမောင်းမြန်မြန်မို့ သူ့ဆိုင်ကယ်နှင့်လိုင်ထိပ်ထားတို့ဆိုင်ကယ်မှာ နီးကပ်မလာပဲ ခပ်လှမ်းလှမ်းမှာ ရှိနေဆဲဖြစ်၏။

ထိုသူ ကံကောင်းတယ်လို့ဆိုရမလားမသိ။ ၇၃လမ်းနှင့် ၃၅လမ်းအဆုံတွင် မီးပွိုင့်မိလေသည်။ မီးပွိုင့်တွင်ရပ်နေစဉ် သူ့ ဆိုင်ကယ်က နီးကပ်လာလေသည်။

ဆိုင်ကယ်နှစ်စီး ဝါးတစ်ရိုက်ခန့်အကွာမှာပဲ မီးပွိုင့်စိမ်းသွားလေသည်။ သရဖီက ၇၃လမ်းအတိုင်း ဆက်မောင်းလာရာ သူလည်းပါလာလေသည်။

' လိုက်လာတုံးပဲတော့ '

လိုင်ထိပ်ထားက သူမြင်သမျှကို သရဖီသိအောင်သတင်းပို့လျှက်ရှိသည်။

' ဟော–ခုထိလိုက်လာတုံးပဲ '

၇၃လမ်းမှ ဘယ်ဖက်သို့ချွေ၍ကွေ့သည့်အကွေ့နားထိ သူကမျက်ချည်မပြတ်ပါလာဆဲမို့ သရဖီသိအောင် ပြောပြလိုက်သည်။

ထိုလမ်းကအတော်ပင်ကြမ်းပါသည်။ ခင်းထားသောကတ္တရာများကွာကာ.. ကျောက်တုံးများပေါ်နေပြီး တချို့နေရာမှာ မြေကျင်းကြီးတွေဖြစ်နေသည့်လမ်းကြမ်းမျိုးဖြစ်သည်။

သရဖီက သွားနေကျလမ်းမို့ ဘယ်နေရာကျင်းချိုင့်ရှိသည်ကိုသိကာ ရှောင်ကွင်းရင်း အရှိန်မပျက် မောင်းနေသော်လည်း၊ သူကတော့တည့်တည့်အတိုင်းမောင်းလာကာ ချိုင့်ခွက်ရှိသည့်နေရာများ၌ ဆိုင်ကယ်က ယိမ်းလိုက်ယိုင်လိုက်၊ ခုန်လှုပ်လိုက်နှင့်ဖြစ်နေသည်။

၆၄လမ်းကွေ့ခါနီးအရောက်တွင်တော့..

ထိုလမ်းကွေ့မှာ မြောင်းကိုဖြတ်ကျော်ထားသောအုတ်တံတားတစ်ခုရှိကာ အုတ်ဘောင်ကမြင့်နေပြီး အုတ်ဘောင်အနီးမြေသားများက နိမ့်ကျနေပါသည်။ မြေကြီးတွေက ဖုန်မှုန့်ဖြစ်ကာ ဆိုင်ကယ်ဘီးနစ်ဝင်သည်ထိ ထူထဲနေ၏။

သရဖီက အုတ်ဘောင်အနိမ့်နားအထိ ဆိုင်ကယ်ကိုကွေ့မောင်းကာ တံတားပေါ်ကျော်တက်လိုက်ချိန်တွင်..

သူကလည်း နောက်မှအမြန်လိုက်လာကာ ညာဖက်အချိုးသို့ လျင်မြန်စွာချိုးကွေ့လိုက်လေ၏။ ဤလမ်းတလျှောက်ကိုကျွမ်းပုံမရသောထိုလူသည် သရဖီ့ဆိုင်ကယ်ကိုမီလိုဇောကပ်ကာ အုတ်ဘောင်အမြင့်ကို ချိုးကွေ့လိုက်သည့်အတွက်..

ဆိုင်ကယ်ဘီးက အုတ်ဘောင်နှင့်တစောင်းအနေအထားအတိုင်းတိုက်မိကာ ညာဖက်သို့ တိမ်းမှောက် သွားလေတော့၏။

' ဟယ်– လဲပြီ၊ လဲပြီ '

လိုင်ထိပ်ထားက အလန့်တကြားဖြင့် လွှတ်ကနဲအော်လိုက်မိလေတော့သည်။

လိုင်ထိပ်ထားအော်သံကြောင့် သရဖီကလည်း ဆိုင်ကယ်ဘရိတ်ကို ဖွဖွနင်းကာ အရှိန်တုံ့သွားလေသည်။

' လဲသွားတယ်ပေါ့၊ ဘာဖြစ်သွားသေးလဲ '

သရဖီက ခပ်ဖြည်းဖြည်းမောင်းနေရင်းမှ မေးလိုက်လေသည်။

' သရဖီ၊ ရပ်ဦးဟဲ့၊ အခြေအနေဆိုးပုံရတယ်၊ သူမထနိုင်သေးဘူး '

သရဖီက ဆိုင်ကယ်ကိုရပ်ရန်းဖြင့် ဇဝေဇဝါဖြစ်နေသည်။

လမ်းတစ်ဖက်လက်ဖက်ရည်ဆိုင်မှ လူငယ်တချို့ထလာပြီး ထိုသူ့ကိုတွဲထူပေးနေတာလည်းတွေ့ရသည်။ တစ်ယောက်က လဲနေသောဆိုင်ကယ်ကိုထောင်ပေးနေ၏။

သူသည် လူတွဲဖြင့်ထရပ်လိုက်ရာမှ ဒူးခွေ၍ယိုင်လဲသွားသည်ကို မြင်လိုက်ရပြန်သည်။

' သရဖီ၊ ရပ်ဦးဟယ်၊ တို့နောက်လိုက်လာတုံးဖြစ်တာ၊ သွားကြည့်ပေးရအောင်ပါ၊ သူပြန်လဲသွား

တယ်ဟဲ့ '

လှိုင်ထိပ်ထားနောက်တစ်ခေါက်ပြောလိုက်မှ သရဖီက ဆိုင်ကယ်ကိုလမ်းဘေးကပ်ကာရပ်လိုက်သည်။ ဆိုင်ကယ်ပေါ်မှလည်ပြန် ၍ကြည့်သည်။

' ပြန်ကွေ့မောင်းလိုက်ပါဟယ်၊ အခြေအနေသွားကြည့်ရအောင် '

လှိုင်ထိပ်ထားတိုက်တွန်းလွန်း၍ သရဖီက ဆိုင်ကယ်ကို ပြန်ကွေ့လိုက်လေသည်။

ဆိုင်ကယ်လဲသည့်နေရာအရောက်မှာတော့.. သူ့ညာဖက်ခြေထောက်ဆီမှ သွေးများစီးကျနေတာကို တွေ့လိုက်ရလေသည်။

' အို '

သွေးများသည် ဒူးဆစ်လောက်ဆီမှစီးကျနေကာ ဝတ်ထားသောဂျင်းဘောင်းဘီအပြင်ဖက်ထိ စိုရွှဲနေပေပြီ။ ဂျင်းဘောင်းဘီသည် ဒူးပေါ်သည်အထိပြဲနေပြီး အုတ်ခုံနှင့်ပွတ်တိုက်မိ၍ သွေးများထွက်နေခြင်းဖြစ်သည်။

သူက ချက်ချင်းမတ်မတ်မရပ်နိုင်သေးပုံဖြင့် လမ်းဘေးအုတ်ခုံကိုမှီထားလေသည်။

' ဘာဖြစ်သွားလဲဟင် '

သရဖီကပင် စတင်၍မေးလိုက်ပါသည်။

ဆိုင်ကယ်ကိုလည်း သူမှီနေသည့်အုတ်ခုံရှေ့တွင်ရပ်လိုက်ပြီး ဆိုင်ကယ်ပေါ်မှဆင်းလိုက်သည်။

' ခြေသပွတ်တိုင်လည်သွားတာထင်တယ်၊ ရပါတယ် '

သူက သိပ်မခံစားရသယောင်နှင့်ပြောလေသည်။

တကယ်တော့လည်း ရန်လေးသည် သွေးထွက်သည့်အနာမှ နာနေသော်လည်း သရဖီက ဆိုင်ကယ်ပြန်ကွေ့လာကာ မေးမြန်းဖော်ရသောကြောင့် ဝမ်းသာပြီး အနာကိုမေ့သွားခြင်းဖြစ်ပါသည်။

' ခင်ဗျားဆိုင်ကယ်စီးလို့ရပါ့မလား '

သရဖီကမေးလိုက်သည်။

' မရဘူးထင်တယ်ဗျ၊ သွေးတွေသိပ်ထွက်နေတာ '

ဘေးမှလာကူပေးသောလူငယ်တစ်ယောက်က ပြောလိုက်ခြင်းဖြစ်သည်။

' ဆေးခန်းသွားလိုက်ပါလား၊ ဟိုနားမှာဆေးခန်းရှိတယ် '

တစ်ယောက်က ဝင်ပြောပြန်သည်။

သရဖီသည် လှိုင်ထိပ်ထားကို အကြံတောင်းသလိုလှည့်ကြည့်ရင်းပြောလိုက်သည်။

' တို့ခေါ်သွားမလားဟေ '

' ခေါ်ခဲ့လေ၊ အိုဗီဒီမှာပြပေးလိုက်တာပေါ့ '

' သူဆိုင်ကယ်မစီးနိုင်တော့ဘူးထင်တယ်၊ ဘယ်လိုခေါ်မလဲ'

သရဖီက မေးသည်ကိုပြန်မပြောသေးပဲ လှိုင်ထိပ်ထားက ဘေးမှကြည့်နေသူများကိုပြောလိုက်လေသည်။

' ကျွန်မတို့ကဆေးကျောင်းသူတွေပါ၊ ကုတင်သုံးရာမှာလက်တွေ့သွားဆင်းမလို့၊ သူ့ကို ကျွန်မတို့ဆေးရုံခေါ်သွားလိုက်မယ် '

လူငယ်များက လက်ဖက်ရည်ဆိုင်ထဲသို့ပြန်ဝင်သွားကြလေသည်။

' ကဲ၊ ဆေးရုံခေါ်သွားတာတော့ဟုတ်ပါပြီ၊ သူဆိုင်ကယ်မစီးနိုင်ပဲဘယ်လိုခေါ်မလဲ '

သရဖီမေးခဲ့သည့်မေးခွန်းကိုပင် လှိုင်ထိပ်ထားက ပြန်မေးလိုက်လေ၏။

' နင် သူ့ဆိုင်ကယ်မောင်းပြီး သူ့ကိုတင်ခေါ်ခဲ့ဟာ '

' အို၊ မလုပ်ပါနဲ့၊ သူက နင့်လူနာပဲဟာ၊ နင်တင်ခေါ်ပေါ့ '

' ဟဲ့၊ ဘဲ့နဲ့ငါ့လူနာရမလဲ '

' နင့်နောက်လိုက်လာတာပဲ '

' ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်ဒီနားမှာပဲနေခဲ့ပါမယ်၊ ခဏနေရင် အနာသက်သာသွားမှာပါ '

ရန်လေးက သူတို့အပြန်အလှန်ပြောသည်ကိုနားထောင်၍ အားနာကာ ဝင်ပြောလိုက်သည်။

' ကဲပါလေ၊ ကျွန်မတို့က ဆရာဝန်ဖြစ်တော့မယ့်လူတွေ၊ ကိုယ့်ရှေ့မှာ လူတစ်ယောက်အနာတရဖြစ်နေတာ ဒီတိုင်းကြည့်မနေပါဘူး၊ သရဖီ၊ လူကိုတော့ နင်တင်ခေါ်ခဲ့လိုက်ဟယ်၊ သူ့ဆိုင်ကယ်ကြီး ငါမောင်းခဲ့ပါ့မယ်၊ ဘဲ့နဲ့လဲ၊ ရှင်လိုက်မယ်မဟုတ်လား '

‘ ကျွန်တော်၊ ကျွန်တော်အားနာလို့ပါ၊ ဒါပေမယ့် လိုက်ခဲ့ပါမယ် ’

‘ ဟင်း ရှင့်စကားကြီးကလဲ၊ ကဲ–ကဲ– ရှင့်ဆိုင်ကယ်သော့ပေး ’

လိုင်ထိပ်ထားက ဆိုင်ကယ်သော့လှမ်းယူကာ ထောင်ထားသောဆိုင်ကယ်ပေါ် တက်ထိုင်လိုက်၏။ ဆိုင်ကယ်က ဆူပါကပ်မို့ မိန်းကလေးစီးလျှင်လည်း အဆင်ပြေ၍တော်ပါသေးသည်။

‘ ရှင် တက်လေ၊ သရဖီ့နောက်ကတက် ’

ရန်လေးသည် မိန်းကလေးမောင်းသောဆိုင်ကယ်နောက်မှ ထိုင်လိုက်ရမှာကို ရှက်လည်းရှက် အားလည်း နာနေမိသည်။

‘ ကဲ၊ တက်ပါကိုယ်တော်ရဲ့ ’

လိုင်ထိပ်ထားက နောက်တစ်ခါလောဆော်လိုက်မှ သူက သရဖီဆိုင်ကယ်နားသို့ကပ်သွားလေသည်။

‘ ဟေ့၊ ခင်ဗျား၊ ကာယားခွတော့မထိုင်နဲ့နော်၊ ဘေးတစောင်းပဲထိုင် ’

‘ ဟုတ်ကဲ့ပါဗျာ ’

မိန်းကလေးမောင်းသည့်ဆိုင်ကယ်နောက်မှ ဘေးစောင်းထိုင်၍လိုက်ပါသွားသည့်မြင်ကွင်းကိုကြည့်၍ လက်ဖက်ရည်ဆိုင်မှလူငယ်များက ရယ်မောကျန်ခဲ့ကြလေသည်။

♣♣♣♣♣♣♣♣♣

‘ ကျွန်တော်ကမန္တလေးကမဟုတ်ပါဘူး၊ ရန်ကုန်ကပါ၊ မသရဖီနဲ့တွေ့ချင်လို့ မန္တလေးကို လာခဲ့တာပါဗျာ၊ မသရဖီကတဲ့ မြရင်နှစ်အငြိမ့်ကိုကြည့်ပြီး မသရဖီကိုတွေ့ချင်လွန်းလို့ ရန်ကုန်ကနေ မန္တလေးကို အရောက်လာခဲ့တာပါ၊ မသရဖီ ဆေးကျောင်းသူဆိုတာလဲ ဒီရောက်မှသိရတာပါ ’

အိုပီဒီမှာ သူ့ကိုဝင်ပြပေးတော့ ဆေးထည့်ပတ်တီးစည်းပေးလိုက်သည်။ သရဖီတို့ကပဲ သူ့ဟာသူ ဆိုင်ကယ်လဲတာဖြစ်ကြောင်း ဆရာဝန်ကိုပြောပြလိုက်ရသည်။ ယာဉ်တစ်စီးနှင့်တစ်စီးတိုက်မိပါက ရဲအရေး ပိုင်သောအမှုဖြစ်၍ ရှုပ်ထွေးလာနိုင်သည်မဟုတ်ပါလား။

ဒဏ်ရာက ပွန်းပဲ့သွေးထွက်ရုံမို့ လဲလျောင်းအနားယူနေစရာ မလိုပါ။ အိုပီဒီက ဆေးထည့်ပေးပြီး သူ့ကိုပြန်လွှတ်လိုက်သည်။

သရဖီနှင့်လိုင်ထိပ်ထားက သူ့ကို ဆေးရုံအတွင်းဖက်ခုံတန်းလျားကိုခေါ်လာကာ နားခိုင်းထားလိုက်သည်။

‘ ခင်ဗျားဘယ်လိုလုပ်မလဲ၊ ဆိုင်ကယ်စီးပြန်နိုင်ရဲ့လား ’

သရဖီက မေးလိုက်တော့ သူမျက်နှာငယ်သွားလေသည်။

‘ ကျွန်တော့်ကိုဖုန်းလေးတစ်ချက်ဆက်ပေးပါလားဗျာ၊ ကျွန်တော့်အစ်ကိုဝမ်းကွဲကို လာခေါ်ခိုင်းလိုက်ပါမယ် ’

‘ နံပါတ်ပြော ’

သူက ဖုန်းနံပါတ်ပြောရင်းမှ..

‘ အဲဒီဖုန်းမှာ ကိုပါလေးဆိုတာရှိတယ်၊ ကျွန်တော့်အစ်ကိုဝမ်းကွဲပါ၊ သူ့ကို အကျိုးအကြောင်း ပြောပြရင် သူလာကြိုပါလိမ့်မယ်၊ ဒီဆေးရုံဘယ်နေရာမှာရှိတယ်ဆိုတာ ပြောလိုက်ဦးနော်၊ သူ မလာတတ်ပဲ နေမယ် ’

‘ ကုတင်သုံးရာဆေးရုံ ၆၂လမ်းပေါ်မှာရှိတာ လူတိုင်းသိတယ်ရှင့် ’

‘ ဩော်–ဟုတ်မှာပေါ့၊ ကိုပါလေးလဲသိမှာပါ၊ ကျွန်တော်သာမသိတာ၊ ကျွန်တော်က မသိလို့ မသရဖီတို့နောက်ကို အမီလိုက်လာတာလေ ’

‘ ရှင်က မြရင်နှစ်ဟာသရဖီဖြစ်ကြောင်းတောင်စုံစမ်းနိုင်ပြီး လူတကာသိတဲ့ကုတင်သုံးရာဆေးရုံကျ မသိတာ ဘာဖြစ်တာလဲ ’

လိုင်ထိပ်ထားက သူ့စကားကိုမယုံပဲပြန်မေးလိုက်ခြင်းဖြစ်သည်။

‘ ကျွန်တော်ကမန္တလေးကမဟုတ်ပါဘူး၊ ရန်ကုန်ကပါ ’

ရန်လေးက သူ့အကြောင်းကိုပြောပြလိုက်သည်။

‘ မန္တလေးက ဦးလေးအိမ်မှာတည်းပြီး မသရဖီကိုလာရှာတာပါ၊ မသရဖီသတင်းကိုလည်း ဦးလေးသား ကိုပါလေးကစုံစမ်းပေးတာပါ၊ အခုကျွန်တော်ဖုန်းဆက်ခိုင်းတဲ့ အစ်ကိုလေ ’

‘ ဩော– ဒါဖြင့်ရှင်က သရဖီ့ကိုကပ်ချင်လို့ ဂမ္ဘီရဆန်ဆန် ချဉ်းကပ်လိုက်တာပေါ့လေ ’

‘ ဗျာ ’

'ရှင်ကသရဖီ့ကိုတွေ့တွေ့ချင်းပြောတယ်ဆို၊ သရဖီဟာ လေဘာတီမမြရင်ဝင်စားတာပါလို့၊ ရှင့်နှယ် ရှင်– ဆေးကျောင်းသူတစ်ယောက်က ဒါမျိုးယုံတမ်းစကားတွေကိုယုံပါ့မလား '

'မဟုတ်ဖူးဗျ၊ မဟုတ်ဖူး၊ အဲဒါတကယ် '

ရန်လေးသည် လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ပြာပြာသလဲပြောလိုက်သည်။

'မဟုတ်ဖူးလဲပြောသေး၊ အဲဒါတကယ်ဆိုတာ ဘာစကားလဲဗျ၊ ခင်ဗျားစကားက '

လှိုင်ထိပ်ထားလျှာရှည်နေသမျှကို ငြိမ်နားထောင်နေသော သရဖီက ဝင်မေးလိုက်လေသည်။

'မဟုတ်ဖူးဆိုတာ ဒီကမထိပ်ထားထင်သလို အကြံအဖန်လုပ်တာမဟုတ်ဖူးလို့ပြောတာပါ၊ တကယ်တော့ မသရဖီဟာ မမြရင်ဝင်စားတာအမှန်ပါဗျာ၊ မမြရင်ဘဝအရင်မှာ မမြစိမ်းဆိုတဲ့ဘဝတစ်ခုရှိပါသေးတယ် '

'တော်စမ်းပါ '

'တကယ်ပါဗျာ၊ ကျွန်တော့်မှာအထောက်အထားအပြည့်အစုံရှိပါတယ် '

'နေစမ်းပါဦး၊ ခင်ဗျားလူဝင်စားပါလို့စွပ်စွဲနေတဲ့ကာယကံရှင်က ကျွန်တော်ပါ၊ ကျွန်တော်ကိုယ်တိုင်က ကျွန်တော်ဟာ လူဝင်စားမဟုတ်ပါဘူးဆိုနေမှ ဘဲ့နဲ့ ခင်ဗျားက ကျွန်တော့်ကို လူဝင်စားအတင်းဖြစ်ခိုင်းနေရတာလဲ '

' ဒါကတော့ မြကလေးဟာ.. အဲလေ–မသရဖီဟာ ဇာတိသရညာဏ်နည်းလို့ ကိုယ့်ကိုကိုယ်လူဝင်စားဖြစ်မှန်းမသိတာပါ'

'ဩော–ခင်ဗျားကတော့ ကျွန်တော်လူဝင်စားဆိုတာကို ကာယကံရှင်ထက်တောင် သိနေတယ်ပေါ့၊ ဘာလဲ–ခင်ဗျားက အကြားအမြင်လား၊ ဗေဒင်ဆရာလား၊ တော်ပါပြီထိပ်ထားရယ်၊ ကြာရင် တို့ရူးလိမ့်မယ်၊ သွားကြစို့ '

သရဖီက သူ့ကိုစိတ်ပျက်ဟန်ဖြင့် ဆက်စကားမပြောချင်တော့ပဲ နေရာမှလှမ်းထွက်ရန်ပြင်လိုက်သည်။ ထိပ်ထားကိုလည်း ခေါ်လိုက်သည်။

'နေ–နေပါဦးဗျ၊ ကျွန်တော့်ကို ဖုန်းလေးတော့ဆက်ပေးပါဦး '

ရန်လေးက ပြာပြာသလဲတားလိုက်သည်။

သရဖီကလှည့်မကြည့်တော့ပဲ ဆေးရုံအတွင်းထဲသို့ဝင်သွားလေသည်။

'ဖုန်းနံပါတ်က ကျွန်မမှတ်ထားတာပါ၊ ကျွန်မဆက်ပေးပါမယ်၊ ဒါပေမယ့် ရှင်ချဉ်းကပ်ပုံကမှားနေတယ်ရှင့် '

'ထိပ်ထား၊ ခင်ဗျားနာမည် မထိပ်ထားနော် '

' အပြည့်အစုံက လှိုင်ထိပ်ထား၊ ရှင့်နာမည်ကရော၊ ရှင့်အိမ်ကိုဖုန်းဆက်တော့ ရှင့်နာမည်ကို ကျွန်မက ဘယ်လိုပြောပေးရမှာလဲ'

'ဟုတ်သားပဲ၊ ကျွန်တော့်နာမည်ရန်တိုင်းအောင်ပါ '

'ဟင်– နာမည်ကြီးကလဲ '

'ရန်လေးလို့ပြောရင်ရပါတယ်၊ ထိပ်ထားတို့လဲ ကျွန်တော့်ကို ရန်လေးလို့ပဲခေါ်နိုင်ပါတယ် '

'အမယ်–ထပ်ဆုံချင်သေးတယ်ပေါ့လေ၊ သရဖီကတော့ ရှင့်ကိုစိတ်ပျက်သွားပြီရှင့် '

'ထိပ်ထားရယ်၊ ကျွန်တော့်ကိုကူညီပါဗျာ '

'အင်းပါ၊ ဖုန်းဆက်ပေးပါ့မယ် '

'အဲဒါပြောတာမဟုတ်ဖူးဗျ၊ သရဖီယုံအောင် ကျွန်တော့်ကို ပြောပေးပါဗျာ '

' ဘာလဲ၊ ရှင့်လူဝင်စားဇာတ်လမ်းကြီးကိုလား၊ သရဖီ့ပြောပေးရအောင်၊ ကျွန်မကိုယ်တိုင်ကကို မယုံတာ၊ ဘယ်လိုလုပ်ပြောရမှာလဲ '

'အာ– ထိပ်ထားတို့ကို ကျွန်တော်အထောက်အထားပြပါ့မယ်၊ သက်သေပြပါ့မယ်ဗျာ '

' ဘယ်လိုသက်သေပြမှာလဲ၊ ရှင်က အကြားအမြင်ဆရာတွေ၊ မနောမယတွေခေါ်လာပြီး သရဖီ့ကို အယုံသွင်းဦးမလို့လား '

'ကျွန်တော့်မှာ ဒါတွေထက်ခိုင်လုံတဲ့ သက်သေအထောက်အထားရှိပါတယ်ဗျာ၊ သရဖီလက်ခံအောင်သာပြောပေးပါ၊ ကျွန်တော့်ကိုကူပါနော်၊ ကျွန်တော့်နာမည်ရန်တိုင်းအောင်ဆိုတာလဲ ပြောပြပေးပါ၊ သူ့နဲ့ ကျွန်တော်က အခုမှဆုံရတာမဟုတ်ပါဘူး၊ အရင်ဘဝနှစ်ခုကတည်းက.. '

'လာပြန်ပြီ '

‘ ကျွန်တော့်ကိုမိတ်ဆွေတစ်ယောက်လိုတော့ လက်ခံပေးပါ ထိပ်ထားရယ်၊ ထိပ်ထားရော သရဖီရောလက်ခံလာအောင် ကျွန်တော့်မှာရှိတဲ့အထောက်အထားကိုပြပါမယ်၊ နောက်နေ့တွေမှာသာ ကျွန်တော်လာရင် စကားပြောခွင့်လေးပေးပါဗျာ ’

‘ ဒါဆိုလဲပြီးရော၊ ကျွန်မတို့လဲအလုပ်လုပ်စရာတွေရှိသေးတယ်၊ ရှင်ဒီကပဲထိုင်စောင့်နေ၊ ရှင့်အိမ်ကို ကျွန်မပဲဖုန်းလှမ်းဆက်လိုက်မယ် ’

လှိုင်ထိပ်ထားက ရန်လေးကိုနှုတ်ဆက်ကာ ထွက်ခွာသွားတော့သည်။

♣♣♣♣♣♣♣♣♣

သရဖီသည် စာကြည့်စားပွဲတွင်ထိုင်နေသော်လည်း နေ့လည်ကတွေ့ခဲ့ရသူကိုအကြောင်းကို တွေးနေမိသည်။

သရဖီ့အနေဖြင့် ထိုသူကိုအထင်မကြီးမိပါ။ တွေ့စအချိန်ကတည်းက လူဝင်စားဇာတ်လမ်းဖြင့်စဖွင့်ထားသော သူ့အပြောကြောင့်လည်းဖြစ်သည်။ သရဖီက သူ့ကို လူကြောင်တစ်ယောက်လို့ပင်မြင်ပါသည်။

‘ သူကတော့ အလေးအနက်ထားပြောနေပုံမျိုးပဲ၊ သူ့နာမည် ရန်တိုင်းအောင်ဆိုတာလဲ နင်သိအောင်ပြောပေးပါလို့ ငါ့ကိုမှာသွား တယ် ’

လှိုင်ထိပ်ထားက ပြန်ပြောပြခဲ့သည်။

‘ ဒီအရွယ်ရောက်နေတဲ့ဆေးကျောင်းသူတစ်ယောက်အတွက် ယောကျာ်းလေးတစ်ယောက်က ချဉ်းကပ်ခံရတာ၊ ရည်းစားစကားအပြောခံရတာတွေဟာရိုးနေပါပြီထိပ်ထားရယ်၊ ဒါပေမယ့် သူချဉ်းကပ်လာပုံကြီးကတော့ မကြောင်လွန်းဘူးလားဟေ၊ ငါ့ကို စိတ်ကူးယဉ်ဆန်ဆန်တွေ အလွယ်တကူယုံမယ့်မိန်းမလို့များ မှတ်နေသလားမသိ ဘူး ’

‘ ငါလဲဒီလိုပဲတွေးမိတာပါပဲ၊ ဒါပေမယ့် တကယ်တန်းစကားကြာကြာပြောကြည့်တော့ သူပြောတဲ့စကားကို သူယုံကြည်နေတယ်ဆိုတာ သိသာတယ်ဟဲ့ ’

‘ ဒါတော့ သူ့ကို ဘယ်သူက ဒီလိုစိတ်ကူးတွေရိုက်သွင်းလိုက်လဲမှမသိတာ ’

‘ သူ့မှာအကြောင်းတစ်ခုခုတော့ရှိလိမ့်မယ်သရဖီ၊ သေချာသိရအောင် နောက်တစ်ခေါက်သူလာရင် မေးကြည့်တာပေါ့ ’

‘ တော်ပါပြီဟယ်၊ နင်ကလဲ ရောကြောင်ချင်ပြန်ပြီလား ’

‘ သူကတော့ လာဦးမှာပဲသရဖီ၊ နင့်ကိုတွေ့ချင်လို့ ရန်ကုန်ကနေတောင် ဒီကိုအရောက်လာသေးတာပဲ ’

‘ ရန်ကုန်ကဆိုတာရော တကယ်ဖြစ်နိုင်ပါ့မလား ’

‘ ညာပြောရင်လဲ စုံစမ်းလို့အလွယ်လေး၊ သူ့အိမ်ဖုန်းနံပါတ် ငါ့ဆီမှာရှိနေတာပဲ ’

‘ တော်ပါပြီ၊ စုံစမ်းမနေပါနဲ့၊ ငါစိတ်လည်းမဝင်စားပါဘူး ’

စိတ်မဝင်စားပါဘူးဆိုခဲ့သောသရဖီသည် အခုတော့ သူ့အကြောင်းကိုတွေးနေမိပြန်၏။

လှိုင်ထိပ်ထားပြောသလို သည်လူပြောတဲ့စကားတွေဟာ တကယ်ယုံကြည်ချက်နဲ့ ပြောနေတာတွေလား။ သရဖီ့ကိုဆန်းပြားတဲ့နည်းလမ်းနဲ့စိတ်ဝင်စားအောင်မြူဆွယ်နေတာလား။

တကယ်သာ သူဟာ ရန်ကုန်ကနေဒီအထိလာခဲ့တယ်ဆိုရင် သရဖီ့ကိုတွေ့ချင်ယုံသက်သက်နဲ့လာတာရော ဟုတ်ရဲ့လား။ ဒီမှာကြုံလို့ သက်သက်ဝင်ပြီးအကြောင်ရိုက်နေတာလား။

သူပြောသောစကားတွေကတော့ အဆန်းတကြယ်တွေပင်။

သရဖီ့ကို လေဘာတီမြရင်ဝင်စားပါတယ်လို့ အတိအကျပြောနေရုံမက။ သည့်အရင်ကဘဝတစ်ခုပင် ရှိသေးသယောင်ပြောပြန်သေးသည်။

သရဖီသည် လူဝင်စားတို့၊ နောက်ဘဝ၊ အရင်ဘဝဆိုတာတွေကို မယုံကြည်ပါ။ မယုံကြည်ဘူးဆိုတာထက် တွေးကိုတွေးမကြည့်မိခဲ့ခြင်းဖြစ်ပါသည်။ သရဖီ့လိုဆေးကျောင်းသူတစ်ယောက်အဖို့ ဒါမျိုးမရောရာတဲ့စိတ်ကူးတွေ တွေးခေါ်နေဖို့လည်း အချိန်မရ။

သရဖီကိုယ်တိုင်က ကိုယ့်ကိုကိုယ်လူဝင်စားရယ်လို့ တွေးတောင်မတွေးမိပါပဲနဲ့ ဘာမှမဆိုင်သည့် သူစိမ်းတစ်ယောက်က သူမကိုလူဝင်စားလို့ ဘာကြောင့်စွတ်စွဲနိုင်ရသနည်း။ သဘာဝမကျသော အချက်သာဖြစ်ပါသည်။

ဖေဖေတို့၊မေမေတို့ကလည်း သရဖီ့ကိုလူဝင်စားဘာညာနှင့် တစ်ခါမှမပြောဘူးပါ။

သရဖီအငြိမ့်ကတာလည်း ဖေဖေပျိုးထောင်ပေးခဲ့တဲ့ အနုပညာဗီဇကြောင့်ကဖြစ်ခြင်းသာဖြစ်သည်။

တီဗွီကနေလွှင့်ဖြစ်တာလဲ အဆက်အသွယ်ကောင်း၍ အလွယ်တကူရိုက်ခွင့်ကြုံပြီး လွှင့်ဖြစ်သွားခြင်းဖြစ်ပါသည်။ ဒါတောင် ရိုက်ထားပြီး တစ်နှစ်ကျော်ကြာမှ တီဗွီမှလွှင့်ပေးခဲ့ခြင်းဖြစ်သည်။

သရဖီ့မှာ အငြိမ့်ဆက်ကဖို့လည်း ရည်ရွယ်ချက်မရှိပါ၊ မင်းသမီးအနေနဲ့လည်း နာမည်မကြီးချင်ပါ။ ကျောင်းပြီးရင် အစိုးရအလုပ်ဝင်ပြီး ဆရာဝန်လုပ်၊ ဘွဲ့လွန်တစ်ခုခုတက်နိုင်အောင်ကြိုးစားကာ အထူးကု ဆရာဝန်ဖြစ်ဖို့ပဲရည်ရွယ်ချက်ရှိသည်။

ဖေဖေကတော့ အနုပညာကို ဝါသနာထုံလှသော အနုပညာသမားတစ်ယောက်ဖြစ်ပါသည်။ ဖေဖေသည် စန္ဒယားနှင့်ပတ္တလားကို ကျွမ်းကျင်စွာတီးတတ်သည်။ ငယ်ငယ်က အရပ်တီးဝိုင်းမှာ ပင်တိုင် အဆိုတော်ဖြစ်သည်။ ဖေဖေတို့ခေတ်ကတော့ အဆိုအတီးစတဲ့သုခုမပညာရပ်တွေကို အားပေးလေ့ရှိသောခေတ် မဟုတ်၍ ဖေဖေသည် မိဘများအငြိုငြင်ခံခဲ့ရသည်ဟုဆိုသည်။ ဖေဖေ့ဖခင်ကြီးက အဆိုအတီးဖက်တွင် အာရုံရောက်နေလျှင် ပညာတတ်မည်မဟုတ်၊ လေလွင့်သွားလိမ့်မည်ဟုအထင်ရှိကာ သားကိုအနုပညာအလုပ် မလုပ်ဖို့တားမြစ်ခဲ့သည်ဟုဆိုသည်။

သို့သော် ဖေဖေက သူဝါသနာပါတဲ့အနုပညာအလုပ်ကိုလဲလုပ်ကာ... စာမေးပွဲတိုင်းကိုလည်း အောင် အောင်ဖြေပြပြီး ဖခင်ကြီးအလိုကျ ဘွဲ့တစ်ခုရအောင်ယူပြခဲ့သည်။ ရန်ကုန်တွင်တက္ကသိုလ် သွားတက်စဉ်မှာ လည်း တက္ကသိုလ်အနုပညာအသင်းထဲဝင်ခဲ့သည်။ မြန်မာ့အသံတွင်လွှင့်လေ့ရှိသည့် အပြင်တီးဝိုင်းတစ်ခု နှင့်အဆက်အသွယ်ရကာ သီချင်းများကို ရေဒီယိုမှလွှင့်နိုင်သည်ထိအောင်မြင်ခဲ့သည်။ ဖေဖေဆိုခဲ့သည့် သီချင်းများထဲမှ နှစ်ပုဒ်မှာ အမြဲတမ်းလွှင့်ခွင့်ဓာတ်ပြားရခဲ့လေသည်။ သရဖီငယ်စဉ်အထိ ရေဒီယိုမှ မကြာခဏ ထုတ်လွှင့်သည်ကိုကြားခဲ့ဖူးပေ၏။ ဖေဖေသည် 'မောင်ရေအေး' အမည်ဖြင့် အတန်အသင့် လူသိ သောအဆိုတော်တစ်ဦးဖြစ်ခဲ့ပါသည်။

ဘွဲ့ရပြီးတော့လည်း မိဘလက်ငုတ်လက်ရင်း ဖိနပ်လုပ်ငန်းကိုဝင်၍ဦးစီးကာ ပို၍အောင်မြင်အောင်၊ ပို၍နာမည်ကျော်ကြားအောင်လုပ်ပြခဲ့လေသည်။ ဖေဖေ့ဖခင်ကြီးကသူ့သားကိုစိတ်ကြေနပ်မှုရှိသွားခဲ့ပါသည်။

သရဖီသည် ဖေဖေနှင့်မေမေတို့၏ တစ်ဦးထဲသောသမီးဖြစ်သည်။ ဖေဖေက သရဖီ့ကို သူ့လိုပဲ အနု ပညာမှာဝါသနာပါစေချင်သည်။ ငယ်စဉ်ကတည်းကပင် အဆိုအကများသင်စေခဲ့သည်။ ကျောင်းကပွဲများ၌ ပါဝင်စေခဲ့သည်။ သရဖီသည် အနုပညာကိုဝါသနာပါသော်လည်း ဖေဖေ့လောက်တော့ အနုပညာမှာမရူးသွပ် ချေ။ ဉာဏ်ကောင်းသောသရဖီသည် အဆိုသင်တော့လည်း အလွယ်တကူတတ်သလို၊ အကသင်တော့လည်း လွယ်လွယ်ကူကူတတ်မြောက်ခဲ့သည်ပင်။

ကျောင်းစာမှာတော်သောသရဖီ့ကို မေမေကတော့အနုပညာအလုပ်တွေမလုပ်စေချင်ပေ။ သို့သော် သရဖီသည် ကနေဆိုနေသည့်အတွက် ကျောင်းစာဖက်မှာမလစ်ဟင်းခဲ့တာကတော့ ဖေဖေနှင့်တူလှပေ၏။ ဆယ်တန်းအောင်တော့ ဂုဏ်ထူးငါးဘာသာနှင့် ဆေးကျောင်းရောက်အောင်တက်နိုင်ခဲ့သည်ပင်။

ဆေးကျောင်းရောက်တော့လည်း သရဖီမကချင်သည့်တိုင် ကနေရပေသေးသည်။ သရဖီ့ကို အတန်း ကျောင်းမှာကတည်းက အကကောင်းမှန်းသိသောဆရာဆရာမများက နှစ်စဉ်ကျောင်းကထိန်ပွဲတိုင်းမှာ တစ်ပင် တိုင်ဖြစ်စေ၊ အငြိမ့်ခန်းဖြစ်စေ ကပေးဖို့တာဝန်ပေး ကြမြဲဖြစ်သည်။

ရန်ကုန်ဆေးကျောင်းမှာဆို ကျောင်းတက်ရင်း ရုပ်ရှင်ရိုက်၊ သီချင်းဆိုနှင့် တစ်နိုင်ငံလုံးအတိုင်းအတာ နှင့် ဖျော်ဖြေနေရုံမက၊ စီးပွားဖြစ်လုပ်ကိုင်နေသူများပင်ရှိလေရာ တစ်နှစ်တစ်ခါလောက်စင်ပေါ် တက်ကသော သရဖီ့ကို မေမေကလည်းမတားမြစ်တော့ပေ။ ကျောင်းစာဖက်မှာမပေါ့အောင်သာ သတိပေးတော့သည်။

တီဗွီမှအငြိမ့်ခန်းလွှင့်ဖြစ်တာလည်း အမှတ်မထင်ကြုံဆုံသွားခြင်းဖြစ်ပါသည်။ ရိုက်ကူးသည့်ကုန်ကျ စရိတ်ကို ကိုယ်တိုင်အကုန်အကျခံကာစီစဉ်ခဲ့ခြင်းဖြစ်၍လည်း အဆင်ချောခဲ့ခြင်းဖြစ်ပါသည်။

အဓိကစိတ်အားထက်သန်သူကတော့ ဖေဖေပင်ဖြစ်သည်။ ဖေဖေက သရဖီ့ရဲ့အနုပညာကို မှတ်တမ်း အဖြစ်ကျန်စေချင်သည်။ ရန်ကုန်ထိပေါက်ရောက်သော သူ့အနုပညာမိတ်ဆွေများနှင့်တိုင်ပင်ကာ သရဖီ့အက ကို အငြိမ့်ခွင်တစ်ခုအဖြစ် ဖန်တီးရိုက်ကူးခဲ့ခြင်း ဖြစ်လေသည်။

တီဗွီမရိုက်ခင်အချိန်ထိ 'မြရင်နှစ်'ဆိုသည့်အမည်ဖြင့်ရိုက်ရန် စိတ်ကူးမရှိခဲ့သေးပါ။ အကူအညီပေး သော လူပျက်ကြီးတွေက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ထုတ်လွှင့်မည့်အစီအစဉ်ဖြစ်၍ သီးခြားနာမည်တစ်ခု ရွေး၍ ခမ်းခမ်းနားနားလုပ်ရန်အကြံပြုကြသည်။

အကတိုက်ရာတွင် သရဖီ့ကို လေဘာတီမမြရင်သီချင်းများဖြင့်ကခိုင်းကြသည်။ လူပျက်ကြီးတစ် ယောက်က သရဖီ့အသံမှာ လေဘာတီမမြရင်အသံနှင့် တူသည်၊ မမြရင်ဆိုပုံဆိုပေါက်အတိုင်းဆိုပါဟုဆိုကာ အဆိုသင်ပေးခဲ့လေသည်။ မမြရင်မူရင်းအသံပါသော သီချင်းခွေကိုရှာပေးခဲ့သည်။

သရဖီသည် မမြရင်၏ရွှေပြည်စိုးသီချင်းကိုနားထောင်ကာ မမြရင်ဆိုပုံဆိုပေါက်အတိုင်းဆိုနိုင်ရန် လေ့ကျင့်ခဲ့ရ၏။

ရွှေပြည်စိုးသီချင်းထဲတွင် ..

'မြနဲ့မောင်နဲ့ခုမှတွေ့တာ လူပါးမဝခင်တုံးက ပြောကြ တော့ ရီစရာပါ' ဆိုသည့်အပိုဒ်အပြီးတွင် ငြီးသံတစ်ခုပါသည်။ မမြရင်က 'အာ ငှာ ငှာ ငှာ... ငှာ့ ငှာ ငှာ ငှာ..' ဟု မေးရိုက်မေးဝဲသံလေးဖြင့် သီဆိုသွားပါသည်။

'နောက်ပြန်ဆိုတဲ့သူတွေက အဲဒီ အား–ငှား–ငှား–ငှား–ဆိုတဲ့ မေးရိုက်သံလေးကို ထည့်မဆိုကြတော့ဘူး၊ အဆိုဘုရင်မကြီးပြန်ဆိုတော့လဲမပါဘူး၊ နီနီဝင်းရွှေပြန်ဆိုတော့လဲမပါဘူး၊ သူတို့က ရိုးရိုးကြီး အား–ဟားဟားဟားလို့ ဆိုပစ်လိုက်တယ်၊ တကယ်တော့ ရွှေပြည်စိုးသီချင်းရဲ့အသက်က အဲဒီမေးရိုက်မေးဝဲအသံလေးပဲ၊ သမီးရအောင် ပီအောင်ဆိုလိုက်စမ်းပါ'

သရဖီ မမြရင်၏မေးဝဲသံအတိုင်း ရအောင်လေ့ကျင့်ခဲ့ပါသည်။

မမြရင်သီချင်းများလေ့ကျင့်ရင်းမှ မမြရင်အသံနှင့်တူသည်ဟု လူပျက်ကြီးတွေက ပြောလာသည်။ အပြင်အဆင်ကိုလည်း မမြရင်နှင့်တူအောင်ပြင်ဆင်ဖို့ တိုက်တွန်းကြသည်။

တကယ်တော့ သရဖီ့ပင်ကိုယ်ရုပ်ရည်သည် မမြရင်နှင့်တူချင်မှလည်းတူပါလိမ့်မည်။ မမြရင်ကို ယခုအသက်ငါးဆယ်အရွယ်ရှိသည့်လူပျက်ကြီးတွေလည်း မြင်ဖူးကြသည်မဟုတ်။ ဓာတ်ပုံကိုသာမြင်ဖူးကြခြင်းဖြစ်သည်။ မမြရင်ကွယ်လွန်ခဲ့တာပင် နှစ်ပေါင်း ဖ၀ရှိပြီမဟုတ်လား။

ဘာပဲဖြစ်ဖြစ် သရဖီ့ကိုလူပိုစိတ်ဝင်စားအောင်ဆိုကာ မမြရင်ပုံစံမျိုးဖြင့် ရိုက်ကူးရန်ကြံစည်ခဲ့ကြလေသည်။

သည်လိုနှင့် ဓာတ်တိုက်ပြီး အတည်ရိုက်ကူးခါနီးမှ အကြံရကာ 'မြရင်နှစ်အငြိမ့်' ဆိုပြီး ရိုက်ဖြစ်ခဲ့ကြခြင်းဖြစ်ပါသည်။ လေဘာတီမမြရင်၏မှတ်တမ်းအဖြစ်ကျန်ခဲ့သောဓာတ်ပုံအနည်းငယ်ကိုကြည့်ကာသရဖီ့ကို မမြရင်နှင့်တူအောင် မိတ်ကပ်ပြင်ဆင်ပေးခဲ့ခြင်းဖြစ်ပါသည်။

အငြိမ့်ခွင်မှာမိတ်ဆက်တော့လည်း 'ဒုတိယမမြရင်၊ နံပါတ် ၂လေဘာတီ'–ဆိုကာ မြရင်နှစ်အဖြစ် မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ပါသည်။ ကြိုတင်ရည်ရွယ်ထားခြင်းမရှိပဲ မြရင်နှစ်အမည်ဖြင့် တီဗွီအစီအစဉ်ကို ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။

သရဖီဒုတိယနှစ်ကျောင်းသူဘဝကရိုက်ခဲ့သောအစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြားမှ ချက်ချင်းလွှင့်မပေး၍ မလွှင့်ဖြစ်တော့ဘူးလို့တောင်ထင်ခဲ့သေးသည်။ တစ်နှစ်ကျော်ကျော်အကြာ နောက်ဆုံးနှစ် အပိုင်း(က)တက်နေမှ လွှင့်ဖြစ်ခဲ့သည်။

ကဲ– သရဖီဟာ လေဘာတီမမြရင်ဝင်စားသူ ဘယ်လိုဖြစ်နိုင်မှာတုံး။ မြရင်နှစ်ရယ်လို့ဖြစ်လာခြင်းမှာ အမှတ်မထင်ဖြစ်လာခြင်းသာဖြစ်ပါသည်။

ဒါကို ရန်တိုင်းအောင်ဆိုသူက ဘယ်ကဘယ်လိုရလာသည့် အသိတရားများနှင့် သရဖီ့ကို လေဘာတီမမြရင်ဝင်စားပါတယ်လို့ လာစွတ်စွဲနေတယ်မသိ။

သရဖီက ရန်တိုင်းအောင်ကို သူစိတ်ဝင်စားအောင် တမင်ဓာတ်လမ်းထွင်၍ လာချဉ်းကပ်တာလို့ပဲ ယူဆလိုက်ပါသည်။

သူမလို ဆေးကျောင်းသူတစ်ယောက်ကို မဟုတ်မဟတ် လုပ်ဇာတ်တွေခင်းပြီး ချဉ်းကပ်လာခြင်းသည် သူမကိုအထင်အမြင်သေးခြင်းဖြစ်သည်ဟုတွေးကာ စိတ်တောင်ဆိုးမိသေး၏။

ရန်တိုင်းအောင်ဆိုသူရယ်.. ခင်ဗျား ကျွန်တော့်ကိုစိတ်ဝင်စားရင်လဲ ရိုးရိုးတန်းတန်းလာပါလားဗျာ၊ ခုလိုပုံကြီးလုပ်လာတာတော့ ကျွန်တော့်ကိုအထင်သေးတာပဲ။ စိတ်ချ၊ ခင်ဗျားဒီလိုကြောင်ပုံမျိုးနဲ့တော့ ကျွန်တော်က ခင်ဗျားကိုစိတ်မဝင်စားဘူးဗျို့။

♣♣♣♣♣♣♣♣♣

လိုင်ထိပ်ထားထင်ကြေးပေးခဲ့သလို နောက်တစ်နေ့မှာ သူ ရောက်လာပါသည်။

ကျောင်းဝမှာထိုင်စောင့်နေတဲ့ ရန်တိုင်းအောင်ကိုတွေ့လိုက်တော့ သရဖီသည် စိတ်ပျက်မသွားပဲ ရယ်ချင်သွားလေသည်။

'ဟော– မလျှော့သောဇွဲလုံ့လနဲ့ ရောက်နေပြန်ပြီဟေ့'

သရဖီက ရန်တိုင်းအောင်ကိုအရင်မြင်ကာ လိုင်ထိပ်ထားကို ပြလိုက်သည်။

သရဖီတို့ထွက်လာတာမြင်တော့ သူကလည်း ဆိုင်ကယ်များအပ်ထားရာနေရာသို့လာကာ ကြိုစောင့်နေလေသည်။

‘ ခင်ဗျားဒဏ်ရာဘယ်လိုနေသေးလဲ၊ လမ်းတော့လျှောက်နိုင်သားပဲ ’

သရဖီကနှုတ်ဆက်လိုက်တော့ သူ့မျက်နှာရွှင်ပျသွားလေသည်။

‘ ဒဏ်ရာကမကြီးကျယ်ပါဘူး၊ ပွန်းပဲ့ရုံပါ၊ နေပူလို့သွေးထွက်များသွားတာ၊ မနေ့က ကျွန်တော့်အစ်ကိုလာကြိုတယ်လေ၊ ကျွန်တော် မသရဖီတို့ကိုနှုတ်ဆက်မလို့ကြည့်သေးတယ်၊ ဘယ်မှာ ရှာရမှန်းမသိလို့ ’

‘ ကိစ္စမရှိပါဘူးရှင်၊ နှုတ်မဆက်လဲရပါတယ်၊ ခင်ဗျား ရန်ကုန်မပြန်သေးဘူးလား ’

‘ ဗျာ– ဘာလို့မေးတာလဲ ’

‘ ရန်ကုန်ကဆိုလို့လေ ’

‘ မပြန်ချင်တောင် ပြန်ရဦးမှာပါဗျာ၊ မေမေက ပြန်လာဖို့ ရာဇသံပေးနေပြီ ’

‘ ဟုတ်တာပေါ့၊ ကိုယ့်အိမ်ကိုယ့်ယာ ကိုယ့်မိဘဆီပြန်သင့်တာပေါ့၊ ခင်ဗျား မန္တလေးမှာ ဘာလာလုပ်နေတာလဲ ’

‘ ကျွန်တော်လား၊ ဟောဒီက လေဘာတီမြရင်ဝင်စားတဲ့ကောင်မလေးကို အရင်ဘဝက နောက်ကြောင်းတွေသိအောင် ပြောပြဖို့လာတာ ’

‘ ခင်ဗျားတော်တော်ကြောင်တဲ့လူပဲဗျာ၊ ခပ်ထုံထုံမိန်းကလေးတွေကိုသာ ဒါမျိုးနဲ့သွားစည်းရုံး၊ သရဖီတို့ကတော့ မယုံရေးချ မယုံ၊ မယုံနောက်ပစ် မယုံ၊ မယုံ သေးသေးတင် မယုံထဲကပဲ ’

သရဖီ့စကားကြောင့် သူ့မျက်နှာပျက်သွားလေသည်။ လှိုင်ထိပ်ထားကပင် သရဖီ့ကိုတံတောင်နှင့်တွက်လိုက်၏။

‘ ကျွန်တော့်ကို စကားပြောဖို့အချိန်လေးသာပေးပါမသရဖီ၊ ကျွန်တော့်မှာ အထောက်အထားပြစရာတွေရှိပါတယ်၊ အခု မသရဖီတို့ ကုတင်၃ဝဝသွားမှာမှုတ်လား၊ ကျွန်တော်လိုက်ခဲ့ပြီး မသရဖီတို့ ဆင်းတဲ့အချိန်ထိစောင့်နေပါ့မယ် ’

‘ ကုတင်၃ဝဝက နေ့တိုင်းသွားနေရတာမဟုတ်ဖူး၊ ဒီနေ့အတန်းပြီးပြီ၊ ကျူရှင်တက်ဖို့ပဲကျန်တော့တာ၊ ခု အိမ်ပြန်နားမလို့ ’

‘ ကျွန်တော့်ကိုအချိန်နည်းနည်းပေးပါဗျာ၊ ကျွန်တော်ပြောစရာရှိတာလေး ပြောလိုက်ရရင်ကြေနပ်ပါပြီ၊ နောက်မလာနဲ့ဆိုရင် မလာပါဘူး၊ ကျွန်တော်ပြောမယ့်အကြောင်းလေးသာ နားထောင်ပေးပါဗျာ ’

သူက ကလေးဆိုးကြီးလို ဇွတ်တောင်းဆိုနေလေသည်။

သရဖီက လှိုင်ထိပ်ထားကိုလှည့်ကြည့်လိုက်ကာ–

‘ ဘယ်လိုလဲထိပ်ထား ’

–ဟု အကူအညီတောင်းသလိုမေးလိုက်သည်။

‘ ဟုတ်ပါတယ်ဟယ်၊ သူဘာတွေပြောမှာလဲ၊ နားထောင်ကြည့်သင့်တယ်၊ သူပြောတဲ့ပုံပြင်ဟာ ယုံသင့်မယုံသင့်ဆိုတာ နင် စဉ်းစားလို့ရတာပေါ့ ’

‘ ကဲ– ဒါဖြင့်ပြော ’

‘ ဟာ– ဒီနေရာမှာပြောရမှာလား၊ ကျွန်တော်ပြောမှာက အရှည်ကြီးဗျ ’

‘ ဒီလိုဆို ရှင်ပိုက်ဆံတော်တော်တော့ ရှင်းရလိမ့်မယ်နော်၊ လာ– ကော်ဖီဆိုင်မှာသွားပြောမယ် ’

လှိုင်ထိပ်ထားက ဝင်ဆုံးဖြတ်ပေးလိုက်သည်။

‘ ဒါပဲနော်၊ ခင်ဗျားပြောချင်တာပြောပြီးရင် နောက်မလာနဲ့ဆို မလာပါဘူးဆိုတဲ့ ခင်ဗျားစကားအတိုင်းပဲ၊ နားထောင်ပေးမယ်၊ ထပ်ပြီးတော့ ကျွန်မကိုမနှောက်ယှက်နဲ့တော့ ’

‘ ရပါတယ်ဗျာ၊ ကျွန်တော်ပြောမယ့်အကြောင်းတွေကို မသရဖီစိတ်ဝင်စားမှာပါ ’

ရန်လေးက ယုံကြည်စွာဖြင့်ပြောလိုက်လေသည်။

♣♣♣♣♣♣♣♣♣

သူသည် လွန်ခဲ့သောနှစ်ပေါင်းတစ်ရာလောက်က ရန်မျိုးနိုင်နှင့်မမြစိမ်းမှစခဲ့သောအဖြစ်များကို ပြောပြသွားခဲ့လေသည်။

တော်လှန်ရေးသမားရန်မျိုးနိုင်၊ ခေတ်ကာလအရ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မရှိရှာသည့် အိမ်တွင်းပုန်း မြန်မာအမျိုးသမီးလေး မမြစိမ်း။

ပြီးတော့ နောက်နှစ်ပေါင်းများစွာအကြာမှာ ပေါ်လာသည့် မမြစိမ်းဝင်စားသော အငြိမ့်မင်းသမီးလေး လေဘာတီမမြရင်။

ရန်မျိုးနိုင်ကတော့ မမြရင်အရွယ်အတော်ရောက်မှ ကြံတိုင်းအောင်အဖြစ် ထိုရွာမှာပင် လူဝင်စားပြန်ဖြစ်ခဲ့သတဲ့။

သူပြောပြသွားသောဇာတ်လမ်းမှာ နားထောင်လို့ကောင်းပါသည်။ အမှန်တကယ်အဖြစ်အပျက်တစ်ခုလို့တော့ ယုံဖို့ခက်သားကလား။ အဖြစ်အပျက်ထဲ၌ အပြင်မှာသက်ရှိထင်ရှား နာမည်ကျော်ကြားခဲ့သော အငြိမ့်မင်းသမီးမမြရင်က ပါဝင်နေသည်။

ဒါတွေကို အမှန်တွေပါလို့ ဘယ်သူက သက်သေခံမှာလဲ။

ဒါတွေဟာ သူဖတ်ဖူးတဲ့ဝတ္ထုတစ်ပုဒ်ဖြစ်ရင်ဖြစ်မည်။ ဒါမှမဟုတ် သရဖီ့ကို ချဉ်းကပ်ရလွယ်ကူဖို့ သူကိုယ်တိုင်စဉ်းစားဖန်တီးထားသော ဇာတ်ကွက်တစ်ခုဖြစ်ရင်ဖြစ်ပါလိမ့်မည်။

ဇာတ်လမ်းရှေ့မှာ ဘဝနှစ်ခုဖန်တီးပြလိုက်ပြီးမှ ထိုဘဝပိုင်ရှင်များသည် ယခုအချိန်တွင် သူနှင့် သရဖီဖြစ်သယောင် ပြောပြသွားခဲ့လေသည်။

‘ ခင်ဗျားဟာ စိတ်ကူးဉာဏ်တော်တော်ကောင်းတဲ့လူတစ်ယောက်ပဲ၊ ခင်ဗျား စာရေးဆရာလုပ်စားဖို့ ကောင်းတယ်၊ ဂမ္ဘီရဝတ္ထုတွေရေးပေါ့ဗျ ’

သရဖီက သူ့ဇာတ်ကြောင်းအဆုံးမှာ ပေါ့ပါးစွာရယ်မောရင်း မှတ်ချက်ချလိုက်တော့ ရန်လေးမျက်နှာ ပျက်သွားလေသည်။

‘ ဒါ စိတ်ကူးယဉ်တွေမဟုတ်ပါဘူးမသရဖီ၊ ကျွန်တော့်မှာ အထောက်အထားပြစရာတွေရှိပါတယ် ’

‘ အထောက်အထား၊ ဟုတ်လား၊ ခင်ဗျားက ရှေးရှေးတုံးက ဓာတ်ပုံတွေယူလာပြီး ဒါကတော့ ရန်မျိုးနိုင်ပါ၊ ဒါကတော့ မမြစိမ်းပါလို့ပြဦးမှာပေါ့ ’

‘ မဟုတ်ဖူး၊ ရန်မျိုးနိုင်နဲ့မမြစိမ်းပုံလဲ ပြစရာမရှိဘူး၊ ဒါ့ထက်ခိုင်လုံတဲ့အထောက်အထား ကျွန်တော့်မှာရှိပါတယ်၊ တောက်– ဘုန်းဘုန်းရဲ့မှတ်တမ်းကြီးကို တစ်ခါထဲယူမလာမိတာမှားတယ်ဗျာ ’

သူက တောက်တခေါက်ခေါက်နှင့် မချင့်မရဲပြောနေလေ၏။

‘ ထားပါတော့၊ ခင်ဗျားပြောတဲ့ဇာတ်လမ်းဟာ အမှန်လို့ပဲ၊ အဲဒါနဲ့ပဲ ကျွန်တော်က မမြစိမ်းတို့၊ မမြရင်တို့ဘဝက လာတဲ့သူဖြစ်ရရောတဲ့လား ’

‘ မြကလေး ’

ရန်လေးက သရဖီ့မျက်နှာကိုစေ့စေ့ကြည့်ရင်း မချင့်မရဲ ခေါ်လိုက်လေသည်။

‘ အို ’

သူ့အခေါ်အဝေါ်ကြောင့် သရဖီကြက်သီးတဖျန်းဖျန်းထသွား ရလေသည်။

‘ မြကလေးဟာ ဇာတိဿရဉာဏ်နည်းနေလို့ပါဗျာ၊ သရဖီဟာ မမြစိမ်းလဲဟုတ်တယ်၊ မမြရင်လဲ ဟုတ်တယ်ဗျ၊ သိရဲ့လား ’

‘ တော်ပါတော့၊ တော်ပါတော့၊ ဒီအကြောင်းတွေကြားရတာ ကျွန်တော့်ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ ကျွန်တော် မမြစိမ်းလဲမဖြစ်ပါရစေနဲ့၊ မမြရင်လဲမဖြစ်ပါရစေနဲ့၊ သူတို့ဘဝကိုလည်း အားမကျပါဘူး ’

‘ ဟုတ်ပါတယ်၊ မမြစိမ်းတို့ မမြရင်တို့ဘဝဟာ မလှခဲ့ပါဘူး၊ သူတို့လူဖြစ်ခဲ့ရတဲ့ ခေတ်ကာလ အလျောက် သူတို့မှာပွင့်လင်းခွင့်မရခဲ့ပါဘူး၊ ခုဘဝမှာတော့ သရဖီ့ဘဝဟာ လှနေပါပြီ၊ သရဖီဟာ မမြစိမ်း၊ မမြရင်ဘဝထက်သာလွန်နေပါပြီ ’

‘ အို– ဘာတွေပြောနေတာလဲ၊ သရဖီကသရဖီ၊ သူတို့က သူတို့ပါ၊ ဒီမယ် ကိုရန်တိုင်းအောင်၊ ခင်ဗျားက ကျွန်တော့်ကို ဘာဖြစ်လို့ အဲဒီအမျိုးသမီးတွေဝင်စားတာပါလို့ စွတ်စွဲနေရတာလဲဟင် ’

‘ ကျွန်တော်သိလို့ပေါ့ဗျာ၊ ကျွန်တော်က ရန်မျိုးနိုင်ကနေ ဦးကြံတိုင်းအောင်၊ ကျွန်တော့်အဘိုး

ဦးကြံတိုင်းအောင်ကနေ ကျွန်တော် ဝင်စားခဲ့တာကို အစဉ်အဆက်သိလာရတဲ့လူ၊ မြကလေး… အဲ–မသရဖီကိုလည်း တီဗွီမှာမြင်လိုက်ရကတည်းက အရင်ဘဝက မမြရင်ဆိုတာ ကျွန်တော်ချက်ချင်းသိလိုက်တယ် '

'မဖြစ်နိုင်ဘူး '

'သရဖီလက်ခံတဲ့အထိ ကျွန်တော်သက်သေပြမယ်ဗျ '

'နေပါဦး၊ ကျွန်တော်က မမြစိမ်း၊မမြရင်ဖြစ်ခဲ့တာ လက်ခံလိုက်ပြီတဲ့၊ ခင်ဗျားအတွက် ဘာအကျိုးထူးသွားမှာလဲ '

'ဘဝအဆက်ဆက် လွဲခဲ့ရတဲ့ မောင်မောင်နဲ့မြကလေးဘဝကို ဒီဘဝမှာ ပေါင်းရအောင်ကြိုးစားမှာပေါ့ '

'ဟာဗျာ၊ ခင်ဗျား '

'တကယ်တော့ မြနဲ့မောင်နဲ့ ခုမှတွေ့တာပါ၊ ဒီဘဝကျမှ မြနဲ့မောင် သက်တူရွယ်တူအနေနဲ့ ဆုံရတာပါ၊ သရဖီ– ခုခေတ်ဟာ မမြစိမ်းတို့ခေတ်ကလို လူလူချင်းအဆင့်အတန်းခွဲတဲ့ခေတ်လည်း မဟုတ်တော့ပါဘူး၊ မြနဲ့မောင်နဲ့ခုမှဆုံဖို့ ကံတရားကဖန်ဆင်းပေးတာပါ '

'တော်ပြီ၊ ကျွန်တော်ဒါတွေမယုံဘူး၊ ခင်ဗျားပြောတာတွေလည်း လက်မခံဘူး၊ တို့ပြန်ကြစို့ထိပ်ထား'

သရဖီသည် လိုင်ထိပ်ထားရှေ့မှာ သူလိုရာဆွဲပြောနေသော ရန်တိုင်းအောင်စကားများကို စိတ်ခုသွားကာ ထိုင်ရာမှထထွက်ခဲ့လေသည်။

ရန်တိုင်းအောင်ကတော့–

'သရဖီလက်ခံတဲ့အထိ ကျွန်တော်အထောက်အထားပြပါမယ်ဗျာ '

–ဟု လှမ်းပြောဖြစ်အောင်ပြောလိုက်ပါသေးသည်။

♣ ♣ ♣

တကယ်တော့ သူဟာ တစ်ဖက်လှည့်နဲ့ သရဖီ့ကို ရည်းစားစကားပြောလိုက်တာပါလား။ ဘဝအဆက်ဆက်လွဲခဲ့ရတာကို ခုဘဝမှာ ပြန်ဆုံရအောင်ကြိုးစားမယ်တဲ့။

ဝေးပါသေးတယ် ကိုရန်တိုင်းအောင်ရေ။ ခင်ဗျားဟာခင်ဗျားသာ တစ်ဖက်သတ်ကြိုးစားပေတော့။ ကျွန်တော်ကတော့ ခင်ဗျားပြောတဲ့ဇာတ်လမ်းကိုလည်းမယုံဘူး၊ ခင်ဗျားကိုလည်း မချစ်နိုင်ပါဘူး။

သရဖီက သူ့ကို ပစ်ပစ်ခါခါပြောကာ လိုင်ထိပ်ထားလက်ကို ဆွဲ၍ ကော်ဖီဆိုင်ထဲမှထွက်လာတော့–

'သရဖီကလဲဟယ်၊ အဲဒီလိုကြီး ရက်ရက်စက်စက်မပြောသင့်ပါဘူး၊ ရန်တိုင်းအောင်က ယုံယုံကြည်ကြည်နဲ့ပြောနေတဲ့ဟာကို '

သရဖီ့ကိုဝေဖန်ခဲ့သည်။

'သူသက်သေပြမယ်ဆိုတာကို စောင့်ကြည့်ဖို့ကောင်းပါတယ်ဟယ် '

'အောင်မယ်၊ သူသက်သေပြမယ်ဆိုတာ ဘာဖြစ်ရမှာလဲထိပ်ထားရဲ့၊ ဟိုးရှေးရှေးဓာတ်ပုံပေါ်ကာစက ရိုက်ထားတဲ့ ရှေးလူကြီးတွေဓာတ်ပုံကိုယူလာပြီး ဒါကတော့ ရန်မျိုးနိုင်ပါ၊ ဒါကတော့ မမြစိမ်းပါလို့ ပြမလို့နေမှာပေါ့၊ ကြံတိုင်းအောင်ဆိုတာကတော့ သူ့အဘိုးမို့လို့ ပြစရာဓာတ်ပုံ လွယ်လွယ်ကူကူရှိမယ်လေ၊ မြေအဖိုးဆိုတော့ ရုပ်ချင်းလည်းတူချင်တူမှာပေါ့၊ ဒါတွေပြနိုင်တာနဲ့ သူ့ဇာတ်လမ်းကြီးကို ငါကယုံရမှာလားဟဲ့ '

'ငါတော့ယုံတယ် '

လိုင်ထိပ်ထားက တွေးတွေးဆဆပြောသည်။

'တော်ပါပြီဟယ်၊ အူကြောင်ကြောင်ဇာတ်လမ်းထဲမှာ ငါမပါချင်ပါဘူး၊ ဒါတွေ တွေးတောင် မတွေးချင်တော့ဘူး '

မတွေးချင်ပါဘူးဆိုသော်လည်း တွေးမိနေရပြန်လေပြီ။

သူသည် သူ့ဇာတ်လမ်းကြီးကို သရဖီလက်မခံမချင်း တဂျီဂျီလာပြောနေတော့မည်ထင်ပါသည်။

သရဖီကလည်း သဘာဝလွန်ယုတ္တိမဲ့တာတွေကို မယုံတတ်တာနှင့်ခက်တော့သည်။

ရန်တိုင်းအောင်သည် ဘာကြောင့်များ ဂမ္ဘီရဆန်ဆန်ဖန်တီးချင်ရတာလဲ။

♣♣♣♣♣♣♣♣♣

နောက်တစ်နေ့မှာလည်း သူကျောင်းကိုရောက်လာလိမ့်မယ်လို့ သရဖီကမျှော်လင့်ခဲ့ပါသည်။

သို့သော် ရန်တိုင်းအောင်ရောက်မလာခဲ့ချေ။

သရဖီ့ရဲ့ပစ်ပစ်ခါခါအပြောကြောင့် သူစိတ်များပျက်သွားပြီလား။ ဒါပေမယ့် သူ့ပုံစံကတော့ တော်ရုံနှင့်အလျှော့ပေးမည့်ပုံမျိုး မဟုတ်ပေ။ သူယုံကြည်ရာကိုဇွတ်လုပ်မည့်ပုံ၊ ဇွဲရှိမယ့်ပုံမျိုးပါ။

'ရန်တိုင်းအောင်မလာဘူးနော်၊ ဘာဖြစ်လို့ပါလိမ့် '

လိုင်ထိပ်ထားက သတိတရပြောလိုက်ရာ သရဖီသည် သူ့အကြောင်းကိုအမှုမထားသယောင် ဟန်ဆောင်လိုက်လေသည်။

'အမလေး၊ နင်ကသတိရနေတယ်ပေါ့၊ မလာတော့ နားညည်းသက်သာတာပေါ့ဟဲ့ '

' နားညည်းသက်သာတာလား၊ နားထောင်ချင်နေတာလားဟယ်၊ နင်မျက်လုံးတွေက ရန်တိုင်းအောင်စောင့်နေကျ ကျောင်းဂိတ်ဝကိုရောက်နေလို့၊ ဟီဟီ '

'အမယ်၊ မဟုတ်ပါဘူးနော်၊ မကြည့်ပါဘူး '

သရဖီက ရှက်ရှက်နှင့် လိုင်ထိပ်ထားလက်မောင်းကို ထုလိုက်သည်။ ကျောင်းပေါက်ဝကိုလှမ်းကြည့်လိုက်မိတာ လိုင်ထိပ်ထားက မြင်ဖြစ်အောင်မြင်သွားပါသေးလား။

♣ ♣ ♣

သူသည် တကယ်ပဲရောက်မလာတော့ပါချေ။

လိုက်တုန်းကတော့ အသည်းအသန်ပင် သရဖီ့နောက်လိုက်ခဲ့သောရန်တိုင်းအောင်၊ သူ့ရဲ့လူဝင်စားဇာတ်ဆန်းကြီးကို သရဖီမယုံယုံအောင်လိုက်ပြောပြခဲ့တဲ့ရန်တိုင်းအောင်။ သရဖီက ပစ်ပစ်ခါခါ ပြောလိုက်တော့ အလွယ်တကူပင်နောက်ဆုတ်သွားပြီလား။

သရဖီ့ကို တီဗွီထဲမှာမြင်ကာ ရန်ကုန်ကနေ သရဖီနဲ့တွေ့ရှုံသက်သက်ဖြင့် မန္တလေးသို့လာခဲ့ပါသည်ဆိုသောသူသည် အဘယ်ကြောင့် အလွယ်တကူလက်လျှော့သွားပြန်ပါလိမ့်။

ရန်တိုင်းအောင်၏ အပြောအဆိုအမူအယာများထဲတွင် အလွယ်တကူအလျှော့မပေးတတ်၊ ဇွဲကြီးတတ်သောဟန်ပန်များကို မြင်တွေ့လိုက်ရသောသရဖီသည် ရန်တိုင်းအောင် နောက်တစ်ခါရောက်မလာတော့သည့်အတွက် အံ့သြနေမိလေသည်။

သရဖီကိုယ်တိုင်ကရော၊ ရန်တိုင်းအောင်ကို အပြတ်ရယ်လို့ ရန်တွေ့လွှတ်လိုက်ပြီးကာမှ ဘာလို့မျှော်နေမိပြန်ပါလိမ့်၊ သရဖီသည် ကိုယ့်အဖြစ်ကိုတွေးမိကာ ရှက်သွားရလေသည်။

ရန်တိုင်းအောင်ပြောသော လူဝင်စားဇာတ်လမ်းကိုမယုံသော်လည်း သူ့ကိုတော့ သရဖီသတိရနေမိပါကလား။

သရဖီသည် စာကြည့်စားပွဲတွင်ထိုင်ကာ ရန်တိုင်းအောင်အကြောင်းတွေးနေဆဲမှာပင် တယ်လီဖုန်းလာနေကြောင်းကို အိမ်ဖော်မလေးက လာပြောသည့်အတွက် ဖုန်းရှိရာသို့ထလာခဲ့လေသည်။

ဖုန်းကိုကောက်ကိုင်ကာ 'ဟယ်လို'-ဟုပြန်ထူးလိုက်ချိန်အထိ ထိုဖုန်းသည် ရန်တိုင်းအောင်ထံမှဖုန်းဖြစ်မည်ဟု မမျှော်လင့်ခဲ့ပါ။

'မြကလေး '

တစ်ဖက်မှခေါ်လိုက်သောရန်တိုင်းအောင်အသံကြောင့် သရဖီ တုန်လှုပ်သွားလေသည်။

'ဟင်-ခင်ဗျား၊ ခင်ဗျား ကျွန်တော့်အိမ်ဖုန်းနံပါတ်ဘယ်လိုသိတာလဲ '

'ထိပ်ထားကိုမေးထားတာပါ '

' ခင်ဗျားတော်တော်ထွင်တဲ့လူပဲနော်၊ ခင်ဗျား ဒီလိုပဲမိန်းကလေးတွေစိတ်ဝင်စားအောင် အမျိုးမျိုးစတန့်ထွင်နေတာပဲလားဟင် '

'ဘာတွေပြောနေတာလဲသရဖီရယ် '

' ခင်ဗျားက ကျွန်တော့်ဆီမလာပဲနေပြီး ကျွန်တော်မမျှော်လင့်တဲ့ အချိန်မှာ အိမ်ကိုဖုန်းဆက်တယ်၊ အဲဒီနည်းနဲ့ ခင်ဗျားကိုစိတ်ဝင်စားအောင်လုပ်နေတာမဟုတ်လား '

'မဟုတ်ရပါလားသရဖီ၊ ကျွန်တော်သရဖီ့ဆီမရောက်ဖြစ်တာက ရန်ကုန်ပြန်သွားလို့ပါ၊ အခု ရန်ကုန်ကဆက်နေတာပါ '

'ရှင်- ရန်ကုန်က '

' ဟုတ်ကဲ့၊ သရဖီ့ကိုပြမယ့်အထောက်အထားကို ရန်ကုန် ပြန်ယူတာပါ၊ ဒီမှာဗျာ မေမေက ကျွန်တော့်ကိုရေရေလည်လည်တင်းနေတယ်၊ မန္တလေးမှာကြာနေလို့တဲ့၊ မန္တလေးကိုနောက်တစ်ခေါက် လာဖို့တောင် မလွှတ်ဖူးပြောလို့ဗျ '

' အမေကိုယ်တိုင်ကမလွှတ်ရင် မလာနဲ့ပေါ့ '

' ဟာ– မလုပ်ပါနဲ့ဗျာ၊ သရဖီ့ကိုပြမယ့်အထောက်အထားဟာ ကျွန်တော့်ဘဝအတွက်အရေးအကြီးဆုံးပါ၊ ဒီအထောက်အထားကိုတွေ့ရင်တော့ ကျွန်တော့်စကားတွေအမှန်ဆိုတာ သရဖီယုံလာမှာပါ၊ ကျွန်တော် မန္တလေးကိုမလာလို့ဘယ်ဖြစ်မှာလဲဗျာ၊ ဒီမှာ သရဖီ၊ မေမေဘယ်လိုတားတားလေ၊ ကျွန်တော်က ဖြစ်အောင်လာမှာဗျ၊ မနက်ဖန်မနက်အစောကြီးထွက်မယ်. အဲမန္တလေးလက်မှတ်ဖြတ်ပြီးပြီ၊ မနက်ဖန် သရဖီတို့ ကျောင်းတက်ချိန်အမီ ကျွန်တော်ရောက်လာခဲ့မယ်၊ ဒါပဲနော် '

' အို '

♣♣♣♣♣♣♣♣♣

# စတုတ္ထပိုင်း

' အဲဒါကြီးကိုဖတ်ပြီး နင်ဘယ်လိုသဘောရသလဲထိပ်ထား '

ထိပ်ထားသည် သူမလက်ထဲမှ လျှောက်လွှာစာရွက်စာမျက်နှာ၇၀ခန့်ဖြင့်ချုပ်ထားသောစာအုပ်ကြီးကို ပြန်ကြည့်လိုက်သည်။ စာရွက်အနှောင့်များကို တဖျတ်ဖျတ်လှန်ရင်း လက်ရေးစာမူစာအုပ်ကြီးထဲမှ အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်လာမိလေသည်။

လက်ရေးဖြင့်ရေးထားသော ဖြစ်ရပ်မှန်ဆိုသည့် ဤစာမူကြီးကိုထိပ်ထား အစအဆုံးဖတ်ပြီးပါလေပြီ။

' ငါတော့ ယုံတယ်သရဖီ '

ထိပ်ထားက အလေးအနက်ပြောလိုက်သည်။

' ဘဲ့နဲ့လဲ၊ နင်ကောမယုံဘူးလား၊ ခုထိ မယုံချင်သေးဘူးလား '

ထိပ်ထားက တည်ကြည်ငြိမ်သက်နေသောသရဖီ့ကို အားမလိုအားမရမေးလိုက်သည်။

' ယုံပါတယ်၊ အဲဒီထဲမှာရေးထားသမျှတွေကတော့ ဖြစ်နိုင်တာတွေပါ၊ ဟုတ်လောက်ပါတယ် '

' ဟုတ်ကိုဟုတ်ပါတယ်၊ ဒါတွေဟာ ဖြစ်ရပ်မှန်တွေပါသရဖီ၊ နင်စဉ်းစားကြည့်လေ၊ ဒီစာအုပ်ကြီးကိုတော့ ရန်တိုင်းအောင်ဖန်တီးစီစဉ်လာတာ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး၊ လျှောက်လွှာစာရွက်တွေကိုကြည့်၊ နှစ်ကာလကြာလွန်းလို့ ဝါကျင့်ကျင့်ဖြစ်နေပြီ၊ ကျွတ်ဆတ်နေပြီ၊ ချိုးလိုက်ရင် ကျိုးကြေတောင်သွားနိုင်တယ်၊ နောက်ပြီး– မှင်နဲ့ရေးထားတဲ့အရေးအသား၊ ဖောင်တိန်ထဲမှာ မှင်ထည့်ပြီးစာရေးတဲ့ခေတ်ဟာ ကုန်ခဲ့တာကြာပြီဟ၊ ဒီစာတွေကို မှင်နဲ့ရေးထားမှန်း သိသာတယ်၊ မှင်တွေက တချို့နေရာမှာမှိန်နေပြီ၊ တချို့နေရာမှာ ရေထိပြီး ပြန့်နေတယ်၊ ဒါ့ထက်ပိုခိုင်လုံတာက လက်ရေးပဲ..

' လက်ရေးက ရှေးလူကြီးလက်ရေးလေ၊ အပင့်အရစ်တွေ၊ အသတ်တွေက ရှေးလူကြီးတွေ ရေးတဲ့ပုံအတိုင်းပဲ၊ ဒါဟာ ဘုန်းကြီးတစ်ပါးရေးခဲ့တာဆိုတာလဲ အသေအချာပဲ၊ ဒီစာအုပ်ဟာ အရေးပေါ် လုပ်ကြံဖန်တီးထားတဲ့စာအုပ်တော့ မဟုတ်ဖူးဟဲ့၊ လွန်ခဲ့သောနှစ်ပေါင်းများစွာက စာအုပ်တစ်အုပ်အစစ်ပဲ '

ထိပ်ထားက ရှည်လျားစွာဝေဖန်စီစစ်ပြနေသည်။

' နင်ပြောတာတွေ ဟုတ်ပါတယ်ထိပ်ထား၊ ဒီထဲကအဖြစ်တွေဟာ တကယ်ဖြစ်ခဲ့တာလို့ ငါယုံပါတယ်၊ ဒီစာကိုလည်း ဦးဉာဏဆိုတဲ့ဘုန်းကြီးတစ်ပါး အမှန်ရေးခဲ့တာပဲဖြစ်မှာပါ၊ ဒါပေမယ့် ငါ့စိတ်ထဲမှာ မတင်မကျဖြစ်နေတာက.. ဒီအဖြစ်တွေဟာ ငါနဲ့ဘာဆိုင်လို့လဲ၊ ရန်တိုင်းအောင်ဟာ ဒီစာအုပ်ထဲကဖြစ်ရပ်တွေကို စိတ်စွဲလမ်းပြီး ငါ့ကို မမြစိမ်းတို့၊ မမြရင်တို့ ဝင်စားပါတယ်လို့လာလုပ်နေတာပဲ '

' ဩော်.. သရဖီ၊ သရဖီ '

ထိပ်ထားက သက်ပြင်းကိုချကာ ငြီးတွားလိုက်သည်။

' သရဖီ၊ နင့်စိတ်ထဲမှာ ဒီစာအုပ်ထဲကအဖြစ်တွေကိုတော့ ယုံတယ်၊ တော်လှန်ရေးသမားရန်မျိုးအောင်ကနေ ဦးကြံတိုင်းအောင်၊ ဦးကြံတိုင်းအောင်ကနေမှ ရန်တိုင်းအောင်ရယ်လို့ ဝင်စားလာတာတွေကို ဘုန်းကြီးအရေးအသားအရယုံတယ်၊ ပြီးတော့ မမြစိမ်းကနေ မမြရင်ဝင်စားတာကိုလဲ ယုံတယ်၊ ဟုတ်တယ်မဟုတ်လား'

' ဟုတ်တယ် '

‘ နင်မယုံတာက နင်ဟာ မမြရင်ဝင်စားပါတယ်ဆိုတဲ့ကအဖြစ်ကိုပဲ၊ ကာယကံရှင်ဖြစ်တဲ့ နင်ကိုယ်တိုင်က လူဝင်စားမဟုတ်ပါဘူးလို့လက်ခံထားတော့.. နင့်ကိုမမြရင်ဝင်စားပါတယ်လို့ ရန်တိုင်းအောင်စွတ်စွဲတာကို မယုံဘူးပေါ့ ’

‘ အေး၊ အဲဒီအတိုင်းပဲ၊ ငါဟာငါပါပဲ၊ အရင်ဘဝဆိုတာရှိခဲ့လို့ ငါဘယ်သူပဲဖြစ်ခဲ့ဖြစ်ခဲ့ ငါစိတ်မဝင်စားဘူး၊ လက်လှမ်းမမီနိုင်တဲ့အကြောင်းတွေကိုလဲ တွေးပြီးလွမ်းမောမနေချင်ဘူး၊ ငါဟာ လက်ရှိဘဝမှာ သရဖီက သရဖီပါပဲဟာ ’

‘ အေးပါလေ၊ ရန်တိုင်းအောင်ရဲ့ယုံကြည်မှုကိုတော့ နင်အပြစ်မဆိုသင့်ဘူး၊ သူက မျိုးရိုးစဉ်ဆက်ဒီအဖြစ်တွေကိုသိလာခဲ့ရတယ်၊ ဒီမျိုးရိုး ဒီပတ်ဝန်းကျင်ထဲမှာပဲကြီးပြင်းခဲ့ရတယ်၊ ပြီးတော့ သူ့အဖိုးပြန်ပြီးဝင်စားတယ်ဆိုတာကိုလည်း သူ့မိဘတွေကိုယ်တိုင်က လက်ခံယုံကြည်ထားတယ်၊ သူ့ကိုလည်းပြောပြခဲ့တယ်၊ ဒီတော့ကာ သူ့ဘဝဟာ တော်လှန်ရေးသမားရန်မျိုးနိုင်ကနေ မြစ်ဖျားခံလာတယ်ဆိုတာကို အရိုးစွဲနေတာပေါ့၊ သရဖီ၊ အဲဒါတွေက အဲဒါတွေပဲ၊ နင် တကယ်စဉ်းစားရမှာက နင် ရန်တိုင်းအောင်ကို ပြန်ပြီးချစ်နိုင်မချစ်နိုင်ဆိုတာကိုပဲ ’

‘ ဘာ ’

‘ ရန်တိုင်းအောင်က နင့်ကိုချစ်ရေးဆိုသွားတယ်မဟုတ်လား၊ သူ့ကိုလက်ခံဖို့တောင်းဆိုသွားတယ်မဟုတ်လား ’

‘ သူချစ်ရေးဆိုသွားတယ်ဆိုတာကလဲဟယ်.. ’

ဆရာတော်ကြီးဦးဉာဏရေးသားခဲ့သည့် ဘဝစဉ်ဆက်ဖြစ်ရပ်မှန်စာအုပ်ကြီးကို လာပေးစဉ်က..

ရန်တိုင်းအောင်ပေးသောစာအုပ်ဟောင်းကြီးကိုကြည့်၍ သရဖီက အံ့သြသွားလေသည်။ သူမကိုပြုရန်ရန်ကုန်အထိ အထောက်အထားပြန်ယူပါသည်ဆိုစဉ်က ဓာတ်ပုံများကိုသာ သရဖီမျှော်လင့်ခဲ့လေသည်။ လက်ရေးဖြင့်ရေးထားသောစာအုပ်ဟောင်းကြီးကိုထိုးပေးသည့်အခါ သရဖီမစဉ်းစားတတ်အောင်ဖြစ်သွားလေ၏။

‘ အဲဒါကဘာလဲ ကိုရန်တိုင်းအောင် ’

‘ သရဖီ့ကိုပြမယ်ဆိုတဲ့ အထောက်အထားလေ၊ ကျွန်တော်ဟာ ရန်မျိုးနိုင်၊ ကြံတိုင်းအောင်ဆိုတဲ့ဘဝတွေက ဆင်းသက်လာတဲ့သူဆိုတာ ဒီစာအုပ်ကြီးက သက်သေခံပါလိမ့်မယ်၊ သရဖီဟာလဲ မမြစိမ်း၊ မမြရင်ဘဝကလာတဲ့သူဆိုတာ သိရပါလိမ့်မယ်သရဖီ၊ ဖတ်ကြည့်ပါဗျာ ’

သရဖီသည် စာအုပ်ကြီးကိုယူလာသော်လည်း အလေးအနက် မရှိခဲ့ပေ။ ညပိုင်းတွင် ဘုန်းတော်ကြီးဦးဉာဏရေးသားခဲ့သည့် အကြောင်းအရာများကိုဖတ်ကြည့်မှ လက်ကမချချင်အောင်စိတ်ဝင်စားသွားကာအစအဆုံးဖတ်ဖြစ်လေတော့သည်။

စာအုပ်၏နှစ်ကာလကြာမြင့်မှုအတိုင်းအတာ၊ ဘုန်းကြီးတစ်ပါးအမှန်တကယ်ရေးခဲ့သည်ဟု ယုံကြည်လောက်သော အရေးအသားများကြောင့် စာအုပ်ထဲမှအဖြစ်များကို သရဖီယုံကြည်သွားလေသည်။

သို့သော်.. သရဖီ၏ယုံကြည်မှုသည် စာအုပ်ထဲမှာပါသလောက်အထိသာ ယုံကြည်ခဲ့ခြင်းဖြစ်လေသည်။ စာအုပ်ထဲ၌ ရန်မျိုးနိုင်မှကြံတိုင်းအောင်၊ မမြစိမ်းမှမမြရင်အထိသာ ဘဝနှစ်ဆက်ဖြစ်တည်ခဲ့သည့်အကြောင်းများကို ဖော်ပြထားသည်မဟုတ်ပါလား။

ရန်တိုင်းအောင်က သူ့ကိုယ်သူ သူ့အဘိုးဦးကြံတိုင်းအောင် ထပ်မံဝင်စားသည်ဆိုသည်မှာ သူ့အပြောသာဖြစ်သည်။ အထောက်အထားမရှိချေ။

သရဖီ့ကိုလည်း မမြရင်တစ်ဖန်ထပ်၍ဝင်စားသည်ဆိုခြင်းမှာ ရန်တိုင်းအောင်တစ်ဦးတည်း၏ စွတ်စွဲချက်သာဖြစ်ပါသည်။

နောက်တစ်နေ့တွင် ရန်တိုင်းအောင်နှင့်တွေ့တော့..

‘ သရဖီ၊ စာအုပ်ဖတ်ပြီးပြီမဟုတ်လားဟင်၊ သရဖီဘယ်လိုသဘောရသလဲ၊ ကျွန်တော်ပြောတာတွေကိုယုံတယ် မဟုတ်လားဟင်’

‘ စာအုပ်ထဲကအဖြစ်တွေကိုတော့ ယုံပါတယ်ကိုရန်တိုင်းအောင် ’

‘ ဟာ.. သရဖီရယ်၊ ဝမ်းသာလိုက်တာဗျာ၊ ဒါဖြင့် မြနဲ့မောင်မောင်ဟာ အခုဘဝကျမှ သက်တူရွယ်တူအနေနဲ့ပြန်ဆုံရပြီဆိုတာကို မြကလေးလက်ခံတယ်ပေါ့နော် ’

‘ ဘာဆိုင်လို့လဲ ’

‘ မြကလေးယုံတယ်ဆို၊ သရဖီယုံတယ်ဆို ’

‘ ကျွန်တော်ယုံတယ်ဆိုတာက ဘုန်းကြီးဦးဉာဏရေးခဲ့တဲ့အကြောင်းတွေကိုယုံတာရှင့်၊ ကျွန်တော့်ကိုယ်ကျွန်တော် လေဘာတီမမြရင်ဝင်စားတယ်ဆိုတာကိုတော့ လက်မခံနိုင်ဘူး ’

‘ ဟာ– သရဖီရယ်၊ လက်ခံလိုက်ပါဗျာ၊ ဒါလောက်အထောက်အထားစုံနေပြီဟာကို၊ သရဖီ မမြရင်နဲ့တူနေတာတွေ၊ မမြရင်ကသလို ကနိုင်တာတွေဟာ မမြရင်ဝင်စားလို့သာပေါ့ဗျ ’

‘ မဆိုင်တာပဲ၊ ကျွန်မလေ့ကျင့်ထားလို့ပါ၊ ဘယ်သူမဆို လေ့ကျင့်ရင်ရပါတယ် ကိုရန်တိုင်းအောင်၊ ပြီးတော့ ကျွန်မကိုမမြရင်နဲ့တူပါတယ်ဆိုတာ ဘယ်လိုလုပ်အတတ်ပြောနိုင်မှာလဲ၊ အခုအချိန်မှာ အသက်ရှင်နေတဲ့သူတွေထဲက မမြရင်ကိုမြင်ဖူးတဲ့သူ ရှိတောင် မရှိနိုင်တော့ပါဘူး ’

‘ သရဖီရယ်၊ မြင်ဖူးသိဖူးတဲ့သူတွေထက် ကျွန်တော့်ရဲ့အထင်အမြင်တွေက ပိုပြီးခိုင်လုံပါတယ်၊ ကျွန်တော်ကိုယ်တိုင်က ရန်မျိုးနိုင်၊ကြံတိုင်းအောင်ဘဝကလာခဲ့တဲ့သူပါဗျာ၊ ဘဝအဆက်ဆက် ချစ်ခဲ့ရတဲ့ချစ်သူကို ကျွန်တော်သာအသိဆုံးပါမြကလေးရယ် ’

‘ အို.. ’

‘ မောင်မောင်တို့ချစ်သူနှစ်ဦးဟာ အခုဘဝကျမှသက်တူရွယ်တူအဖြစ်နဲ့ပြန်ဆုံရတာပါ မြကလေး၊ သံသရာတလျှောက်မှာ တစ်ယောက်နဲ့တစ်ယောက်ဆုံနိုင်ဖို့ဆိုတာ ခဲယဉ်းလှပါတယ်မြကလေးရယ်၊ ကံကြမ္မာဖူးစာကြုံလို့ ပြန်ဆုံရတဲ့ဘဝမှာ မလွဲပါရစေနဲ့တော့ မြကလေး၊ မောင်မောင်တို့ ဒီဘဝတော့ရအောင် ပေါင်းပါရစေကွယ်၊ မောင်မောင်အချစ်ကိုလက်ခံပါမြကလေး၊ မောင်မောင့်အချစ်ကို ဟိုအရင် မမြစိမ်းဘဝကလိုပဲ ပြန်ပြီးလက်ခံပါတော့မြကလေးရယ် ’

သူ့ကိုယ်သူရန်မျိုးနိုင်သဖွယ်ခံယူကာ ပြောကြားနေသော ရန်တိုင်းအောင်ကို သရဖီငေးကြည့်နေမိလေသည်။ ရန်မျိုးနိုင်အဖြစ် ဈာန်ဝင်နေသောရန်တိုင်းအောင်သည် ဟိုခေတ်ကအသုံးအနှုန်းများအတိုင်း သုံးနှုန်းကာ နက်နက်နဲနဲပင်ပြောနေရှာလေ၏။

သရဖီသည် ရန်တိုင်းအောင်ချစ်ခွင့်ပန်ခဲ့ပုံများကိုပြန်လည် မြင်ယောင်လာမိ၏။ သူချစ်ရေးဆိုသွားပုံကိုလည်း ထိပ်ထားကိုပြန်ပြောပြလိုက်သည်။

‘ ရိုးရိုးတန်းတန်းချစ်ရေးဆိုသွားတာမဟုတ်ဖူးဟဲ့၊ ဒီစာအုပ်ကြီးပေးဖတ်ပြီး ငါ့ကို မမြစိမ်း၊မမြရင်ဘဝကလာတဲ့သူလို့ အတင်းယုံကြည်ခိုင်းနေတာ၊ သူကငါ့ကို သရဖီအနေနဲ့ချစ်တာလား၊ မမြစိမ်းအနေနဲ့ချစ်တာလား၊ မမြရင်အဖြစ်နဲ့ချစ်တာလား၊ ကဲ–ငါက ဘာကိုယုံရမှာလဲ ’

‘ သြော်.. သရဖီရယ်၊ နင်စဉ်းစားရမှာက ဒါတွေမဟုတ်ပါဘူးဟယ်၊ ရန်တိုင်းအောင်ရဲ့ယုံကြည်မှုကိုခွင့်လွှတ်လိုက်ပါလို့ ငါပြောသားပဲ၊ နင့်စိတ်ထဲမှာခံပြင်းနေတာက နင့်ကိုလူဝင်စားလို့သတ်မှတ်ပြီး ချဉ်းကပ်လာတာကိုမဟုတ်လား၊ နင့်လို ဆေးသိပ္ပံကျောင်းသူတစ်ယောက်ကို သဘာဝလွန်ဖြစ်ရပ်တွေနဲ့ချဉ်းကပ်အယုံသွင်းတာလို့ထင်ပြီး နင်ခံပြင်းနေတာမဟုတ်လား ’

‘ ဟုတ်တယ် ’

‘ တကယ်တော့ နင်စဉ်းစားရမှာက ရန်တိုင်းအောင်ကိုချစ်နိုင်၊မချစ်နိုင်ပဲစဉ်းစားရမှာသရဖီ၊ နင်ကိုယ်တိုင် လူဝင်စားဇာတ်လမ်းကိုမယုံပါဘူးလို့ပြောတဲ့ကြားက နင့်စိတ်ထဲမှာရှုပ်ထွေးနေတာပါ၊ နင်ကိုယ်တိုင်က လူဝင်စားဇာတ်လမ်းကိုထည့်စဉ်းစားနေတာပါ ’

‘ ဘယ်လို ’

‘ စဉ်းစားကြည့်လေ၊ နင်ရန်တိုင်းအောင်ရဲ့အချစ်ကိုတုန့်ပြန်ဖို့စဉ်းစားရင် နင်စဉ်းစားရမှာက လက်ရှိရန်တိုင်းအောင်ကိုသာစဉ်းစားရမှာလေ၊ ရန်မျိုးနိုင်တို့ ကြံတိုင်းအောင်တို့ဆိုတာ ရှိမှမရှိတော့ပဲ၊ နင်နဲ့လဲဆိုင်မှမဆိုင်ပဲ၊ ဒီတော့ လက်ရှိရန်တိုင်းအောင်ဆိုတဲ့ လူတစ်ယောက်ကို ချစ်နိုင်မချစ်နိုင်သာ နင်ဆုံးဖြတ်ဖို့လိုပါတယ်၊ ရန်တိုင်းအောင် ယုံကြည်နေတဲ့ လူဝင်စားကိစ္စတွေဟာ လက်တွေ့မဆန်ပါဘူး၊ လက်ရှိဘဝနဲ့မပတ်သက်တော့ပါဘူး၊ သူ့ရဲ့ယုံကြည်ချက်ကိုလည်း ပြုပြင်ပေးစရာမလိုဘူး၊ ဒါတွေကို အသာထားလိုက်၊ နင်ဆုံးဖြတ်ဖို့က လက်ရှိရန်တိုင်းအောင်ဆိုတဲ့လူသားတစ်ယောက်ကို နင်ဆိုတဲ့သရဖီက ချစ်သူတစ်ယောက်အနေနဲ့ လက်ခံနိုင်၊မခံနိုင် ဆိုတာပဲ ’

‘ အို.. ’

‘ ငါပေးတဲ့အကြံကရှင်းရှင်းလေးပါ၊ နင့်စိတ်ထဲမှာရှုပ်ထွေးနေလို့ပါ၊ နင်က ရန်တိုင်းအောင်ကို ဂမ္ဘီရဆန်တဲ့နည်းနဲ့ချဉ်းကပ်လာလို့ အမြင်မကြည်မလင်ဖြစ်နေတာကို ခုကိစ္စမှာထည့်တွက်နေတာပါ၊ တကယ်တော့ သူ့ကို ချစ်နိုင်မချစ်နိုင်သာ ရှင်းရှင်းပြတ် ပြတ်စဉ်းစားဖို့လိုပါတယ်သရဖီ ’

♣ ♣ ♣

‘ သူက လူဝင်စားဇာတ်ကြောင်းကိုချည်းဖော်ထုတ်နေတော့ ငါလဲ စိတ်ထဲမှာမကြည်မလင်ဖြစ်နေမိတယ် ထိပ်ထားရယ်၊ ကြည့်လေ.. ဟောဒီမှာ ’


သရဖီကပြောရင်းမှ လွယ်အိပ်ထဲကစာအုပ်ကိုထုတ်ကာ စာအုပ်ကြားထဲမှ တစ်စုံတစ်ခုကိုထုတ်ယူလိုက်လေသည်။

ပြီးတော့ ထိပ်ထားကိုလက်ကမ်းပေးလိုက်၏။

ရန်ကုန်ပြန်မည့်ရက်တွင် သရဖီ့ကိုလာနှုတ်ဆက်ရင်း ထိုစာရွက်ကလေးကိုပေးခဲ့ခြင်းဖြစ်လေသည်။

‘ ဘဝနှစ်ခုလုံးလွဲခဲ့ရတဲ့မြနဲ့မောင်ဟာ အခုလိုပြန်ဆုံရတဲ့ တတိယဘဝလောက် အကြောင်းသင့်တာမရှိတော့ပါဘူးသရဖီရယ်၊ သုံးဘဝမြောက်ကျခါမှ မလွဲပါရစေနဲ့တော့သရဖီ ’

ထိုသို့ပြော၍ပေးခဲ့သောစာရွက်ကလေးအား ထိပ်ထားဖတ် ရန်ပေးလိုက်သည်။




‘ ဟင်– ဘဝသုံးခုကို ဇယားနဲ့သေချာဆွဲထားတာပဲ ’

‘ အဲဒါ သူကိုယ်တိုင်ဆွဲထားတာလေ ’

‘ ဒါဟာ နင့်အပေါ်မှာအလေးအနက်ထားတယ်ဆိုတာ သက်သေပဲသရဖီရဲ့၊ နင်ယုံတာမယုံတာက တစ်ပိုင်းလေ ’

‘ ငါ့အပေါ်မှာအလေးအနက်ထားတယ်၊ ဟုတ်လား ’

‘ ဟုတ်တယ်၊ အလေးအနက်ထားလို့သာ ဒါတွေဖြစ်လာတာပေါ့၊ အလေးအနက်ထားတယ်ဆိုတာလဲ နင်ဆိုတဲ့သရဖီအပေါ်မှာ အလေးအနက်ထားတာပါသရဖီ၊ မမြစိမ်းတို့မမြရင်တို့ကို အလေးအနက်ထားနေတာမဟုတ်ပါဘူး၊ မမြစိမ်းနဲ့မမြရင်ဟာ နင်နဲ့ရန်တိုင်းအောင်ဇာတ်လမ်းမှာ အဓိကမဟုတ်ပါဘူး၊ ဇာတ်ပို့လောက်ပါတဲ့သူတွေပါ၊ ရန်တိုင်းအောင်ဟာ နင့်ကိုအလေးအနက်ထားလွန်းလို့သာ ရန်ကုန်ကနေမန္တလေးအထိ အရောက်လာပြီး ချစ်ရေးဆိုခဲ့တာ မဟုတ်လားဟဲ့ ’

'အို'

'ဒီတော့ နင်စဉ်းစားဖို့က နင်ဟာ ရန်တိုင်းအောင်ဆိုတဲ့လူတစ်ယောက်ကို ချစ်သူအဖြစ် လက်ခံနိုင်မခံနိုင်ဆိုတာပဲရှိတော့တယ်'

'သူကလဲဇွတ်တရွတ်ကြီးပါပဲဟယ်၊ ရန်ကုန်ပြန်သွားတဲ့နေ့ ကတည်းက နေ့တိုင်းလို ဖုန်းဆက်ပြီးအဖြေတောင်းနေတော့တာပဲ'

သရဖီက သက်ပြင်းလေးကိုချပြီးပြောရှာလေသည်။

♣♣♣♣♣♣♣♣♣♣

ဖေဖော်ဝါရီလ၏မန္တလေးညချမ်းသည် နှင်းတွေဝေနေတုန်းပင်ရှိသေးသည်။ မန္တလေး၌ဖေဖော်ဝါရီလသည် ဆောင်းမကုန်တတ်သေးပေ။

ယခုနှစ်ဖေဖော်ဝါရီလ၏ တတိယပတ်အထိမှာ မြန်မာလို တပို့တွဲလဖြစ်လေသည်။

မန္တလေးဆေးတက္ကသိုလ်၏ကထိန်ပွဲကို နှစ်စဉ်တပို့တွဲလထဲ၌ကျင်းပလေသည်။

ရန်တိုင်းအောင်အဖို့ သည်တစ်ခါ မန္တလေးတက္ကသိုလ်ဝင်းထဲကိုရောက်ရတော့ ညအချိန်ကြီးဖြစ်လေသည်။

ရန်တိုင်းအောင်သည် ဇန်နဝါရီလထဲတုန်းက မန္တလေးသို့ရောက်ခဲ့ပြီးနောက်ပိုင်း မရောက်ဖြစ်တော့ချေ။ မြရင်နှစ်ကိုရှာမည်ဟုဆိုကာ ရန်ကုန်မှထွက်လာသည့်ပထမအခေါက်ကတည်းက မိခင်ဖြစ်သူ ဒေါ်ရှုတိုင်းယဉ်က မလွှတ်ချင်ခဲ့ပေ။ တစာစာပြန်ခေါ်နေခဲ့သည်။ သည်ကြားထဲ ရန်တိုင်းအောင်က မန္တလေးမှပြန်အလာပြပြီး နောက်တစ်ရက်မှာပင် လေယာဉ်နှင့်မန္တလေးနောက်တစ်ခေါက်ပြန်သွားတော့ မေမေစိတ်ဆိုးကျန်ရစ်လေသည်။

တကယ်တော့ ထိုအခေါက်က သရဖီ့ကိုပြရန် ဆရာတော်ဦးဉာဏ၏စာအုပ်ကြီးကို တစ်ခေါက်ပြန်ယူခဲ့ခြင်းသာဖြစ်ပါသည်။

တစ်ရက်ပဲဆိုင်းကာ မန္တလေးခိုးထွက်သွားသောအဖြစ်ကို မေမေဒေါ်ရှုတိုင်းယဉ် သိသွားသည်တွင် သူ့ကိုချက်ချင်းပြန်လာဖို့ ရာဇသံပေးလေတော့သည်။

ရန်တိုင်းအောင်လည်းဆက်မနေရဲတော့ပဲ ဘုန်းကြီး၏စာအုပ်ကြီးကို သရဖီဖတ်ဖို့ပေးခဲ့ကာ သရဖီ့ကိုလည်း သူ့ကို ပထမဘဝကအတိုင်း ပြန်ချစ်ဖို့ ချစ်ရေးဆိုခဲ့ပါသည်။

ရန်ကုန်ပြန်ရောက်တော့ သရဖီ့ဆီနေ့စဉ်လိုဖုန်းဆက်ပြီး အဖြေတောင်းပါသော်လည်း သရဖီက ရေရေရာရာပြန်လည်ဖြေကြား ခြင်းမပြုခဲ့ပါချေ။

တစ်လခြားသွားပြီဖြစ်သော ဖေဖော်ဝါရီလကျခါမှ ကျောင်းကထိန်ပွဲအမီလာခဲ့ရန် အကြောင်းကြားခဲ့ခြင်းဖြစ်လေသည်။

တကယ်တန်းအကြောင်းကြားသူမှာ သရဖီတော့မဟုတ်ပါပေ၊ သရဖီ၏အချစ်ဆုံးသူငယ်ချင်း လှိုင်ထိပ်ထားက ဖုန်းဆက်အကြောင်းကြားခဲ့ခြင်းဖြစ်ပါသည်။

'သရဖီက ရှင့်ကို ကထိန်ပွဲလာစေချင်တယ်၊ ရှင်လာဖြစ်အောင်လာခဲ့ပါ'

'ဘာအစီအစဉ်ရှိလို့လဲဟင်'

'လာဖြစ်အောင်သာလာခဲ့ပါကိုရန်တိုင်းအောင်ရယ်'

လှိုင်ထိပ်ထားကလည်း ပြည့်ပြည့်စုံစုံမပြောပဲ ဖုန်းကိုချပစ်ခဲ့သည်။

သရဖီ့ဆီဖုန်းဆက်တော့ ဖုန်းလာမကိုင်ပေ။ သရဖီ့ကိုခေါ်ပေးသူရှိသော်လည်း သရဖီကိုယ်တိုင်က ရန်တိုင်းအောင်ခေါ်သော ဖုန်းကို လာမကိုင်ခြင်းဖြစ်လေသည်။

ပဟေဠိဆန်လှပေ၏။

မည်သို့ဆိုစေ သရဖီကချိန်းသည်ဆိုတော့ ရန်တိုင်းအောင်သည် ချိန်းသည့်ရက်အတိုင်းရောက်အောင် လာခဲ့လေတော့သည်။

မန္တလေးသွားမည်ဆိုလျှင် မေမေကမလွှတ်မှန်းသိ၍ ရန်တိုင်းအောင်ခိုးထွက်ခဲ့ခြင်းဖြစ်ပါသည်။ ဦးလေးအိမ်မှာတည်းလျှင် မေမေသိမှာစိုး၍လည်း သည်တစ်ခေါက်တော့ ဟိုတယ်မှာပဲတည်းလိုက်၏။ သူရောက်နေကြောင်းလည်း အကြောင်းမကြားတော့ပေ။

ဆေးတက္ကသိုလ်နှင့်နီးသော 'တိမ်ဖြူဟိုတယ်'မှာ တည်းနေလိုက်သည်။ တိမ်ဖြူဟိုတယ်က ဆေးကျောင်းနှင့်အကွေ့တစ်ကွေ့ပဲ ဝေးလေသည်။

သရဖီချိန်းသောရက်မှာ ကျောင်းကထိန်ပွဲရက်ဖြစ်သည်။ ရန်တိုင်းအောင်သည် ကထိန်ရက်မတိုင်မီ တစ်ရက်ကြို၍ရောက်နှင့်နေသည်။

ရောက်ရောက်ချင်း ကျောင်းကိုသွားကြည့်သော်လည်း သရဖီ့ကိုရော၊ ထိပ်ထားကိုပါ မတွေ့ရချေ။ ကျောင်းသားများလည်း ကျောင်းတက်ကြပုံမရပဲ ကထိန်အတွက် ပြင်ဆင်လှုပ်ရှားနေကြတာ တွေ့ခဲ့ရ၏။

သရဖီ့အိမ်ဖုန်းဆက်ကြည့်ပြန်တော့လည်း ဆက်လို့ရသော်လည်း သရဖီက လာမကိုင်ခဲ့ပေ။ ထူးတော့ထူးခြားနေပေပြီ။

ရန်တိုင်းအောင်သည် လှိုင်ထိပ်ထားဆီသို့ပင် ဖုန်းဆက် စုံစမ်းရပြန်တော့၏။

‘ ရောက်နေပြီလား၊ မနက်ဖန်ညပိုင်းသာ ကျောင်းကထိန်ပွဲကိုရောက်အောင်လာခဲ့ပါ ကိုရန်တိုင်းအောင် ’

‘ ကျွန်တော့်ကိုဘာအတွက်ချိန်းတာလဲဗျာ ’

တစ်ဖက်မှလှိုင်ထိပ်ထားက အတန်ကြာတိတ်ဆိတ်သွား၏။

‘ သရဖီက ရှင့်ကိုအဖြေပေးမလို့တဲ့ ’

‘ ဟာ– အဖြေပေးမယ်၊ ဟုတ်လား၊ ဘယ်လို–ဘယ်လိုအဖြေမျိုးပေးမှာလဲဗျာ ’

‘ ဒါတော့ ကာယကံရှင်သူကိုယ်တိုင်ပဲသိမှာပေါ့၊ ရှင်မန္တလေးထိအောင်ရောက်နေပြီပဲ ကိုရန်တိုင်းအောင်၊ တစ်ရက်ကလေးအောင့် လိုက်ပါရှင် ’

ပဟေဠိဆန်စွာနှင့်ပင် စောင့်မျှော်ခဲ့ရသောကထိန်ညချမ်းမှာ ယနေ့တော့ရောက်ရှိလာပါပြီ။

ရန်တိုင်းအောင်သည် ညနေခင်းကတည်းကပင် ကထိန်ပွဲကျင်းပသည့် ကျောင်းဝင်းထဲသို့ ရောက်ရှိနေခဲ့သည်။

သရဖီ့ကိုလိုက်ရှာသော်လည်းမတွေ့၊ သရဖီ့ကိုလည်းမတွေ့၊ လှိုင်ထိပ်ထားကိုလည်း မမြင်မိပေ။

ရန်တိုင်းအောင်က ဆိုင်ကယ်ထားရာနေရာများသို့သွားကာ သရဖီနှင့်လှိုင်ထိပ်ထားတို့ဆိုင်ကယ်များကို ရှာသေးသည်။ ရှာလို့ မတွေ့ပေ။

ကျောင်းဝင်းထဲ၌ကား ကျောင်းသူကျောင်းသားများရှုပ်ယှက်ခတ်စည်ကားနေလေ၏။

အသိမိတ်ဆွေမရှိသောရန်တိုင်းအောင်သည် ယောင်ချာချာနှင့်ပင် ကျောင်းဝင်းထဲ၌ ဟိုဟိုသည်သည် လျှောက်သွားနေခဲ့သည်။

ညမှောင်လာတော့ စင်မြင့်ပြုလုပ်ထားရာနေရာမှ ဖျော်ဖြေ ရေးအစီအစဉ်များစတင်တော့မည်ဖြစ်ကြောင်း အသံချဲ့စက်မှကြေငြာလိုက်လေသည်။

ကျောင်းသားကျောင်းသူများနှင့်ဧည့်သည်များ စင်မြင့်ရှိရာသို့စုပြုံသွားကြလေသည်။ ရန်တိုင်းအောင်လည်း စင်မြင့်ရှေ့သို့ ရောက်သွားခဲ့လေ၏။

အသံချဲ့စက်မှ ဖျော်ဖြေရေးအစီအစဉ်များကိုကြေငြာလျှက်ရှိလေသည်။

‘ အစီအစဉ်၁အရ– နှုတ်ခွန်းဆက်ပဏာမသီချင်းကို မန္တလေးဆေးတက္ကသိုလ်အနုပညာအသင်း ကျောင်းသားကျောင်းသူများမှ သီဆိုတင်ဆက်မှာဖြစ်မှာတယ်ရှင် ’

‘ အစီအစဉ်၂အရ– ဖျော်ဖြေတင်ဆက်မှာကတော့ မန္တလေးဆေးတက္ကသိုလ်အနုပညာအသင်း တီးဝိုင်းနဲ့တွဲဖက်ပြီး ကျောင်းသူ ကျောင်းသားလေးများရဲ့ တေးဂီတဖျော်ဖြေမှုအစီအစဉ်ဖြစ်ပါတယ် ’

‘ အစီအစဉ်၃အရ– မန္တလေးဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က)ကျောင်းသူ မသရဖီရဲ့ မြရင်နှစ်အငြိမ့်ဖျော်ဖြေခန်းဖြစ်ပါတယ် ’

‘ ဟာ ’

ရန်တိုင်းအောင်၏အံ့သြမှုသည် နှုတ်မှပွင့်ထွက်သွားသည်ထိဖြစ်သွားလေသည်။

စင်မြင့်ဖျော်ဖြေရေးအစီအစဉ်တွင် သရဖီကိုယ်တိုင်ပါသည်ပဲ။

သူကတော့ ကထိန်ပွဲမှာချိန်းထား၍ ပွဲခင်းထဲမှာဆုံတွေ့ရမည်ဟုထင်ခဲ့သည်။

ရန်တိုင်းအောင်သည် စင်မြင့်ရှေ့နားရောက်သည်ထိတိုးလာခဲ့လေသည်။

ပွဲကစတင်ပါပြီ။

♣ ♣ ♣

အစီအစဉ်၁ဖြစ်သော နှုတ်ခွန်းဆက်ပဏာမသီချင်းမှာ မကြာလှသော်လည်း အစီအစဉ်၂တွင် ဝါသနာရှင်ကျောင်းသားကျောင်းသူများအားလုံး ဝင်ရောက်သီဆိုနေ၍ တော်တော်နှင့်မပြီးနိုင်ပဲရှိနေခဲ့လေသည်။

အစီအစဉ်၃တွင် မြရင်နှစ်အငြိမ့်လာတော့မည်ကိုသိထားသောရန်တိုင်းအောင်သည် တေးဂီတအစီအစဉ်ကို မနည်းသည်းခံကာ စောင့်ကြည့်နေရလေသည်။ ကျောင်းသူကျောင်းသား၃ဝခန့်က သီချင်းအပုဒ်၅ဝခန့်သီဆိုနေကြရာ ညဉ့်၁၂နာရီထိုးမှပင် ထိုအစီအစဉ်ပြီးဆုံးလေတော့၏။

မြရင်နှစ်အငြိမ့်လာပါပြီ။

တီဗွီအစီအစဉ်မှာဖျော်ဖြေခဲ့သောလူပျက်ကြီးများက ဦးစွာထွက်လာကာ ခွန်းထောက်များသီဆိုရင်း မြရင်နှစ်ကိုခေါ်လေသည်။

'ဘဝတွင်အစဉ်မြင့်.. အလှတွင်အယဉ်ဆင့်ပါတဲ့.. အိုဗျာ့ မြရင်နှစ်ကလေးရေ.. '

တီးလုံးနှင့်အတူ မြရင်နှစ်သရုဖီသည် စင့်ဒေါင့်မှ ကရင်း ပေါ်လာလေသည်။

သရုဖီသည် အဝါရောင်မင်းသမီးဝတ်စုံကိုဝတ်ဆင်ထားကာ တကယ်ပင် အလှတွင် အယဉ်ဆင့်၍နေပါ၏။ ဆံထုံးဘေးမှချထားသောဆံမြိတ်ကလေးများ ကလိုက်တိုင်းယိမ်းနွဲ့သွားလေသည်။ ပြင်ဆင်ထားပုံမှာ ဓာတ်ပုံထဲမှလေဘာတီမြရင်အလား တူလွန်းလှပေ၏။

မြရင်နှစ်က လေဘာတီမြရင်သီချင်းများကို တစ်ပုဒ်ပြီးတစ်ပုဒ်သီဆိုကပြသွားလေ၏။

'ကိုသောကြာရေ '

'ကိုရာဟု '

'ကျုပ်တို့မင်းသမီးလေးက လေဘာတီမြရင်နဲ့ မတူဘူးလားဗျ '

'တူပါ့ဗျာ၊ တူလွန်းလို့ မြရင်ကိုယ်တိုင်များ သေရာကထလာသလားလို့ထင်မှားရပါ့ဗျာ '

'အဲဒါကြောင့်လဲ ဒုတိယလေဘာတီ၊ နံပါတ်၂မြရင်ရယ်လို့ တင်စားပြီး မြရင်နှစ်ရယ်လို့ ထင်ပေါ်ကျော်ကြားလာရခြင်းမဟုတ်ပါလားအစ်ကိုတို့ '

'မှန်ပါ့၊ မှန်ပါ့ '

'ကျုပ်တို့မင်းသမီးလေးမြရင်နှစ်ကလဲ ခေသူမဟုတ်ဖူးဗျ '

'ဆိုပါဦးကိုအင်္ဂါရေ့ '

' မြရင်နှစ်ဟာ ဟောဒီမန္တလေးဆေးတက္ကသိုလ်ကြီးမှာ နောက်ဆုံးနှစ်အပိုင်းက ကျောင်းသူတစ်ယောက်ဗျ '

'အို–ပညာမှာလဲ တယ်တော်သကိုး '

'မနှစ်က ရုပ်မြင်သံကြားကနေ မြရင်နှစ်အငြိမ့်ကိုလွှင့်လိုက်လို့ တစ်နိုင်ငံလုံးကလည်း မြရင်နှစ်ကို သိသွားကြပြီဗျ '

' ဟုတ်ပေ့ဗျာ၊ တစ်တိုင်းပြည်လုံးကလည်း လေဘာတီအသစ်ကလေး မြရင်နှစ်ကို အားပေးကြချစ်ခင်ကြဆိုကိုး '

' ဒါ့ကြောင့်လဲ ဒီနှစ်ကျောင်းကထိန်ပွဲမှာ ပါမောက္ခကြီးကိုယ်တိုင်တာဝန်ပေးချက်အရ မြရင်နှစ်အငြိမ့်ဖျော်ဖြေခွင့်ရခဲ့တာ မဟုတ်လားအစ်ကိုတို့ရဲ့ '

'မှန်တာပေါ့ဗျာ '

' ကဲ–ကဲ– မြရင်နှစ်ကလေးကိုခေါ်ပါဦးဗျာ၊ လေဘာတီမြရင်နဲ့ ဘာလို့ဒါလောက်တူသလဲဆိုတာ မေးကြည့်ရအောင် '

'မြရင်နှစ်ရေ၊ အေ–မြရင်နှစ် '

'ရှင်..ရှင့် '

'ဟဲ့–မြရင်နှစ်၊ နင်ဟာလေဘာတီမြရင်နဲ့ ဘာလို့ ဒါလောက်တူနေရတာလဲဟဲ့ '

'မြရင်နှစ်က အမေလေဘာတီနဲ့ တကယ်ပဲတူလို့လား ဦးလေးတို့ရယ် '

'တူတာပေါ့ဟဲ့၊ တူတာမှ ရုပ်ကောအသံရောတူတာ '

'ပြောစမ်း၊ ပြောစမ်း၊ နင်ဟာ အရင်ဘဝက လေဘာတီမြရင်ကိုယ်တိုင်ပဲမဟုတ်လားဟင် '

' သြော်– ဦးလေးတို့ရယ်၊ ဘဝသံသရာဆိုတာကြီးကအရှည်ကြီးပါရှင်၊ သံသရာတလျှောက်မှာ သတ္တဝါတိုင်းဟာ ကံစီမံရာအတိုင်းလှုပ်ရှားရတယ်မဟုတ်လားရှင့် '

'ဆိုစမ်းပါဦးမိန်းကလေးရယ် '

' ဘဝတစ်ခုမှာ လူဖြစ်ရင်ဖြစ်မယ်၊ တိရစ္ဆာန်ဖြစ်ရင်ဖြစ်မယ်၊ ဘဝဆက်မပြတ်သရွေ့၊ နိဗ္ဗာန်မဝင်သရွေ့ သတ္တဝါဘဝမှာကျင်လည်လှုပ်ရှားကြရတာကိုး '

'အမယ်၊ ကြည့်စမ်း၊ တို့မင်းသမီးလေးက တရားသဘောကိုလည်း နားလည်သကိုး '

'ဟုတ်ပါ့ဗျာ '

' ဒီတော့ကာ မြရင်နှစ်ဟာ ဟိုအတိတ်ဘဝက လေဘာတီမမြရင်ဆိုတဲ့ဘဝကို ရရင်လဲရခဲ့မှာပေါ့ ဦးလေးတို့ရယ်၊ သို့သော်– '

'ဆိုစမ်းပါဦးဟ '

' ကာလသုံးပါးမှာ ပစ္စုပ္ပန်ကာလသည်သာ အရေးအကြီးဆုံးလို့ မြရင်နှစ်တို့ရဲ့ဗုဒ္ဓကလဲ ဟောကြားခဲ့တယ်မဟုတ်လားရှင့် '

'အမလေး၊ နှံ့စပ်လိုက်တာနော်၊ ဘုရားဟောလဲ သူသိသဟ'

' အဲဒီတော့ အတိတ်ဘဝ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ လက်ရှိ ပစ္စုပ္ပန်ကာလကိုသာ တန်ဖိုးကြီးမားအောင်လုပ်ဖို့ရှိပါတယ် ဦးလေးတို့ရယ်'

'ဟုတ်ပါဘိကွယ်၊ သမီးလေးမြရင်နှစ်က လက်ရှိဘဝကို တန်ဖိုးရှိအောင် ဘာများလုပ်မလို့လဲကွဲ့ '

'ပိုက်ဆံချမ်းသာတဲ့ယောကျာ်း ရှာယူမှာပေါ့ကွ '

' အို–စကားကောင်းပြောနေတဲ့ကြားထဲ မင်းက ဝင်မနှောက်ပါနဲ့၊ ကဲ–ဆိုပါဦးသမီးရယ်၊ သမီးက ဘဝကိုတန်ဖိုးရှိအောင် ဘာများကြိုးစားကြံစည်မလဲကွဲ့ '

' သမီးလား၊ သမီးမြရင်နှစ်ကလေ၊ ဟောဒီကျောင်းတော်ကြီးကသင်ကြားပေးလိုက်တဲ့ ဆေးပညာရပ်များနဲ့ ပြည်သူလူထုကို အကျိုးပြုမှာပေါ့ဦးလေးရဲ့ '

'ဟယ်–ကောင်းလိုက်တဲ့ရည်ရွယ်ချက်ဟယ်၊ မြင့်မြတ်လှချည်လားမြရင်နှစ်ရဲ့ '

'အသပြာမမက်တဲ့ ပြည်သူ့အကျိုးပြု စေတနာဆရာဝန်တစ်ယောက်ဖြစ်အောင် သမီးကြိုးစားပါ့မယ်ဆိုတာ ကျောင်းတော်ကြီးနဲ့တကွ သမီးကိုဆေးပညာရပ်များသင်ကြားပေးတဲ့ ဆရာ၊ ဆရာမအပေါင်းကိုတိုင်တည်ပြီး သစ္စာဆိုလိုက်ပါတယ် ဦးလေးတို့ရယ် '

သရဖီက ထိုစကားရပ်ကိုအလေးအနက်ထားကာ ကျောင်းဆောင်ကြီးကိုလက်အုပ်ချီရင်း လှိုက်လှဲစွာပြောကြားလိုက်လေ၏။

လက်ခုပ်သံများသည်လည်း ဟိန်းထွက်လာလေသည်။

ရန်တိုင်းအောင်သည် စင်ပေါ်မှမြရင်နှစ်ပြောစကားများကို ဆန်းစစ်ကာ အမျိုးမျိုးစဉ်းစားနေမိလေ၏။ သရဖီက သူ့ကိုအဖြေပေးမည်ဟုဆိုကာ ဤပွဲကိုချိန်းဆိုခဲ့ခြင်းဖြစ်သည်။ ယခုစင်မြင့်ပေါ်မှပြောစကားများတွင် ယခင်ဘဝဟောင်းထက် လက်ရှိဘဝကသာ အရေးကြီးကြောင်းများကိုပြောသွားခဲ့၏။ ဇာတ်တိုက်ထားသည့်အတိုင်း ပြောခြင်းလား၊ ဆရာများအလိုကျ အကွက်ဆင်၍ပြောခြင်းလား၊ သို့မှမဟုတ် သူ့ကိုဖိတ်ခေါ်ထားသည့်ပွဲတွင် သူ့ကိုချွတ်ချင်၍ တမင်သက်သက်ပြောခြင်းလား။

ထိုစကားများသည်ပင် သရဖီ သူ့ကိုပေးမည့် အဖြေများပင်လား။

' ကောင်းပါပေ့၊ ကောင်းပါပေ့၊ ရုပ်ကလေးကလဲချော၊ အသံလေးကလဲကောင်း၊ အကလေးကလဲကောင်းသလို စိတ်ထားလေးကလဲ မြင့်မြတ်လှပါပေတယ်မိန်းကလေးရေ '

' အဲဒါကြောင့် မြရင်နှစ်ဟာ ယခင်တစ်ဘဝက ဘယ်သူပဲဖြစ်ခဲ့ဖြစ်ခဲ့ အရေးမကြီးပါဘူးလို့၊ ကျွန်မကို အမေလေဘာတီမမြရင် ဝင်စားပါတယ်လို့ အထင်ရောက်နေသူများကိုလည်း ကျေးဇူးတင်ပါတယ်လို့၊ တကယ်တော့ လေဘာတီမမြရင်ဆိုတာဟာ သူ့ခေတ်သူ့အခါက သဘင်နယ်မှာ တစ်ခေတ်တစ်ယောက် ထွန်းတောက်ကျော်ကြားခဲ့တဲ့ သဘင်ဥသျှောင်မင်းသမီးကြီးတစ်လက်မဟုတ်လားရှင့် '

'မှန်ပါပေ့ကွယ် '

'ဒီတော့ ကျွန်မကို လေဘာတီဒေါ်မြရင်ဝင်စားပါတယ်လို့ ပြောဆိုကြခြင်းဟာလဲ ချီးမြှင့်မြှောက်စားခြင်းတစ်မျိုးမို့ ဂုဏ်လဲယူ၊ ဝမ်းမြောက်ဝမ်းသာလဲဖြစ်မိပါတယ် '

'ဒါပေါ့ကွယ် '

'လူတူမရှား နာမည်တူမရှားဆိုတဲ့စကားလဲရှိသေးတယ်မဟုတ်လားဦးလေးတို့ရဲ့ '

'ဆိုစမ်းပါဦးမြရင်နှစ်ရေ '

' မြရင်နှစ် လေဘာတီနဲ့တူတာဟာ တိုက်တိုက်ဆိုင်ဆိုင် တူညီတာလဲဖြစ်နိုင်တာကိုးဦးလေးရဲ့ '

' တိုက်ပဲတိုက်ဆိုင်နိုင်လွန်းသဟာ၊ နင့်ဟာက ရုပ်ရော၊ အသံရော၊ အကကောင်းပုံရော တူနေတာဟ '

' ဩော်– ဒါ့ကြောင့်လဲ အမေလေဘာတီသီချင်းများကို ပြန်လည်ဖော်ထုတ်ရင်းနဲ့ ပရိသတ်ကြီးကို လေဘာတီမမြရင်သဖွယ် ဖျော်ဖြေခွင့်ကြုံနေရတာပေါ့ဦးလေးတို့ရဲ့၊ ကဲ– ဦးလေးတို့က အတိတ်အကြောင်းကိုပြောကြလွန်းလို့ သမီးမြရင်နှစ်ကလဲ အတိတ်ကိုတမ်းတတဲ့သီချင်းလေးတစ်ပုဒ်နဲ့ ကပြဖျော်ဖြေပါရစေဦးရှင် '

' တယ်ဆိုတဲ့စာပါလားဟေ့၊ ဘာသီချင်းနဲ့များကပြမလို့လဲ ကလေးမရဲ့ '

' ရွှေပြည်စိုးဆိုတဲ့သီချင်းလေးပါ၊ အမေလေဘာတီရဲ့သီချင်းလေးပါပဲ '

' ရွှေပြည်စိုး '

' ဟုတ်ကဲ့၊ ဒေါ်မြရင်က ရွှေပြည်စိုးသီချင်းလေးထဲမှာ သူငယ်စဉ်ကနေခဲ့တဲ့ရွာကလေးကို ဒီလိုလွမ်းပြထားတယ်ဦးလေးတို့ရဲ့ '

' ကြားစမ်းပါရစေလားမြရင်နှစ်ရေ '

' စိမ်းလဲ့လဲ့ညိုပြာ × × × ယိမ်းနွဲ့နွဲ့လိုရာ … .. နေခြည်ကလည်း မထိုးရပါကလား × × × ဩော်.. နေခြည်ကလည်း မထိုးရပါကလား× ×

တို့ရွာသာမှာ × × × မမြရင်ဟိုယခင်နေခဲ့တဲ့ရွာ.. ရွာ.. ရွာ.. မှာ× × ×
စိမ်းလဲ့လဲ့ညိုပြာ × × × ယိမ်းနွဲ့နွဲ့လိုရာ × × ရေနဒီက လည်း တိုးလို့ပါကလား× × ×
ရွှေပြည်စိုး× × × ရွှေပြည်စိုး× × × ရွှေပြည်စိုး× × × လွမ်းပိုဖွယ်ရာ × × ×
မြန့်မောင်နဲ့ ခုမှတွေ့တာ
လူပါးမဝခင်တုန်းက ပြောကြတော့ရယ်စရာပါ
*အာ–– ငှား ငှား ငှား ငှား × × × ငှားငှားငှားငှား … .*
မြန့်မောင်နဲ့ ခုမှတွေ့တာ
လူပါးမဝခင်တုန်းက ပြောကြတော့ရယ်စရာပါ× × ×
ထမီလေးတိုတိုဝတ်ကာ မြင်ယံစဉ်မှာ× × လူထဲမဝင်ခင်သေးမို့× × × အလုပြင်ဆင်ရှာ × × ×
ရင်ရင်ကုန်ကုန်ပြောမယ် × × × တောတစ်သက်မို့ × × × ဘယက်ဒွါဒရာ × ×
ရွှံ့တွေကပ်စိ ကပ်စိ ပုတီးလုပ်ကာသုံးတတ်ပါတယ် × × အုန်းမှုတ်ခွက်ကို ရှာ–ရှာ× ×
ဒေါ်လာပြားက ဆယ့်ငါးပြားလောက် ဆွဲတတ်တာ × × ×
ကိုကိုများကမြောက်စားပေမယ့် ဟိုတုန်းကလောက်မပျော်ပါ × × ×
ကိုကိုများကမြောက်စားပေမယ့် ဟိုတုန်းကလောက်မပျော်ပါ × × ×
ကျွန်မတို့ဆီကို လိုက်လို့ပို့ပါ× × × လိုက်လို့ပို့မယ် ပြောလို့ သူညာ× ×
မရောက်တာကြာတာ နွမ်းနယ်နေရှာ × ×
အတောဘယ်လိုတောတော× × × အဆန်းဘယ်လိုပြောပြော × ×
နားဝင်ချိုအောင်ဘယ်လိုပြောပြော × × ×
သဘောအကြိုက်ကိုဖြင့် မလိုက်နိုင်ပါပြီတစ်ခါ× × ×
ရွှေပြည်စိုး× × ရွှေပြည်စိုး× × ရွှေပြည်စိုး.. .. .. လွမ်းပိုဖွယ်ရာ× × '

မြရင်နှစ်က အတီးပိုဒ်တွင် ညက်ညောစွာကပြီးနောက် သီချင်းကိုအဆုံးသတ်လိုက်လေသည်။

' ဟယ်–– ကောင်းလိုက်တဲ့အသံ၊ ကောင်းလိုက်တဲ့အကလေးဟဲ့ '

' မြရင်နှစ်က သူငယ်ငယ်ကနေခဲ့ရတဲ့ရွာကလေးကို လွမ်းဆိုကိုးကိုရာဟုရဲ့ '

' ဟုတ်ပါ့ဗျာ၊ ရွာကလေးတင်ဘယ်ကမလဲကွ၊ ငယ်ငယ်က သူငယ်ချင်းတွေကိုတောင် လွမ်းသေးဆိုပဲ၊ ဆိုသွားတာကြည့်ပါလား၊ ငယ်ငယ်တုံးက ရွှံ့တွေကိုပုတီးလုပ်ဆွဲပြီးကစားတာတောင် သီချင်းထဲမှာပါသေးတယ် '

' ဟုတ်ပါ့ဗျာ၊ အုန်းမှုတ်ခွက်ကိုလဲ ဒေါ်လာပြားလုပ်ဆွဲသေးသတဲ့၊ တော်တော်ကပ်သီးကပ်သပ်ဆော့တာပဲနော် '

' ဒါနဲ့နေပါဦးဗျာ့၊ သီချင်းထဲမှာ ငှား–ငှား–ငှား၊ ငှား–ငှား– ငှားနဲ့ကြားလိုက်ပါတယ်၊ အဲဒါဘာငှားတာတုံးဗျ '

‘ အို–ခင်ဗျားကလဲ လုပ်ရော့မယ်၊ ငှားတဲ့အကြောင်းဆိုတာ မဟုတ်ဖူးဗျ၊ မေးရိုက်မေးဝဲအသံလို့ ခေါ်တယ်၊ အောက်မေးကလေးကို ကစားပြီးဆိုတာ၊ ဒီလိုဆိုပုံမျိုးကို လေဘာတီဒေါ်မြရင်တို့ပဲဆိုတတ်တယ်၊ မြရင်နှစ်ကို လေဘာတီအသံအတိုင်းတစ်ထေရာထဲတူအောင် သီချင်းဆိုပုံဆိုနည်းပါ လေ့ကျင့်ပေးထားတာဗျ’

‘ တယ်ဟုတ်ပါလားဟေ့ ’

‘ ဟုတ်ပါတယ်ဦးလေးရယ်၊ အဲဒီ အားငှား× × ငှား× × ငှား ငှားဆိုတဲ့အသံလေးဟာ အမေလေဘာတီဆိုတဲ့အတိုင်းဆိုထားတာပါ၊ အမေရဲ့မူရင်းဓာတ်ပြားကိုနားထောင်ဖူးတဲ့လူကြီးတိုင်းသိကြပါတယ်၊ မြရင်နှစ်က အမေ့မူအတိုင်းမပျက်အောင် ကြိုးစားပြီးဆိုကြည့်လိုက်တာပါ ’

‘ သြော်– ဒီလိုကိုး ’

‘ ဦးလေးတို့ရေ ’

‘ ဗျာ–ဗျ ’

‘ မြရင်နှစ်ဆိုခဲ့တဲ့ရွှေပြည်စိုးသီချင်းလေးက အမေလေဘာတီဆိုခဲ့တဲ့ သီချင်းလေးပါ၊ ဒီသီချင်းလေးကို တေးရေးဆရာကြီးနန်းတော်ရှေ့ဆရာတင်က ရေးစပ်ခဲ့တာပါ ’

‘ ဟုတ်ပါပေ့၊ မှန်ပါပေ့ ’

‘ အချိန်လဲသိပ်မရှိတော့ဘူးဦးလေးတို့ရေ၊ ဒီတစ်ခါတော့ ပွဲပိတ်နောက်ဆုံးအနေနဲ့ မြရင်နှစ်က သီချင်းလေးတစ်ပုဒ်နဲ့ဖျော်ဖြေချင်သေးတယ်ဦးလေးတို့ရဲ့ ’

‘ ဘာသီချင်းများလဲဟဲ့ ’

‘ ရွှေပြည်စိုး–တဲ့ ’

‘ ဟဲ့–ရွှေပြည်စိုးသီချင်းက အခုလေးတင်ဆိုပြီးပြီလေ ’

‘ ဟုတ်ပါရဲ့မြရင်နှစ်ရယ်၊ နင်ကလဲမေ့တတ်လိုက်တာ၊ ရွှေပြည်စိုးသီချင်းက အခုပဲဆိုပြီးကာစ ရှိသေးတာကိုး ’

‘ မြရင်နှစ်မမေ့ပါဘူးဦးလေးတို့ရဲ့၊ အခုဆိုမယ့်သီချင်းလေး နာမည်ကလဲ ရွှေပြည်စိုးပဲ၊ သမီးဆိုခဲ့တဲ့ ရွှေပြည်စိုးသီချင်းနဲ့ခေါင်းစဉ်ချင်းသာတူတာ၊ သီချင်းစာသားတွေကမတူပါဘူး ’

‘ အမယ်၊ တယ်ဟုတ်ပါလားဟေ့၊ ဒါဖြင့် အခုဆိုမယ့်ရွှေပြည်စိုးသီချင်းက နင့်ကိုယ်ပိုင်သီချင်းပေါ့ ’

‘ မြရင်နှစ်မှာ ကိုယ်ပိုင်သီချင်းမရှိပါဘူး၊ အမေလေဘာတီကို ဂုဏ်ပြုပြီး လေဘာတီမြရင်သီချင်းတွေနဲ့ချည်း ဖျော်ဖြေခဲ့တာပါ၊ အခုဖျော်ဖြေမယ့်သီချင်းလေးကတော့ ရေးရေးကမြန်မာအမျိုးသမီးတစ်ယောက် ရေးစပ်ခဲ့တဲ့သီချင်းပါ၊ ဒီသီချင်းလေးဟာ ဘယ်ပွဲလမ်းသဘင်မှာမှ သီဆိုခွင့်မကြုံရသေးတဲ့ သီချင်းလေးပါရှင်၊ သီချင်းရဲ့ သက်တမ်းဟာကြာပြီဖြစ်ပေမယ့် ပရိသတ်အတွက်တော့ သီချင်းအသစ်လေးတစ်ပုဒ်ပါပဲလို့ ’

‘ ညွှန်းလှချည်လားမြရင်နှစ်ရေ ’

‘ ချစ်သူကိုလွမ်းနေရတဲ့မိန်းကလေးတစ်ယောက်ဖြစ်အင်ကို စပ်ဆိုထားတဲ့သီချင်းလေးပါရှင် ’

‘ ကြားချင်လှပြီကွယ်၊ နားဆင်သချင်လွန်းလို့.. အလိုဗျ–မြရင်နှစ်ရေ.. ကြားပါရစေတော့လား ’

♣ ♣ ♣

ရွှေပြည်စိုးဆိုသည့်သီချင်းခေါင်းစဉ်။ ချစ်သူကိုလွမ်းနေရတဲ့ မိန်းကလေးတစ်ယောက်ဖြစ်အင်ဆိုသည့် အညွှန်းစကား။

ရန်တိုင်းအောင်စိတ်ဝယ် မောင်ညိုတစ်ဖြစ်လဲ ဘုန်းတော်ကြီးဦးဉာဏရေးသားခဲ့သည် အထုပ္ပတ္တိကြီးထဲမှ မမြစိမ်းစပ်ဆိုခဲ့သည့် ရွှေပြည်စိုးသီချင်းလေးကို အမှတ်ရသွားလေသည်။

သရဖီသီဆိုမည့်သီချင်းသည် ထိုသီချင်းလေးပေပဲလား။

မမြစိမ်း၏ရွှေပြည်စိုးသီချင်းသည် စာသားအဖြစ်သာ စာအုပ်ထဲ၌ ပါဝင်ခဲ့ခြင်းဖြစ်ပါသည်။ သရဖီမည်သို့ သီဆိုမည်နည်း။

ရန်တိုင်းအောင်တွေးနေဆဲမှာပင် ပတ္တလားဖြင့်အတောသံ ထွက်ပေါ်လာကာ ရွှေပြည်စိုးသီချင်းသံလေးကို ကြားလိုက်ရလေ၏။

*“ မြိုင်ယံတောလုံးဖြင့် ပင်မြင့်ပင်ဆင့် အလွန်တင့်လှသရှင် × × ×*
*ဖော်မစုံ မယ့်တစ်ကိုယ်တည်း စိမ့်ကြီးမြိုင်ကြီးရိပ်ကြီး အောက်တွင် × × ×*
*သခင် .. .. .. သခင် .. .. .. သခင် .. .. ..*

*လှမ်းလာတော်မူပါလှည့် ချစ်သောမယ့်သခင် × × ×*
*ရှင်.. ရှင်.. ရှင်..*
*ခေါ်လေသလား တစ်ပါးမယ့်သခင် × × ×*
*အုံ့ဆိုင်း.. ညို့မှိုင်း.. မြူလိုင်းကြားက အသံရှင်× × ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × ရွှေပြည်စိုးတဲ့ ငှက်ကလေးအသံပေး ဆိုတေးသီသံစဉ် × ×*
*ဟင်.. မောင်မဟုတ်ပါလား× ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × ရွှေပြည်စိုးတဲ့ ငှက်ကလေးအသံပေး ဆိုတေးသီသံစဉ် × ×*
*မယ့်ကိုလှောင်သလား× × × ပျို့ကိုလှောင်သလား× × ငှက်ဆိုးလေးလို့ ဆိုများဆိုချင်× ×*
*ရွှေပြည်စိုး× × ရွှေပြည်စိုး × × × ရွှေပြည်စိုးတဲ့ လွမ်း.. ပို.. အောင်.. ပင်.. × × ”*

သီချင်းဆုံးသည်နှင့် အချပိုဒ်တွင် မြရင်နှစ်က ပရိသတ်ကို ကန်တော့ကာ အငြိမ့်ခွင်ကို အဆုံးသတ်လိုက်လေသည်။

♣♣♣♣♣♣♣♣♣

အငြိမ့်ခွင်ပြီးဆုံးသွားသည်နှင့် ရန်တိုင်းအောင်သည် ပွဲခင်းထဲမှထွက်ခဲ့ကာ စင်နောက်ဖက်သို့ရောက်အောင် သွားလိုက်လေ၏။

တွေ့ပါပြီ။

သူတစ်နေ့လုံးရှာနေခဲ့သောသရဖီ(သို့မဟုတ်)မြရင်နှစ်။

အငြိမ့်ကမယ်ဆိုတာကြိုသိမထား၍ ကျောင်းတခွင်လုံးပြုပြစ်အောင်ရှာခဲ့ရသည်။ တကယ်တော့ အငြိမ့်ခန်းဖျော်ဖြေစရာရှိ၍ သရဖီ့ကို ကျောင်းထဲ၌ရှာမတွေ့ခဲ့ခြင်းပင်။

စင်ပေါ်မှဆင်းလာသောသရဖီ့ကို လိုင်ထိပ်ထားက စင်အောက်မှနေ၍ လက်ကမ်းပေးကာ ကြိုလိုက်သည်။

ရန်တိုင်းအောင်ကိုနှစ်ယောက်စလုံးမြင်သွားကြ၏။

‘ ဟော.. ကိုရန်တိုင်းအောင် ’

‘ မြကလေးရယ်၊ တစ်နေ့လုံးဆက်သွယ်လိုက်ရတာ၊ ရှာလိုက်ရတာဗျာ ’

သရဖီသည် မျက်နှာတစ်ချက်တည်သွားကာ..

‘ မြကလေးလို့မခေါ်ပါနဲ့ကိုရန်တိုင်းအောင် ’

‘ ဗျာ ’

သရဖီ့စကားကြောင့် ရန်လေးဝမ်းနည်းသွားလေသည်။

‘ သရဖီကျွန်တော့်ကို ကထိန်ပွဲအရောက်ခေါ်တာ ’

‘ သရဖီအငြိမ့်ကတာကိုကြည့်စေချင်လို့ပါ၊ အခုရော အစအဆုံးကြည့်လိုက်ရရဲ့လား ကိုရန်တိုင်းအောင် ’

‘ ကြည့်လိုက်ရပါတယ်သရဖီ ’

သရဖီ့မျက်နှာက ပြန်ပြုံးသွားသည်။

‘ ဟဲ့–နင်တို့နှစ်ယောက် ဒီနေရာမှာရပ်စကားပြောနေလို့ မကောင်းဘူးလေ၊ အခန်းတစ်ခုခုထဲ သွားစကားပြောကြပါလား၊ လာ– ငါလိုက်ပို့မယ် ’

လိုင်ထိပ်ထားက လူမရှိသည့်အခန်းတစ်ခုဆီသို့ ဦးဆောင်ခေါ်သွားလေသည်။

စင်မြင့်ပေါ်မှာတော့ ဖျော်ဖြေရေးအစီအစဉ်များမပြီးဆုံးသေးပဲ တစ်ခန်းရပ်ဟာသပြဇာတ်တစ်ခု တင်ဆက်နေပေသည်။ ပရိသတ်အားလုံးမှာ ပွဲခင်းထဲ၌ပင် ပြဇာတ်ထဲအာရုံရောက်နစ်မျောနေကြ၏။

‘ ဒီထဲမှာ အေးအေးဆေးဆေးစကားပြောကြ၊ ငါပွဲခင်းထဲကပဲစောင့်နေမယ် ’

လိုင်ထိပ်ထားက သူတို့နှစ်ယောက်ကိုထားခဲ့ပြီး ပြန်ထွက်သွားလေသည်။

အခန်းမှာ စာသင်ခန်းဖြစ်ပြီး ပွဲတွင်ဖျော်ဖြေသူများအဝတ်အစားလဲရန် ဖွင့်ပေးထားခြင်းဖြစ်သည်။ နောက်ဆုံးအစီအစဉ်ဖြစ်သော ပြဇာတ်ကနေပြီမို့ အဝတ်လဲခန်းအတွင်း၌ မည်သူမှမရှိတော့ပါပေ။

သရဖီသည် ကထားရတာပင်ပန်းထား၍ စာသင်ခန်းထဲမှ ထိုင်ခုံရှည်ပေါ်ဝင်ထိုင်လိုက်သည်။

ရန်တိုင်းအောင်က ကုလားထိုင်အလွတ်တစ်လုံးကိုဆွဲကာ သရဖီနှင့်မျက်နှာချင်းဆိုင်တွင်ထိုင်လိုက်

လေသည်။ သူတို့နှစ်ယောက် ကြားတွင်တော့ စာသင်ခုံတန်းရှည်ကြီးက ခြားလျှက်ရှိလေသည်။

‘ မြ.. အဲ–သရဖီ ကျွန်တော့်ကိုအဖြေပေးမလို့ဆို ’

ရန်တိုင်းအောင်က ထိုင်မိလျှင်ထိုင်မိခြင်း မေးလိုက်လေသည်

‘ သရဖီ ခင်ဗျားကိုအဖြေပေးပြီးပါပြီကိုရန်တိုင်းအောင် ’

‘ ဗျာ ’

‘ သရဖီ့ရဲ့အငြိမ့်ခွင်ကိုကြည့်စေချင်လို့ ကိုရန်တိုင်းအောင်ကို ကထိန်ပွဲအမီလာခဲ့ဖို့ သရဖီဖိတ်လိုက်တာပါ ’

‘ အဖြေဆိုတာက ’

‘ သရဖီ့ရဲ့အငြိမ့်ခွင်တစ်ခုလုံးဟာ ကိုရန်တိုင်းအောင်အတွက် သရဖီ့ရဲ့အဖြေပါပဲရှင် ’

ရန်တိုင်းအောင် မျက်မှောင်တွန့်အောင်စဉ်းစားရပါလေပြီ။

အငြိမ့်ခွင်၌ သရဖီပြောခဲ့သောစကားများတွင် သူမသည် လေဘာတီမမြရင်ဝင်စားသည်ဆိုသည့်အဆိုကို ငြင်းပယ်သည့်စကားလုံးများ ပါဝင်နေ၏။

*‘ ဩော်–ဦးလေးတို့ရယ်၊ ဘဝသံသရာဆိုတာကြီးက အရှည်ကြီးပါရှင်၊ သံသရာတလျှောက်မှာ သတ္တဝါတိုင်းဟာ ကံစီမံရာအ တိုင်းလှုပ်ရှားရတယ်မဟုတ်လားရှင့် ’*

*‘ ဘဝတစ်ခုမှာ လူဖြစ်ရင်ဖြစ်မယ်၊ တိရစ္ဆာန်ဖြစ်ရင်ဖြစ်မယ်၊ ဘဝဆက်မပြတ်သရွေ့၊ နိဗ္ဗာန်မဝင်သရွေ့ သတ္တဝါဘဝမှာကျင်လည်လှုပ်ရှားကြရတာကိုး ’*

*‘ ဒီတော့ကာ မြရင်နှစ်ဟာ ဟိုအတိတ်ဘဝက လေဘာတီမမြရင်ဆိုတဲ့ဘဝကို ရရင်လဲရခဲ့မှာပေါ့ဦးလေးတို့ရယ်၊ သို့သော်– ’*

*‘ ကာလသုံးပါးမှာ ပစ္စုပ္ပန်ကာလသည်သာ အရေးအကြီးဆုံးလို့ မြရင်နှစ်တို့ရဲ့ ဗုဒ္ဓကလဲဟောကြားခဲ့တယ်မဟုတ်လားရှင့် ’*

မြရင်နှစ်အဖြစ် သရဖီစင်ပေါ်တွင်ပြောခဲ့သည့်စကားများကို ပြန်လည်ကြားယောင်မိသည်။

ထိုစကားရပ်များကိုထောက်လျှင်... သရဖီသည် သူ၏အချစ်ကို ငြင်းပယ်လိုက်ခြင်းလေလား။

‘ ပဟေဠိဆန်လှချည်လားသရဖီရယ်၊ ကျွန်တော်ဉာဏ်မမီတော့ဘူး၊ ကျွန်တော်နားလည်အောင်ပွင့်ပွင့်လင်းလင်းပြောပါတော့လားဗျာ ’

သရဖီက ပြုံးလျှက် ရန်တိုင်းအောင်ကိုကြည့်လိုက်လေသည်။

‘ အငြိမ့်ခွင်မှာ သရဖီနောက်ဆုံးဆိုခဲ့တဲ့ ရွှေပြည်စိုးသီချင်းလေးဟာ ကိုရန်တိုင်းအောင်အတွက်အဖြေပါပဲရှင် ’

‘ ရွှေပြည်စိုး၊ မမြစိမ်းရဲ့ရွှေပြည်စိုး ’

‘ ဟုတ်ပါတယ်၊ တစ်ချိန်က မမြစိမ်းဆိုတဲ့မိန်းမပျိုလေးတစ်ယောက်ရေးဖွဲ့ခဲ့တဲ့ရွှေပြည်စိုးသီချင်းပါ၊ ဒီသီချင်းလေးကို ဆရာတော်ကြီးရဲ့စာအုပ်ထဲကတစ်ဆင့်ရခဲ့တာ ကိုရန်တိုင်းအောင်အသိပါ ’

‘ စာအုပ်ထဲမှာ စာသားအနေနဲ့ပဲပါခဲ့တာပါသရဖီ၊ သံစဉ်တွေတီးလုံးတွေကို သရဖီဘယ်လိုရလဲဟင်၊ သရဖီကိုယ်တိုင်စပ်လိုက်တာလား ’

‘ သရဖီ ဘာတူရိယာမှမတီးတတ်ပါဘူး၊ တီးလုံးထည့်ရလောက်အောင်လဲ သရဖီမတတ်ပါဘူး၊ ဒါဟာက မမြစိမ်းရေးခဲ့တဲ့ စာသားတွေကို ဖေဖေ့ကိုပြပြီး ဖေဖေ့ကိုသံစဉ်ထည့်ခိုင်းထားတာပါ ကိုရန်တိုင်းအောင် ’

‘ ဟာ–ဒါဖြင့် သရဖီဖေဖေလည်း ဒီအကြောင်းတွေသိပြီးပြီပေါ့နော် ’

‘ မသိပါဘူး၊ ဖေဖေ့ကို စာအုပ်ပေးဖတ်တာမဟုတ်ပါဘူး၊ သီချင်းစာသားတွေချည်းရွေးကူးပြီး ဆိုလို့လဲရအောင်၊ ကလို့လဲ ကောင်းအောင် တီးလုံးထည့်ပေးဖို့အကူအညီတောင်းခဲ့တာပါ ’

‘ ရွှေပြည်စိုးသီချင်းဆိုတာဟာ ကျွန်တော့်အတွက်အဖြေဆိုတာကရော၊ ဘာကိုဆိုလိုတာလဲသရဖီရယ်၊ ကျွန်တော့်အချစ်ကိုလက်ခံတဲ့သဘောပေါ့၊ ဟုတ်လား ’

‘ ရွှေပြည်စိုးသီချင်းကိုဆိုတာက မမြစိမ်းကိုဂုဏ်ပြုတဲ့အနေနဲ့ပါ၊ နှစ်ပေါင်းတစ်ရာလောက် တိမ်မြုပ်ပျောက်ကွယ်နေတဲ့သီချင်းလေးကို ပရိသတ်သိအောင်ဖော်ထုတ်ပေးတဲ့သဘောပါ၊ ပြီးတော့– ကိုရန်တိုင်းအောင် ပေးဖတ်တဲ့ စာအုပ်ကြီးထဲကအကြောင်းတွေကို ယုံကြည်လက်ခံပါတယ်လို့ ဆိုလိုတာပါ ကိုရန်တိုင်းအောင် ’

' ဟင်–ဒါဖြင့်.. သရဖီဟာ မမြစိမ်းနဲ့မမြရင်ဘဝကလာခဲ့တယ်ဆိုတာကို လက်ခံလိုက်ပြီပေါ့၊ ယုံလိုက်ပြီပေါ့၊ ဟုတ်လား သရဖီ '

' ဟင့်အင်း၊ မဟုတ်ဖူး '

' ဟာ– ဘယ်လိုလဲသရဖီရယ် '

' ဆရာတော်ဘုရားကြီးရဲ့စာတွေကြောင့် တော်လှန်ရေးသမားကိုရန်မျိုးနိုင်နဲ့မမြစိမ်းတို့အဖြစ်တွေ၊ မမြရင်ဟာတစ်ချိန်ကမမြစိမ်းဝင်စားခဲ့တယ်ဆိုတာတွေကို ယုံပါတယ်ကိုရန်မျိုးနိုင်၊ ဒါပေမယ့် သရဖီကတော့ မမြစိမ်းတို့၊မမြရင်တို့မဟုတ်ပါဘူး၊ သရဖီဟာ သရဖီပါပဲ၊ သရဖီ့ကို ဘယ်သူနဲ့မှမပတ်သက်တဲ့ လူသား တစ်ယောက်သက်သက်အနေနဲ့မြင်နိုင်မှသာ ကိုရန်တိုင်းအောင်အချစ်ကိုလက်ခံနိုင်ပါမယ်ကိုရန်တိုင်းအောင် '

' ဘာဖြစ်လို့လဲသရဖီရယ် '

' ဘာဖြစ်လို့လဲဆိုတော့ ကိုရန်တိုင်းအောင်ချစ်တာဟာ ဟောဒီသရဖီဆိုတဲ့မိန်းမကိုပဲဖြစ်စေချင်လို့ ပေါ့၊ သရဖီ့နောက်ကွယ်မှာ မမြစိမ်းရော၊ မမြရင်ရော မရှိစေချင်ပါဘူးကိုရန်တိုင်းအောင်၊ ကိုရန်တိုင်း အောင်က ကျွန်မကို မမြစိမ်း၊မမြရင်ဘဝကလာတဲ့သူပါလို့ စွဲလမ်းနေသမျှ ကိုရန်တိုင်းအောင်ချစ်တာဟာ မမြစိမ်းတို့၊မမြရင်တို့ အရိပ်တွေလွှမ်းမိုးနေလို့ ကျွန်မကိုချစ်တာသာဖြစ်တော့မှာပေါ့၊ သရဖီဆိုတဲ့ ဟောဒီ က ကျွန်မအစစ်ကိုချစ်တာ ဘယ်ဖြစ်နိုင်တော့မှာလဲ '

' ဟာ–သရဖီ၊ အဲဒီလိုတော့မဟုတ်ရပါဘူးဗျာ၊ သရဖီ့ကိုချစ်တဲ့အချစ်ဟာ ရှေးကအဖြစ်ဟောင်းတွေ က မြစ်ဖျားခံလာတာမှန်ပေမယ့် ကျွန်တော်ချစ်တာက ဟောဒီကျွန်တော့်ရှေ့ကသရဖီမှသရဖီပါပဲဗျာ '

' အဲဒါကို ကျွန်မဘယ်လိုယုံရမှာလဲ ကိုရန်တိုင်းအောင်၊ ကိုရန်တိုင်းအောင်ရင်ထဲက ကျွန်မဟာ မမြရင်လူဝင်စားပါဆိုတဲ့အစွဲကို ဖြတ်နိုင်မှသာ ကျွန်မယုံနိုင်မယ်လေ၊ ကျွန်မကို မမြရင်နဲ့မပတ်သက်တဲ့ သရဖီသက်သက်အဖြစ်သာ သဘောထားနိုင်မှ ခင်ဗျားအချစ်ဟာ ကျွန်မအပေါ်မှာ သန့်စင်တယ်လို့ ယုံနိုင်မယ်လေ '

' သရဖီရယ်၊ သန့်စင်ပါတယ်ဗျာ၊ ကျွန်တော့်အချစ်ဟာ သရဖီ့အပေါ်မှာ သန့်စင်ယုံမကဘူး၊ မွန်မြတ်ပါတယ်၊ တန်ဖိုးထားပါတယ်၊ လေးစားပါတယ်၊ ယုံပါဗျာ '

' ကျွန်မယုံအောင်လို့ ခင်ဗျားအစွဲတွေကိုဖြတ်မှဖြစ်မယ်ကို ရန်တိုင်းအောင်ရဲ့၊ အဲဒါကြောင့် ကျွန်မက ကျွန်မပြောချင်တဲ့စကားတွေကို လူအားလုံးပါသိရအောင် အငြိမ့်ခွင်ထဲကနေ စင်ပေါ်ကနေ ပြောလိုက်တာပါ၊ ဒါကို ရှင်တပါတည်းသိစေချင်လို့ ကထိန်ပွဲကိုအရောက်လာဖို့ဖိတ်လိုက်တာပါ '

' ဒါများသရဖီရယ်၊ ကျွန်တော့်အချစ်ကိုအထင်သေးလိုက်တာဗျာ၊ သရဖီဆိုတဲ့ဟောဒီက ကောင်မ လေးကို တကယ်မချစ်ပဲ၊ မစွဲလမ်းပဲနဲ့ ကျွန်တော်က ရန်ကုန်ကနေမန္တလေးအထိ မိဘအငြိုငြင်ခံပြီး လာမတဲ့ လားဗျာ၊ မမြစိမ်းနဲ့မမြရင်ဟာ တကယ်ရှိခဲ့တာမှန်ပေမယ့် ခုအချိန်မှာ ဒီလောကကကွယ်ပျောက်သွားကြ ပါပြီသရဖီ၊ ဩော်.. လက်စသတ်တော့ သရဖီက ကျွန်တော့်အချစ်ကိုသံသယဝင်နေတာကိုး၊ ပြီးတော့ မမြစိမ်းနဲ့မမြရင်တို့အပေါ်မှာ သဝန်တိုနေတာကိုး '

' ဘာ–ဘာပြောတယ်၊ သရဖီက မမြစိမ်းနဲ့မမြရင်ကိုသဝန်တိုတယ်၊ ဟုတ်လား '

' ဟုတ်တယ်လေ၊ သရဖီတစ်ယောက်ထဲကိုမချစ်ပဲ မမြစိမ်းနဲ့မမြရင်ကိုမှချစ်နေမှာစိုးလို့ ကိုယ့်ကို အစွဲတွေဖြတ်ခိုင်းနေတာမဟုတ်လား သဝန်ကြောင်မလေးရဲ့ '

' အို .. '

သရဖီမျက်နှာလေးနီရဲသွားသည်ထိရှက်သွားကာ ခေါင်းကိုငုံ့လိုက်လေ၏။ သရဖီသည် ထိုအကြောင်း ကို မတွေးမိခဲ့ပေ။ ရန်တိုင်းအောင်ကို အတိတ်ဘဝ၌ ပျော်ဝင်နစ်မွန်းနေသူမဖြစ်စေချင်၍ လက်ရှိဘဝထဲသို့ ဆွဲထုတ်ခဲ့ခြင်းသာဖြစ်သည်။ သူမ၏မသိစိတ်သည် ရန်တိုင်းအောင်စွတ်စွဲသလို မမြစိမ်းနှင့်မမြရင်ဆိုသော တမလွန်မှမိန်းမများကို သဝန်တိုနေမိသလား။

' ကဲပါသရဖီရယ်၊ အတိတ်ဘဝက ကိုယ်တို့လက်လှမ်းမမီတဲ့အကြောင်းတွေကို ကိုယ်မေ့လိုက်ပါ တော့မယ်၊ ကိုယ့်အချစ်ဟာလဲ ဟောဒီကသရဖီဆိုတဲ့မိန်းကလေးတစ်ယောက်ထဲကိုချစ်တဲ့ ချွင်းချက်မရှိ အချစ်ဆိုတာ ယုံပါတော့နော် '

ရန်တိုင်းအောင်ကပြောရင်းမှ သရဖီ၏လက်ကလေးကို ယုယစွာဆွဲယူလိုက်လေသည်။

' အို–ဖယ်ပါ၊ သူများကို သဝန်ကြောင်တယ်လို့စွပ်စွဲတာ၊ ခင်ဗျားကိုမုန်းတယ် '

သရဖီက ရန်တိုင်းအောင်ဆွဲကိုင်ထားသောလက်ကိုရုန်းဖယ်ကာ အခန်းထဲမှထွက်သွားရန် နေရာမှထ

လိုက်လေသည်။

ရန်တိုင်းအောင်က ထိုင်နေရာမှထကာ သရဖီခြုံထားသောဇာပုဝါလေးကိုလှမ်း၍ ဆွဲယူလိုက်လေ၏။ ပခုံးနှစ်ဖက်ပေါ်တွင် သိုင်းထားသောပုဝါလေးနှင့်အတူ သရဖီ၏ကိုယ်လုံးလေးသည် ယိမ်းနွဲ့ပါလာကာ ရန်တိုင်းအောင်၏ရင်ခွင်ထဲသို့ရောက်သွားလေတော့သတည်း။

‘ မပြေးပါနဲ့တော့သရဖီရယ်၊ မပြေးပါနဲ့တော့၊ မြနဲ့မောင်နဲ့ ခုမှတွေ့ရတာပါ သရဖီလေးရယ် ’

♣♣♣♣♣♣♣♣♣

*ဆောင်းလုလင်*

၁၁–၉–၂၀၀၅

၁၅–၄–၂၀၀၆

## ဝန်ခံချက်

လေဘာတီ မမြရင်၏ ဘဝဖြစ်စဉ်နှင့်အချက်အလက်များကို လူထုဒေါ်အမာ၏ *ပြည်သူချစ်သော အနုပညာသည်များ* စာအုပ်မှ မှီငြမ်းကိုးကားပါသည်။

ဆောင်းလုလင်